

# ပြန်လည်ထူထောင်ရေးဆီသို့

## ကွေ့ကောက်စွာစီးဆင်းလာသော နာဂစ်အလွန် ဆယ်နှစ်ကျော်ကာလ လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု

THE WORLD BANK
IBRD • IDA | WORLD BANK GROUP

EMReF
Enlightened Myanmar Research Foundation

Andaman
Research & Advisory

GFDRR
Global Facility for Disaster Reduction and Recovery

# ပြန်လည်ထူထောင်ရေးဆီသို့

## ကွေ့ကောက်စွာစီးဆင်းလာသော နာဂစ်အလွန် ဆယ်နှစ်ကျော်ကာလ လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု

ကမ္ဘာ့ဘဏ်
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း
အန်ဒမန်သုတေသနနှင့် အကြံပေး

ကမ္ဘာ့ဘဏ်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေးပံ့ပိုးကူညီမှု အဖွဲ့အစည်း (GFDRR) တို့၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သည်။

2018 International Bank for Reconstruction and Development / The World Bank
1818 H Street NW Washington DC 20433
Telephone: 202-473-1000
Internet: www.worldbank.org

ဤဆောင်ရွက်ချက်ကို ကမ္ဘာ့ဘဏ်မှဝန်ထမ်းများနှင့် ပြင်ပအကူအညီတို့ဖြင့်ပြုလုပ်သည်။ ဖော်ပြထားသော လေ့လာတွေ့ရှိချက်များ၊ အနက်ပြန်ဖော်ပြချက်များနှင့် သုံးသပ်ချက်များသည် ကမ္ဘာ့ဘဏ်၊ ၎င်း၏အလုပ်အမှုဆောင်ဒါရိုက်တာများဘုတ်အဖွဲ့(သို့) ၎င်းမှကိုယ်စားပြုနေသော အစိုးရများကို ထင်ဟပ်မှုမရှိပါ။

ဤအလုပ်တွင်ပါဝင်သော အချက်အလက်များ၏တိကျမှုကို ကမ္ဘာ့ဘဏ်အနေဖြင့် အာမခံထားမှုမရှိပါ။ ဤဆောင်ရွက်ချက်တွင် ဖော်ပြထားသော မြေပုံများအပေါ်တွင်ပါရှိသည့် နယ်မြေသတ်မှတ်ချက်များ၊ အရောင်များ၊ အမည်ပေးသတ်မှတ်ချက်များနှင့် အခြားသောသတင်းအချက်အလက်များ အားလုံးမှာ ၎င်းတို့၏တရားဝင်မှုအနေအထား(သို့) ၎င်းနယ်နိမိတ်များအား အတည်ပြုမှု(သို့) လက်ခံစေမှုများအပေါ် ကမ္ဘာ့ဘဏ်၏ယူဆသတ်မှတ်ချက်များ၏ အစိတ်အပိုင်းတစ်ပိုင်းအဖြစ် အကျုံးဝင်သက်ဆိုင်မှုမရှိပါ။

### အသုံးပြုခွင့်နှင့် ခွင့်ပြုချက်

ဤအလုပ်တွင်ပါဝင်သော အချက်အလက်များအားလုံးတွင် မူပိုင်ခွင့်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ဘဏ်အနေဖြင့် ၎င်း၏သိမြင်မှုများအား ပြန်လည်ဖြန့်ဝေရန် တွန်းအားပေးမည်ဖြစ်ပြီး ဤအလုပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ ၎င်းမှအစိတ်အပိုင်းတစ်ရပ်ကိုသော်လည်းကောင်း စီးပွားဖြစ်မဟုတ်သောရည်ရွယ်ချက်ဖြင့် ပြန်လည်ထုတ်လုပ်မည် ဖြစ်သည်။

မူလအကြောင်းအရာအပေါ်အခြေခံပြီး ပြောင်းလဲသုံးစွဲခွင့်အပါအဝင် မူပိုင်ခွင့်နှင့်လိုင်စင်များနှင့်စပ်လျဉ်းပြီး ကမ္ဘာ့ဘဏ်၏ထုတ်ဝေရေးသို့ လိပ်မူ သင့်ပါသည်။ 1818 H Street NW, Washington, DC 20433, USA; fax: 202-522-2625; e-mail: pubrights@worldbank.org.

မျက်နှာဖုံးဓာတ်ပုံ- © ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း။ အခြားပြန်လည်အသုံးချမှုများတွက် ခွင့်ပြုချက် ထပ်မံတောင်းခံရန်။
မျက်နှာဖုံးဒီဇိုင်း- © Shepherd Incorporated. အခြားပြန်လည်အသုံးချမှုများတွက် ခွင့်ပြုချက်ထပ်မံတောင်းခံရန်။

# မာတိကာ


**ကျေးဇူးတင်လွှာ** ........ ၈
**အတိုကောက်စာလုံးများ** ........ ၉
**အကျဉ်းချုပ်** ........ ၁၁

**အခန်း ၁ - မိတ်ဆက်** ........ ၁၉
၂၀၁၇ မြန်မာနိုင်ငံ - SIM 5 သုတေသနမှ အကြောင်းအရာ ........ ၁၉
သုတေသနလေးကြိမ်မှ နာဂစ်အလွန် ပြန်လည်ထူထောင်ရေး ........ ၂၀

**အခန်း ၂ - အသက်မွေးမှုများ** ........ ၂၅
စိုက်ပျိုးရေး ........ ၂၆
ရေလုပ်ငန်း ........ ၃၃
လုပ်သား ........ ၃၈

**အခန်း ၃ - ချေးငွေ၊ ကြွေးမြီနှင့် မြေယာ** ........ ၄၅
ချေးငွေနှင့် အကြွေး ........ ၄၆
မြေယာ ........ ၅၁

**အခန်း ၄ - လူမှုဆက်ဆံရေး** ........ ၅၅
အိမ်ထောင်စုတစ်စုနှင့်တစ်စုအကြား ဆက်ဆံရေး ........ ၅၆
ကျေးရွာအဖွဲ့များအတွင်း ဆက်ဆံရေး ........ ၅၇
ကျေးရွာအတွင်း ဆက်ဆံရေးများ ........ ၅၈
လူမျိုးတစ်စုနှင့်တစ်စုအကြား နှင့် ဘာသာဝင်အုပ်စုတစ်စုနှင့်တစ်စုအကြား ဆက်ဆံရေး ........ ၆၀
ကျေးရွာလူမှုဆက်ဆံရေးပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည့်အရာများ ........ ၆၂
လူမှုကာကွယ်ရေးမိတ်ဆက် ........ ၆၂

**အခန်း ၅ - ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းများ** ........ ၆၅
မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော ခေါင်းဆောင်မှု ........ ၆၅
အုပ်ချုပ်ရေးခေါင်းဆောင်များ ........ ၆၆
ကျေးရွာခေါင်းဆောင်များ ........ ၇၁

**အခန်း ၆ -ကျေးရွာအခြေခံအဆောက်အအုံနှင့် အိုးအိမ်** ........ ၇၃
ကျေးရွာအခြေခံအဆောက်အအုံ ........ ၇၃
ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော အခြေခံအဆောက်အအုံများ ........ ၇၉
ကျေးရွာနေအိမ်အခြေအနေ ........ ၈၀

**အခန်း ၇ - ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်မှု** ..... **၈၅**
ပြန်လည်ထူထောင်မှု ..... ၈၆
ကြံ့ကြံ့ခံနိုင်မှု ..... ၈၇
ကြိုတင်ပြင်ဆင်မှု ..... ၈၉

**အခန်း ၈ - အနာဂတ်ထောက်ပံ့မှုများနှင့် ဆက်နွယ်နေသည့်အရာများ** ..... **၉၅**
အနာဂတ်ဘေးအန္တရာယ်အလွန် ထောက်ပံ့မှုများ ..... ၉၅
မြစ်ဝကျွန်းပေါ်ဒေသသို့ အနာဂတ်ဖွံ့ဖြိုးရေး အထောက်အပံ့များအတွက် ..... ၉၇

**အခန်း ၉ - စာပေများတွင်ပါရှိသော နာဂစ်အလွန် လူမှုအကျိုးသက်ရောက်မှုများ** ..... **၁၀၁**
**အခန်း ၁၀ - နောက်ဆုံးနိဂုံးဆဆင်ခြင်မှု** ..... **၁၀၉**
**နောက်ဆက်တွဲ ၁ - လူမှုဘဝအကျိုးဆက်များလေ့လာဆန်းစစ်မှု သုတေသနနည်းလမ်း** ..... **၁၁၄**
**နောက်ဆက်တွဲ ၂ - နမူနာကျေးရွာများ၏ တည်နေရာများ** ..... **၁၁၉**

**ဇယားများ**

ဇယား ၁- အသက်မွေးမှုရာသီစက်ဝန်း ..... ၂၇
ဇယား ၂ - မြို့နယ်အလိုက်စိုက်ပျိုးရေးအခြေအနေများ၊ ၂၀၁၃ နှင့် ၂၀၁၇ ..... ၂၈
ဇယား ၃ - ဆိုင်ကလုန်းဒဏ်ခံရမှုအနည်းအများအလိုက်စိုက်ပျိုးရေးအခြေအနေ၊ ၂၀၁၃ နှင့် ၂၀၁၇ ..... ၂၈
ဇယား ၄ - တစ်ဧကပျမ်းမျှထုတ်လုပ်မှုစရိတ် (ကျပ်သိန်းပေါင်း) ..... ၂၈
ဇယား ၅ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် နာဂစ်မတိုင်မီမှစသော မိုးစပါးအထွက်နှုန်း (တင်းပေါင်း/တစ်ဧက) ..... ၂၉
ဇယား ၆ - သက်ရောက်မှုပမာဏအလိုက် မိုးစပါးအထွက်နှုန်းကွာခြားမှု (တင်းပေါင်း/တစ်ဧက) ..... ၃၀
ဇယား ၇ - အစီရင်ခံရရှိသော မိုးစပါးပျမ်းမျှဈေးနှုန်း(ကျပ်သိန်း/တင်းတစ်ရာ) ..... ၃၀
ဇယား ၈ - အချိန်နှင့်အမျှ ရိတ်သိမ်းချိန် စပါးဈေးနှုန်းများ(ကျပ်သိန်း/တင်းတစ်ရာ) ..... ၃၁
ဇယား ၉ - ငါးသလောက်ဖမ်းဆီးရရှိမှု (တစ်နှစ်လျှင် ပိဿာပေါင်း) ..... ၃၆
ဇယား ၁၀ - ငါးသလောက်ဈေးနှုန်းများ (တစ်ပိဿာလျှင် ကျပ်ငွေ) ..... ၃၆
ဇယား ၁၁ - လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း မုန်တိုင်းဒဏ်သက်ရောက်မှုအခြေအနေအရ ရေလုပ်ငန်းအခြေအနေ ..... ၃၇
ဇယား ၁၂ - ၂၀၀၇-၂၀၁၇ အတွင်း လုပ်သားခများပြောင်းလဲလာမှု ..... ၃၉
ဇယား ၁၃ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ပြောင်းရွှေ့နေထိုင်အလုပ်လုပ်မှု ..... ၄၂
ဇယား ၁၄-သက်ရောက်မှုအဆင့်အလိုက်ကြွေးမြီတင်ရှိမှု ..... ၄၅
ဇယား ၁၅-အသက်မွေးအုပ်စုများအလိုက်ချေးငွေရရှိရာ အရင်းအမြစ်များ ..... ၄၆
ဇယား ၁၆ -အသက်မွေးအုပ်စုအမျိုးမျိုးအကြား မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ညွှန်ပြနေသော
ကြွေးမြီတင်ရှိမှုပမာဏများ(ကျပ်သိန်းပေါင်း) ..... ၅၀
ဇယား ၁၇ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုနှင့် မြေပေါင်ထားပြီး ငွေချေးမှုအကြိမ်နှုန်း ..... ၅၃
ဇယား ၁၈ - ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကျေးရွာအဆင့် လူမှုဆက်ဆံရေးအနေအထား (ထိခိုက်မှုပမာဏအလိုက်) ..... ၅၅
ဇယား ၁၉ - ၂၀၁၃ နောက်ပိုင်း (သက်ရောက်မှုအဆင့်အရ) ကျေးရွာအဆင့် လူမှုဆက်ဆံရေးပြောင်းလဲလာမှု ..... ၅၆
ဇယား ၂၀- မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက်ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များအပေါ် ထင်မြင်ယူဆချက်များ ..... ၆၆
ဇယား ၂၁ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် အရေးအကြီးဆုံးကျေးရွာခေါင်းဆောင် ..... ၆၈
ဇယား ၂၂ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ခေါင်းဆောင်များ၏ အသက်နှင့် ပညာရေး၊ ၂၀၁၃ နှင့် ၂၀၁၇ ..... ၆၉
ဇယား ၂၃ - ကျေးရွာရွေးကောက်ပွဲများအပြီး ခေါင်းဆောင်အသစ်များ ..... ၆၉
ဇယား ၂၄ - အဓိကအခြေခံအဆောက်အအုံများ၏ အရည်အသွေး၊ ၂၀၁၃ နှင့် ၂၀၁၇ ..... ၇၄
ဇယား ၂၅ - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် အဓိကအခြေခံအဆောက်အအုံများ၏ အရည်အသွေးကောင်းမွန်မှု ..... ၇၄
ဇယား ၂၆ - ချိတ်ဆက်မှုအလိုက်အရည်အသွေးကောင်းမွန်သော အဓိကအခြေခံအဆောက်အအုံများရှိသည့်
ကျေးရွာများ၏အရေအတွက် ..... ၇၅

ဇယား ၂၇ - သက်ရောက်မှုအလိုက်ချိတ်ဆက်မှု ..... ၇၆
ဇယား ၂၈ - အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအရ နောက်ကျကျန်ခဲ့သော ကျေးရွာများ ..... ၇၇
ဇယား ၂၉ - အခြေခံအဆောက်အအုံများအတွက် ကဏ္ဍအလိုက်ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များ ..... ၇၈
ဇယား ၃၀ - ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များနှင့် မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ကျေးရွာများတွင်ရှိသော
အခြေခံအဆောက်အအုံအရေအတွက် ..... ၇၉
ဇယား ၃၁-သက်ရောက်မှုအနည်းအများအလိုက် ကျေးရွာများ၏ပြန်လည်ထူထောင်မှု၊ ၂၀၁၇ ခုနှစ် ..... ၈၅
ဇယား ၃၂ - အိမ်ထောင်စုပြန်လည်ထူထောင်မှုအတွက်အရေးပါသော အကြောင်းအရာအမျိုးမျိုး ..... ၈၆
ဇယား ၃၃ - ရပ်ရွာအဆင့် ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသည့် အကြောင်းအရာများ ..... ၈၇
ဇယား ၃၄ - သက်ရောက်မှုအနည်းအများအလိုက်ကျေးရွာများ၏ ကြံ့ကြံ့ခံနိုင်မှု၊ ၂၀၁၇ ခုနှစ် ..... ၈၈
ဇယား ၃၅ - အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်နိုင်မှုစွမ်းရည် ..... ၈၈
ဇယား ၃၆ - အကြောင်းအရင်းအလိုက် ရပ်ရွာအဆင့် ပြန်လည်ထူထောင်နိုင်မှုစွမ်းရည် ..... ၈၉

## ပုံများ

ပုံ ၁- ကျေးရွာများ၏ စီးပွားရေးအခြေအနေ၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ် ..... ၂၅
ပုံ ၂ -သက်ရောက်မှုအဆင့်အလိုက် ပျမ်းမျှချေးငွေရရှိမှုအရင်းအမြစ်အရေအတွက် ..... ၄၆
ပုံ ၃ - အချိန်ကာလတစ်လျှောက် ပျမ်းမျှကြွေးတင်ရှိမှုပမာဏ (ကျပ်သိန်းပေါင်း) ..... ၄၉
ပုံ ၄ - လယ်သမားများအတွက် ကြွေးတင်ရှိမှုအများဆုံးနှစ် ..... ၄၉
ပုံ ၅ - ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော အခြေခံအဆောက်အအုံများ တိုးတက်မှုအတွက်
ထောက်ပံ့သူများ၏အချိုးအစား ..... ၇၉
ပုံ ၆ - မြန်မာနိုင်ငံ ပြည်နယ်/တိုင်းဒေသအသီးသီးတွင်ရှိသော ဆင်းရဲနွမ်းပါးမှုနှုန်းများ ..... ၁၁၀
ပုံ ၇ - ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တိုင်းဒေသများတွင်ရှိသော လူမှုဘဝသာယာဝပြောရေးကိန်း
(Welfare index in Ayeyarwady and Yangon regions) ..... ၁၁၁

## သာဓကများ

သာဓက ၁ - လယ်သမားတစ်ယောက်သည် ၎င်း၏အသက်မွေးမှုကို ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက်
တမံဖို့ရာတွင် ရင်းနှီးမြှုပ်နှံသည် ..... ၃၂
သာဓက ၂ - ငါးဖမ်းပိုက်အသစ်များသည် ရေလုပ်သားတစ်ယောက်အတွက် အမြတ်အစွန်းပိုရစေခဲ့သည် ..... ၃၅
သာဓက ၃ - စွန့်ဦးတီထွင်မှုသည် အသက်မွေးမှုဝင်ငွေကို တိုးတက်စေခဲ့သည် ..... ၄၀
သာဓက ၄ - ညီအစ်မတွေ အလုပ်အတူကြိုးစားကြတယ် ..... ၄၂
သာဓက ၅ - မိသားစုအချိတ်အဆက်များသည် အိမ်ထောင်စုတစ်စု၏ဘဝကို
တိုးတက်အောင်လုပ်ရာတွင် အထောက်အပံ့ဖြစ်သည် ..... ၅၆
သာဓက ၆ - မြစိမ်းရောင်စီမံကိန်း၏ ဥက္ကဋ္ဌဖြစ်လာသော ကျေးရွာမှအမျိုးသမီးတစ်ဦး ..... ၅၉
သာဓက ၇ - ဘာသာရေးတင်းမာမှုများနှင့် ပတ်သက်သည့် သာဓကများ ..... ၆၁
သာဓက ၈ - ကျေးရွာအုပ်စုအုပ်ချုပ်ရေး၏ လစ်လျူရှုခံရသော အုပ်စုအုပ်ချုပ်ရေးမှူး
အခြေစိုက်နေထိုင်ရာမဟုတ်သည့် ကျေးရွာ ..... ၆၇
သာဓက ၉ - ကျေးရွာအုပ်စုတစ်စုသည် ပထမဆုံးအနေဖြင့် အမျိုးသမီးအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို
ရွေးကောက်တင်မြှောက်ခဲ့သည် ..... ၇၁
သာဓက ၁၀ - သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ တိုးတက်လာမှုကြောင့်
အသက်မွေးမှု ဖွံ့ဖြိုးတိုးတက်လာခဲ့သည် ..... ၇၈
သာဓက ၁၁ - ရွှေ့ပြောင်းအလုပ်လုပ်မှုကြောင့် နေအိမ်အခြေအနေတိုးတက်မှု ..... ၈၀

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို Markus Kostner (ကမ္ဘာ့ဘဏ်)၊ ဒေါ်မင်းမင်းဟန် (ပညာအလင်းပွင့်မြန်မာ့သုတေသနဖောင်ဒေးရှင်း)နှင့် Samuel Pursch (အန်ဒမန်သုတေသနနှင့်အကြံပေး)တို့မှ ပြင်ဆင်ဆောင်ရွက်သည်။ ဒေါ်မင်းမင်းဟန်သည် ကွင်းဆင်းသုတေသနနှင့်လေ့လာဆန်းစစ်မှုအပိုင်းကို ဦးဆောင်ခဲ့ပါသည်။ စုစုလှိုင်၊ ဖြိုးသစ္စာကျော်၊ ရည်မွန်စိုးနှင့် သော်ဇင် (သုတေသနကြီးကြပ်သူများ)နှင့် ဝါဝါလွင်၊ မျိုးသူထွန်း၊ ဇေယျာဖြိုး၊ စိုးသီဟ၊ စောအောင်သိန်းမြင့်၊ နိုနိုနွယ်လင်း၊ ခိုင်ဇင်ယုအောင်၊ မောင်ဖြိုး၊ သော်ဇေသွင်၊ ရွှေယမင်းဦး၊ ကေဇင်သော်၊ နော်ထီးအယ်လ်စိုး၊ မေမြတ်နိုးအေးနှင့် အေးသန္တာကျော် (တွဲဖက်သုတေသနပြုလုပ်သူများ)ဖြင့် သုတေသနအသင်းကို ဖွဲ့စည်းခဲ့သည်။ ဒေါ်မြတ်သက်သစ္စာ (National Project Lead)သည် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ သီသီဝင်း၊ လဲ့ယဉ်မြင့်၊ ကျော်စိုးဝင်း၊ ရဲဝင်းအောင်၊ ဇင်မာလွင်နှင့် ရဲနိုင်ထွေးတို့၏ အကူအညီဖြင့် ဤလေ့လာမှုကို စီမံကြီးကြပ်ခဲ့သည်။

စာရေးသူအနေဖြင့် မှတ်ချက်သဘောထားများနှင့် peer reviewers ပြုလုပ်ပေးသော Margaret Arnold and Zuzana Stanton-Geddes၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ဆင်းရဲနွမ်းပါးမှုနှင့်ပတ်သက်ပြီး ကူညီပေးပါသော Reena Badiani-Magnusson၊ သုတေသနများတလျှောက် စိတ်ရှည်ရှည်ဖြင့် ကူညီပေးခဲ့ကြသော Andrea Woodhouse၊ Patricia Fernandes၊ Patrick Barron နှင့် Rina Meutia တို့အားလုံးကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

Global Facility for Disaster Reduction and Recovery ၏ ကူညီမှုမပါရှိပါက နာဂစ်အလွန် လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှုမှာ ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ။ ယခု SIM 5 အပါအဝင် SIM သုတေသန ၅ ခုတွင် ၄ ခုကို ၎င်းမှ ငွေကြေးထောက်ပံ့ခဲ့သည်။ ဘေးအန္တရာယ်ကြီးတစ်ခု၏ ရေရှည်တွင် တမြေ့မြေ့သက်ရောက်နေသော သက်ရောက်မှုများကို သိရှိနားလည်အောင် ဆောင်ရွက်ရာတွင် ၎င်း၏ထောက်ပံ့မှုမှာ ကျေးဇူးတင်ထိုက်ပါသည်။

စာရေးသူတို့အား အချိန်များကို ရက်ရောစွာပေးပြီး နာဂစ်အပြီးကာလ ၎င်းတို့၏ခရီးရှည်ကြီးအကြောင်းကို သုတေသနအသင်းသို့ မျှဝေပေးခဲ့ပါသော ကျေးရွာသူရွာသားများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ အထောက်အပံ့ပေးသူများသည် အနာဂတ် ဘေးအန္တရာယ်အခြေအနေများတွင် ဤအတွေ့အကြုံများကို ဂရုပြုသင်ခန်းစာယူနိုင်ရန် မျှော်လင့်ပါသည်။

# အတိုကောက်စာလုံးများ

| | |
|---|---|
| DRR | ဘေးအန္တရာယ်လျှော့ချရေး |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| K | မြန်မာကျပ် |
| LUC | မြေယာမှတ်ပုံတင်လက်မှတ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| SIM | လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု |
| VTA | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး |



# အကျဉ်းချုပ်

ဆိုင်ကလုန်းနာဂစ်သည် မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတစ်လျှောက်သို့ တိုက်ခတ်ခဲ့သည်။ မုန်တိုင်းပြီးဆုံးသွားချိန်တွင် လူပေါင်း ၁၄၀,၀၀၀ ကျော် သေဆုံးခဲ့ပြီး မိသားစုများပြိုကွဲခြင်း၊ အိမ်ရာမဲ့ခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုများ အစိတ်စိတ်အမွှာမွှာ ပြိုလဲခဲ့ရသည်။ နာဂစ်အပြီး လများမှစပြီး နှစ်များစွာကြာအောင် မုန်တိုင်းဒဏ်သင့်ရပ်ရွာများသည် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုဖြင့် အသက်မွေးမှုများအား ပြန်လည်တည်ဆောက်ခြင်းနှင့် ဆိုင်ကလုန်းကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ နေအိမ်များအား ပြန်လည်တည်ဆောက်ခြင်း၊ စပါးစိုက်ခင်းများအား ပြန်လည်ပြုပြင်ခြင်းနှင့် ငါးဖမ်းလှေအသစ်များအား ဝယ်ယူခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

သို့သော်ငြားလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှာ မည်ကာမတ္တပင် ရှေ့မရောက်သေးခင်တွင် ရွာသူရွာသားများသည် အမျိုးမျိုးသော ဘေးဒုက္ခအသစ်များနှင့်ရင်ဆိုင်ကြရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှာ နှေးကွေးခြင်း၊ မပြောင်းလဲခြင်းတို့နှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဘေးဒုက္ခများအနက် ရာသီဥတုပြောင်းလဲခြင်းသည် ခန့်မှန်းမရသော ရာသီဥတုများကိုဖြစ်ပေါ်စေပြီး အသက်မွေးမှုများကို ထိခိုက်စေခဲ့သည်။ တစ်ဆက်တည်းမှာပင် ရန်ကုန်မြို့နှင့် အခြားသော စီးပွားရေးအခွင့်အလမ်းရှိသည့် နေရာများသို့ ရွှေ့ပြောင်းနေထိုင် မှုမှာကြီးမားလာပြီး ဒေသတွင်း လူမှုအသိုက်အမြုံပုံစံကိုပါ ပြောင်းလဲစေခဲ့သည်။

ထိုသို့လတ်တလောဖြစ်ပေါ်နေသော အရေးကိစ္စများသည် နာဂစ်မှ ယူဆောင်လာသော အချင်းချင်းတည်မှီဖြစ်တည်နေမှုများ၏ ရှုပ်ထွေးမှုနှင့်အပြောင်းအလဲများကို ဖော်ညွှန်းခဲ့သည်။ အချိန်တစ်ခုကြာပြီးနောက် ၎င်းတို့သည် လူမှုဘဝအကျိုး ဆက်များ လေ့လာဆန်းစစ်မှုစစ်တမ်း (SIM)ပြုလုပ်ခဲ့သည့် ဦးတည်ရပ်ရွာများအတွက် အဓိက အလေးထားစရာ အချင်းအရာများဖြစ်လာခဲ့သည်။ သို့ရာတွင် အကြောင်းအရာအသစ်များမှ အခက်အခဲအသစ်များကို ထပ်တိုးဖြစ်ပေါ်စေခြင်း၊ ပြဿနာအဟောင်းများအား ပိုမိုဆိုးရွားစေခြင်းနှင့် အချို့နေရာများတွင် ပြန်လည်ထူထောင်ရေးကို ကတိုက်ကရိုက် ဖြစ်စေခြင်းတို့သည် နာဂစ်၏ ရေရှည်သက်ရောက်မှုများအဖြစ် မြင်သာထင်သာ ရှိနေဆဲဖြစ်ခဲ့သည်။

ရွာသူရွာသားများအနေဖြင့် အခက်အခဲအသစ်များနှင့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်ကို တစ်ပြိုင်နက်တည်း ရင်ဆိုင်နေရချိန်တွင် နာဂစ်ပြီးနောက် လတ်တလောနှစ်ကာလများအတွင်း ရွာသူရွာသားများ၏ဘဝ အချိန်နှင့်အမျှပြောင်းလဲသွားပုံကို နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ရွာပေါင်း ၄၀ ကိုဦးတည်ပြီး လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှုစစ်တမ်း (SIM)ကို ၅ ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။ ဤ SIM 5 သည် ရွာသူရွာသားများ၏ ၂၀၁၇ ခုနှစ်အတွင်းရှိ စီးပွားရေးနှင့် လူမှုဘဝများကို ထပ်ဟပ်ပြသထားပြီး နာဂစ်ပြီးနောက် ၉ နှစ်ကျော်ကာလများအတွင်း ပြောင်းလဲဖြစ်ပေါ်ခဲ့မှုများကို လေ့လာဆန်းစစ်ထားသည်။ ဤ SIM 5 တွင် အပိုင်း ၃ ပိုင်းကို အဓိကထား လေ့လာထားသည်။

၁။ **လူမှုစီးပွားအခြေအနေများ -** ဤအပိုင်းတွင် ဒေသတွင်း နာဂစ်ဖျက်ဆီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် လူမှုစီးပွားအခြေအနေများနှင့် အသက်မွေးဝမ်းကျောင်းမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း ပြောင်းလဲဖြစ်ပေါ်လာသည့် ကျေးလက်စီးပွားရေးအခြေအနေတို့ကို အဓိကထား လေ့လာထားသည်။ အသက်မွေးအုပ်စုအနေဖြင့် လယ်သမား၊ ရေလုပ်သားနှင့် မြေယာမဲ့ အုပ်စု ၃ စုကို အဓိကထားလေ့လာထားပြီး ကြွေးမြီတင်ရှိမှု၊ မြေယာ၊ အိမ်အဆောက်အအုံနှင့် ဒေသတွင်း အခြေခံအဆောက်အအုံများစသည့် အကြောင်းအရာများကို အဓိကလေ့လာထားသည်။

၂။ **လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှု-** ဤအပိုင်းတွင် နာဂစ်ကြောင့်ဖြစ်ပေါ်ခဲ့သော လူမှုရေးဆိုင်ရာ ရေရှည်ကသောင်းကနင်းဖြစ်မှုများအပြင် မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေးအကူးအပြောင်းကြောင့် လတ်တလော ဖြစ်ပေါ်တည်ရှိနေသော ပြောင်းလဲမှုကြီးကြီးမားမားများကို ဦးတည်လေ့လာထားသည်။ လူမှုအုပ်စုများအတွင်းနှင့် မတူညီသောအုပ်စု တစ်စုနှင့်တစ်စုအကြား တုံ့ပြန်မှုများနှင့် ရပ်ရွာခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းများကို အဓိကထား လေ့လာထားသည်။

၃။ **ပြန်လည်ထူထောင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမှု** - ဤအပိုင်းသည် SIM အတွက် လေ့လာဆန်းစစ်မှု အပိုင်းအသစ်တစ်ရပ်ဖြစ်သည်။ ၎င်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုများနှင့် ရပ်ရွာများအတွက် ပြန်လည်ထူမတ်လာခြင်းနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမှုရှိလာခြင်းတို့အကြား ကွာခြားချက်၊ ပြန်လည်ထူမတ်လာမှုဖြစ်စဉ်နှင့် ကြံ့ကြံ့ခံနိုင်စွမ်းမှုတို့အတွက် လိုအပ်သည့်၊ အရေးကြီးသည့် အကြောင်းအချက်များ၊ ၎င်းအခြေအနေ ၂ ရပ်စလုံး ဖွံ့ဖြိုးတိုးတက်လာမှုအတွက် ရပ်ရွာများတွင် မည်မျှစွမ်းဆောင်ရည်ရှိနိုင်ပြီ၊ မည်မျှစွမ်းဆောင်ရည် လိုအပ်သေးသည် စသည်တို့ပါဝင်သည်။

SIM 5 သည် နာဂစ်အလွန်ကာလအပြင် ၂၀၁၃ SIM 4 အပြီးနောက်ပိုင်း ကာလများအတွင်း အချိန်နှင့်အမျှ ပြောင်းလဲမှု များကို အဓိကထား လေ့လာထားသည်။ SIM 5 တွင်ဆိုင်ကလုန်းမုန်တိုင်းများနှင့် အခြားသော ဘေးအန္တရာယ်များ၊ နိုင်ငံရေး အပြောင်းအလဲ၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစသည့်ပြင်ပသက်ရောက်မှုများနှင့် အိမ်ထောင်စု၊ ရပ်ရွာများအကြား တုံ့ပြန်ဖြစ်ပေါ်မှုများကို ဖြစ်နိုင်သမျှ ဆွဲထုတ်လေ့လာထားသည်။

## လူမှုစီးပွားအခြေအနေများ

နာဂစ်တွင် ထိခိုက်ခံရမှု နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ၂၀၁၇ ခုနှစ်တွင် ကျေးရွာအများစု၏ စီးပွားရေးအခြေအနေများသည် လွန်ခဲ့သော ၄ နှစ်ကာလမှ အခြေအနေနှင့်နှိုင်းယှဉ်လျှင် များစွာဖွံ့ဖြိုးတိုးတက်ခဲ့သည်။ အသက်မွေးဝမ်းကျောင်းမှုများမှာ ယေဘုယျအားဖြင့် အမျိုးမျိုးအဖုံဖုံကွဲပြားနေသော်လည်း SIM 4 တွင် တွေ့ရှိခဲ့သည့် လုပ်ခလစာနည်းပါးမှုများနှင့်တန့်နေသော ဒေသတွင်းစီးပွားရေးအခြေအနေတို့၏နေရာတွင် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာမှု၊ ဈေးကွက်သို့ ပိုမိုလက်လှမ်းမီလာမှု၊ ပင်မစီးပွားရေးယိုင်နဲ့သွားပါက အခြားဝင်ငွေရရာလမ်းကြောင်းများကို ရှာဖွေလာနိုင်သည့် မိသားစုများ၏စွမ်းရည်များ တိုးတက်လာခြင်းစသည်တို့မှ အစားထိုးဝင်ရောက်ခဲ့ပြီဖြစ်သည်။ စီးပွားရေးတိုးတက်မှုနှင့်စပ်လျဉ်းသည့် အဓိကအခက်အခဲများမှာ နာဂစ်၏ ရေရှည်သက်ရောက်မှုများ (သို့) အလုပ်အကိုင်ရှာဖွေနိုင်မှုမရှိခြင်းစသည့် အကြောင်းအရာများအပေါ်တွင်ထက် ခေတ်စနစ်အရ ဖြစ်ပေါ်တည်ရှိနေသော ရာသီဥတုပြောင်းလဲမှု၊ အခြေခံအဆောက်အအုံများ အားနည်းမှုနှင့် ပိုမိုကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များအား လက်လှမ်းမမီမှု စသည်တို့အပေါ် တွင် ပိုမိုတည်မှီနေသည်။

*ဈေးနှုန်းများကြီးမြင့်လာမှုကို ကာမိရန်အတွက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခြင်း၊ အထွက်နှုန်းများ အလွန်အမင်းခြားနားလျက် ရာသီဥတုအနေအထားများအပေါ် တည်မှီနေရခြင်းစသည်တို့နှင့် အတူ စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးမှုများမှာ အမျိုးမျိုးအထွေထွေ ကွဲပြားလျက်ရှိသည်။*

လယ်သမားများအတွက် သွင်းအားစုစရိတ်များမှာ ၂၀၁၃ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် မြင့်မားလာသည်။ ထိုသို့မြင့်မားလာမှုသည် မိုးစပါးစိုက်ပျိုးသည့် တောင်သူငယ်များ၏ စိုက်ပျိုးစရိတ်ကို နာဂစ်မတိုင်မီအခြေအနေထက် ၂ ဆ ပိုပြီးတိုးမြင့်စေခဲ့သည်။ စိုက်စရိတ်တတ်နိုင်သည့် တောင်သူအများအပြားမှာ နွေစပါးကို ပိုမိုစိုက်ပျိုးလာကြပြီး နွေစပါး၏အထွက်နှုန်းမှာ အတိုင်းအတာတစ်ခုထိသေချာပြီး မြင့်မားသည်။ နွေစပါး၏တစ်ဧက စိုက်စရိတ်မှာ ၃၀ ရာခိုင်နှုန်းကျော်အထိ မြင့်မားလာခဲ့သည်။ ထိုသို့မြင့်မားလာမှုမှာ တောင်သူများမှ အရည်အသွေးနှင့် ဈေးနှုန်းပိုမိုမြင့်မားသော မျိုးစေ့နှင့်ဓာတ်မြေသြဇာများကိုသုံးစွဲလာခြင်းနှင့် အလုပ်သမားစရိတ်များ မြင့်မားခြင်းတို့ကြောင့်ဖြစ်သည်။

ရိတ်သိမ်းပြီးစပါးဈေးနှုန်းများမှာလည်း ပိုမိုမြင့်မားလာခဲ့သည်။ SIM တောင်သူများမှ အစီရင်ခံလာသော ပျမ်းမျှစပါး ဈေးနှုန်းမှာ မိုးစပါးတင်းတစ်ရာလျှင် ကျပ်ငွေ ၆.၃ သိန်း[၁]ဖြစ်ပြီး ၎င်းမှာ ၂၀၁၃ ခုနှစ်တွင် ကျပ်ငွေ ၃.၇ သိန်းခန့်သာရှိခဲ့သည်။ အထွက်နှုန်းသည် စိုက်ပျိုးရေးအခြေအနေကို ပိုင်းဖြတ်နိုင်စွမ်းသော ရွေ့လျားပြောင်းလဲမှုအများဆုံးသော ညွှန်ကိန်းတစ်ခုဖြစ်မြဲဖြစ်သည်။ ရာသီဥတု၊ ရေလွှမ်းခြင်းနှင့် ပိုးမွှားများသက်ရောက်ခံရမှု (သို့) အောက်ခံမြေအရည်အသွေး စသည်တို့ အပေါ်မူတည်လျက် နာဂစ်မုန်တိုင်းဒဏ် အနည်းငယ်ခံရသော ကျေးရွာများတွင်ရှိသော လွန်ခဲ့သော ၅ နှစ်အတွင်းရှိ အထွက်နှုန်းမှာ အဆိုးဆုံးနှစ်များတွင် တစ်ဧကလျှင် ၂၃ တင်းရှိပြီး အကောင်းဆုံးနှစ်များတွင် တစ်ဧကလျှင် ၅၅ တင်း ရှိသည်။

*ရေလုပ်ငန်းပြန်လည်ထူမတ်လာမှုမှာလည်း ပထဝီဝင်အနေအထားအပေါ်မူတည်လျက် အမျိုးမျိုးအထွေထွေ ကွဲပြားလျက်ရှိပြီး ငါးသယံဇာတရှားပါးလာမှုမှာ ရေလုပ်ငန်းကဏ္ဍကို ဆက်လက်ခြိမ်းခြောက်မြဲဖြစ်သည်။*

---
[၁] ကျပ်ငွေ ၁ သိန်းလျှင် မြန်မာငွေ ၁၀၀,၀၀၀ ကျပ်နှင့် ညီမျှသည်။

ပင်လယ်အနီးအနားတွင်ရှိသော ကျေးရွာများတွင် ငါးဖမ်းဆီးရရှိမှုမှာ မပြောင်းလဲဘဲတည်ရှိနေပြီး ငါးဈေးနှုန်းများ မြင့်မားလာမှုနှင့် ဈေးကွက်သို့ ပိုမိုလက်လှမ်းမီလာမှုတို့သည် ရေလုပ်သားအများစုကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ သို့ရာတွင် မြစ်ဝကျွန်းပေါ် မြစ်များ တစ်လျှောက်တွင်ရှိသော ရေလုပ်သားများမှာ ငါးဖမ်းဆီးရရှိမှု သိသိသာသာလျော့နည်းသွားသည်။ ထိုသို့ကျဆင်းသွားခြင်းမှာ ခန့်မှန်းမရသော ရာသီဥတုအခြေအနေ၊ မြစ်များတွင် ရေထုညစ်ညမ်းမှုနှုန်း မြင့်မားလာခြင်းနှင့် မိရိုးဖလာငါးဖမ်းကွက်များအပေါ်တွင် မြို့မှ ငါးဖမ်းလှေကြီးများ ဝင်ရောက်လာမှုတို့ကြောင့် ဖြစ်သည်။

ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်သော စရိတ်များမှာလည်း ကြီးမြင့်လာသည်။ တချို့နေရာများတွင် လိုင်စင်ဈေးနှုန်းများ မြင့်မားလာပြီး ရေလုပ်သားများသည် ငါးဖမ်းလှေအသစ်များနှင့် ငါးဖမ်းပိုက်များအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်လာခဲ့သည်။ ၎င်းအပြင် ငါးဖမ်းပိုက်စိပ်စိပ်များကို အသုံးပြုခဲ့ပြီး ထိုအချင်းအရာမှာ ရေလုပ်ငန်း ရေရှည်တည်တံ့မှုကို အဟန့်အတားဖြစ်စေနိုင်သည်။ အဆိုပါ ကွဲပြားခြားနားမှုများနှင့်အတူ SIM ကျေးရွာများတစ်လျှောက်ရှိ ရေလုပ်ငန်းမှရရှိသော ဝင်ငွေမှာ ၂၀၁၃ နှင့် ၂၀၁၇ အကြား အတတ်အကျအနိမ့်အမြင့်များစွာမရှိဘဲ တစ်ပြေးတည်းဖြစ်နေသည်။

လုပ်ခလစာနှုန်းများ မြင့်မားလာခြင်း၊ ချေးငွေအသစ်များအား လက်လှမ်းမီလာခြင်း၊ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းနှင့် လုပ်ငန်းအသေးစားများမှ ဝင်ငွေအခွင့်အလမ်းများ ရရှိလာခြင်းတို့ကြောင့် မြေယာမဲ့လုပ်သားများမှာ ၂၀၁၃ နှင့် နှိုင်းယှဉ်လျှင် များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်မှု တိုးမြင့်လာမှုသည် မြစ်ဝကျွန်းပေါ်ဒေသကို သက်ရောက်ခဲ့ပြီးဖြစ်သည်။ မြေယာမဲ့လုပ်သားများမှာ ရန်ကုန်နှင့် အခြားသောစီးပွားရေးအခွင့်အလမ်းပေါများသော နိုင်ငံတွင်းရှိဒေသများသို့ ပြောင်းရွှေ့အလုပ်လုပ်ကြသည်။ ယခင်ပြုလုပ်ခဲ့သော အချိန်ကဆိုလျှင် ပြောင်းရွှေ့လုပ်ကိုင်ခြင်းသည် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်အတွက်ဖြစ်ပြီး ယခုအချိန်တွင် စီးပွားရေးအခွင့်အလမ်းတစ်ခုအဖြစ် ပြောင်းရွှေ့လုပ်ကိုင်ကြခြင်း ဖြစ်သည်။ အထက်ပါအကြောင်းအရာများသည် ယခင် SIM များနှင့် ခြားနားချက်ဖြစ်သည်။ရွှေ့ပြောင်း နေထိုင်သူအများစုမှာ အမျိုးသမီးများဖြစ်ကြပြီး အရှိန်အဟုန်နှင့် ချဲ့ထွင်နေသော အထည်ချုပ်ကဏ္ဍတည်ရှိရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ကြခြင်းဖြစ်သည်။ SIM ရွာများမှ ရွှေ့ပြောင်းအလုပ်လုပ်ကြခြင်းသည် လုပ်ခဈေးနှုန်းများ မြင့်မားလာခြင်းအတွက် ထင်ရှားသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ လယ်သမားများမှာ ၎င်းတို့သီးနှံများ အချိန်မီရိတ်သိမ်းနိုင်စေရန် လုပ်အားခကို ပိုပေးကြရသည်။ အထူးသဖြင့် မြို့ကြီးများနှင့် ကောင်းစွာလက်လှမ်းမီသော ကျေးရွာများအတွင်းတွင်ရှိသော မြေယာမဲ့လုပ်သားများမှာ အစိုးရ အစီအစဉ်များအပြင် အခြားသော အသေးစားငွေချေးအစီအစဉ်များမှ ၎င်းတို့အတွက် ခြေနိုင်လက်နိုင်ရှိသော ချေးငွေများကို ပိုမိုရယူလာနိုင်သည်ဟုဆိုသည်။ ထိုသို့ချေးယူရရှိသော ချေးငွေများကို ကုန်စုံဆိုင်ငယ်များ၊ မော်တော်ဆိုင်ကယ်ငှားရမ်းခြင်းလုပ်ငန်းနှင့် မိုဘိုင်းဖုန်းဆိုင်ငယ်များစသည့် ဝင်ငွေရရှိသည့် အသေးစားလုပ်ငန်းများတွင် ပြန်လည်မြှုပ်နှံကြသည်။

*ချေးငွေရယူနိုင်မှု ချဲ့ထွင်လာခြင်း၏နောက်တွင် ကြွေးမြီတင်ရှိမှုမှာလည်း မြင့်မားလာပြီး အချို့ရွာသားများမှာ အကြွေးထောင်ချောက်တွင် ပိတ်မိလျက်ရှိသည်။*

အသက်မွေးမှုအုပ်စုများအားလုံးတွင် ကြွေးတင်ရှိမှုအနေအထားမှာ ၂၀၁၃ မှစပြီး သိသိသာသာ မြင့်မားလာခဲ့ပြီး အလယ်အလတ်နှင့် ထိခိုက်မှုပြင်းထန်သော ကျေးရွာများအားလုံးသည် ကြွေးပြန်လည်ပေးဆပ်ရမှုတွင် ရုန်းကန်နေရဆဲဖြစ်သည်။ တောင်သူကြီးနှင့်အလတ်တို့သည် ကြွေးတင်ရှိမှုအများဆုံးသောသူများဖြစ်သည်။ ၎င်းမှာ အထွက်နှုန်းမသေချာမှုနှင့် သီးနှံအတွက် ငွေသုံးရခြင်းကို ထင်ဟပ်ပြသလျက်ရှိသည်။ ကြွေးမြီတင်ရမှု မြင့်မားလာခြင်းသည် ကျေးရွာအတွင်း ချေးငွေရရှိမှု သိသိသာသာမြင့်မားလာခြင်းကို ထင်ဟပ်လျက်ရှိသည်။ ယခင် SIM အစီရင်ခံစာများတွင် ချေးငွေကို အကန့်အသတ်ဖြင့်သာရရှိကြပြီးအထူးသဖြင့် မြေယာမဲ့အိမ်ထောင်စုများမှာ ၎င်းတို့တတ်နိုင်သော (ပုဂ္ဂလိက ငွေချေးသူများဆီမှမဟုတ်သော) ချေးငွေကိုရရှိရင် ခက်ခဲသည်။ ၂၀၁၇ ခုနှစ်တွင် ရွာသားအများစုမှ လက်လှမ်းမီသော အတိုးနှုန်းနိမ့်သည့် အစိုးရချေးငွေအစီအစဉ်များ၊ အသေးစားငွေချေးအစီအစဉ်များ ပိုမိုများပြားလာခဲ့သည်။

*မြေယာခိုင်မာတောင့်တင်းလာမှုသည် နှေးကွေးလျက်ရှိပြီး လယ်သမားအများစုအတွက် မြေယာရောင်းချခြင်းသည် စီးပွားရေးအခွင့်အလမ်းတစ်ခုပုံဆောင်ခြင်းထက် နောက်ဆုံးအားထားရာတစ်ခု ဖြစ်လာခဲ့သည်။*

SIM 4 တွင် အစီရင်ခံကြသည်မှာ စီးပွားရေးဝန်ပိခြင်းသည် မြေယာအရောင်းအဝယ်များနှင့် မြေယာမညီမျှမှုများကို ပိုမိုဖြစ်ပေါ်စေခဲ့သည်။ ထိုဖြစ်စဉ်မှာ ၂၀၁၇ တွင် နှေးကွေးသွားပြီဖြစ်သည်။ အလွန်အကြွေးတင်နေသော လယ်သမားများသည်ပင်လျှင် ၎င်းတို့မြေယာကို တတ်နိုင်သမျှမရောင်းဘဲ ထိန်းသိမ်းထားကြပြီး တစ်ကြိမ်(သို့)နှစ်ကြိမ်မျှ အထွက်နှုန်းကောင်းကောင်းရရှိလိုက်ပါက ၎င်းအကြွေးနွံမှ လွတ်နိုင်မည်ကို သိရှိထားကြသည်။ မြေယာပိုင်ဆိုင်ခွင့်ကို ဝယ်ယူကြရာတွင် ဝယ်ယူသူများမှာ ကျေးရွာအတွင်း(သို့) အနီးအနားရပ်ရွာများမှ တောင်သူကြီးများဖြစ်တတ်ကြသည်။ မြေယာများတွင် ပထမဦးဆုံးအနေဖြင့် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှာဖွေလျက်ရှိသော မြေယာမဲ့အိမ်ထောင်စုများ (အထူးသဖြင့် ငယ်ရွယ်သော လင်မယားများ(သို့)လွှဲပို့ငွေဖြင့် ရပ်တည်နေသူများ)ကို သိသိသာသာ

တွေ့ရှိလာရသည်ဟု သုတေသနပြုလုပ်သူများမှ ဆိုကြသည်။ မြေယာဈေးနှုန်းများမှာ တစ်ရွာနှင့်တစ်ရွာ ကွဲပြားလျက်ရှိပြီး မြေယာတည်ရှိသော နေရာပေါ်မူတည်ပြီး ကွာခြားမှုရှိသည်။ ရေလွှမ်းမိုးမှု ခံရနိုင်ခြေနည်းပါးပြီး လမ်းခရီးလက်လှမ်းမီသော နေရာများတွင် ရှိသည့် မြေယာဈေးနှုန်းများမှာ အရည်သွေးနိမ့်သော မြေယာဈေးနှုန်းများထက် ငါးဆမြင့်မားသည်။

*လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများနှင့် ချိတ်ဆက်နိုင်မှုမှာ ၂၀၁၃ ကတည်းက များစွာတိုးတက်လာခဲ့သော်လည်း ကျေးရွာအများစုမှာ အခြေခံလူမှုအဆောက်အအုံများ လိုအပ်နေသေးသည်။*

ရောဝတီမြစ်ဝကျွန်းပေါ်တွင် လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံများမှာ တိုးတက်လာခဲ့သော်လည်း SIM ကျေးရွာ အများစုကို လှေဖြင့်သာ သွားလာနေရဆဲဖြစ်သည့်အတွက် ထိုတိုးတက်မှုမှာ အကန့်အသတ်ဖြင့် တည်ရှိနေဆဲပင်ဖြစ် သည်။ SIM ကျေးရွာပေါင်း ၄၀ တွင် ၁၅ ရွာကိုသာ ကုန်းလမ်းဖြင့် သွားလာနိုင်သည်။ ကျေးရွာ ၃ ရွာတွင်သာ (အနည်းဆုံး မူလတန်းအဆင့်ရှိသည့်) ကျောင်းအဆောက်အအုံများရှိသည်။ ကျန်ရွာများမှာ ပြုပြင်မွမ်းမံစရိတ်များ မရရှိသည့်အတွက် အခြေခံအဆောက်အအုံများ၏ အခြေအနေမှာ ဆိုးရွားသည်။ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီမှုသည် ကျေးရွာများအကြား ကွဲပြားခြားနားသည်။ ကျေးရွာ ၁၀ ရွာသည် ကျေးရွာအဆင့် ကျန်းမာရေးစင်တာများမရှိသည့်အပြင် အနီးအနားမှာလည်း အလွယ်တကူ လက်လှမ်းမီမှုမရှိပါ။ SIM ကျေးရွာများအားလုံးတွင် ချိတ်ဆက်မှုအားကောင်းလာခြင်းမှာ အကြီးမားဆုံးသော ပြောင်းလဲတိုးတက်လာမှုဖြစ်ပြီး မိုဘိုင်းဖုန်းဝန်ဆောင်မှုများကြောင့် ဖြစ်သည်။ မိုဘိုင်းဖုန်းများကို ၂၀၁၃ ခုနှစ် တွင် ကြားပင်မကြားဖူးသော အခြေအနေမှ ၂၀၁၇ ခုနှစ်တွင် မိုဘိုင်းဖုန်းနှင့် 3G ဝန်ဆောင်မှုများကို SIM ကျေးရွာများအားလုံးတွင် နေရာအနှံ့တွေ့မြင်ရသည်။

*ခြွင်းချက်အခြေအနေအချို့မှအပ နေအိမ်အဆောက်အအုံများ၏ အရည်အသွေးမှာ SIM ကျေးရွာများအားလုံးတွင် တိုးတက်ကောင်းမွန်လာသည်။*

သုတေသနပြုလုပ်ခဲ့သူအများစုမှ ဖြေကြားရာတွင် ၎င်းတို့နေအိမ်အရည်အသွေးများမှာ နာဂစ်မတိုင်ခင်အခြေအနေကထက်ပင် ပိုမိုကောင်းမွန်လာပြီး ထိုသို့ကောင်းမွန်လာအောင် မကြာသေးမီနှစ်များအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ထိုသို့တိုးတက်လာမှုမှာ အိမ်ထောင်စုဝင်များ၏ လွှဲပို့ငွေများ(သို့) ဒေသတွင်းရှာဖွေရရှိသော ဝင်ငွေအရင်းအမြစ်အမျိုးမျိုးကြောင့် ဖြစ်သည်ဟုဆိုသည်။ နာဂစ်မုန်တိုင်းဒဏ် အပြင်းအထန်ခံရသော ရပ်ရွာများထဲမှ ရပ်ရွာအနည်းစုသည် အနာဂတ်တွင် နာဂစ်ကဲ့သို့မုန်တိုင်းများမှ နေအိမ်များကို ဖျက်ဆီးသွားနိုင်သည်ဟု ယူဆချက်ရှိသောကြောင့် အကုန်အကျခံကာ တည်ဆောက်ရမည်ကို စဉ်းစားမရဟု ဆိုကြသည်။ အဆိုပါကျေးရွာများတွင် အိမ်ပြန်ဆောက်ရန်တတ်နိုင်သူများမှာ ကျေးရွာပြင်ပတွင်ရှိသော နေအိမ်များ(သို့)အဆောက်အအုံများတွင်သာ ရင်းနှီးမြှုပ်နှံကြသည်ကို တွေ့ရသည်။ ပိုမိုကောင်းမွန်စွာ နေထိုင်လိုမှု၊ မုန်တိုင်းအတွင်း တောင့်တင်းခိုင်မာသော နေအိမ်များ၏ အရေးပါမှုကို သိရှိမှုနှင့် အိမ်နီးချင်းများနှင့် နေအိမ်အခြေအနေပြိုင်ဆိုင်မှုဆိုင်ရာ လူမှုဖိအားများစသည်တို့သည် နေအိမ်အခြေအနေများ တိုးတက်ကောင်းမွန်လာမှုကို အဓိကတွန်းပို့သည့်အရာများ ဖြစ်ကြသည်။ အချို့သော ကျေးရွာများတွင် နေအိမ်ပြန်လည်ပြုပြင်ရန် ငွေချေးယူကြသည့် အိမ်ထောင်စုများ များပြားလာခဲ့သည်။

## လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှု

၂၀၁၇ ခုနှစ်တွင် နာဂစ်မှ သက်ရောက်ခဲ့သော လူမှုဆိုးကျိုးများ၊ အကွဲကွဲအပြားပြား တည်ရှိခဲ့သော နောက်ဆက်တွဲ ထောက်ပံ့ကူညီရေးကြိုးပမ်းမှုများနှင့် မြန်မာနိုင်ငံအနှံ့အပြားရှိ လူမှုပြောင်းလဲမှုများ၏ သက်ရောက်မှုဒဏ်များသည် ရွာသူရွာသားများ၏ စိတ်အတွင်းသို့ အစားထိုးဝင်ရောက်ခဲ့သည်။ ရွှေ့ပြောင်းနေထိုင်မှု၊ နိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှု၊ ကျေးရွာအုပ်စုများအား မြဲမြဲမြံမြံစည်းနှောင်ထားသော လူမှုကြိုးမျှင်များ ဖွာလွင့်သွားခြင်း၊ ကျေးရွာများအတွင်း ဒီမိုကရေစီအား (သွယ်ဝိုက်သောနည်းဖြင့် သော်လည်းကောင်း) နိဒါန်းပျိုးလာခြင်းစသည်တို့အားလုံးသည် SIM ကျေးရွာများ၏ လူမှုဆက်ဆံရေးအား သက်ရောက်လျက်ရှိသည်။ ယေဘုယျအားဖြင့် ရပ်ရွာအတွင်း ပေါင်းစည်းညီညွတ်မှုအနေအထားကို လူမှုဆက်ဆံရေးဟုဖွင့်ဆိုကြပြီး ၎င်းသည် အတူတကွ လက်တွဲဆောင်ရွက်မှုစွမ်းရည်၊ ရပ်ရွာခေါင်းဆောင်မှုတို့ဖြင့် အလယ်ဗဟိုတွင် ပေါင်းစည်းသွားမည်ဖြစ်သည်။ နာဂစ်ဒဏ်ပြင်းထန်စွာခံရသော ၂၀၁၃ တွင် လူမှုဆက်ဆံရေးအားဖြင့် အားနည်းသွားခဲ့သော ကျေးရွာများမှာ တိုးတက်ပြောင်းလဲမှုအချို့ရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် လူမှုဆက်ဆံရေးအားဖြင့် အခြေအနေကောင်းခဲ့သော (အထူးသဖြင့် မုန်တိုင်းဒဏ်အလယ်အလတ်ခံရသော) ကျေးရွာများမှာ လူမှုဆက်ဆံရေးအားဖြင့် ဆုတ်ယုတ်မှုများကို ကြုံတွေ့လျက်ရှိသည်။ ၎င်းသည် နိုင်ငံမှမြောက်မြားစွာသော အပြောင်းအလဲများကို ကြုံတွေ့နေရသောကြောင့် ကျေးရွာများတွင် မသေချာမရေရာမှုများကို ခံစားနေရခြင်းကို ထင်ဟပ်ပြသနေခြင်းဖြစ်သည်။

*ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုအောက်တွင် ရပ်ရွာလုပ်ရှားဆောင်ရွက်မှုအဖွဲ့များမှာ အသင်းဝင်မှုနှင့် အသင်းဝင်များ အတည်တကျရှိရန်အတွက် ရုန်းကန်နေရင်းပင် ပေါ်ပေါက်လာခဲ့သည်။*

မြစ်ဝကျွန်းပေါ်ကျေးရွာများ၏ မိမိကိုယ်ကိုအားကိုးမှုနှင့် ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်းတို့ကို ရပ်ရွာလူ့ပ်ရှားဆောင်ရွက်မှု လိုအပ်ချက်ပုံစံတစ်ရပ်အဖြစ် SIM သုတေသနများတစ်လျှောက် လွှမ်းခြုံလေ့လာခဲ့သည်။ ထိုစရိုက်လက္ခဏာမှာ ၂၀၁၇ ခုနှစ်အထိ တည်မြဲနေဆဲဖြစ်သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေအောက်တွင် ကျေးရွာများအတွက် တစ်ပုံစံတည်း ဖွဲ့စည်းထားသောကော်မတီများနှင့် စနစ်တကျဖွဲ့စည်းထားသောအဖွဲ့များ တည်ရှိနေရန် မလိုအပ်တော့ပါ။ အခမဲ့နာရေးကူညီမှုဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ဒေသတွင်းပရဟိတအဖွဲ့များပေါ်ပေါက်လာမှုကို ဘုံတူညီစွာတွေ့ရှိရပြီး ကိုယ်ထူကိုယ်ထ အသေးစားငွေချေးအဖွဲ့များပေါ်ပေါက်လာမှုကို ကျေးရွာ ၃ ရွာတွင် လောလောလတ်လတ် တွေ့ရှိရသည်။ အဆိုပါ ကျေးရွာမှတိုက်ရိုက်စီမံသောအုပ်စုများသည် မြစ်ဝကျွန်းပေါ်နေရာအနှံ့တွင်တွေ့ရသော အလှူရှင်ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ယှဉ်တွဲအလုပ်လုပ်လျက်ရှိသည်။ ကောက်စိုက်ကောက်ရိတ်အဖွဲ့ကဲ့သို့သော ကိုယ်ထူကိုယ်ထ စီးပွားရေးအုပ်စုများကို ကျေးရွာများ၏ လေးပုံတစ်ပုံကျော်တွင် တွေ့ရှိနေရပြီဖြစ်သည်။

စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရန်အတွက် အခြားသောနေရာများသို့ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းကြောင့် လူငယ်အဖွဲ့များတွင် အဖွဲ့ဝင်ရရှိမှု ခက်ခဲလာခဲ့သည်။ အထူးသဖြင့် လူငယ်အဖွဲ့များအပါအဝင် အခြားသောအဖွဲ့များ ကျဆင်းသွားကြသည်။ ကျန်ရှိနေသောအဖွဲ့များအတွင်း ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးသမီးအဖွဲ့ဝင်များ၏ပါဝင်မှု တိုးမြင့်လာခဲ့သည်။ ဘေးအန္တရာယ်ကာကွယ်လျှော့ချရေးကော်မတီများ နည်းပါးသွားသည်။ အကြောင်းမှာ ၎င်းကော်မတီများတွင် အစဉ်အဆက် တတ်ကြွစွာပါဝင်ခဲ့သောလူငယ်များ လျော့ပါးသွားခြင်းနှင့် လတ်တလောကာလတွင် ဘေးအန္တရာယ်ကြီးကြီးမားမား မကြုံတွေ့ရခြင်းကြောင့် ဘေးအန္တရာယ်လျှော့ချရေးကော်မတီကို အရေးတကြီးလိုအပ်နေခြင်းမရှိဟု ထင်မြင်သောကြောင့်ဖြစ်သည်။

*ဘာသာနှင့် လူမျိုးအဖွဲ့များအကြား ဆက်ဆံရေးမှာ အမျိုးမျိုးကွဲပြားလျက်ရှိသော်လည်း နာဂစ်အလွန် တင်းမာမှုများနှင့် လတ်တလောကာလများအတွင်း အုပ်စုများအကြား ယုံကြည်မှု နည်းပါးလာခြင်းတို့ကြောင့် ဆက်ဆံရေးမှာ ယေဘုယျအားဖြင့် ကျဆင်းသွားသည်။*

SIM ရွာများတွင် ကရင်လူမျိုးနှင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအပါအဝင် ကွဲပြားလျက်ရှိသောလူမျိုးနှင့် ကွဲပြားလျက်ရှိသော ကိုးကွယ်မှုဘာသာ (မွတ်စလင်၊ ခရစ်ယာန်၊ ဗုဒ္ဓဘာသာ) တို့ နေထိုင်လျက်ရှိသည်။ ဒေသတွင်း လူမှုရေးအရ သဟဇာတဖြစ်မှုနှင့်စပ်လျဉ်းပြီး ပြဿနာကြီးကြီးမားမားမရှိဟု အစီရင်ခံကြသော်လည်း အဆိုပါအဖွဲ့များအကြား တင်းမာမှုများရှိသည်ကို လတ်တလော အစီရင်ခံမှုများအရ သိရှိရသည်။ ဗုဒ္ဓဘာသာ-မွတ်စလင် ကျေးရွာများတွင် ရပ်ရွာသူရွာသားများသည် အထင်ကရဘာသာရေးပွဲများကို အချင်းချင်းတက်ရောက်ချီးမြှင့်ခြင်းများရှိသော်လည်း စင်စစ်အားဖြင့် အရောတဝင် နေထိုင်ခြင်းမရှိပါ။ ၎င်းမှာ တခြားဘာသာဝင်အုပ်စုများမှ လုပ်သားများကို ငှားရမ်းမှုမပြုခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ပူးပေါင်းလုပ်ဆောင်မှုမရှိခြင်းတို့ ဖြစ်သည်။ ကျေးရွာအချို့တွင် မွတ်စလင်ဘာသာဝင်များမှ ဗလီဆောက်လုပ်ခွင့်မပေးခြင်း(သို့) ၎င်းတို့ဘာသာရေးယုံကြည်ကိုးကွယ်မှုများကို လွတ်လပ်စွာ ပြုလုပ်ခွင့်မရှိခြင်းတို့ရှိသည်ဟု ဗုဒ္ဓဘာသာဝင်များမှ ပြောကြားကြသည်။ မြန်မာအနည်းစုသာနေထိုင်သော ကရင်-မြန်မာ ကျေးရွာများတွင် အလားတူပြဿနာများကို ကြုံတွေ့နေရသည်။ ကရင်လူမျိုးများသည် စည်းလုံးကြပြီး ၎င်းတို့ချင်းသာ ရိုင်းပင်းကြသည်ဟု မြန်မာများက ခံစားကြသည်။ ၎င်းသည် နာဂစ်အလွန်ကာလများတွင်း ခရစ်ယာန်များအဖွဲ့အစည်းများသည် ခရစ်ယာန်အိမ်ထောင်စုများကိုသာ ထောက်ပံ့ခဲ့ကြပုံနှင့် ဆက်စပ်နေသည်။

*၂၀၁၅ နှောင်းပိုင်း ဒေသတွင်း ရွေးကောက်ပွဲများနောက်တွင် ကျေးရွာခေါင်းဆောင်များတွင်ထက် ကျေးရွာအုပ်စုခေါင်းဆောင်တွင် အာဏာတစ်စုတစ်စည်းတည်း ရှိလာခဲ့သည်။ သို့သော် ဘာသာရေးခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများမှာ ဩဇာအာဏာရှိမြဲဖြစ်သည်။*

၂၀၁၂ ကတည်းက ဒေသတွင်းအုပ်ချုပ်ရေးကို ပြန်လည်ပုံဖော်လျက်ရှိသော ဥပဒေပြုမှုသက်ရောက်မှုရှိနေချိန်တွင် အုပ်ချုပ်ရေးပိုင်းမှ လွှမ်းမိုးမှုသည် ကျေးရွာအုပ်စုအဆင့်ကို ပိုမိုအလေးပေးလာခဲ့သည်။ ၂၀၁၅ ခုနှစ် ဒေသတွင်းရွေးကောက်ပွဲများသည် ၎င်းလွှမ်းမိုးမှုကို ပိုမိုတောင့်တင်းခိုင်မာစေပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTAs) တွင် ချုပ်ကိုင်မှုပိုမို မြင့်မားလာသည်။ မည်သို့ပင်ဆိုစေကာမူ အထူးသဖြင့် မြို့နယ်အဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ထိန်းသိမ်းထားရန် လိုအပ်သူများအတွက် ရှုံးပြင်ကန္တားမဆန်သော သာမန်ချိတ်ဆက်ဆောင်ရွက်မှုများမှာ အရေးပါနေဆဲဖြစ်ပြီး ၎င်းကို ပျံ့နှံ့လာသော မိုဘိုင်းနည်းပညာများမှ အထောက်အပံ့ပေးလျက်ရှိသည်။ ကျေးရွာများမှ နှစ်သက်သော ရပ်ရွာခေါင်းဆောင်တစ်ဦး၏ အရည်အချင်းများတွင် ပညာတတ်ခြင်း၊ ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ခြင်းနှင့် အင်္ဂလိပ်စကား ကောင်းမွန်စွာပြောဆိုနိုင်ခြင်းတို့ပါဝင်သည်။ သို့သော် ၎င်းအချက်ကို ဒေသတွင်းရွေးကောက်ပွဲများမှ သက်သေခံပြသနေခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၃/၂၀၁၄ ခုနှစ် ပထမဆုံးရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လျှင် ရွေးကောက်ခံရသောသူများတွင် အထက်တန်းအောင်အရေအတွက် နည်းပါးသည်ကို တွေ့ရသည်။ အဆုံးတွင်တော့ ဒေသတွင်း စီမံအုပ်ချုပ်မှုများတွင် အမျိုးသမီးများအတွက် အခွင့်အလမ်း ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ကျေးရွာအများအပြားတွင် အမျိုးသမီးဆယ်အိမ်မှူးများ (၎င်းတို့သည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတင်မြှောက်ရန်အတွက် မဲဆန္ဒရှင်များဖြစ်သည်)ကို တစ်ဦးထက်ပိုကာ

တွေ့ရပြီး ကျေးရွာအုပ်စုတစ်စုတွင် အမျိုးသမီးတစ်ဦးကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် တွေ့ရှိခဲ့ရသည်။

## ပြန်လည်ထူထောင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမှု

*SIM ကျေးရွာပေါင်း ၄၀ အနက် ၂၅ ရွာ (သို့) သုံးပုံနှစ်ပုံသည် နာဂစ်ဒဏ်သက်ရောက်ခံရမှုဒဏ်မှ ပြန်လည်ထူထောင်လာခဲ့ပြီဟု သုတေသနအဖွဲ့မှ အကဲဖြတ်သည်။*

အလယ်အလတ် (၇၂ ရာခိုင်နှုန်း)နှင့် အနည်းငယ် (၈၀ ရာခိုင်နှုန်း) ထိခိုက်ခံရသော ကျေးရွာအများစုမှာ ထိခိုက်မှုအများဆုံးဖြစ်သည့် ၃၀ ရာခိုင်နှုန်းသော ကျေးရွာများနှင့်နှိုင်းယှဉ်ပါက များစွာပြန်လည်ထူထောင်လာခဲ့သည်။ ပြန်လည်ထူထောင်လာမှုကို ယခင်အသက်မွေးမှုများမှ ရေရှည်တည်တံ့သော အကျိုးအမြတ်များကို ပေးစွမ်းလာနိုင်ခြင်း၊ ကျေးရွာအတွင်းနှင့် ပြင်ပတွင်ရှိသော စီးပွားရေးအခွင့်အလမ်းများမှ သက်ရောက်မှု၊ လက်ရှိလူမှုဆက်ဆံရေးအခြေအနေ၊ ဒေသတွင်းခေါင်းဆောင်များ၏ ထင်မြင်ယူဆချက်နှင့် ကျေးရွာအခြေခံအဆောက်အအုံများအခြေအနေ စသည့်အချက်များအပေါ်တွင် မူတည်ပြီး အကဲဖြတ်သည်။

*ကျေးရွာများ ပြန်လည်ထူထောင်လာသော်လည်း အချို့မှာ နောက်ထပ်သော ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းမှု မရှိသေးပါ။ ကျေးရွာများမှ ၆ ရွာသာ ကြံ့ကြံ့ခံနိုင်စွမ်းပြီဟု သတ်မှတ်ပြီး ၁၁ ရွာကျော်မှာ အတိုင်းအတာတစ်ခုအထိ ကြံ့ကြံ့ခံနိုင်သည်ဟု သတ်မှတ်သည်။*

SIM အနေဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကြံ့ကြံ့ခံနိုင်စွမ်းမှုရှိလာစေရန်အတွက် လုပ်ငန်းလုပ်ဆောင်မှုမူဘောင်တစ်ရပ်ကို ဖော်ထုတ်ပြီး မည်သည့်အရာများမှာ ကြံ့ကြံ့ခံနိုင်မှုကို တိုးမြင့်စေသည် (သို့) လျော့ပါးစေသည်ကို ဆန်းစစ်ရန်ဖြစ်သည်။ ပြီးခဲ့သော SIM များမှ ဖတ်ရှုရမှုများနှင့် တွေ့ကြုံခဲ့မှုများအရ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ကြံ့ကြံ့ခံနိုင်မှုမှာ ဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုကို လျှော့ချပြီး ဘေးကျရောက်သည့်အခါ လျင်မြန်စွာ ထူထောင်လာနိုင်ခြင်းအဖြစ် ဖွင့်ဆိုသတ်မှတ်သည်။

အိမ်ထောင်စုများတွင် ဘေးတစ်ခုကျရောက်ပြီးပါက ပြန်လည်ထူထောင်လာနိုင်မှု စွမ်းရည်ကို သတ်မှတ်ရာတွင် ပိုင်ဆိုင်ပစ္စည်းများကျန်ရှိနေမှု၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ၊ လွှဲပို့ငွေမှရရှိသောဝင်ငွေ၊ အိမ်ထောင်စုအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှုစွမ်းရည်၊ အထောက်အပံ့များ၊ ကျန်းမာရေးနှင့် မိသားစုအတွင်း အလုပ်လုပ်သူဦးရေစသည်တို့ကို အရေးကြီးသည့် အချက်များအဖြစ် သတ်မှတ်သည်။ ရပ်ရွာအဆင့်တွင် စီးပွားရေးလုပ်ဆောင်ချက်များ အများအပြားတည်ရှိမှု၊ ချေးငွေလက်လှမ်းမီမှု၊ ခေါင်းဆောင်မှုနှင့် လူမှုရေးချိတ်ဆက်နေမှုများ၊ ကောင်းမွန်သော အခြေခံအဆောက်အအုံနှင့် ပြင်ပအထောက်အပံ့များသည် အရေးကြီးသည့်အချက်များအဖြစ် ပါဝင်နေသည်။

*အိမ်ထောင်စုများနှင့် ရပ်ရွာများ၏ ကြံ့ကြံ့ခံနိုင်စွမ်းမှုစွမ်းရည်သည် ကဏ္ဍများအားလုံးတွင် တည်ရှိနေသော်လည်း တရားဝင်ပုံစံဖြင့်မဟုတ်သော (သို့) အခြားကိစ္စများပြုလုပ်ခြင်းဖြင့် ရရှိလာသော အပိုရလဒ်များအဖြစ် တွေ့ရှိရသည်။*

ကြံ့ကြံ့ခံနိုင်စွမ်းမှု ဖွံ့ဖြိုးတိုးတက်လာခြင်းတွင် ကျယ်ပြန့်သော လုပ်ဆောင်ချက် ၂ ခုပါဝင်သည်။ ၎င်းတို့မှာ ရပ်ရွာနှင့်အိမ်ထောင်စုများအား ဘေးအန္တရာယ်သက်ရောက်နိုင်ခြေမှ လျှော့ချမှုနှင့် လူများနှင့်ပိုင်ဆိုင်ပစ္စည်းများကို ပိုမိုအကာအကွယ်ပေးထားနိုင်မှုတို့ ဖြစ်သည်။ ၎င်းလုပ်ဆောင်ချက်များတွင် ရေရှည်စီမံဆောင်ရွက်ရမည့် အစီအမံများ ပါဝင်သလို ဘေးအန္တရာယ်တစ်ခုမှ ထိခိုက်မိရန် အလားအလာရှိနေချိန်တွင် ဆောင်ရွက်ရမည့် ရေတိုပြင်ဆင်ဆောင်ရွက်မှု အစီအမံများလည်း ပါဝင်လျက်ရှိသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ကျေးရွာများ၏ သဘောသဘာဝအရ အဆိုပါလုပ်ဆောင်ချက်များအားလုံးသည် အိမ်ထောင်စုနှင့် ရပ်ရွာအဆင့် ၂ ခုစလုံးတွင် ဖြစ်ပေါ်တည်ရှိနေသည်။

ဝင်ငွေကို နေရာအမျိုးမျိုးမှရှာဖွေခြင်းနှင့် တတ်နိုင်သူများမှာ မြို့တွင်မြေ (သို့) ဒုတိယအိမ်တစ်လုံးကို ဝယ်ယူခြင်းတို့သည် မြစ်ဝကျွန်းပေါ်ဒေသရှိ အိမ်ထောင်စုများ၏ ဘေးအန္တရာယ်များမှ ထိခိုက်နိုင်ခြေကိုလျှော့ချရန်အတွက် အဓိကဆောင်ရွက်ချက်များဖြစ်သည်။ စီးပွားရေးလုပ်ငန်းငယ်တစ်ခုကို ထပ်လုပ်ခြင်း(သို့) ရန်ကုန်တွင် သွားအလုပ်လုပ်နေသော အိမ်သားတစ်ယောက်ရှိစေခြင်းတို့သည် ဘေးအန္တရာယ်တစ်ခုကြောင့် အိမ်ထောင်စု၏ ပိုင်ဆိုင်ပစ္စည်းများနှင့် ဝင်ငွေကိုပျောက်ပျက်သွားစေမှုကို သက်သာစေသည်။ သက်မွေးမှုပစ္စည်းများရွှေ့ပြောင်းနိုင်မှုမရှိခြင်းကြောင့် လယ်သမားများနှင့် ရေလုပ်သားများအတွက် ကာကွယ်ရန် ကြိုးပမ်းအားထုတ်မှုများမှာ နည်းပါးနေသည်။ မည်သို့ပင်ဆိုစေကာမူ စပါး၊ မျိုးစေ့၊ ငွေသား၊ ရွှေနှင့်အခြားသော အဖိုးတန်ပစ္စည်းများနှင့် အခြားသော အဖိုးတန်စာရွက်စာတမ်းများကို လုံခြုံသောနေရာများတွင်သိမ်းကြခြင်းသည် ဘေးအန္တရာယ်ကာကွယ်ဆိုင်ရာ ခြေလှမ်းတစ်ရပ်ဖြစ်သည်။ လုံခြုံသောနေရာများဟုဆိုရာတွင် မြေကြီးတွင်မြှုပ်ထားခြင်း၊ အိမ်ထပ်ခိုးအပေါ်တွင် သိမ်းထားခြင်း(သို့) မြို့တွင်ထားရှိခြင်းတို့သည် အများဆုံးမြင်ရသောနည်းလမ်းများဖြစ်သည်။ ရပ်ရွာအဆင့်တွင် အထူးသဖြင့် နာဂစ်ဒဏ်ပြင်းထန်စွာခံရသော ကျေးရွာများ (သို့) ခေါင်းဆောင်မှုကောင်းသောကျေးရွာများသည် ဘေးကင်းရာသို့ပြောင်းရွှေ့သည့် အစီအမံများထားရှိခြင်း၊ ရပ်ရွာရိက္ခာသိုလှောင်မှုများနှင့် သစ်ပင်များကို လေကာပင်အဖြစ် စိုက်ပျိုးခြင်းများကို ဘေးအန္တရာယ် လျော့ပါးသက်သာစေ

ရေး လုပ်ငန်းစဉ်များအဖြစ် တွေ့ရှိရသည်။

## အထောက်အပံ့များအတွက် ရေရှည်အကျိုးဆက်များ

နာဂစ်နောက်ပိုင်း ၉ နှစ်ကျော်ကာလများအတွင်း SIM ကျေးရွာများ တွေ့ကြုံခံစားရသည်များသည် ဘေးအန္တရာယ်အလွန် ထောက်ပံ့ကူညီမှုများ၏အရေးကြီးမှုနှင့် အိမ်ထောင်စုများနှင့် ရပ်ရွာများ ပြန်လည်တည်ဆောက်ရာတွင် ထောက်ပံ့ကူညီမှု၏ အခက်အခဲများကို ထင်ဟပ်ပြသနေသည်။ ပထမဦးစွာ ထောက်ပံ့ကူညီမှုသည် နိုင်ငံရေးနှင့် ဆက်စပ်မှုမဲ့သော ကိစ္စရပ်တစ်ရပ်မဟုတ်ဘဲ ဒေသ၏ လူမှုဆက်ဆံရေးများအပေါ်တွင် ကောင်းခြင်းဖြစ်စေ၊ ဆိုးခြင်းဖြစ်စေ ရေရှည်သက်ရောက်မှုများ ရှိနေသည်။ သင့်လျော်သော ထောက်ပံ့မှုဆိုင်ရာ ဦးတည်သတ်မှတ်မှုသည် အရေးကြီးကြောင်း SIM ကျေးရွာများ၏ အတွေ့အကြုံမှ ထင်ထင်ရှားရှားပြသနေသည်။ သုတေသနများအားလုံးတွင် အထောက်အပံ့များအတွက် ဦးတည်သတ်မှတ်ချက်ကို သင့်လျော်စွာ မပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော အရေးကိစ္စများကို SIM သုတေသနများအားလုံးတွင် ပဓာနထား လေ့လာထားသည်။ တစ်ဆက်တည်းမှာပင် ရေရှည်ထောက်ပံ့ကူညီရေးစီမံကိန်းများတွင် အမျိုးသမီးများအား ခေါင်းဆောင်မှုအပိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတို့တွင် ပါဝင်စေရန် တိုက်တွန်းခဲ့မှုသည် ကျေးရွာဘဝ၏ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအတွက် အခန်းကဏ္ဍသစ်များကို ပေါ်ထွန်းစေခဲ့မှုတစ်ရပ် ဖြစ်ခဲ့သည်။ အထောက်အပံ့များ၏ အဆိုပါရေရှည်သက်ရောက်မှုများအရ ထောက်ပံ့ကူညီရာတွင် ရေရှည်ကို ဖြစ်နိုင်သမျှ ကြည့်ရန်လိုသည်ကို အထင်အရှားပြသနေသည်။ လူ့အသက်ကယ်တင်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုကို ဆောင်ရွက်နေသူများအတွက် အဓိက အလေးထားစရာဖြစ်သည်။ သို့သော် ဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားသော ကျယ်ပြန့်သည့် အကူးအပြောင်းများကြောင့်ဖြစ်စေ အသက်မွေးဝမ်းကျောင်းမှုများနှင့် လူမှုအကြောင်းချင်းရာများ ပြောင်းလဲသွားမှုကို ထည့်သွင်းစဉ်းစားပြီး ထောက်ပံ့ကူညီမှုများကို မဆီလျော်စွာ(သို့) လွဲမှားစွာ ပြုလုပ်မိမည်ကို စဉ်းစားသင့်သည်။

အနာဂတ်တွင် ရေဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ အထောက်အပံ့များ ထောက်ပံ့ရာတွင် ရာသီဉတုပြောင်းလဲမှုသည် အရေးကြီးသည့် အကြောင်းအချက်တစ်ခုဖြစ်သည်မှာ ထင်ရှားသည်။ ထောက်ပံ့ကူညီရေး မိတ်ဖက်ဆောင်ရွက်သူများ၊ အစိုးရနှင့်ရပ်ရွာတို့သည် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို မြှင့်တင်ခြင်း၊ ဒေသတွင်း အသက်မွေးမှုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ခြင်းနှင့် အနာဂတ်ရာသီဉတုဘေးများကို တောင့်ခံနိုင်သည့် ရပ်ရွာများဖြစ်ပေါ်လာစေရန် မြှင့်တင်ခြင်းစသည်တို့ကို အတူလက်တွဲလုပ်ဆောင်ရမည်ဖြစ်သည်။

## စာပေများတွင်ပါရှိသော ဘေးအန္တရာယ်အလွန် လူမှုဘဝအကျိုးဆက်များ

ကိုးနှစ်တာကာလအတွင်း ဘေးဒဏ်ခံရသော ကျေးရွာများကို ထပ်ကျော့လေ့လာမှုများပြုလုပ်ရာတွင် နာဂစ်အလွန် လူမှုဘဝ အကျိုးဆက်များ စောင့်ကြည့်လေ့လာခြင်းသည် ဘေးအန္တရာယ်အလွန် အကျိုးဆက်များ လေ့လာဆန်းစစ်မှုနယ်ပယ်အတွက် အရေးပါသော ထည့်ဝင်မှုတစ်ရပ်ဖြစ်သည်။ ဘေးအန္တရာယ်တစ်ခုစီတိုင်းသည် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် ရပ်ရွာများအပေါ်တွင် ကွဲပြားသော သက်ရောက်မှုများရှိပြီး ၎င်းနောက်တွင် ပြန်လည်ထူထောင်ရေး တုံ့ပြန်ဆောင်ရွက်ချက်များမှာလည်း ကွဲပြားသည်။ SIM မှ လေ့လာတွေ့ရှိချက်များကို စာပေများတွင် ထင်ဟပ်ပြသထားပြီး တချို့မှာ သိရှိမှုအသစ်များ ဖြစ်သည်။ အဓိကကျသော တွေ့ရှိချက်များတွင် အောက်ပါတို့ပါဝင်သည်။

ပြန်လည်ထူထောင်ရေးသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး ပြန်လည်ထူမတ်လာမှု၏လားရာကို အသေအချာ ကြိုတင်မှန်းချက်ထုတ်၍ မရနိုင်ပါ။ ဘေးအန္တရာယ်များသည် ဆင်းရဲတွင်းကို ပိုနက်စေပြီး ဒေသစီးပွားရေးတွင် ဖွဲ့စည်းတည်ဆောက်ပုံပိုင်းဆိုင်ရာ ပြောင်းလဲမှုများ (structural changes) ကို ရေရှည်ဖြစ်ပေါ်စေသည်။ ထောက်ပံ့ကူညီရန် ကြိုးပမ်းမှုမှန်သမျှသည် လိုက်လျောညီထွေပြောင်းလဲမှုကို စဉ်ဆက်မပြတ် ကြိုတင်မှန်းဆထားရန်လိုအပ်သည်။ အထောက်အပံ့ပေးသူများမှ သတိမူရန်လိုအပ်သော ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်ရေးအတွက် အဓိက အရေးပါသော အကြောင်းအရာနှစ်ရပ်မှာ ရပ်ရွာတစ်ခုတည်းအတွင်း၊ ရပ်ရွာတစ်ခုနှင့်တစ်ခုနှင့် ဒေသအုပ်ချုပ်ရေးအကြား ထားရှိသည့် လူမှုအရင်းအနှီးနှင့် (တရားဝင် (သို့) ရပ်ရွာ) ဒေသခေါင်းဆောင်များ၏ အရည်အသွေးနှင့် နှစ်မြှုပ်လုပ်ကိုင်မှုတို့ ဖြစ်သည်။ ဘေးအန္တရာယ်များမှ ကျား/မ ရေးရာအပေါ် သက်ရောက်မှုများကို လျစ်လျူရှု၍မရပါ။ အချုပ်အားဖြင့် အမျိုးသမီးများမှာ ၎င်းတို့၏ ဘေးအန္တရာယ်အလွန် လိုအပ်ချက်များကို ခံစားသင့်သလောက် မခံစားရပေ။ တစ်ဆက်တည်းမှာပင် ဘေးအန္တရာယ်အလွန် ထောက်ပံ့ကူညီမှုလုပ်ဆောင်ချက်များသည် ဒေသတွင်း ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို တိုးမြှင့်စေနိုင်သည်။ အကျိုးဆက်အားဖြင့် ကောင်းမွန်စွာစီမံဆောင်ရွက်ထားမှုမရှိသော ထောက်ပံ့ကူညီမှုများသည် ရေရှည်လူမှုရေးတင်းမာမှုများကို ပေါ်ထွန်းစေခြင်း (သို့) ပိုမိုဆိုးရွားစေခြင်းကို ဖြစ်ပေါ်စေသည်။

အဓိကပြဿနာမှာ ဘေးအန္တရာယ်များသည် ဆင်းရဲနွမ်းပါးသူများတွင်သာမကဘဲ အခြားအသက်မွေးအုပ်စုများတွင်လည်း ကြွေးမြီတင်ရှိမှုများကို ကြီးမားစေသည်။ အထောက်အပံ့များကို ဆင်းရဲသူများသို့ ဦးတည်ထောက်ပံ့ရာတွင် အထူးသဖြင့် လယ်သမားကြီးကဲ့သို့

သော အခြားအသက်မွေးအုပ်စုများမှာလည်း ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုများကိုရရှိထိုက်သည်။ အကြောင်းမှာ ၎င်းတို့သည် ဒေသလုပ်သားများကို အဓိကအလုပ်ပေးသူများဖြစ် သည်။ အချိန်ကြာလာသည်နှင့်အမျှ ဘေးအန္တရာယ်ကြောင့် ကြွေးမြီတင်ရှိမှုသည် မြေယာခွဲဝေမှုမညီမျှမှုကို ဦးတည်စေသည်။ တခြားဘက်တွင်လည်း ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် ဝင်ငွေရရာ အခွင့်အလမ်းများကို တိုးပွားစေပြီး အိမ်ထောင်စုများကို ဘေးအန္တရာယ်များမှ ထိခိုက်လွယ်မှုကို လျှော့ချပေးသည်။ အချုပ်အားဖြင့်ဆိုသော် ဒေသတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်ချက်များသည် အစိုးရ၏ ဖွဲ့စည်းပုံများ၊ မူဝါဒများနှင့် ချိတ်ဆက်ထားခြင်းမရှိသရွေ့ ကြံ့ကြံ့ခံနိုင်စွမ်းသည့်အဆင့်သို့ ဦးတည်နိုင်မည်မဟုတ်ပေ။ ရပ်ရွာများ၏ ဘေးအန္တရာယ်နှင့်ပတ်သက်သော အမှတ်ရစရာများသည်လည်း အချိန်ကြာလာသည်နှင့်အမျှ မှေးမှိန်လာမည်ဖြစ်သည်။

## အချုပ်ဆင်ခြင်သုံးသပ်မှု

အကယ်၍ နာဂစ်မုန်တိုင်းသာ မဖြစ်ပေါ်ခဲ့ပါက ယနေ့မြစ်ဝကျွန်းပေါ်ဒေသမှာ မည်သို့ဖြစ်နေမည်နည်း။ ထိုမေးခွန်းအတွက် တိကျသော အဖြေတစ်ခုကို မပေးနိုင်သည့် အကြောင်းပြချက်များစွာရှိပါသည်။ ၎င်းမှာ နာဂစ်၏ တိုက်ရိုက် (သို့) သွယ်ဝိုက်သော ရေရှည်သက်ရောက်မှုများကို ချင့်ချိန်နိုင်စွမ်းမရှိဟု မဆိုလိုပါ။ ထိုအတွက် နိုင်ငံ၏တခြားသောဒေသများနှင့် နှိုင်းယှဉ်ပြီးမြစ်ဝကျွန်းပေါ်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို နားလည်သဘောပေါက်ရန် အရေးကြီးသည်။

မြန်မာနိုင်ငံ၏ စပါးကျီကြီးဟုခေါ်ဆိုသော်လည်း ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း တတိယအမြင့်မားဆုံးသော ဒေသတစ်ခုဖြစ်ပြီး လူနှစ်ဦးလျှင် တစ်ဦးစီတိုင်းသည် ဆင်းရဲသည်ဟု သတ်မှတ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှုန်းနိမ့်ခြင်းသည် နာဂစ်၏သက်ရောက်မှုကြောင့်မဟုတ်ပေ။ ရရှိသောဒေတာများအရ နာဂစ်မတိုင်မီကာလများကတည်းက ဤဒေသတွင်ရှိသော ဆင်းရဲမွဲတေမှုနှုန်းမှာ အခြားသော ပြည်နယ်နှင့်တိုင်းများထက် မြင့်မားသည်ကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသတွင်ရှိသော ဆိုင်ကလုန်းဒဏ်ခံရသော မြို့နယ်များသည် ဒေသတစ်ခုလုံး၏ ပျမ်းမျှထက်ပင် ပိုမိုဆိုးရွားသည်။ ထိုဒေသများအားလုံးသည် အနိမ့်ဆုံးအုပ်စုတွင်ပါရှိပြီး ဓနဉစ္စာပိုင်ဆိုင်မှုအရ အနိမ့်ဆုံးအနေအထားတွင်ရှိသည်။ တစ်နည်းဆိုရသော် ထိုမြို့နယ်များအားလုံးသည် တစ်တိုင်းပြည်လုံးတွင် အချို့ငဲ့ဆုံးသော ဒေသများထဲမှ တစ်ခုအပါအဝင်ဖြစ်သော ဒေသတစ်ခုအတွင်းရှိ အချို့ငဲ့ဆုံးသော မြို့နယ်များဖြစ်သည်။

ထိခိုက်မှုအပြင်းထန်ဆုံးသော ကျေးရွာများနှင့် အနည်းငယ်သာ ထိခိုက်သောကျေးရွာများကို နှိုင်းယှဉ်ခြင်းသည် တိကျသောပုံစံတစ်ရပ်ကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်သည်။ ကြွေးမြီ၊ ခေါင်းဆောင်မှုနှင့် ချိတ်ဆက်မှုများ၏ ကွဲပြားခြားနားမှုများသည် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကွာခြားချက်များကို ကွဲကွဲပြားပြား ဖော်ပြလျက်ရှိပြီး အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများမှာ ထိခိုက်မှုပြင်းသော ကျေးရွာများထက် ပိုမိုမြန်ဆန်စွာ နာလန်ထူသည်ကို တွေ့ရသည်။ ထိုအချက်များတွင် ကြွေးမြီတင်ရှိခြင်းသည် နာဂစ်နှင့်အဓိကဆက်စပ်နေပြီး နာဂစ်သည် မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိ လယ်သမားများ၏အသက်မွေးမှုကို အဓိက အသက်ဆက်နေသည့် သီးနှံပေါ်ပြန်ပေးစနစ်ကို ချိုးဖျက်လိုက်သည်။ နာဂစ်ကြောင့် ပိုမိုအရှိန်အဟုန်မြင့်သွားစေသည့် ပြန်လည်ထူထောင်ရေးကို ပုံဖော်နေသော တခြားသောအကြောင်းအရာများတွင် စက်ပစ္စည်းအစားထိုးသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင် ဖောက်ပြန်လာမှုနှင့် လူမှုဆက်ဆံရေးများ အားနည်းသွားခြင်း စသည်တို့ပါဝင်သည်။ တစ်ဖက်မှာလည်း ဘေးအန္တရာယ်လွန် ထောက်ပံ့ကူညီမှုများသည် ပြန်လည်တည်ဆောက်ရုံသာမက ယခင်အခြေအနေထက် သာလွန်အောင် တည်ဆောက်ပေးမှုများတွင် အထောက်အကူများစွာဖြစ်ပြီး ဒေသ၏ နိမ့်ကျနေသောဖွံ့ဖြိုးမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးသည်။

အချုပ်ဆိုရသော် နမူနာလေ့လာသော ကျေးရွာများသည် နာဂစ်မရှိခဲ့လျှင်လည်း ဆင်းရဲမြဲဆင်းရဲနေဦးမည်ဖြစ်သည်။ သို့သော် နာဂစ်မရှိခဲ့ပါက ၎င်းတို့သည် ကြွေးတင်ရှိမှု ယခုထက်နည်းပါးပြီး ထုခွဲရောင်းချစရာ ပိုင်ဆိုင်ပစ္စည်းများ ယခုထက်ပိုရှိမည်ဖြစ်သည်။ ထိုအခြေအနေသည် ၎င်းတို့ကို တိုင်းပြည်၏ စီးပွားရေးနှင့် နိုင်ငံရေး ပြန်လည်တည်ဆောက်မှုအရ ကမ်းလှမ်းလာသော အခွင့်အလမ်းများကို အပြည့်အဝဖမ်းဆုပ်နိုင်ရန်အတွက် အထောက်အကူပြုမည်ဖြစ်သည်။ သင်္ချာကိန်းဂဏန်းဖြင့် ဖော်ပြ၍မရနိုင်သည်မှာ နာဂစ်သည် ကျေးရွာများ၏ စီးပွားရေးအလားအလာကို ဖျက်ဆီးသွားသည့် ထင်ရှားသည့် အမှတ်အသားတစ်ခုဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ၎င်းသည် သဘာဝဘေးအန္တရာယ်တိုင်း၏ ဘုံတူညီသော ရလဒ်တစ်ခုဖြစ်သည်။ SIM သည် မြစ်ဝကျွန်းပေါ်ဒေသကြီးအတွင်း ပျက်ဆီးပြိုလဲနေသောကာလမှသည် ပြန်လည်ထူထောင်ရေးကာလတစ်လျှောက် အလှည့်အပြောင်းပေါင်းများစွာ၊ လမ်းကြောင်းပေါင်းများစွာဖြင့်တည်ရှိနေသော ဖြစ်စဉ်များအပေါ် မှတ်မှတ်သားသား မီးမောင်းထိုးလေ့လာထားသော သုတေသနအခန်းဆက်တစ်ခု ဖြစ်လေသည်။

# အခန်း ၁
## မိတ်ဆက်

### ၂၀၁၇ မြန်မာနိုင်ငံ - SIM 5 သုတေသနမှ အကြောင်းအရာ

သဘာဝဘေးအန္တရာယ်များ၏ လက်ငင်းသက်ရောက်မှုများမှာ ပြတ်ပြတ်ထင်ထင်ရှိသည်။ အသက်များဆုံးရှုံးကြွေလွင့်ကြသည်။ အိုးအိမ်များနှင့် ကျေးရွာအခြေခံအဆောက်အအုံများ ပျက်စီးကြသည်။ လူတစ်ဦးစီနှင့် ရပ်ရွာပိုင်ပစ္စည်းများသည် တစ်ခါတရံတွင် ပြန်လည်မွမ်းမံ၍ မရလောက်အောင်ကို ပျက်စီးသွားကြသည်။ ၂၁ ရာစုတွင် ထိုသက်ရောက်မှုများကို ကမ္ဘာအနှံ့အပြားတွင် တွေ့ရှိရပြီး လူသားတို့၏ စိတ်နှလုံးကိုညှိုးချုံးစေသည်။ ယေဘုယျအားဖြင့် တုံ့ပြန်ကယ်ဆယ်မှုများနှင့် ထောက်ပံ့ကူညီမှုများသည် တိုင်းပြည်အစိုးရ၊ နိုင်ငံတကာအစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ လျင်မြန်စွာစီးဝင်လာပြီး ထိခိုက်ခံရပ်ရွာများတွင် အတူတကွ လက်တွဲဆောင်ရွက်ကြသည်။

သို့သော် ဘေးအန္တရာယ်များတွင် ရေရှည်သက်ရောက်မှုများရှိကြသည်။ ကမ္ဘာ့သတင်းနှင့် မီဒီယာများအပေါ်ရှိလူတို့၏ခံစားနေရသော ပုံရိပ်များ ကွယ်ပျောက်သွားသည့်တိုင်အောင် ထိုရပ်ရွာအပေါ်သို့ သက်ရောက်မှုများသည် အခွန့်ရှည်ကြာစွာ တည်ရှိနေကြသည်။ ပြင်းထန်သော ဘေးအန္တရာယ်တစ်ခုသည် အိမ်ထောင်စုတစ်စု၊ ရပ်ရွာတစ်ရွာနှင့် ဒေသတစ်ခု၏ လူမှုစီးပွားလားရာကို အနည်းဆုံး နှစ်များစွာတိုင်အောင်နှင့် တစ်ခါတရံ ဆယ်စုနှစ်ပေါင်းများစွာ (သို့) ထာဝရပြောင်းလဲသွားစေသည်။

၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ တိုက်ခတ်ခဲ့စဉ်တွင် မြောက်များစွာသော ပျက်ဆီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ မုန်တိုင်းအတွင်း လူပေါင်း ၁၄၀,၀၀၀ မျှ အသက်ဆုံးရှုံးခဲ့ပြီး ပျက်ဆီးဆုံးရှုံးမှု ပမာဏပေါင်းမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်ရှိခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီး ရက်သတ္တပတ်များတွင် နိုင်ငံတကာလုပ်ရှားဆောင်ရွက်သူများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို စတင်ပေးအပ်ခဲ့သည်။ ထိုကူညီမှုများကို ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအစိုးရ၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (Association of Southeast Asian Nations-ASEAN)နှင့် ကုလသမဂ္ဂအဖွဲ့တို့သည် သုံးပွင့်ဆိုင်အဖွဲ့ Tripartite Core Group ကို ဖွဲ့စည်းခဲ့သည်။

၎င်း၏ ကျယ်ပြန့်စွာခြုံငုံထားသော စောင့်ကြည့်လေ့လာမှုစနစ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်သော်လည်းကောင်း နာဂစ်မုန်တိုင်း ဒဏ်ခံရသော ရပ်ရွာများ၏ ပြောင်းလဲလျက်ရှိသည့် လိုအပ်ချက်များကို သေချာစွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်လည်းကောင်း သုံးပွင့်ဆိုင်အဖွဲ့သည် နာဂစ်အလွန်လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု (SIM) စီမံကိန်းကို ဆောင်ရွက်ခဲ့သည်။ SIM သည် နာဂစ်မုန်တိုင်းဒဏ်ခံရသော ရပ်ရွာများ၏ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို နားလည်စေရန် ရည်ရွယ်သည်။ ၎င်းအပြင် နာဂစ်နှင့် ထောက်ပံ့ကူညီမှုအစီအစဉ်များ၏ သက်ရောက်မှုကြောင့် ကျေးရွာများ၏ လူမှုစီးပွား၊ လူမှုဆက်ဆံရေးနှင့် ရပ်ရွာအဖွဲ့အစည်းများ မည်သို့ပြောင်းလဲသွားသည်ကိုလည်း နားလည်ရန် ရည်ရွယ်သည်။ SIM သုတေသနကို မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာပေါင်း ၄၀ တွင် ပြုလုပ်ခဲ့ပြီး နာဂစ်နောက်ပိုင်းတွင် ကျေးရွာများရှိဘဝများ မည်သို့ပြောင်းလဲသွားသည်ကို ဦးတည်လျက် အသေးစိတ်သတင်းအချက်အလက်များကို ရယူထားသည်။

နာဂစ်ပြီးနောက် ၂ နှစ်တာကာလတွင် SIM သုတေသန ၃ ခုကို သုံးပွင့်ဆိုင်အဖွဲ့၏ ဦးစီးမှုဖြင့် ပြုလုပ်ခဲ့သည်။ ပထမဆုံး SIM သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် ပြီးစီးခဲ့ပြီး ၎င်းတွင် နာဂစ်မုန်တိုင်း၏ အရေးပေါ်သက်ရောက်မှုများနှင့် ကနဦးတုံ့ပြန်ဆောင်ရွက်မှုများ ပါဝင်သည်။ SIM 2 ကို နာဂစ်အပြီး ၁ နှစ်အကြာ ၂၀၀၉ ခုနှစ် မေလမှဇွန်လအထိ ပြုလုပ်ခဲ့ပြီး SIM 3 သည် ၂၀၁၀ မေလ (၂၀၁၀

ဇူလိုင်လ သုံးပွင့်ဆိုင်အဖွဲ့အဆုံးမသတ်မီအချိန်)တွင် ပြီးဆုံးခဲ့သည်။ ပြင်းထန်သော သဘာဝဘေးအန္တရာယ်များ၏ ရေရှည်သက်ရောက်မှုကို လေ့လာမှုပြုနေဆဲဖြစ်ပြီး သိရှိမှုနည်းပါးသေးသည့်အတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေး ပံ့ပိုးကူညီမှုအဖွဲ့အစည်း Global Facility for Disaster Reduction and Recovery သည် SIM သုတေသနကို ဆက်လက်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ SIM 4 ကို ၂၀၁၃ ခုနှစ် ဧပြီနှင့် မေလတို့တွင် ယခင်သုတေသနများ ပြုလုပ်ခဲ့သော တူညီသော ကျေးရွာ ၄၀ တွင် ပြုလုပ်ခဲ့သည်။ မုန်တိုင်းမှ အသက်ရှင်ကျန်ရစ်သူများအပေါ် နာဂစ်မုန်တိုင်း၏ ဆက်တိုက်သက်ရောက်မှုများကို နားလည်စေရန်အတွက်ဖြစ်သည်။ သက်ရောက်ခံရသော ကျေးရွာများသည် မည်သို့စီးပွားရေး ပြန်လည်နာလန်ထူလာသနည်း။ ကျေးရွာဘဝများသည် နာဂစ်မတိုင်ခင်အခြေအနေသို့ ပြန်လည်ရောက်ပြီလား။ ကျေးရွာများ၏ပြန်လည်ထူထောင်ရေးလမ်းကြောင်းကို မည်သည့်အချက်များက ပုံဖော်နေသနည်း။

၂၀၁၇ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် SIM 5 သည် အဆိုပါမေးခွန်းများကို ပြန်လည်ယူဆောင်လျက် နာဂစ်၏ချေမှုန်းမှုများနောက် ၉ နှစ်တာကာလအတွင်းတွင် ကျေးရွာများမှာ မည်သို့ပြောင်းလဲသွားသည်၊ ထိုပြောင်းလဲမှုများတွင် နာဂစ်ကြောင့်သက်သက် ပြောင်းလဲမှုသည် မည်မျှအတိုင်းအတာအထိရှိသည်၊ နာဂစ်မှ သွယ်ဝိုက်သက်ရောက်မှုသည် မည်မျှအထိရှိသည်(သို့) မြန်မာနိုင်ငံတွင်ရှိသော အခြားသော ကျယ်ပြန့်သည့် အသွင်ကူးပြောင်းမှုများကို ထပ်ဟပ်စေမှုစသည်တို့ကို အကဲဖြတ်ဆန်းစစ်ထားသည်။ ယခင်သုတေသနများနည်းတူ SIM 5 သည် အရည်အသွေးစံပြုသုတေသနတစ်ခုဖြစ်ပြီး ရပ်ရွာအဆင့် သုတေသနနည်းလမ်းများဖြစ်သည့် နှံ့စပ်သူအုပ်စုများအားမေးမြန်းခြင်း key informant interviews၊ ရည်ရွယ်အုပ်စုအား မေးမြန်းခြင်း focus group discussions၊ ပါဝင်သူများ၏ လေ့လာမှုများအားဖြင့် မြို့နယ်ပေါင်း ၈ မြို့နယ်တွင်ရှိသော ကျေးရွာပေါင်း ၄၀ ကို ပြန်လည်သွားရောက်ပြီး သုတေသနပြုလုပ်ခဲ့သည်။ (နောက်ဆက်တွဲ ၁ နှင့် ၂)

SIM ၏ အဓိကမေးခွန်းများတွင် ကျေးရွာများ၏ လူမှုစီးပွား၊ လူမှုဆက်ဆံရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများဆိုင်ရာ ပြောင်းလဲမှုများကို သတင်းအချက်အလက် ရယူထားပြီး SIM 5 တွင် နာဂစ်နှင့်ထောက်ပံ့ကူညီမှုများသည် ရပ်ရွာများ၏ ဦးတည်မှုလားရာများနှင့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်ကို မည်သို့ပြောင်းလဲသွားစေသည်နှင့် ပတ်သက်သည့် အစိတ်အပိုင်းသစ်တစ်ရပ်ကို ထည့်သွင်းလေ့လာထားသည်။ နာဂစ်ဒဏ်ခံရသော ကျေးရွာများအတွက် ကြံ့ကြံ့ခံနိုင်စွမ်းရှိခြင်းဆိုသည်မှာ မည်သည်ကိုဆိုလိုသည်ကို နားလည်သိရှိရန်လည်း လေ့လာထားသည်။ ၎င်းတွင် ကျေးရွာများမှာ ရာသီဥတုပြောင်းလဲမှုအရ ပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများကို မည်သို့လိုက်လျောညီထွေ ပြုလုပ်ကြသည်၊ သဘာဝဘေးအန္တရာယ်များအတွက် မည်သို့ပြင်ဆင်သည်နှင့် ဘေးတစ်ခုကျရောက်သည့်အခါ အမြန်ဆုံး ပြန်လည်နာလန်ထူလာစေရန်အတွက် မည်သည့်အချက်များမှာ အရေးပါသည်စသည်တို့ ပါဝင်သည်။

၂၀၁၀ ခုနှစ်မှစပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ပြောင်းလဲမှုများ အဓိကဖြစ်ပေါ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖျက်သိမ်းပြီးနောက် ကာလရှည်ကြာသော ပြောင်းလဲမှုဖြစ်စဉ်များ စတင်ခဲ့သည်။ ၎င်းတွင် ၂၀၁၅ ခုနှစ် အမျိုးသားရွေးကောက်ပွဲ၊ များစွာသော ဒေသတွင်းရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများနှင့် နိုင်ငံတကာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖွင့်လှစ်ပေးလိုက်သော စီးပွားရေးအသွင်ကူးပြောင်းမှုများ စသည်တို့ပါဝင်သည်။ ထိုအရွေ့များသည် တိုင်းပြည်သည် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်သို့ တဖြည်းဖြည်းကူးပြောင်းလျက်ရှိသည်ကို ပြသလျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် သောင်ပြိုကမ်းပြို အားပေးထောက်ခံမှုရခဲ့သည်။ နိုင်ငံ၏ စီးပွားရေးသည်လည်း တဖြည်းဖြည်း လျင်မြန်စွာ ကြီးထွားလာခဲ့သည်။

အဆိုပါအချက်များမှ တစ်ချို့တစ်ဝက်သည် SIM ကျေးရွာများသို့ တိုက်ရိုက်သက်ရောက်လျက်ရှိပြီး တခြားသောအချက်များသည် ကျေးရွာသားများ၏ နေထိုင်မှု၊ အလုပ်လုပ်မှု သဘောသဘာဝများအရ သွယ်ဝိုက်ပြီး သက်ရောက်လျက်ရှိသည်။ SIM 5 သည် အဆိုပါ ကျယ်ပြန့်သည့် အပြောင်းအလဲများကို ခွဲခြမ်းစိတ်ဖြာရှင်းလင်းခြင်းမပြုသလို ၎င်းအတွက် မူဝါဒပိုင်းဆိုင်ရာ ထောက်ခံချက်များကိုလည်း ဖော်ပြမည်မဟုတ်ပါ။ ၎င်းအစား ဧရာဝတီဖြစ်ဝကျွန်းပေါ်ရှိ ကျေးရွာပေါင်း ၄၀ သို့ ပြန်လည်သွားရောက်ပြီး ကျေးရွာသူရွာသားများကို နာဂစ်နောက်ပိုင်း ၎င်းတို့၏ လူမှုရေးနှင့်စီးပွားရေးရာ တွေ့ကြုံမှုများကို ထင်ဟပ်ပြသရန် အခွင့်အရေးပေးခြင်းဖြစ်သည်။ SIM သည် သဘာဝဘေးအန္တရာယ်တစ်ခု၏ ရေရှည်အကျိုးသက်ရောက်မှုနှင့် ကယ်ဆယ်ရေး၏ အခန်းကဏ္ဍတို့ကို တစ်ကမ္ဘာလုံးမှ နားလည်သဘောပေါက်မှု တိုးမြင့်လာစေရန် ရည်ရွယ်သည်။

## သုတေသနလေးကြိမ်မှ နာဂစ်အလွန် ပြန်လည်ထူထောင်ရေး

ရွာသူရွာသားများ၏ ပြန်လည်ထူထောင်ရေးဆီသို့ လမ်းကြောင်းများမှာ အချိန်နှင့်အမျှ ပေါ်ထွန်းပြောင်းလဲလာခဲ့သည်။ ၎င်းလမ်းကြောင်းများ၏ ပြောင်းလဲမှုသည် သက်ရောက်ခံရမှု အတိုင်းအတာအရသော်လည်းကောင်း နေရာဒေသနှင့် သက်မွေးမှုအမျိုးအစားအရသော်လည်းကောင်း အမျိုးမျိုးကွာခြားမှုရှိသည်။ ဤအပိုင်းတွင်

ကိုးနှစ်ကျော်ကာလအတွင်း ကျေးရွာများတစ်လျှောက် မည်သို့ ပြောင်းလဲသွားသည်ကို လေ့လာသိရှိစေရန်အတွက် ပထမ SIM လေးကြိမ်မှ အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ဖော်ပြထားသည်။

## အခွင့်အခါပေးခြင်း - နာဂစ်အလွန် ပူးတွဲလေ့လာ ဆန်းစစ်မှု (Post-Nargis Joint Assessment)

နာဂစ်အလွန် ပူးတွဲလေ့လာဆန်းစစ်မှုသည် ဘေးအန္တရာယ်၏ လူမှုအကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ထားသော ပထမဆုံး နာဂစ်အလွန် လေ့လာဆန်းစစ်မှုတစ်ရပ် ဖြစ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်အပြီး နှစ်လအကြာတွင် ပြုလုပ်ခဲ့ပြီး လေ့လာဆန်းစစ်မှုသည် ကနဦးနှင့် ရှေ့ပြေးလေ့လာဆန်းစစ်မှုတစ်ရပ် ဖြစ်ခဲ့သည်။ နာဂစ်အပြီး နောက်ပေါင်း လူမှုအကျိုးသက်ရောက်မှု ပုံစံများအတွက် အဆိုကြမ်းတစ်ရပ်ကို ဖော်ထုတ်ခြင်းဖြစ်သည်။ SIM အဆိုပါ အကြောင်းအရာများအပေါ်တွင် အချိန်နှင့်တစ်ပြေးညီ ခြေရာခံလေ့လာခဲ့သည်။ ကွင်းဆင်းလေ့လာဆန်းစစ်မှုအတွင်း တွေ့မြင်ခဲ့မှုများတွင် အသက်ရှင်ကျန်ရစ်သူများအကြား စည်းလုံးမှုနှင့် လူမှုပေါင်းစည်း ညီညွတ်မှုအဆင့် မြင့်မားသည်ကို တွေ့ရသည်။

လေ့လာဆန်းစစ်မှုတွင် လယ်သမားငယ်များ၏မြေများ လယ်သမားများကြီးများဆီသို့ ရောက်ရှိသွားမည့် အန္တရာယ်များနှင့် ယခင်ကတည်းက အကြွေးတင်ရှိနေသော ရွာသူရွာသားများမှာ ပိုမိုအကြွေးတင်ရှိလာပြီး ချေးငွေအခြေခံသည့် တုံ့ပြန်ဆောင်ရွက်ချက်များ စသည်တို့ကို ဖော်ပြထားသည်။ ၎င်းအပြင် ဒေသတွင်း ရပ်မိရပ်ဖ အဖွဲ့အစည်းများနှင့် ဒေသခေါင်းဆောင်များ ပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးပုံကို ဆန်းစစ်မှုတွင် ဖော်ပြထားသည်။ ကောင်းမွန်သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများအတွက် တုံ့ပြန်မှုများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများ အပါအဝင် ကယ်ဆယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုလိုအပ်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ဒေသ၏ ကိုယ်စွမ်းကိုယ်စ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို အစွမ်းကုန်အသုံးချခြင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းချက်များတွင် ရပ်ရွာ၏စွမ်းဆောင်ရည်များကို တည်ဆောက်ပေးခြင်း စသည်တို့ကို ပူးတွဲလေ့လာဆန်းစစ်မှုအစီရင်ခံစာတွင် ဖော်ပြထားသည်။

## မြန်ဆန်သည့် ပြန်လည်ထူထောင်မှုတစ်ခု၏ အရှိန်အဟုန်ပြင်းထန်သော မျှော်လင့်ချက်များ - SIM 1

SIM 1 ကို မုန်တိုင်းပြီးဆုံးအပြီး ၆ လအကြာတွင်ပြုလုပ်ခဲ့သည်။ သုတေသနအရ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ထောက်ပံ့မှုများ ရရှိမှုအနေအထားသည် ကျေးရွာတစ်ခုနှင့်တစ်ခုအကြား ကွာခြားမှုရှိသော်လည်း အဝေးဆုံးကျေးရွာများအပါအဝင် ကျေးရွာများအားလုံးသို့ ပျံ့နှံ့ရောက်ရှိသည်ကို တွေ့ရှိခဲ့သည်။ ကျေးရွာများ ပြန်လည်ထူထောင်လာရေးအတွက် အထောက်အပံ့များသည် အထောက်အကူပြုခဲ့ပြီး ရရှိသောအကူအညီပမာဏနှင့် မည်မျှမြန်မြန်ပြန်လည်ထူထောင်မှု ရှိသည်တို့အကြားတွင် ချိတ်ဆက်မှုရှိခဲ့သည်။

သို့ရာတွင် မုန်တိုင်းဒဏ်မည်မျှ ပြင်းပြင်ထန်ထန်သက်ရောက်ခဲ့သည်ဆိုသည့်အချက်မှာ ပြန်လည်ထူထောင်ရေးကို အဓိကပိုင်းဖြတ်ပေးနေသည့်အရာတစ်ခုဖြစ်သည်။ အထောက်အပံ့အများအပြားရရှိခဲ့သော်လည်း အလယ်အလတ်နှင့် အပြင်းအထန်ထိခိုက်ခံရသော ကျေးရွာများမှာ နာလန်မြန်မြန်မထူနိုင်ပေ။ ၎င်းမှာ အထောက်အပံ့ပမာဏနှင့်/သို့ ၎င်း၏သက်ရောက်မှုသည် မလုံလောက်သေးကြောင်းကို ဖော်ပြနေသည်။ ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများသည် ကျေးရွာများသို့ ရောက်ရှိကြသော်လည်း ရပ်ရွာများ ပြန်လည်ထူထောင်မှုအတွက်မူ အထူးသဖြင့် ငွေကြေးထောက်ပံ့မှုကဲ့သို့သော ထောက်ပံ့ကူညီမှုများ လိုအပ်ခဲ့သည်။ ၎င်းအပြင် ကျေးရွာသူရွာသားများမှာ ထောက်ပံ့ကူညီမှုရရန် ကြိုးပမ်းမှုများတွင် ပါဝင်လွှမ်းမိုးနိုင်သည့် အခွင့်အလမ်းအနည်းငယ်သာရှိခဲ့ပြီး အချို့သော ထောက်ပံ့ကူညီမှု အမျိုးအစားများသည် ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုမရှိခဲ့ပေ။

နာဂစ်သည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းကို သိသာစွာ ကျဆင်းစေခဲ့သည်။ အထွက်နှုန်းကျဆင်းမှုသည် လယ်သမားများကို အကြွေးပိစေပြီး အများစုမှာ ကြွေးမြီအဟောင်းများကို ပြန်မဆပ်နိုင်ဘဲ စားသုံးမှုအတွက်ပင် ငွေချေးကြရသည်။ ရေလုပ်ငန်းမှာလည်း များစွာထိခိုက်ခဲ့ပြီး ရေလုပ်သားများမှာ ၎င်းတို့၏ လုပ်ဖက်ကိရိယာများ ဆုံးရှုံးပြီးနောက် ပြန်လည်ထူထောင်ရန် ရုန်းကန်ခဲ့ရသည်။ ရေလုပ်ငန်းသုံး လုပ်ဖက်ကိရိယာများမရှိခြင်းသည် ရေထွက်ပစ္စည်းတန်ဖိုးတိုးမြှင့်မှုထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးကို ထိခိုက်စေခဲ့သည်။

၎င်းအပြင် ဆိုင်ကလုန်းနာဂစ်သည် မြေယာမဲ့လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို များစွာယုတ်လျော့စေခဲ့သည်။ အကြောင်းမှာ ၎င်းတို့ကို ပုံမှန်အလုပ်ပေးနေသည့် ရေလုပ်သားကြီးနှင့် လယ်သမားကြီးများထံမှ အလုပ်ပေးမှုများ လျော့နည်းသွားခြင်းကြောင့်ဖြစ်သည်။ ဘောက်လုပ်သားများမှာ စားနပ်ရိက္ခာထောက်ပံ့မှုများကိုသာရရှိကြပြီး အခြားအသက်မွေးအုပ်စုများနှင့် နှိုင်းယှဉ်လျှင် အသက်မွေးမှုဆိုင်ရာ ထောက်ပံ့မှုများ ရရှိမှုနည်းပါးခဲ့သည်။ အကျိုးဆက်အားဖြင့် အများစုမှာ မလောက်မငှဖြင့် ချို့ငဲ့ကြသည်။ ဖန်တလဲလဲ ဖြစ်ပေါ်တည်ရှိနေသောအရာမှာ အကြွေးဝန်ပိုပိလာခြင်းဖြစ်သည်။ လေ့လာခဲ့သော ကျေးရွာများအားလုံးတွင် ရွာသားများ

အားလုံးသည် ကြွေးပြန်ဆပ်ဖို့အရေးနှင့် နောင်နှစ်အတွက် စားဝတ်နေရေးကို ပူပန်လျက်ရှိခဲ့သည်။

ဆိုင်ကလုန်းနာဂစ်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ လူမှုစီးပွားဘဝအပေါ် ပြင်းစွာထိခိုက်ခဲ့သည်။ သို့သော် လူမှုဆက်ဆံရေးနှင့် ရပ်ရွာစွမ်းဆောင်ရည်မှာ တောင့်တင်းမြဲဖြစ်ခဲ့သည်။ ရွာသူရွာသားများသည် အရေးပေါ်ပြဿနာများကို ရင်ဆိုင်ကျော်လွှားရင်းဖြင့် လူမှုဆက်ဆံရေးကို တိုးမြင့်လာစေခဲ့သည်။ ရပ်ရွာများမှာ ကြံ့ကြံ့ခံနိုင်ဆဲဖြစ်ပြီး အလုပ်ဖြစ်မြဲဖြစ်ခဲ့သည်။ အကယ်၍ လူတို့၏အသက်မွေးမှုများနှင့် ကျေးရွာစီးပွားရေးပြန်လည် ဦးမတ်လာခြင်းမရှိပါက ရေရှည်တွင် မြစ်ဝကျွန်းပေါ်ဒေသမှထွက်ခွာပြီး အလုပ်လုပ်ခြင်းနှင့် လူမှုစည်းနှောင်မှုများ ပြေလျော့စေခြင်းကဲ့သို့သော ကြီးမားသည့် သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ချေရှိသည်ဟု SIM 1 မှ ကောက်ချက်ချခဲ့သည်။ အကယ်၍ လူတို့သည် နာဂစ်၏ အကြွေးထောင်ချောက်မှ လွတ်အောင်မရုန်းနိုင်ခဲ့လျှင် ရေရှည်တွင် ဥစ္စာပစ္စည်းများသည် လူများစုမှ လူနည်းစုထံသို့ ရောက်ရှိသွားတော့မည့်အရေးကို ဖော်ပြထားသည်။

## အရောရောအထွေးထွေးဖြစ်လျက်ရှိနေခြင်း - SIM 2

မုန်တိုင်းမှ အသက်ရှင်ကျန်ရစ်သူများသည် အသက်မွေးမှုအထောက်အကူပစ္စည်းများကို ဦးစားပေးလိုအပ်မြဲဖြစ်သည်။ သို့ရာတွင် နာဂစ်အပြီး တစ်နှစ်အကြာတွင် မုန်တိုင်းဒဏ်ခံရသော ဒေသများမှ လူများ၏ လိုအပ်ချက်များမှာ ပြောင်းလဲတိုးတက်လာခဲ့သည်။ ရွာသားများသည် ကျန်းမာရေး၊ ပညာရေးနှင့် အခြားရပ်ရွာ အခြေခံအဆောက်အအုံငယ်များကို လိုအပ်လာကြသည်။ ၎င်းသည် အရေးပေါ်အခြေအနေမှ ရေရှည်ပြန်လည်ထူထောင်ရေး ဦးစားပေးလိုအပ်ချက်များသို့ ကူးပြောင်းလာမှုကို ထင်ဟပ်ပြသနေသည်။ SIM 1 မှာကဲ့သို့ပင် ငွေသား (သို့) အတိုးနှုန်းသက်သာသော ချေးငွေများမှာ ပိုမိုထိရောက်ခဲ့ပြီး ရွာသားများမှာ ပစ္စည်းထောက်ပံ့မှုများထက် ငွေသားထောက်ပံ့မှုများကို ပိုလိုလားခဲ့ကြသည်။

သို့သော် အထောက်အပံ့ပမာဏမှာ သိသိသာသာကျဆင်းသွားပြီး မုန်တိုင်းဒဏ်ခံရသူများ၏ အသက်မွေးမှုကို ပြန်လည်ထူမတ်စေနိုင်သည်အထိ လုံလောက်မှုမရှိတော့ပါ။ သို့ရာတွင် အထောက်အပံ့ပေး သူများသည် ထောက်ပံ့ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများကို ၎င်းတို့ဘာသာပြုလုပ်ဆဲဖြစ်ပြီး အထောက်အပံ့များကို ရပ်ရွာခေါင်းဆောင်များနှင့် အထောက်အပံ့ပေးဝေရန် ဖွဲ့စည်းထားသော ဝေခြမ်းရေးကော်မတီများမှတစ်ဆင့် တရားဝင်ဖြန့်ဖြူးခဲ့သည်။ ရွာသူရွာသားများမှာ အထောက်အပံ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မကြာခဏ မရရှိကြပေ။ ၎င်းကြောင့် အထောက်အပံ့များကို လွဲမှားစွာအသုံးချခြင်း (သို့) အထောက်အပံ့များကြောင့် ပဋိပက္ခများ ဖြစ်ရခြင်းဖြစ်သည်ဟု ယူဆခဲ့ကြသည်။

အသက်မွေးမှုများ ပြန်လည်ဦးမတ်လာစေမှုဖြစ်စဉ်မှာ ယေဘုယျအားဖြင့် နှေးကွေးခဲ့သည်။ လူမှုစီးပွားအခြေအနေများမှာလည်း အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး ၎င်းမှာ အဝိုင်းအဝန်းစီးပွားရေးအခြေအနေအရပ်ရပ်ကြောင့် ပိုမိုဆိုးရွားလာခဲ့သည်။ လယ်သမားများမှာ ၎င်းတို့လယ်ယာမြေများအတွက် သွင်းအားစုလုံလုံလောက်လောက် မထည့်သွင်းနိုင်ဘဲ ၎င်းတို့မြေကို အင်တိုက်အားတိုက် မစိုက်ပျိုးနိုင်ခဲ့ပေ။ ရေလုပ်ငန်းမှာ ပြန်လည်အခြေအနေကောင်းလာသည်ဟုယူဆရသော်လည်း ထောက်ပံ့သော ရေလုပ်ငန်းသုံး ပစ္စည်းများမှာ အသေးစားပစ္စည်းများဖြစ်ခြင်းကြောင့် ရေထွက်ပစ္စည်း တန်ဖိုးတိုးမြှင့်မှု ထုတ်လုပ်မှုကွင်းဆက်ကို ပြန်လည်ရှင်သန်လာရန် မလုံလောက်ဘဲ ရေလုပ်သားများ၏ အခြေခံစားဝတ်နေရေးကို ပြေလည်စေရုံသာဖြစ်ခဲ့သည်။

ဘောက်လုပ်သားများမှာလည်း ဆက်လက်ရုန်းကန်နေရဆဲဖြစ်သည်။ လယ်သမားကြီးများမှ ၎င်းတို့မြေများကို အင်တိုက်အားတိုက် မစိုက်ပျိုးနိုင်သောကြောင့် ဘောက်လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများမှာလည်း လျော့ပါးခဲ့သည်။ ၎င်းအပြင် လယ်သမားနှင့် ရေလုပ်သားတချို့မှာ ဘောက်လုပ်သားများဖြစ်လာခဲ့ပြီး ယခင်ရှိရင်းစွဲအလုပ်များအပေါ်တွင် ပြိုင်ဆိုင်မှု ပိုမိုတိုးမြင့်လာခဲ့သည်။ ကြွေးတင်ရှိမှုမှာ ဆက်လက်မြင့်မားဆဲဖြစ်ပြီး အတိုးနှုန်းမှာလည်း ဆက်လက်မြင့်မားဆဲဖြစ်သည်။ အကြွေးမဆပ်နိုင်သောကြောင့် လယ်သမားများ၏မြေများ ငွေချေးသူများထံသို့ ထိုးအပ်ကြရသည်။

သို့သော်လည်း လူမှုအရင်းအနှီးမှာ ခိုင်မာနေမြဲဖြစ်သည်။ လူငယ်များသည် ကျောင်းနှင့်လမ်းများ ပြုပြင်မွမ်းမံခြင်းကဲ့သို့သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များတွင် အားတတ်သရေ ပါဝင်ဆောင်ရွက်မြဲဖြစ်ခဲ့သည်။ SIM 1 ကတည်းက အထောက်အပံ့ပေးရေးကိစ္စရပ်များတွင် ရပ်မိရပ်ဖများ၏ အခန်းကဏ္ဍလျော့ပါးသွားသော်လည်း အုပ်ချုပ်ရေးခေါင်းဆောင်များမှာ ထောက်ပံ့ရေးကိစ္စရပ်များတွင် မိုမိုအရေးပါလာခဲ့သည်။ အလားတူပင် ဘာသာရေးခေါင်းဆောင်များ၏ အခန်းကဏ္ဍများမှာ တဖြည်းဖြည်းပေါ်ထွန်းလာခဲ့ပြီး ခရစ်ယာန်နှင့် မွတ်စလင် ဘာသာရေးခေါင်းဆောင်များသည် နိစ္စဓူဝပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ အထောက်အပံ့နှင့်သက်ဆိုင်သော သဘောထားတင်းမာမှုများကြောင့် လူမှုဆက်ဆံရေးကို ထိခိုက်စေသည့် အဖြစ်အပျက်များ တိုးမြင့်လာခဲ့သည်။

## ပြန်လည်ထူထောင်မှုတစ်ရပ်အတွက် လှည့်ဖြားတတ်သော ညွှန်ကိန်းများ - SIM 3

၂၀၁၀ ခုနှစ်တွင် နာဂစ်ပြီးကတည်းက ကျဆင်းလာခဲ့သော အထောက်အပံ့ပမာဏနှင့်အတူ ထောက်ပံ့ရေးဆိုင်ရာ ဦးစားပေးမှုများလည်း သိသိသာသာ ပြောင်းလဲလာခဲ့သည်။ အထူးသဖြင့် ချေးငွေနှင့် ရေလုပ်ငန်းဆိုင်ရာ သွင်းအားစုများ ကျဆင်းသွားခြင်းသည် သိသာသော အပြောင်းအလဲဖြစ်သည်။ လယ်သမားလတ်နှင့် လယ်သမားငယ်များအတွက် ထောက်ပံ့မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသေးသော်လည်း အထောက်အပံ့ပေးမှုပမာဏသည် အသက်မွေးမှုကို ပြန်လည်ဦးမတ်လာစေရန်အလို့ငှာ လုံလောက်ခြင်းမရှိပေ။ ထောက်ပံ့ကူညီမှုနှင့် ရပ်ရွာအတွင်း အုပ်စုအသီးသီး၏ လိုအပ်ချက်များအကြား ချိတ်ဆက်မှုမရှိသည်ကို SIM 3 မှ တွေ့ရှိခဲ့သည်။ အထောက်အပံ့ပေးသူများသည် အဓိကဆုံးဖြတ်ချက်ချမှတ်သူများဖြစ်နေဆဲပဲဖြစ်ပြီး စီမံကိန်းအမျိုးအစားနှင့် အကောင်အထည်ဆောင်ရွက်ပုံအဆင့်ဆင့်ကို အဆုံးအဖြတ်ပေးနေမြဲ ဖြစ်သည်။ အထောက်အပံ့ပေးသူများနှင့် ရွာသူရွာသားများအကြား တာဝန်ခံမှုရှိသော ဆက်ဆံရေးတစ်ရပ်မှာ အကန့်အသတ်ဖြင့်ရှိနေခဲ့ပြီး ရပ်ရွာအဆင့်တွင် ပွင့်လင်းမြင်သာမှု အနည်းငယ်သာ ရှိနေခဲ့သည်။

လယ်ယာကဏ္ဍတွင် ပြန်လည်ဦးမတ်လာမှု အရိပ်လက္ခဏာများရှိနေခဲ့သည်။ အထွက်နှုန်းမှာ အကောင်းဘက်သို့ ပြန်လည်ဦးလှည့်လာပြီး ပျမ်းမျှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ လယ်သမားအများအပြားသည် မိုးစပါးရော နွေစပါးကိုပါ စိုက်ပျိုးလာကြသည်။ တစ်ဆက်တည်းမှာပဲ လွန်ခဲ့သောနှစ်အတွင်း ရေလုပ်ငန်းတွင် အလုံးအရင်းဖြင့် မြှုပ်နှံခဲ့ခြင်းကြောင့် အလွန်အကျွံငါးဖမ်းခြင်း၊ အထွက်နှုန်းနှင့် အလုပ်အကိုင်ပေးရေးတို့တွင် များစွာယုတ်လျော့ခဲ့သည်။ ရလဒ်အားဖြင့် လယ်သမားများမှ လုပ်သားများကို အလုပ်အကိုင်မပေးနိုင်တော့သည့်အချိန်တွင် ရေလုပ်သားအများစုမှာလည်း ၎င်းတို့၏ မိရိုးဖလာအသက်မွေးမှုဖြစ်သည့် ရေလုပ်သားဘဝကိုဆုံးရှုံးခဲ့ပြီး ဘောက်လုပ်သားများ ဖြစ်လာခဲ့သည်။ ကျေးရွာများ၏တစ်ဝက်ကျော်တွင် ဘောက်လုပ်သားများသည် တခြားသောကျေးရွာသားများထက်ပိုပြီး အခြေအနေပိုဆိုးသည်ကို တွေ့ရှိခဲ့သည်။

ကြွေးတင်ရှိမှုသည် ပြန်လည်ထူထောင်မှု အလားအလာကို အဆုံးအဖြတ်ပေးနေမြဲ ဖြစ်သည်။ အသက်မွေးအုပ်စုများအားလုံးတွင် နာဂစ်အပြီး ၂ နှစ်အကြာတွင်ရှိသော ရွာသူရွာသားများရှိ ပျမ်းမျှတင်ရှိနေသော အကြွေးပမာဏမှာ နာဂစ်မတိုင်ခင်ကထက် မြင့်မားခဲ့သည်။ နာဂစ်အလွန် ၂ နှစ်အကြာတွင်ရှိသော မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသည့် ကြွေးမြီတင်ရှိမှုသည် ပိုင်ဆိုင်ပစ္စည်းများကို လုံးပါးပါးလာစေသော်လည်း ကြွေးပြန်မဆပ်နိုင်သော အခြေအနေသို့ လုံးလုံးလျားလျား မရောက်ရှိသေးပေ။

ခိုင်မာသော လူမှုရေးစည်းနှောင်မှုတစ်ရပ်ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ဒုက္ခများနှင့် ကြုံတွေ့နေရသော်လည်း ကြံ့ကြံ့ခံထားဆဲဖြစ်သည်။ ကျေးရွာကဏ္ဍအများစုတွင် အပြောင်းအလဲအနည်းငယ်သာရှိခဲ့ပြီး လူမှုဆက်ဆံရေးမှာ ကောင်းမွန်ခဲ့သည်။ ထောက်ပံ့ရေးကော်မတီများတွင် အမျိုးသမီးများပါဝင်မှု တိုးမြင့်လာခြင်းကြောင့် အမျိုးသမီးများမှာ စွမ်းဆောင်ခွင့်နှင့် စွမ်းဆောင်ရည်ပိုမိုတိုးလာကြသည်။ တစ်ဆက်တည်းမှာပင် ထောက်ပံ့ရေးကြိုးပမ်းမှုများတွင် လူငယ်များ၏အခန်းကဏ္ဍမှာ လျော့နည်းသွားသည်။ ရွာသားများနှင့် ကျေးရွာခေါင်းဆောင်များအကြား တင်မာမှုများရှိခဲ့ကြပြီး အများစုသည် အထောက်အပံ့ကိစ္စများနှင့် ဆက်စပ်လျက်ရှိသည်။

## အသက်မွေးမှုများ နောက်ပြန်ဆုတ်သွားခြင်း - SIM 4

နာဂစ်အပြီး ၅ နှစ်အကြာတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာသူရွာသားများသည် စီးပွားရေးနာလန်ထူရန် အသည်းအသန်ရုန်းကန်ဆဲဖြစ်သည်။ ထိုအခြေအနေမှာ မုန်တိုင်းတစ်ခုတည်းအတွက်ကြောင့်မဟုတ်ဘဲ အခြားသောအကြောင်းချင်းရာများ အားလုံးသည် ကျေးရွာသားများ၏ ပြန်လည်ထူထောင်ရေးလမ်းကြောင်းကို လွှမ်းမိုးလျက်ရှိခဲ့သည်။ ၎င်းတွင် အထူးသဖြင့် လတ်တလောဖြစ်ပေါ်နေသော ရာသီဥတုဘေးဒုက္ခများသည် အဓိကပါဝင်နေသည်။ မုန်တိုင်းဒဏ်ပြင်းထန်စွာခံရသော ကျေးရွာများမှာ ထိုဘေးများကို ပိုမိုထိတွေ့နိုင်ခြေများခဲ့သည်။ နာဂစ်နှင့် အဆိုပါ ရာသီဥတုဘေးများသည် တချို့ကျေးရွာများ၏ အသက်မွေးမှုများအပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်ခဲ့ပြီး ကိုယ်စွမ်းကိုယ်စဖြင့် ပြန်မထူမတ်နိုင်လောက်အောင်ပင် ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကျေးရွာ ၄၀ စလုံးမှာ ရုန်းကန်နေရဆဲဖြစ်ပြီး လူမှုစီးပွားအခြေအနေများ နာလန်မထူနိုင်သေးပါ။ အနည်းငယ်နှင့် အလယ်အလတ်သာ ထိခိုက်ခံရသော ကျေးရွာ ၆ ရွာသာလျှင် အခြေအနေကောင်းသည်ဟု ယူဆကြရပြီး ကျန် ၁၆ ရွာမှာ ဆိုးရွားမြဲဖြစ်ခဲ့သည်။

ကျေးရွာပေါင်း သုံးပုံနှစ်ပုံအကျော်တွင်ရှိသော ရွာသူရွာသားများမှာ နာဂစ်ကြောင့်တင်ခဲ့သော ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိဘဲ အကြွေးနွံတွင် နစ်နေခဲ့ကြသည်။ အလယ်အလတ်နှင့် ပြင်းထန်စွာ သက်ရောက်ခံရသော ကျေးရွာ ၃၀ တွင် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာ ၃ ရွာသာလျှင် ကြွေးပြန်လည်မပေးဆပ်နိုင်သည့် ပြဿနာမရှိပေ။ ကြွေးမြီတင်ရှိမှုသည် မုန်တိုင်းဒဏ်ခံရမှုနှင့် တိုက်ရိုက်အချိုးကျ ဆက်စပ်နေသည်။ လွန်ခဲ့သော ၃ နှစ်လုံးလုံးတွင်ရှိသော ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများမှာ ပြောင်းလဲသွားခြင်းမရှိသေးဘဲ ထိုနည်းလမ်းများကို ပို၍ပင် အသုံးပြုလာခဲ့ကြသည်။ အလုပ်အကိုင်ရှားပါးမှုမှ လွတ်မြောက်ရန် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းကို ရင်ဆိုင်ကျော်လွှားခြင်း နည်းလမ်းတစ်ရပ်အဖြစ် ပိုမို

အသုံးပြုလာကြသည်။ အခြားရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းများမှာ လူမှုရေးနှင့် ကျန်းမာရေးဆိုးကျိုးများကို ဖြစ်ပေါ်စေရန် အလားအလာရှိခဲ့သည်။

ကျေးရွာများ၏ သုံးပုံနှစ်ပုံတွင် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင်ပင်လျှင် လူမှုဆက်ဆံရေးအခြေအနေမှာ ကောင်းမွန်သည် (သို့) မဆိုးရွားပေ။ လူမှုဆက်ဆံရေးကောင်းမွန်သောအခါ ရွာသားများသည် စည်းလုံးကြပြီး လူမှုရေးနှင့် ဘာသာရေးအလုပ်များကို တစ်ပေါင်းတစ်စည်းတည်း လက်တွဲလုပ်ဆောင်ကြသည်။ လူမှုဆက်ဆံရေးမကောင်းမွန်သောအခါ အုပ်စုများအပိုင်းပိုင်းကွဲပြီး ရပ်ရွာကိစ္စရပ်များကို တစ်ဖွဲ့ချင်းစီမှသာလုပ်ဆောင်ကြသည်။ အဖြစ်အပျက်အများစုတွင် လူမှုဆက်ဆံရေးယိုယွင်းမှုသည် ထောက်ပံ့ကူညီရေးကြိုးပမ်းမှုကြောင့် ဖြစ်ခဲ့သည်။

တစ်ဆက်တည်းမှာပင် ရွာသူရွာသားများမှာ လူမှုရေးတုံ့ပြန်ဆောင်ရွက်မှုများအတွက် အချိန်နှင့်အရင်းအမြစ် ရှားပါးလာခဲ့သည်။ ကျေးရွာထက်ဝက်ကျော်တွင် လူမှုဆက်ဆံရေးမှာ နာဂစ်မတိုင်မီကထက်ပင် ပိုမိုဆိုးရွားလာသည်ဟု ခံစားကြသည်။ အထူးသဖြင့် မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာဝင်များ အတူမှီတင်းနေထိုင်သော ကျေးရွာများတွင် နာဂစ်အတွင်း ဘာသာရေးခေါင်းဆောင်များ တိမ်းပါးသွားမှုသည် ၎င်းနောက် ၅ နှစ်တာကာလအတွင်း လူမှုဆက်ဆံရေးတင်းမာမှုများကို ဖြစ်ပေါ်စေခဲ့သည်။

အမျိုးသမီးများနှင့် လူငယ်များ၏အခန်းကဏ္ဍမှာ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ အထောက်အပံ့များရပ်ဆဲသွားမှုနှင့်အတူ အမျိုးသမီးများ၏ စွမ်းဆောင်ရည် တိုးမြင့်လာမှုများမှာ လမ်းကြောင်းသစ်များတစ်လျှောက် ပေါ်ထွန်းလာခဲ့သည်။ တချို့နေရာများတွင် အမျိုးသမီးများသည် ပိုမိုကျယ်ပြန့်သော ကျေးရွာအရေးကိစ္စများတွင် ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ၂၀၁၃ ခုနှစ်၌ ကျေးရွာနှစ်ရွာတွင် အမျိုးသမီးများကို ဆယ်အိမ်မှူးအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး ၎င်းသည် ပထမဆုံးဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်သည်။ ကျေးရွာအများစုတွင် လူငယ်များဦးဆောင်သော ဆောင်ရွက်ချက်များ တိုးပွားလာခဲ့ပြီး လူငယ်များ၏အစွမ်းကို ယူဆောင်လာသော လတ်တလောရွေးကောက်ပွဲများ၏ ထင်ဟပ်မှုတစ်ခု ဖြစ်ခဲ့သည်။


# အခန်း ၂

## အသက်မွေးမှုများ

ယခင် SIM သုတေသနများတွင် နာဂစ်အပြီးနောက်ပိုင်း ကျေးရွာများ၏ လှုပ်ရှားပြောင်းလဲလျက်ရှိသော စီးပွားရေးအခြေအနေများကို ထင်ဟပ်ပြသခဲ့သည်။ ၎င်းတွင် ပထမတစ်ကြိမ်သုတေသနတွင် အခြေအနေကောင်းပြီး နောက်တစ်ကြိမ်တွင် စီးပွားရေးနောက်ပြန်ဆုတ်သွားသည်များကို တွေ့ရသည်။ ဥပမာ- SIM 3 တွင် လယ်ယာစိုက်ပျိုးရေးသည် ကောင်းမွန်သောလမ်းကြောင်းပေါ်သို့ ဦးတည်လာသည်ကို ထင်ဟပ်မိခဲ့ပြီး SIM 4 တွင် လယ်သမားများ ပြန်လည်ရုန်းကန်နေကြပြန်သည်။ SIM 4 တွင် လယ်သမားများနှင့် ရေလုပ်သမားသည် ၎င်းတို့အသက်မွေးမှုကို စွန့်ခွာလိုက်ရခြင်းကြောင့် လုပ်သားအင်အားများပြားလာခဲ့ပြီး ၎င်းသည် လုပ်ခလစာနည်းပါးမှုနှင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများကို ယုတ်လျော့စေခဲ့သည်။

ထိုအရာနှင့်ဆန့်ကျင်စွာ SIM 5 တွင် ထိခိုက်မှုအဆင့်အလိုက် ကျေးရွာအများစု၏ စီးပွားအခြေအနေများ[၂] ပြန်လည်ဦးမော့လာသည်ကို တွေ့ရသည်။ စီးပွားရေးအခြေအနေ "ကောင်းမွန်" (သို့) "အသင့်အတင့်"ရှိသော ကျေးရွာအရေအတွက်သည် SIM 4 တွင် ၂၃ ရွာမှ SIM 5 တွင် ၃၈ ရွာအထိ တိုးတက်လာခဲ့သည် (ပုံ ၁)။ တောင်သူများမှာ ရာသီဥတုဘေးများကြောင့် ဝင်ငွေအတက်အကျများရှိခဲ့ပြီး ၂၀၁၃ ခုနှစ်[၃]နှင့် နှိုင်းယှဉ်ပါက အခြေအနေကောင်းသည်ဟု အသက်မွေးအုပ်စုအားလုံးမှ အစီရင်ခံခဲ့သည်။

**ပုံ ၁-** ကျေးရွာများ၏ စီးပွားရေးအခြေအနေ၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်




[၂] စီးပွားရေးအခြေအနေ သတ်မှတ်မှု - "ကောင်းမွန်" - လွှဲပို့ငွေပမာဏနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြင့်လာခြင်း - ဆိုလိုသည်မှာ အိမ်ထောင်စုအများစုတွင် အလုပ်လုပ်သောလုပ်သားဦးရေများပြားပြီး ရွာထဲတွင် အိမ်အနည်းငယ်သာ ကြွေးတင်ရှိမှု ကြီးကြီးမားမားရှိသည်။

"အသင့်အတင့်" - အိမ်ထောင်စုအများစုတွင် ဝင်ငွေရသောအလုပ် အနည်းဆုံးတစ်ခုရှိသည်။ ဆိုလိုသည်မှာ - နေ့စဉ်ပုံမှန်ဝင်ငွေရှိခြင်း။ အခြားကျေးရွာများနှင့် နှိုင်းယှဉ်လျှင် ရွှေ့ပြောင်းအလုပ်လုပ်မှု အလယ်အလတ်အဆင့်တွင်သာရှိခြင်းနှင့် ဝင်ငွေရသော လုပ်ငန်းတစ်ခုခုတွင် မြှုပ်နှံရန်အတွက် အသေးစားချေးငွေများကို အလွယ်တကူ လက်လှမ်းမီခြင်း။

"ဆိုးရွား" - ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း အနည်းငယ်သာရှိခြင်း။ အလုပ်လုပ်သူအိမ်သားအများအပြားရှိသည့် အိမ်ထောင်စုအနည်းငယ်သာရှိသည့် ကျေးရွာများ၊ အတိုးနှုန်းမြင့်မားခြင်းကြောင့် ချေးငွေများကို လက်လှမ်းမီမှုနည်းပါးခြင်း။

[၃] SIM 5 တစ်လျှောက်လုံးတွင် အချိန်ကာလနှိုင်းယှဉ်ဖော်ပြချက်ကို နာဂစ်မတိုင်မီ (သို့) ၂၀၁၃ ခုနှစ် နွေစပါးရိတ်သိမ်းပြီးချိန်နှင့် ပြုလုပ်ခဲ့သည်။ SIM 4 ကို ၂၀၁၃ ခုနှစ် သင်္ကြန်အပြီးတွင် ပြုလုပ်ခဲ့သည်။

လေ့လာမှုများတစ်လျှောက် ဤဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးသော်လည်း အကောင်းဘက်သို့ဦးတည်ပြီး မြန်မာနိုင်ငံတစ်လွှားတွင် လူမှုစီးပွားအခြေအနေများ ပေါ်ထွန်းလာခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဆိုင်ကလုန်းနာဂစ်သည် ရပ်ရွာအတော်များများရှိ အသက်မွေးမှုအခြေအနေများကို ပိုင်းခြားဖော်ပြနေသော အကြောင်းချင်းရာတစ်ရပ်မဟုတ်တော့ဘဲ အချိန်အခါနှင့် အခြေအနေအပေါ်မူတည်သည့် အကြောင်းအရာများသာ အဓိကနေရာတွင် ပါဝင်လာခဲ့သည်။ ဈေးကွက်သို့လက်လှမ်းမီလာမှုများအပါအဝင် အခြားသော ပြောင်းလဲမှုများနှင့် လုပ်သားရရှိနိုင်မှုအပေါ် သက်ရောက်လျက်ရှိသော မြန်မာနိုင်ငံတွင်း ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်မှုများ တိုးတက်များပြားလာခြင်းသည် တစ်တိုင်းပြည်လုံးတွင်ရှိသော ရပ်ရွာများကို သက်ရောက်နေသည့် ကျယ်ပြန့်သော အပြောင်းအလဲများဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင်ရှိသော ရပ်ရွာများ၏ စီးပွားရေးလုပ်ဆောင်ချက်များသည် နှစ်တစ်နှစ်အတွင်း အချိန်အခါနှင့် ထိုရပ်ရွာတည်ရှိသည့် နေရာတို့အပေါ်တွင် အဓိကမူတည်နေသည်။ ပြောင်းလဲလျက်ရှိသော ရာသီဥတု၊ ငါးဥပေါက်ပွားသည့်ပုံစံနှင့် ရေလုပ်ငန်းကဏ္ဍအပေါ် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အသက်မွေးမှုရာသီစက်ဝန်းကို များစွာပုံဖော်လျက်ရှိသည်။ ဇယား ၁ သည် အိမ်ထောင်စုအသီးသီး၏ နှစ်တစ်နှစ်အတွင်းပြုလုပ်သည့် စီးပွားရေးဆောင်ရွက်ချက်များကိုဖော်ပြသည့် နမူနာပုံစံတစ်ခု ဖြစ်သည်။ ၎င်းမှာ အခိုင်မာပြခြင်းထက် ညွှန်းဆိုဖော်ပြသော မြေပုံတစ်ခုဖြစ်သည်။ သို့သော် အိမ်ထောင်စုမှာ ပင်မအသက်မွေးမှုကို ဆက်လက်လုပ်ဆောင်နေမည်ဖြစ်သော်လည်း လက်တွေ့တွင် အများစုမှာ တခြားသော ဝင်ငွေရရာ အလုပ်များကို ၁၂ လတာကာလပတ်လုံးတွင် ရှာဖွေလျက်ရှိသည်ကို ပြသလျက်ရှိသည်။ ပြက္ခဒိန်ကို မေလမှ ဧပြီလအထိ (ဧပြီလလယ်တွင် နှစ်သစ်ကူးတည်ရှိသော) မြန်မာ့ရိုးရာပြက္ခဒိန်အတိုင်း ပြသထားပြီး စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း စက်ဝန်းကို လယ်သမားများမှ ဖော်ပြခဲ့သည်။

## စိုက်ပျိုးရေး

SIM 4 မှ တွေ့ရှိချက်အရ ကျေးရွာများ၏ ထက်ဝက်နီးပါး (၁၇ ရွာ) တွင်ရှိသော လယ်သမားများမှာ အခြေအနေဆိုးရွား[၆] လျက်ရှိပြီး အထူးသဖြင့် အလွန်အမင်းနှင့် အလယ်အလတ် ထိခိုက်ခံရသော ရပ်ရွာများမှဖြစ်သည် (ဇယား ၂)။ ၎င်းမှာ နာဂစ်မှ ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများသည် နာဂစ်မတိုင်မီအခြေအနေသို့ မရောက်ရှိနိုင်ဘဲရှိနေသည်ကို ထင်ဟပ်နေသည်။ အကျိုးဆက်အားဖြင့် လယ်သမားအများစုမှာ အကြွေးနွံတွင် နစ်နေကြသည်။ ကမ်းခြေတစ်လျှောက် အဆိုးဆုံးထိခိုက်ခံရသော လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ၊ ကွမ်းခြံကုန်းနှင့် ဒေးဒရဲမြို့နယ်များနှင့် ကုန်းတွင်းပိုင်းဒေသများအကြား ကွဲပြားခြားနားမှုများ ထင်ထင်ရှားရှားရှိသည်။ သုတေသနတွင် ကွဲပြားခြားနားမှုအခြေအနေ မြင့်မားသော်လည်း ကောင်းမွန်သည့် အရိပ်လက္ခဏာများကို တွေ့ရသည်။ SIM 5 တွင် လယ်သမားများမှ ဈေးကောင်းရလာမှု အခြေအနေ၊ အထွက်နှုန်းကောင်းမွန်မှုကို ရာသီဥတုဘေးများမှ အဆုံးအဖြတ်ပေးနေမှုနှင့် အထွက်နှုန်းလျော့နည်းခြင်းစသည်တို့ကို တွေ့ရှိရသည်။

ဇယား ၃ သည် အခြေအနေကောင်းသည့်ကျေးရွာများနှင့် အခြေအနေဆိုးသည့် ကျေးရွာများပါ ကျဆင်းလာချိန်တွင် အလယ်အလတ်ကျေးရွာများ၏ အခြေအနေကို ဖမ်းဆုပ်ပြသထားသည်။ ၂၀၁၇ ခုနှစ်တွင် ရွာများ၏ သုံးပုံနှစ်ပုံသည် စိုက်ပျိုးရေးအခြေအနေ အသင့်အတင့် အနေအထားတွင်ရှိသည်။ ပြင်းထန်စွာ ထိခိုက်ခံရသော ကျေးရွာများ၏ ထက်ဝက်နှင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများ၏ လေးပုံတစ်ပုံသည် အခြေအနေဆိုးသောအနေအထား မှ အသင့်အတင့်အနေအထားသို့ တိုးတက်လာခဲ့သည်။

## မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော စိုက်ပျိုးရေး အခြေအနေ ခြုံငုံရှုမြင်မှု

ဧရာဝတီမြစ်ဝကျွန်းပေါ်၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး နေရာဒေသနှင့် လယ်သမားတစ်ဦးနှင့်တစ်ဦးအပေါ် မူတည်ပြီး တစ်နှစ်ပတ်လုံးတွင် တစ်သီး(သို့)နှစ်သီး စိုက်ပျိုးကြသည်။ မိုးစပါးရာသီမှာ မုတ်သုံမိုးစဝင်လာသည်နှင့် ဇွန်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းသည်။ နွေစပါးထက်ပိုပြီး တခြားသောသွင်းအားစုများအပေါ် မှီခိုအားထားမှုနည်းသည်။ မိုးစပါးမှာလည်း ဈေးနှုန်းမြင့်မားပြီး လယ်သမားတိုင်းအတွက် မိရိုးဖလာ အဓိကသီးနှံဖြစ်သည်။ ဒုတိယသီးနှံဖြစ်သော နွေစပါးကို နိုဝင်ဘာလတွင် စိုက်ပျိုးပြီး ဇန်နဝါရီနှောင်းပိုင်းနှင့် မတ်လအစောပိုင်းကြားတွင် ရိတ်သိမ်းသည်။ အထူးသဖြင့် ဓာတ်မြေဩဇာနှင့် လုပ်သားခ ရင်းနှီးမြှုပ်နှံမှုနှုန်း မြင့်မားသည်။ ထိုသို့ထည့်ဝင်မှုကြောင့် နွေစပါးသည် အထွက်နှုန်းမြင့်မားသည်။ အထွက်နှုန်းမြင့်မားမှုကြောင့် စိုက်စရိတ်နှင့် ဇန်နဝါရီတွင် ကျဆင်းနေသော စပါးဈေးကို ထေမိစေသည်။ တွေ့ဆုံမေးမြန်းခဲ့သော လယ်သမားများမှ လတ်တလောနှစ်များအတွင်း မိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင် ခန့်မှန်းခြေ ၄၅ တင်းခန့် ရှိသည်။ နွေစပါးမှာ မိုးစပါးထက် အထွက်နှုန်း ၂ ဆမြင့်မားပြီး တစ်ဧကလျှင်

[၆] စိုက်ပျိုးရေးအခြေအနေကို ပိုင်းပြတ်ပုံ - ကောင်း = မျိုးစေ့များကို လက်လှမ်းမီခြင်း၊ နွေစပါးရောမိုးစပါးကိုပါ စိုက်ပျိုးနိုင်စွမ်းရှိခြင်း၊ တခြားနွေသီးနှံများအား စိုက်ပျိုးနိုင်ခြင်း၊ တည်နေရာအရ (သို့) တမံဖို့ထားခြင်းအရ ရေလွှမ်းနိုင်ခြေနည်းသော လယ်မြေပိုင်ဆိုင်မှု ရာခိုင်နှုန်းမြင့်မားခြင်း။ သင့် = ရေသွင်းရန်အတွက် လက်လှမ်းမီခြင်း၊ ကောင်းမွန်သော မျိုးစေ့များကို လက်လှမ်းမီခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများတွင် ရင်းနှီးနိုင်စွမ်းရှိခြင်း၊ ရေလွှမ်းနိုင်မှုနည်းသော လယ်မြေပိုင်ဆိုင်မှု အချိုးအစား အသင့်အတင့်ရှိခြင်း။ ညံ့ = မိုးများခြင်းကြောင့် ရေလွှမ်းပြီးမြေများစွာကို ပလပ်ထားရခြင်း၊ တမံဖို့ထားမှုမရှိခြင်း၊ ခရုများနှင့် အခြားပိုးမွှားများမှ သီးနှံများအားဖျက်ဆီးခြင်း။

**ဇယား ၁-** အသက်မွေးမှုရာသီစက်ဝန်း

| လုပ်ဆောင်မှု/အသက်မွေးမှု | မေ | | | ဇွန် | | | ဇူလိုင် | | | ဩဂုတ် | | | စက်တင်ဘာ | | | အောက်တိုဘာ | | | နိုဝင်ဘာ | | | ဒီဇင်ဘာ | | | ဇန်နဝါရီ | | | ဖေဖော်ဝါရီ | | | မတ် | | | ဧပြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အုပ်စု | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် | လယ် | ရေ | ဘောက် |
| စိုက်ပျိုးရေး | ■ | | | ■ | | | ■ | | | ■ | | | ■ | | | | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | |
| ဝမ်းစာအတွက် ငါးဖမ်းခြင်း | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | | ■ | | | | | | | | | | | | | | | | | | | | |
| အသက်မွေးမှုအတွက် ငါးဖမ်းခြင်း | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | ■ | |
| ကမ်းဝေးငါးဖမ်းခြင်း | | | | | | | | | | | | | | | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ |
| စိုက်ပျိုးရေးလုပ်သား | | | ■ | | | ■ | | | | | | | | | ■ | | | | | | | | | | | | | | | | | | ■ | | | |
| အခြားနေ့စဉ်အလုပ်များ | | | | | | | | | ■ | | | ■ | | ■ | | ■ | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | | | ■ | |
| ရာသီ အလုပ်ပြောင်းရွှေ့ အလုပ်လုပ်မှု | | | | | | | | | | | | | | | | | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | ■ | ■ | | | | | |
| အလုပ်လက်မဲ့ခြင်း | | ■ | | | ■ | | | ■ | | | ■ | | | ■ | | | | | | | | | | | | | | | | | | | | ■ | | ■ |

**မှတ်ချက်** - "လယ်" - လယ်သမားများ၊ "ရေ" - ရေလုပ်သားများ၊ "ဘောက်" - ဘောက်လုပ်သားများ

**ဇယား ၂** - မြို့နယ်အလိုက် စိုက်ပျိုးရေးအခြေအနေများ၊ ၂၀၁၃ နှင့် ၂၀၁၇

| မြို့နယ် | စိုက်ပျိုးရေးအခြေအနေ (၂၀၁၃) | | | စိုက်ပျိုးရေးအခြေအနေ (၂၀၁၇) | | | ကွာခြားချက် | | |
|---|---|---|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ညံ့ |
| ဘိုကလေး | | ၅ | ၄ | ၁ | ၆ | ၂ | ၁ | ၁ | -၂ |
| ဒေးဒရဲ | | ၃ | ၄ | | ၅ | ၂ | ၀ | ၂ | -၁ |
| ကွမ်းခြံကုန်း | | ၁ | ၂ | | ၂ | ၁ | ၀ | ၁ | -၁ |
| ကျိုက်လတ် | ၃ | | ၁ | ၂ | ၂ | | -၁ | ၂ | -၁ |
| လပွတ္တာ | | ၂ | ၃ | | ၅ | | ၀ | ၄ | -၃ |
| မော်လမြိုင်ကျွန်း | ၄ | | | | ၂ | ၂ | -၄ | ၂ | ၂ |
| ငပုတော | ၂ | ၁ | ၁ | | ၄ | | -၂ | ၂ | -၁ |
| ဖျာပုံ | | ၂ | ၂ | | ၄ | | ၀ | ၂ | -၃ |
| **စုစုပေါင်း** | **၉** | **၁၄** | **၁၇** | **၃** | **၃၀** | **၇** | **-၆** | **၁၆** | **-၁၀** |

**ဇယား ၃** - ဆိုင်ကလုန်းဒဏ်ခံရမှုအနည်းအများအလိုက် စိုက်ပျိုးရေးအခြေအနေ၊ ၂၀၁၃ နှင့် ၂၀၁၇

| သက်ရောက်ခံရမှု | စိုက်ပျိုးရေးအခြေအနေ (၂၀၁၃) | | | စိုက်ပျိုးရေးအခြေအနေ (၂၀၁၇) | | | ကွာခြားချက် | | |
|---|---|---|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ညံ့ |
| သက်ရောက်မှုပြင်း | ၀ | ၄ | ၈ | ၁ | ၉ | ၂ | ၁ | ၅ | -၆ |
| အလယ်အလတ်သက်ရောက် | ၄ | ၆ | ၈ | ၁ | ၁၃ | ၄ | -၃ | ၇ | -၄ |
| အနည်းငယ်သာသက်ရောက် | ၅ | ၄ | ၁ | ၁ | ၈ | ၁ | -၄ | ၄ | ၀ |
| **စုစုပေါင်း** | **၉** | **၁၄** | **၁၇** | **၃** | **၃၀** | **၇** | **-၆** | **၁၆** | **-၁၀** |

**ဇယား ၄** - တစ်ဧကပျမ်းမျှထုတ်လုပ်မှုစရိတ် (ကျပ်သိန်းပေါင်း[၆])

| လယ်မြေပိုင်ဆိုင်မှု ပမာဏ | မိုးစပါး | | | နွေစပါး | | |
|---|---|---|---|---|---|---|
| | နာဂစ်မတိုင်မီ | ၂၀၁၃ | ၂၀၁၇ | နာဂစ်မတိုင်မီ | ၂၀၁၃ | ၂၀၁၇ |
| များ | ၀.၈ | ၁.၁ | ၁.၆ | ၁.၂ | ၁.၆ | ၂.၃ |
| အလယ်အလတ် | ၀.၇ | ၁ | ၁.၄ | ၁.၂ | ၁.၄ | ၂.၂ |
| နည်း | ၀.၇ | ၁.၂ | ၁.၃ | ၁.၂ | ၁.၆ | ၂.၁ |

ပျမ်းမျှ အထွက်နှုန်း ၉၀ ခန့်ရှိသည်။[၅] နွေစပါးစိုက်ပျိုး သော SIM ကျေးရွာများ၏ ၅၀ ရာခိုင်နှုန်းတွင်ရှိသည့် တောင်သူများမှာ ငွေကြေး တတ်နိုင်ပြီး အရည်အသွေးကောင်းခြင်းနှင့် ရေလွှမ်းနိုင်ခြေနည်း သော မြေများပေါ်တွင် နွေစပါးကို စိုက်ပျိုးနိုင်ကြသည်။

စိုက်ပျိုးရေးသည် မြစ်ဝကျွန်းပေါ်မိသားစုများ၏ ပင်မအသက်မွေး ဝမ်းကျောင်းတစ်ခုဖြစ်သည့် အားလျော်စွာ အမျိုးသမီးများသည် သီးနှံအထွက်နှုန်းကောင်းမှု (သို့) မကောင်းမှုများအတွက် ပါဝင်လုပ် ဆောင်နေရသည်များရှိသည်။ အလုပ်ခွဲခြားလုပ်ကိုင်မှုသည် အမျိုး မျိုးကွဲပြားလျက်ရှိပြီး အမျိုးသားများသည် မြေပြင်ခြင်းနှင့် စိုက်ပျိုး ခြင်းတို့အတွက် အဓိကတာဝန်ရှိကြပြီး အမျိုးသမီးများမှာ လုပ်သား (သို့) စက်ပစ္စည်းငှားရမ်းခြင်း၊ ဓာတ်ဆီ၊ မျိုးစေ့ (သို့) ဓာတ်မြေသြဇာတို့ ဝယ်ယူခြင်း၊ ခိုင်းနွားများကို စီမံရခြင်းနှင့် လိုအပ်ပါက ငွေချေးရခြင်း ကဲ့သို့သော လိုအပ်သည့် သွင်းအားစုအထွေထွေ စုစည်းရခြင်းကို တာဝန်ယူကြရသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်-စိုက်ဘဏ် (MADB) မှ မြေယာပေါ်တွင် အမည်ပေါက်သော အထူးသဖြင့် အိမ် ထောင်ဦးစီး အမျိုးသား၏အမည်ဖြင့် ချေးပေးသည်။ မြေယာပိုင်ဆိုင် သော အမျိုးသမီးအိမ်ထောင်ဦးစီးများအတွက်မူ ထိုလုပ်ငန်းစဉ်မှာ အနည်းငယ် ကွာခြားမှုရှိသည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးများ သည် မြေပြင်ခြင်းအမှုကို တိုက်ရိုက်စီမံခန့်ခွဲရသည်ဖြစ်သောကြောင့် လုပ် သားများအား စီမံခန့်ခွဲသည့်ကိစ္စတွင် အဓိကပါဝင်နေသည်။

[၅]SIM သုတေသနတွင် လယ်သမားကြီးကို လယ် ၁၀ ဧကနှင့်အထက်ပိုင်ဆိုင်သူ၊ အလယ်အလတ်ကို ၅ - ၁၀ ဧကအတွင်းပိုင်ဆိုင်သူ၊ လယ်သမားငယ်ကို ၅ ဧကအောက်ပိုင်ဆိုင်သူအဖြစ် ပိုင်းခြားသတ်မှတ်သည်။

[၆]ကျပ်ငွေ ၁ သိန်းလျှင် မြန်မာငွေ ၁၀၀,၀၀၀ ကျပ်နှင့် ညီမျှသည်။

## ထုတ်လုပ်မှုစရိတ် တိုးမြင့်သွားခြင်း

စိုက်စရိတ်မှာ တဖြည်းဖြည်းကြီးမားလာပြီး ရိတ်သိမ်းစရိတ်မှာလည်း တိုးမြင့်လာရာ တောင်သူအများစုမှာ တိုးတက်မှုမရှိဘဲ ဖြစ်နေခဲ့သည် (ဇယား ၄)။

လယ်မြေအနည်းငယ်ထက် ပိုပြီးပိုင်ဆိုင်သော လယ်သမားအများ အပြားသည် အရေးတကြီးအချိန်များဖြစ်သော စိုက်ချိန်နှင့် ရိတ်သိမ်း ချိန်များတွင် စိုက်ပျိုးရေး နေ့စားလုပ်သားများအပေါ် မှီခိုနေကြသည်။ စပါးစိုက်ပျိုးစဉ်တွင် မြေပြင်ခြင်း (သို့) သီးနှံပြင်ဆင်ခြင်းတို့အတွက် လုပ်သား အနည်းငယ်ကိုသာ ရာသီအလိုက် ငှားရမ်းကြသည်။ SIM 4 ပြုလုပ်ချိန်နှင့် လတ်တလောကာလများအတွင်း ရွှေ့ပြောင်း အလုပ်လုပ်မှု များပြားလာခြင်းနှင့် လုပ်သားအင်အားပေးသွင်းမှုကို ယုတ်လျော့စေနိုင်သော လယ်ယာပြင်ပအလုပ်များ ချဲ့ထွင်လာခြင်း တို့ကြောင့် ကျေးရွာများအားလုံးတွင် လုပ်သားခမှာ သိသိသာသာ မြင့်မားလာသည်။

လုပ်အားခမြင့်မားလာခြင်းသည် မိသားစုဝင်များ၏လုပ်အားအပေါ် အားထားနိုင်မှုနည်းပါးသော တောင်သူအလတ်များအတွက် ဆိုးကျိုး ကို သက်ရောက်စေသည်။ မိသားစုဝင်များ၏လုပ်အားကို အားထား ကြခြင်းသည် တောင်သူငယ်များ၏ ရင်ဆိုင်ကျော်လွှားခြင်း နည်း လမ်းတစ်ရပ်ဖြစ်သည်။ ၎င်းအပြင် တောင်သူလတ်များမှာ တောင်သူ ကြီးများကဲ့သို့ မတည်စရိတ်ကို အလွယ်တကူရယူနိုင်ခြင်း၊ လယ်မြေ အငှားချနိုင်ခြင်း (သို့) ငွေရရန် လယ်မြေများအား ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်စွမ်းမရှိပါ။ လုပ်အားခပေးရခြင်း၏ အခက်အခဲများကို တောင်သူအမျိုးအစားအားလုံးမှ ရင်ဆိုင်နေကြရပြီး တောင်သူများ မှာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်လျှင်ပင် လုပ်သားအပေါ် မှီခိုမှုကို လျှော့ချနိုင်မည့် နည်းလမ်းများအား စတင်ရှာဖွေလာကြ သည်။

ဤသို့ရှာဖွေသော နည်းလမ်းများထဲမှ တစ်ခုမှာ စက်ပစ္စည်းအစား ထိုးသုံးစွဲမှုကို ချဲ့ထွင်လာကြခြင်းဖြစ်သည်။ နှစ်ဘီးတပ်ထွန်ငယ်များ မှအစ ကြီးမားသော ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များအထိ စိုက်ပျိုး ရေးတွင် စက်ပစ္စည်းများအသုံးပြုလာမှုမှာ ပိုမိုများပြားလာခဲ့သည်။ ထိုသို့သုံးစွဲမှုများလာခြင်းမှာ တောင်သူများ၏ လုပ်သားစရိတ်လျှော့ ချလိုခြင်းနှင့် အထူးသဖြင့် အစိုးရနှင့်/သို့ အလှူရှင်အစီအစဉ်များမှ ထောက်ပံ့သော အရစ်ကျငှားရမ်းရောင်းချခြင်းကဲ့သို့သော ငွေကြေး ထောက်ပံ့မှုအစီအမံများ တိုးမြင့်လာခြင်းတို့၏ တွန်းအားကြောင့် ဖြစ်သည်။ အထူးသဖြင့် ကြီးမားသော စိုက်ပျိုးရေးစက်ပစ္စည်းများ ဝယ်ယူခြင်းသည် ဆင့်ပွားအကျိုးကျေးဇူးများရှိနေသည်။ ၎င်းမှာ လယ်သမားသည် ထိုစက်ပစ္စည်းကို ရွာသားများသို့ ပြန်လည်ငှားရမ်း နိုင်သကဲ့သို့ လုပ်အားခကိုလည်း လျှော့ချရာရောက်သည့်အတွက် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုစရိတ်ကို မြန်မြန်ပြန်ပြီး ထေမိစေသည်။

ထို့အပြင် စိုက်စရိတ်မှာလည်း ဓာတ်မြေဩဇာသုံးစွဲမှု များပြားလာ ခြင်းကြောင့် မြင့်တတ်လာခဲ့သည်။ သုတေသနတစ်လျှောက်တွင် လယ်သမားများ ပြောကြားကြသည်မှာ အထွက်နှုန်းတိုးမြင့်ရန် အတွက် ဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲလာရခြင်းဖြစ်ပြီး အချို့မှာ လယ်ကွင်းများ ပေါင်းသတ်ရန်အတွက် လုပ်သားငှားရမ်းမှုသက်သာ စေရန် ဓာတုဗေဒပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေးများကို စတင် သုံးစွဲလာကြသည်။ ထိုနည်းလမ်းသစ်များသည် အထွက်နှုန်းအပေါ် သက်ရောက်မှုရှိသော်လည်း ဒေသမြစ်ချောင်းများ၏ ရေအရည် အသွေးနှင့် ငါးသယံဇာတကို ထိခိုက်စေခြင်းကဲ့သို့သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ စိုက်ပျိုးရေး ကြောင့် ရေထုညစ်ညမ်းလာပြီး ငါးဖမ်းဆီးရရှိမှု လျော့နည်းခြင်း ဖြစ်သည်ဟု SIM တွင်မေးမြန်းခဲ့သော ရေလုပ်သားများမှ အရပ်ပြော ပြောကြသည်။ ထိုသွင်းအားစုများအား ရယူခြင်းအပြင် တောင်သူ များမှ မိမိတို့လယ်မှထွက်သော မျိုးစေ့ထက် အထွက်နှုန်းကောင်း သော မျိုးစပါးစေ့များကို ဝယ်ယူခြင်းသည် မျိုးစေ့စရိတ်ကို ပိုမိုတိုးမြင့် စေသော အချက်တစ်ချက်ဖြစ်သည်။

## အထွက်နှုန်းများမှာလည်း ကွဲပြားနေခြင်း

ထုတ်လုပ်မှုစရိတ်တိုးမြှင့်တိုင်းလည်း အထွက်နှုန်းတိုးတက်သည် မဟုတ်ပေ။ တောင်သူများမှာ တခြားပြင်ပသက်ရောက်မှုများကြောင့် အထွက်နှုန်းအတက်အကျပြောင်းလဲမှုကို ရင်ဆိုင်ကြရသည်။ ဇယား ၅ တွင် နာဂစ်နောက်ပိုင်းနှစ်များအတွင်း မိုးစပါးအထွက်နှုန်းမှာ တိုးတက်လာသည်ကို ပြထားသည်။ SIM 5 ဒေတာများမှ အထွက် နှုန်းသည် ယေဘုယျအားဖြင့် နာဂစ်မတိုင်မီအခြေအနေကို ပြန်လည် ရောက်ရှိပြီဟု ညွှန်ပြသည်။ သို့ရာတွင် ၎င်းသည် လယ်သမားများ၏ အမျိုးမျိုးတွေ့ကြုံနေရမှုများကို ဖမ်းဆုပ်ပြသနိုင်ခြင်းမရှိပေ။

**ဇယား ၅** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် နာဂစ်မတိုင်မီမှစသော မိုးစပါးအထွက်နှုန်း (တင်းပေါင်း/တစ်ဧက)

| သက်ရောက်ခံရမှု | ၂၀၀၇/ နာဂစ်မတိုင်မီ | ၂၀၀၈ | ၂၀၁၃ | ၂၀၁၇ |
|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၄၇ | ၂၂ | ၃၂ | ၄၆ |
| အလယ်အလတ်သက်ရောက် | ၄၄ | ၃၁ | ၃၃ | ၄၂ |
| အနည်းငယ်သာသက်ရောက် | ၄၅ | ၃၇ | ၄၂ | ၄၇ |

လယ်သမားများသည် အထွက်နှုန်းကောင်းကောင်း ရခဲ့သည်များရှိ သကဲ့သို့ ရာသီဥတု (သို့) ပိုးမွှားကျရောက်မှုကြောင့် အရင်းပင်ပြန် မရခဲ့သည်များလည်းရှိသည်ကို ပြောကြားခဲ့ကြသည်။ ဇယား ၆ တွင် အကောင်းဆုံးနှင့် အဆိုးဆုံးအထွက်နှုန်းနှစ်ခုအကြား ကွာခြားချက် ကို သိသိသာသာ မြင်တွေ့ရမည်ဖြစ်ပြီး အထွက်နှုန်းညံ့ပါက ၅၀

ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ကို တွေ့ရသည်။ အထူးသဖြင့် ဆိုးသောနှစ်များတွင် ရိတ်သိမ်းမှုအတွက် ကုန်ကျမည့်လုပ်အားခမှာ ပြန်ရမည့်ဝင်ငွေကိုပင် မထေမိသောကြောင့် ရိတ်သိမ်းဖို့ပင် ဒုက္ခမခံတော့ကြောင်းကို တောင်သူများမှ ပြောကြားခဲ့သည်။

**ဇယား ၆** - သက်ရောက်မှုပမာဏအလိုက် မိုးစပါးအထွက်နှုန်းကွာခြားမှု (တင်းပေါင်း/တစ်ဧက)

| သက်ရောက်ခံရမှု | လွန်ခဲ့သော ၅ နှစ်အတွင်း အဆိုးဆုံးအထွက်နှုန်း | လွန်ခဲ့သော ၅ နှစ်အတွင်း အကောင်းဆုံးအထွက်နှုန်း |
|---|---|---|
| သက်ရောက်မှုပြင်း | ၂၉ | ၄၇ |
| အလယ်အလတ်သက်ရောက် | ၂၃ | ၄၆ |
| အနည်းငယ်သာသက်ရောက် | ၂၅ | ၅၅ |

ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏သက်ရောက်မှုများသည် အထွက်နှုန်းနှင့် စပါးအရည်အသွေးကို သက်ရောက်လျက်ရှိပြီး အမြတ်အစွန်းရရှိမှုနှင့် ကင်းဝေးစေခဲ့သည်။ SIM ကျေးရွာများအားလုံးတွင် ရာသီဥတုဒဏ်ခံရမှုကို ဘုံတူညီစွာတွေ့ရပြီး သက်ရောက်မှုအနည်းအများသည် နှစ်အလိုက်၊ နှစ်တစ်နှစ်အတွင်းအချိန်ကာလအလိုက်နှင့် နေရာဒေသအလိုက် ကွဲပြားလျက်ရှိသည်။ အများဆုံးတွေ့ရသော ရာသီဥတုဘေးမှာ ရေလွှမ်းမိုးခြင်းဖြစ်သည်။ မြစ်ရိုးချောင်းရိုးတစ်လျှောက်တွင်နေထိုင်သော ရွာသူရွာသားများမှာ ၎င်းတို့သည် ရေလွှမ်းမိုးမှုအန္တရာယ်ကို နှစ်စဉ်စိုးရိမ်နေရသည်ဟုဆိုသည်။ ကျေးရွာတစ်ရွာတွင် ဒီရေတက်လာသည်နှင့် လစဉ်ရေလွှမ်းသည်။ ၂၀၁၆ ခုနှစ်တွင် မိုးရာသီရေလွှမ်းခြင်းကြောင့် အထွက်နှုန်းနှင့် စပါးအရည်အသွေးကို ထိခိုက်စေခဲ့သည်ဟု SIM ကျေးရွာများထဲမှ ထက်ဝက်ကဆိုခဲ့သည်။ ၎င်းတို့ပိုင်မြေများ၏ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း ၂၀၁၇ မိုးရာသီတွင် ရာသီအစ (သို့) ဘေးတစ်ခုခုကျပြီးကာစအချိန်တွင် မစိုက်ပျိုးဘဲ ပလပ်ထားခဲ့သည်ဟု ရွာပေါင်း ၁၁ ရွာမှာ တောင်သူများမှ ပြောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ပြန်ဆပ်နိုင်မည်မှာ မသေချာသော ချေးငွေများကို ထပ်မယူလိုတော့သောကြောင့်ဖြစ်သည်။

အခြားသော ရာသီဥတုဘေးများတွင် မိုးမဝင်မီနှင့် မိုးကုန်ပြီးနောက် မမျှော်လင့်သော မိုးရွာသွန်းမှုပါဝင်ပြီး ၎င်းသည် သီးနှံများကို ဖျက်ဆီးခြင်း၊ မိုးသီးကြွေကျခြင်းနှင့် တစ်ခါတရံ မိုးခေါင်မှုကိုပါ ဖြစ်ပေါ်စေသည်။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ရပ်ရွာအများအပြားသည် မိုးရာသီပြင်ပတွင် ရေပြတ်လပ်ခြင်းဒုက္ခကို ဧပြီလနှင့်မေလတွင် ရင်ဆိုင်ရပြီး ၎င်းမှာ လတ်တလောနှစ်ကာလများအတွင်း မိုးရာသီကာလတိုတောင်းလာခြင်းကြောင့်ဖြစ်သည်။ ရေကြီးခြင်းကြောင့်ဖြစ်ပေါ်သည့် ပိုးမွှားအန္တရာယ်များမှာ သီးနှံထွက်ရှိမှုကို ပိုမိုဆိုးရွားစေခဲ့သည်။

## ဈေးနှုန်းများ

စပါးဈေးနှုန်းမှာ SIM 4 ကတည်းက မြင့်တက်ခဲ့ပြီး ၂၀၁၆/ ၂၀၁၇ ခုနှစ်တွင်ရှိသော မိုးစပါးဈေးမှာ တင်းတစ်ရာလျှင် ပျမ်းမျှ ကျပ်ငွေ ၆.၃ သိန်းဖြစ်သည် (ဇယား ၇)[၇]။ ၎င်းမှာ SIM 4 တွင် တွေ့ရှိသော အရည်အသွေးကောင်းသည့် ဘေးကြားစပါး (တင်းတစ် ရာလျှင် ၄.၃ သိန်းကျပ်)နှင့် အရည်အသွေးနိမ့်စပါးအချွန်း (တင်း တစ်ရာလျှင် ၃.၁ သိန်းကျပ်)တို့ကို နှိုင်းယှဉ်ထားခြင်းဖြစ်သည်။ ထိုပြောင်းလဲမှု၏ တစ်စိတ်တစ်ပိုင်းမှာ တောင်သူများသည် အရည်အသွေးညံ့သော စပါးမျိုးစေ့များကိုစွန့်ခွာပြီး မျိုးစေ့ကောင်းကောင်းကို သုံးစွဲလာကြသည်ဟု မှတ်ယူနိုင်သည်။ သို့ရာတွင် ဈေးကွက်သို့ ပိုမိုလက်လှမ်းမီမှုနှင့် ဒေသတွင်း ပို့ဆောင်ရေးစရိတ်သက်သာခြင်းတို့သည် ဈေးကောင်းရရှိမှုအပေါ် ကောင်းကျိုးသက်ရောက်လျက် ရှိသည်ဟု တောင်သူများက ဆိုကြသည်။

**ဇယား ၇** - အစီရင်ခံရရှိသော မိုးစပါးပျမ်းမျှဈေးနှုန်း (ကျပ်သိန်း/တင်းတစ်ရာ)

| နှစ် | ၂၀၀၇ | ၂၀၀၈ | ၂၀၁၃ | ၂၀၁၇ |
|---|---|---|---|---|
| ဈေးနှုန်း | ၄.၀၅ | ၃.၁၅ | ၃.၇၀ | ၆.၃၄ |

ဈေးနှုန်းကောင်းမွန်မှုသည် အချက်နှစ်ချက်ကြောင့် အားလျော့စေသည်။ ပထမတစ်ချက်မှာ ရိတ်သိမ်းချိန် တစ်ချိန်နှင့်တစ်ချိန် အထွက်နှုန်းမတူညီခြင်းဖြစ်သည်။ အထွက်နှုန်းပြောင်းလဲမှုကို ဇယား ၆ တွင် ဖော်ပြထားသည်။ ဇယား ၈ တွင် နာဂစ်ကတည်းက လယ်သမားကြီးနှင့် လယ်သမားတို့ရရှိသော ရိတ်သိမ်းချိန် မိုးစပါးနှင့် နွေစပါး ဈေးနှုန်းများနှင့် ၎င်းတို့နှစ်ခုအကြား ကွာဟချက်ကို ဖော်ပြထားသည်။ တချို့နှစ်များတွင် ဈေးနှုန်းများမှာ မြင့်မားသည်ကို ပြသထားသည်။ သို့သော် ရှေ့နောက်ညီညွတ်မှုနည်းပါးပြီး လယ်သမားများမှာ ရိတ်သိမ်းမှုမှ ၎င်းတို့မည်မျှရရှိမည်ကို အတိအကျမှန်းမရဘဲ ဖြစ်နေခဲ့သည်။

---

[၇] ၂၀၁၃ မတိုင်မီ ဈေးနှုန်းများမှာ အများဆုံးတွေ့ရသော စပါးအမျိုးအစားနှစ်မျိုးဖြစ်သည့် ဘေးကြားနှင့်အချွန်း၏ ဈေးနှုန်းနှစ်ခုကို ပျမ်းမျှယူထားခြင်းဖြစ်သည်။ ၂၀၁၇ ဈေးနှုန်းများမှာ စပါးအမျိုးအစားများအားလုံး၏ ဈေးနှုန်းများကို ပျမ်းမျှယူထားခြင်းဖြစ်သည်။ ထိုပြောင်းလဲမှုသည် စပါးမျိုးစေ့အမျိုးမျိုးကွဲပြားမှုကို ပိုမိုထင်ဟပ်စေသည်။

**ဇယား ၈** - အချိန်နှင့်အမျှ ရိတ်သိမ်းချိန် စပါးဈေးနှုန်းများ (ကျပ်သိန်း/တင်းတစ်ရာ)

| လယ်သမားကြီးများ | နာဂစ်မှစပြီး အမြင့်ဆုံးဈေးနှုန်း | နာဂစ်မှစပြီး အနိမ့်ဆုံးဈေးနှုန်း | ကွာဟချက် |
|---|---|---|---|
| မိုးစပါး | ၇.၃ | ၄.၉ | ၂.၃ |
| နွေစပါး | ၄.၆ | ၃.၃ | ၁.၄ |
| **လယ်သမားငယ်များ** | | | |
| မိုးစပါး | ၆.၉ | ၅.၁ | ၁.၈ |
| နွေစပါး | ၄.၆ | ၃.၃ | ၁.၃ |

နောက်အခက်အခဲတစ်ခုမှာ ရိတ်သိမ်းရရှိမှု အရည်အသွေးဖြစ်သည်။ ၎င်းသည် အထွက်နှုန်းနှင့် ဈေးနှုန်းနှစ်ခုစလုံးနှင့် ချိတ်ဆက်နေပြီး ၎င်းတို့နှစ်ခုစလုံးအပေါ်တွင်လည်း အပြည့်အဝတည်မှီနေခြင်း မရှိပေ။ ဥပမာ- အချို့သောနှစ်များတွင် စပါးမှာအတော်အသင့် ထွက်ရှိသော်လည်း အရည်အသွေးမှာနိမ့်သည်ဟု တချို့လယ်သမားများမှ ဆိုကြသည်။ ၎င်းမှာ စပါးတွင် အစိုဓာတ်များခြင်း၊ အရောင်ပျက်ခြင်းနှင့် မှိုစွဲနိုင်ခြေရှိနေခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပြီး ထိုအတွက်ကြောင့် ဈေးနည်းနည်းသာရရှိပြီး ထိုရာသီအတွက် ရင်းနှီးစရိတ်ပါ ဆုံးရှုံးစေသည်။

## အချိန်ကိုက်မှု

လယ်သမားအများစုမှာ ၎င်းတို့ရိတ်သိမ်းသောစပါးကို လှောင်ထားနိုင်ခြင်းမရှိဘဲ ရိတ်သိမ်းပြီးပြီးချင်း ရောင်းထုတ်ရသည်။ ပွဲစား၏ အဆိုအရ ဈေးကွက်တွင် စပါးပေါ်များစွာရရှိနေသောအချိန်တွင် စပါးဈေးမှာ အနိမ့်ဆုံးဖြစ်သည်။ အကယ်၍ လယ်သမားများမှာ စပါးကိုသိုလှောင်ထားပြီး စပါးဈေးတက်သည့်အချိန်တွင်သာ ရောင်းချပါက ရိတ်သိမ်းပြီးစ စပါးဈေးထက် များစွာပိုရမည်ဟုဆိုကြသည်။ ရိတ်သိမ်းပြီးစအချိန်နှင့် ၂ (သို့) ၃ လနောက်ကျပြီး ရောင်းချပါက အထူးသဖြင့် ပြည်ပပို့ အရည်အသွေးအကောင်းဆုံးဟုဆိုသည့် စပါး၏ ဈေးနှုန်းမှာ ပုံမှန်ရောင်း၍ရသောဈေးနှုန်းထက် ၁၅-၅၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားသည်ဟု လယ်သမားများမှ ဆိုကြသည်။ ထို့ကြောင့် တင်းတစ်ရာလျှင် ကျပ်ငွေ ၆ သိန်းဖြင့်ရောင်းချသော စပါး၏ဈေးနှုန်းမှာ ၂-၃ လကြာချိန်တွင် တင်းတစ်ရာလျှင် ကျပ်ငွေ ၇-၉ သိန်းအထိ တက်သွားမည်ဖြစ်သည်။ အရည်အသွေးနိမ့်သော စပါးမျိုးများအတွက်မူ ဈေးနှုန်းမှာ သိသိသာသာ ကွာခြားမှုနည်းပါးမည်ဖြစ်သည်။ အကြောင်းမှာ စပါးပွဲစားများသည် အဆိုပါမျိုးများကို လှောင်ထားရန် စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့်ဖြစ်သည်။

## စိုက်ပျိုးရေးရလဒ်များကို သက်ရောက်နေသော အချက်များ

### *တည်နေရာ*

ရာသီဥတုဒဏ်များ၊ အထွက်နှုန်းနှင့် ဈေးနှုန်းမတည်ငြိမ်မှုများအပြင် စိုက်ပျိုးရေးကို သက်ရောက်နေသော အခြားအရာများစွာရှိသည်။ ၎င်းတို့အထဲတွင် အရေးအကြီးဆုံးမှာ ယာမြေတည်ရှိရာနေရာ ဖြစ်သည်။ ယခင် SIM သုတေသနများတွင် မြေအရည်အသွေးသည် ထိုမြေမှမည်မျှထုတ်လုပ်နိုင်မည်ကို ပိုင်းဖြတ်ပေးသော အရေးကြီးသည့် ကိန်းတစ်ရပ်ဖြစ်ခဲ့သည်။ SIM 5 တွင် ကျေးရွာများတစ်လွှား မကြာခဏရေလွှမ်းမိုးမှုကြောင့် မြေအရည်အသွေး၏ အရေးပါမှုမှာ လျော့နည်းသွားပြီး ယခုအချိန်တွင် လယ်သမားတစ်ဦး၏ မြေတည်နေရာမှာ မြစ်ချောင်းကြီးများမှ ကုန်းမြေအမြင့်မည်မျှတွင် တည်ရှိသည်ဟူသောအချက်မှာ အရေးအကြီးဆုံးအချက်တစ်ချက် ဖြစ်လာခဲ့သည်။ ကုန်းမြင့်တွင်ရှိသော မြေများသည် မြေနိမ့်တွင်ရှိသော မြေများထက် မြေအရည်အသွေးကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အထွက်နှုန်းကောင်းကြသည်။ ၎င်းကို နောက်အခန်းများတွင် ဆွေးနွေးထားပြီး ထိုပြောင်းလဲမှုသည် မြေတန်ဖိုးအပေါ် ထင်ဟပ်မှုရှိပြီး နေရာကောင်းတွင်ရှိသော မြေများသည် သိသိသာသာဈေးရသည်ကို တွေ့ရသည်။

### *သင်တန်းများ*

သင်တန်းများသည် လယ်သမားများကို စိုက်ပျိုးနည်းစနစ်များ တိုးတက်လာစေရန်အတွက် သတင်းအချက်အလက်များ ပေးဝေရာတွင် အထောက်အကူဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးလုပ်သားများအတွက် ဌာနရှိသော်လည်း ထိုဌာနမှာ အစဉ်အဆက်အားဖြင့် ဝန်ထမ်းအရေအတွက်နည်းပါးပြီး ဘဏ္ဍာငွေလည်း လုံလောက်မှုမရှိပေ။ သီးသီးသန့်သန့်ကိစ္စတစ်ခုအတွက် အကူအညီတောင်းခံခြင်းမျိုးမှအပ ထိုဌာန၏အကူအညီကို မည်သည့်ကျေးရွာကမှ မရရှိခဲ့ပါ။ ရွာတစ်ရွာသာလျှင် ခရုများကျရောက်ခြင်း အတွက် အကူအညီတောင်းခဲ့ဖူးပြီး ဌာနမှ ကူညီဖြေရှင်းပေးနိုင်ခြင်းမရှိပါ။

တိုးချဲ့ပညာပေးဝန်ဆောင်မှုများအစား စိုက်ပျိုးရေးသင်တန်းများကို အခြားအဖွဲ့သုံးဖွဲ့မှ ရရှိကြသည်။ ပထမတစ်ခုမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် လယ်သမားများ၏ မျိုးစေ့အရည်သွေး ကောင်းမွန်လာရေးအတွက် အဓိကထားလုပ်ဆောင်နေကြသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ထံမှဖြစ်သည်။[8] ထိုကြိုးပမ်းအားထုတ်မှုကြောင့် အချို့ကျေးရွာများတွင် တစ်ဧကအတွက်နှုန်းမှာ ၃၅ မှ ၅၅ တင်းအထိ တိုးတက်ခဲ့သည်။ ဒုတိယတစ်ခုမှာ လယ်သမားများ

[8] အလှူရှင်များစွာပါဝင်သော အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ LIFT သည် ဧရာဝတီတလွှား၌ NGO များစွာနှင့်ပူးပေါင်းပြီး ကြီးမားသည့် မျိုးစေ့အစီအစဉ်များကို ပြုလုပ်လျက်ရှိသည်။

သို့ သွင်းအားစုများ ရောင်းချနေသော ကုမ္ပဏီများမှဖြစ်သည်။ အကျိုးစီးပွားလိုလားမှုအရ ကွဲလွဲမှုများရှိသော်လည်း ဓာတ်မြေဩဇာရောင်းချသူများသည် ကောင်းမွန်သည့်နည်းစနစ်များကို သတင်းပေးလေ့ရှိကြသည်။ နောက်ဆုံးတစ်ခုမှာ မြေဆီလွှာစမ်းသပ်ခြင်း၊ စံပြစိုက်ကွက်များ စိုက်ပျိုးခြင်းနှင့် အခြားတိုးချဲ့ထုတ်ကုန်များ မှတစ်ဆင့် စိုက်ပျိုးရေးကုန်စည်ထုတ်လုပ်မှုကို ချဲ့ထွင်ရန်ကြိုးပမ်းနေကြသော လူမှုရေးအင်တာပရိုက်စ်များမှဖြစ်သည်။ လယ်သမားများမှာ အဆိုပါ သုံးနေရာမှရရှိသော ရလဒ်မှာ ပထမအဆင့်အနေဖြင့် မျိုးစေ့အရည်အသွေးမြင့်မားလာခြင်း၊ မြေဩဇာမည်မျှထည့်ရမည်၊ မည်သည့်အချိန်တွင် ထည့်ရမည်တို့ကို သိရှိလာခြင်းတို့ရှိသည်ဟု ပြောကြားကြသည်။

သင်တန်းများရရှိမှုသည် နာဂစ်ဒဏ်မည်မျှခံရသည်နှင့် တည်မြဲဆက်နွယ်နေခြင်းမရှိပါ။ တိုးချဲ့ပညာပေးဝန်ဆောင်မှုများနှင့် စိုက်ပျိုးရေးသင်တန်းများရရှိခဲ့သော ကျေးရွာ ၁၂ ရွာတွင် ၄ ရွာမှာ ပြင်းပြင်းထန်ထန် ထိခိုက်ခံရသောရွာများဖြစ်ပြီး ၅ ရွာမှာ အလယ်အလတ်နှင့် ကျန် ၃ ရွာမှာ ထိခိုက်မှု အနည်းဆုံးကျေးရွာများဖြစ်ကြသည်။

## ပြောင်းလဲလာသော စိုက်ပျိုးရေးသဘောသဘာဝများနှင့် လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်မှု

### *စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲသွားခြင်း*

ကျေးရွာများအားလုံးတွင် လယ်သမားများအားလုံးသည် ၎င်းတို့အသက်မွေးမှုအတွက် ရေလွှမ်းနိုင်ခြေများသော မြေများကို ပလပ်ထားခြင်း (သို့) တမံဖို့ခြင်းစသည့် ပြောင်းလဲလာသော အခြေအနေများနှင့်အညီ တုံ့ပြန်ရန် အားထုတ်ကြိုးပမ်းကြသည်။ အတိအကျပြောရသော် ရေကြီးခြင်း၊ ပိုးမွှားအန္တရာယ်ကျရောက်ခြင်းကဲ့သို့သော ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်နိုင်ရန် အဆင့်ဆင့် လုပ်ဆောင်လာကြသည်။

အခြားအသက်မွေးမှုဆိုင်ရာ လိုက်လျောညီထွေ ဆောင်ရွက်ချက်များတွင် လုပ်သားအင်အားအပေါ် မှီခိုမှုများကို လျှော့ချခြင်း (ဥပမာ-မျိုးထောင်ခြင်းမဟုတ်ဘဲ မျိုးကြဲစိုက်ပျိုးခြင်း)၊ ဓာတ်မြေဩဇာ အသုံးပြုမှုကို တိုးမြှင့်ခြင်း၊ အခြားနည်းဖြင့် လုပ်သားအင်အားကို ရယူခြင်း (ဥပမာ-မိသားစုလုပ်အားအပေါ်တွင်သာ မှီခိုလိုက်ခြင်း) (သို့) လုပ်သားအနည်းငယ်သာလိုအပ်မှုရှိသော စက်ပစ္စည်းများ (သို့) သွင်းအားစုများတွင်သာ မြှုပ်နှံခြင်း စသည်တို့ပါဝင်သည်။

---

*"မြေကအချဉ်ပေါက်လာတော့ ဓာတ်မြေဩဇာကို*
*ပိုထည့်ရတယ်။ အဲဒီလိုမှမလုပ်ရင်*
*အပင်ကောင်းကောင်း ပေါက်လာတော့မှာမဟုတ်ဘူး။"*
– လယ်သမား

---

### *တမံဖို့ခြင်း*

စိုက်ပျိုးရေးလုပ်ငန်းအပေါ် သက်ရောက်နေသော ရေလွှမ်းမှုနှင့် စပ်လျဉ်းနေသည့် သက်ရောက်မှုများကြောင့် တမံဖို့ခြင်းသည် ရေလွှမ်းမှုနှင့် အထွက်နှုန်းကျဆင်းခြင်းမှ ကာကွယ်နိုင်သည်ဟု SIM ကျေးရွာများမှ လယ်သမားများက အစီရင်ခံကြသည်။ လတ်တလော နှစ်ကာလများအထိ (SIM ၏ အစောပိုင်းသုတေသနများတွင် ဖော်ပြထားသကဲ့သို့) ရွာသူရွာသားများသည် လမ်းများနှင့် ဆိပ်ကမ်းများကဲ့သို့သော ဈေးကွက်နှင့်ချိတ်ဆက်မှုကို တိုးမြင့်စေ

**သာဓက ၁** - လယ်သမားတစ်ယောက်သည် ၎င်း၏အသက်မွေးမှုကို ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် တမံဖို့ရာတွင် ရင်းနှီးမြှုပ်နှံသည်။

လယ်သမားငယ် ကိုအောင်ထွန်းသည် ကိုယ်ပိုင်လယ် ၂ ဧကပိုင်ဆိုင်ပြီး အခြားလယ်သမားများထံမှလည်း လယ်မြေအချို့ငှားရမ်းထားသည်။ သူသည် ဆွေမျိုးများ သူ့မိသားစုနှင့်သူ ခွဲသွားချိန်တွင် အသက် ၆၅ နှစ်အရွယ် အဖေ၊ အမေတို့နှင့် အတူနေထိုင်ကျန်ရစ်ခဲ့သည်။ နာဂစ်မတိုင်မီတွင် သူ့မိဘများသည် ဆွေမျိုးများနှင့်စပ်ပြီး လယ် ၅ ဧကကို ဝယ်ယူခဲ့ကာ ဆွေမျိုးများမှ ၃ ဧကယူလိုက်သည်။ သူ့မိဘများမှ ၂ ဧကယူသည်။ ထိုနှစ်ကာလများအတွင်း သူ့မိဘများလယ်စိုက်နေချိန်တွင် သူက ဘဲကျောင်းခဲ့ရသည်။

၂၀၀၈ ခုနှစ် နာဂစ်အတိုင်မီတွင် သူသည် မိသားစုတာဝန်ကို လွှဲပြောင်းယူခဲ့သည်။ နာဂစ်သည် စပါးခင်းများကိုဖျက်ဆီးလိုက်ပြီး စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူထားသည့် အကြွေး ၃၀၀,၀၀၀ ကျပ် တင်ရှိခဲ့သည်။ သို့သော် နာဂစ်ပြီးပြီးချင်းလများတွင် မိသားစုစားဝတ်နေရေးမှာ ပြင်ပအထောက်အပံ့များကြောင့် ပြဿနာမရှိခဲ့ပေ။

၂၀၀၉ ခုနှစ်တွင် လယ်ပြန်စိုက်သည်။ သို့သော် သူ့မိဘများမှာ ကျန်းမာရေးမကောင်းတော့သောကြောင့် လယ်မလုပ်နိုင်တော့ချေ။ လယ်လုပ်နေစဉ်တွင် သူသည် စိုက်ချိန်ပြီးပါက ဘောက်လုပ်သားနှင့် လက်သမားအလုပ်များကို လုပ်ခဲ့သည်။ တစ်ကြိမ်တွင် ရခိုင်သို့သွားရောက်ပြီး တစ်နေ့လျှင် ကျပ် ၆,၀၀၀ ဖြင့် လက်သမားနေ့စားအလုပ်ကို သွားလုပ်ခဲ့ပြီး စိုက်ချိန်မှ ပြန်လာခဲ့သည်။ သူ၏မြေသည် ပုံမှန်ရေလွှမ်းသည့်နေရာတွင်ရှိနေသောကြောင့် နွေစပါးသာ စိုက်ပျိုး၍ရသည်။ ထို့ကြောင့် မိုးတွင်းတွင် သူသည် ပုံသေစိုက်ပျိုးရေးလုပ်သားအဖြစ် အလုပ်လုပ်ခဲ့ပြီး တစ်ခါတရံတွင် လယ်သမားကြီးများထံမှ ကြိုတင်ငွေရရှိခဲ့သည်။ သို့သော် ထိုပမာဏသည် ကျပ်ငွေ ၃၀၀,၀၀၀ ထက် ဘယ်သောအခါမှ မပိုပေ။

၂၀၁၃ ခုနှစ်တွင် ချေးငွေရရှိရာနေရာများ များပြားလာခဲ့ပြီး ကိုအောင်ထွန်းသည် အကြွေးထပ်တင်ခဲ့သည်။ ချေးငွေ ၂ ခုကို ပြန်ဆပ်နိုင်သော အချိန်တွင် သူ၏တတိယချေးငွေမှာ ပြဿနာဖြစ်တော့သည်။ သူသည် လိုအပ်သော နှစ်ပတ်တစ်ခါပေးချေမှုများကို ပြုလုပ်နိုင်ရန်အတွက် ပုဂ္ဂလိကငွေချေးသူထံမှ အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ကြားဖြတ်ချေးငွေကို ယူရသည်လည်းရှိသည်။ ၂၀၁၅ ခုနှစ်တွင် မိဘများ၏ကျန်းမာရေးမှာ ပိုမိုဆိုးရွားလာခဲ့ပြီး ဖျာပုံတွင် ဆေးရုံတက်သွားပြရသည်။ သူသည် ကြွေးပြန်ဆပ်ရန် အလုပ်တိုးလုပ်နေရင်းပင် ကြွေးပိုတင်လာခဲ့သည်။ ယခု သူ့တွင် အကြွေး ကျပ်ငွေ ၁.၂ သန်းအထိ တင်ရှိနေခဲ့သည်။

သို့ရာတွင် ကိုအောင်ထွန်းသည် သူ့လယ်မြေဝန်းကျင်တွင် တမံဖို့ခဲ့ခြင်းကြောင့် အခြေအနေကောင်းလာမည်ဟု မျှော်လင့်သည်။ ပြီးခဲ့သောနှစ်တွင် လယ်သမားကြီးတစ်ယောက်မှ မိုးရာသီရေလွှမ်းမှုကိုကာကွယ်ရန်အတွက် သူ့လယ်ကို တမံဖို့ခဲ့ခြင်းကို တွေ့မြင်ခဲ့သည့်အတွက် သူ့လယ်မြေ တစ်ဝိုက်တွင် သူ့ဘာသာ တမံဖို့ခဲ့သည်။ SIM သုတေသနပြုလုပ်ချိန်တွင် ပေါက်နေသောပျိုးပင်များ အခြေအနေကောင်းသည်ကို တွေ့ခဲ့ရသည်။ သူ့အကြွေးတစ်ချို့ကို ပြန်ဆပ်နိုင်မည်ဟု မျှော်လင့်လျက်ရှိသည်။ နှစ်နှစ်ဆက်တိုက် အထွက်နှုန်းကောင်းပြီဆိုလျှင် သူအကြွေးကျနိုင်ပြီဟု လယ်သမားမှ ဆိုခဲ့သည်။

သည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဦးစားပေးကြသည်။

သို့သော်လည်း SIM 5 တွင် အခြေခံအဆောက်အအုံများလိုအပ်မှုကို မေးမြန်းရာတွင် တမံဖို့ခြင်းမှာ ယခင်ကထက်ပိုပြီး ဦးစားပေးဖြစ်လာခဲ့သည်။ ကျေးရွာများအားလုံးတွင် ကျေးရွာ ၆ ရွာမှာ နာဂစ်ပြီးကတည်းက ၎င်းတို့ဘာသာ တမံဖို့ထားကြသည် (လတ်တလော နောက်ဆုံး ၂ နှစ်တွင် အနည်းဆုံး ၂ ရွာ)။ ၎င်းကို လယ်သမားအုပ်စု၏ ဘဏ္ဍာငွေဖြင့် တည်ဆောက်ခဲ့ကြပြီး အဖွဲ့ပိုင် စပါးခင်းကို ကာကွယ်ရန်အတွက်ဖြစ်သည် (သာဓက ၁)။ နောက်ထပ် ၆ ရွာတွင် တမံဟောင်းများရှိပြီး နာဂစ်မတိုင်မီကတည်းက အစိုးရမှ ဆောက်လုပ်ပေးထားခြင်းဖြစ်သည်။ ၎င်းတမံသည် ရွာနှင့်အနီးအနား လယ်ကွက်များကို ကာကွယ်ရန်အတွက်ဖြစ်သည်။ ထိုတမံရှိသော ကျေးရွာများထဲမှ ၆ ရွာသည် ၎င်းတို့တမံများကို ပြန်လည် မွမ်းမံရန်လိုနေပြီဟု အစီရင်ခံကြသည်။ တမံမရှိသော နောက်ရွာ ၅ ရွာတွင် တမံဖို့ခြင်းကို အဓိကဦးစားပေးအဖြစ် ရှုမြင်ကြသည်။ တမံဖို့ခြင်း၏ သက်ရောက်မှုမှာ ထင်ရှားပြီး လက်ရှိတမံဖို့ထားသော ရွာ ၁၂ ရွာတွင် စိုက်ပျိုးရေးအခြေအနေမှာ ကောင်းသည် (သို့) အသင့်အတင့်ဖြစ်သည်ဟု တစ်ရွာမှပြောကြားပြီး ၃ ရွာမှာ ပြန်လည်ထူထောင်လာသည့် အနေအထားသို့ရောက်နေပြီဟု ယူဆသည်။

### *ဝင်ငွေကို အခွင့်အလမ်းအမျိုးမျိုးမှ ရှာယူခြင်းနှင့် ပြောင်းရွှေ့နေထိုင်အလုပ်လုပ်ခြင်း*

> *"ဒီနှစ် ဝင်ငွေကို နေရာအမျိုးမျိုးကရှာတယ်။ ဘဲလည်း မွေးတယ်၊ ကွမ်းပင်တွေလည်းစိုက်တယ်။ ဈေးနှုန်းတွေက အစစအရာရာ ကြီးလာနေတာ၊ စိုက်ပျိုးရေးတစ်ခုတည်း အပေါ်မှာပဲ အားထားနေလို့ မရတော့ဘူး။"*
>
> – လယ်သမား

ရိတ်သိမ်းမှုတစ်ခုနှင့်တစ်ခုအကြား အထွက်နှုန်းများ အတက်အကျ ပြောင်းလဲလျက်ရှိခြင်းသည် လယ်သမားများ၏ ပြုမူဆောင်ရွက်မှုကို ပြောင်းလဲလာစေခဲ့သည်။ လယ်သမားများမှာ တခြားဝင်ငွေရရာ အလုပ်များကိုပါ ပြုလုပ်လာကြသည်။ ယခင် SIM သုတေသနများတွင် စိုက်ပျိုးရေးလုပ်သောအိမ်ထောင်စုများမှာ အခြားရေလုပ်သား (သို့) နေ့စားလုပ်သားများနှင့် နှိုင်းယှဉ်လျှင် တခြားဝင်ငွေရအလုပ်များကို တိုးချဲ့လုပ်ဆောင်မှု နည်းပါးသေးသည်။ မြေယာသည် ပုံသေပိုင်ပစ္စည်းအဖြစ် တန်ဖိုးရှိနေသေးသည့်အတွက် ပြောင်းရွှေ့အလုပ်လုပ်ရန် လိုအပ်မှုနည်းခြင်းနှင့် စိုက်ပျိုးချိန် လယ်မြေအနားတွင်သာ ရှိနေရန်လိုအပ်ခြင်းတို့သည် လယ်သမားများ၏ ဝင်ငွေရရာနည်းလမ်းများကို မတိုးချဲ့နိုင်ခြင်းဖြစ်သည်။ ဤ SIM 5 သုတေသနတွင်မူ လယ်သမားများသည် အထူးသဖြင့် လယ်ယာမြေပြင်ပအချိန်များတွင် ဝင်ငွေရရာအခွင့်အလမ်းများကို တိုးချဲ့လာကြသည်ကို သိသိသာသာ တွေ့ရှိရသည်။ နွေစပါးမစိုက်သော လယ်သမားများအတွက် ၎င်းကာလမှာ နိုဝင်ဘာလတွင်စကာ ဧပြီလကုန်တွင်ပြီးဆုံးပြီး နွေစပါးစိုက်သောလယ်သမားများအတွက်အလုပ်အကိုင်ရှားပါးလများသည် ဖေဖော်ဝါရီလမှ ဧပြီလအထိဖြစ်သည်။ လယ်သမားအများစုသည် ဒေသတွင်း နေ့စားအလုပ်များကို လုပ်ကိုင်ကြခြင်း (သို့) ရန်ကုန် (သို့) အခြားသော မြို့ကြီးများသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြခြင်းတို့ကို ပြုလုပ်ကြသည်။

## ရေလုပ်ငန်း

### *မြစ်ဝကျွန်းပေါ်ဒေသရှိရေလုပ်ငန်း*

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ငါးဖမ်းခြင်း သုံးမျိုးသုံးစားရှိသည်။ ပထမတစ်ခုမှာ ဝမ်းစာအတွက် ငါးဖမ်းခြင်းဖြစ်သည်။ ၎င်းကို ပိုင်ဆိုင်ပစ္စည်းမရှိသည့် မြေယာမဲ့များမှာ ယေဘုယျအားဖြင့် ချောင်းမြောင်းများအကြားတွင် ပြုလုပ်ကြခြင်းဖြစ်သည်။ ထိုငါးဖမ်းသမားများသည် မိုးရာသီအတွင်း လယ်ကွက်များ ရေမြုပ်သွားပါက

လယ်ကွက်များထဲတွင်လည်း ငါးရှာကြသည်။ ၎င်းတို့သည် လူအင်အားဖြင့်ပြုလုပ်ထားသော လှေငယ်ကလေးများသုံးကာ ကြိုးတန်းပြီး ငါးမျှားခြင်း (သို့) ငါးဖမ်းပိုက်ငယ်များဖြင့် ငါးဖမ်းခြင်းတို့ကို ပြုလုပ်ကြသည်။ အများအားဖြင့် ၎င်းတို့ဖမ်းမိသမျှသည် ဝမ်းစာအတွက်သာဖြစ်ပြီး ငါးစိမ်း (သို့) ငါးခြောက်တို့ကို နောင်တွင် စားသုံးရန်ထားရှိသည်။ ပိုလျှံသောအခါမှသာ ဒေသငါးဒိုင်သို့ သွားရောက်ရောင်းချသည်။ ယခင် SIM များတွင် ဝမ်းစာအတွက်ငါးရှာသူများမှာ နည်းပါးသော်လည်း ရွာလူဦးရေအများစု၏ ရေတွက်၍ရသော အချိုးအစားတွင်ရှိကြသည်။ ၂၀၁၇ တွင် အလုပ်အကိုင်ရရှိမှုများ တိုးမြင့်လာခြင်းနှင့် ပြောင်းရွှေ့အလုပ်လုပ်ရန် အခွင့်အလမ်းပိုများလာခြင်းကြောင့် ဝမ်းစာအတွက် ငါးဖမ်းခြင်းကို ပင်မအသက်မွေးမှုအဖြစ်ပြုလုပ်သည့် လူဦးရေအချိုးအစားမှာ အနည်းငယ်သာရှိတော့သည်။ သို့သော်လည်း စိုက်ပျိုးချိန်ပြင်ပအချိန်များတွင် ၎င်းကို ဒုတိယအသက်မွေးဝမ်းကျောင်းလုပ်ဆောင်မှုအဖြစ် တွေ့ရှိနေရသေးသည်။

ဒုတိယတစ်ခုမှာ တစ်ကိုယ်တော် (သို့) မိသားစုဝင်/မိတ်ဆွေများနှင့် အုပ်စုဖွဲ့၍သော်လည်းကောင်း အသေးစားငါးဖမ်းခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။ ၎င်းကို နေရာဒေသအပေါ်မူတည်ပြီးလည်း ထပ်မံပိုင်းခြားနိုင်သည်။ ကမ်းရိုးတန်းဒေသတစ်လျှောက် ပျံ့နှံ့နေထိုင်သော ကျေးရွာများတွင်နေထိုင်သူများသည် အထူးသဖြင့် ဘင်္ဂလားပင်လယ်အော်ကမ်းလွန်ပင်လယ်ပြင်အနီးတွင် အဓိကငါးဖမ်းသည်။ ၎င်းတို့သည် အနည်းငယ်ပိုကြီးသော ငါးများကို ဖမ်းဆီးတတ်ကြသည် (၎င်းကို နောက်ပိုင်းအခန်းများတွင် ဖော်ပြထားသည်)။ ငါးဖမ်းလုပ်ငန်းမှ အမိအရမှာလည်းပိုများသည်။ ဒုတိယအုပ်စုမှာ မြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကရေလမ်းကြောင်းများကို ဖွဲ့စည်းထားသည့် ပင်မမြစ်ကြောင်းများ တစ်လျှောက်တွင်ရှိသော ရွာများမှ ရေလုပ်သားအုပ်စုများဖြစ်သည်။ ထိုမြစ်များသည် တစ်မိုင်အကျယ်အထိ ရောက်ရှိနိုင်ပြီး မြစ်ကမ်းနဖူးနဘေးတစ်လျှောက်တွင် နေထိုင်သော ရေလုပ်သားများကို တည်တံ့သည့် အသက်မွေးမှုကို မိရိုးဖလာအားဖြင့် ပေးစွမ်းထားနိုင်သည်။ နာဂစ်နောက်ပိုင်းတွင်မူ ထိုအသက်မွေးမှုမှာ ကျဆင်းခဲ့သည်။ ထိုအုပ်စုနှစ်ခုစလုံးသည် ငါးဖမ်းပိုက်အရွယ်အစားအမျိုးမျိုးကို အသုံးပြုကြပြီး အများအားဖြင့် အမိုးမပါသော ပဲ့ထောင်လှေများဖြင့် ငါးဖမ်းကြသည်။ ရွာတစ်ရွာတွင်ရှိသော ထိုငါးဖမ်းသမားများ၏ အရေအတွက်အချိုးအစားသည် ရွာများတည်ရှိမှု နေရာဒေသအလိုက် ကွဲပြားခြားနားမှုရှိသော်လည်း ၎င်းတို့သည် SIM ကျေးရွာများအားလုံးတွင် အများဆုံးတွေ့ရသော ရေလုပ်သားအမျိုးအစားများဖြစ်သည်။

နောက်ဆုံးတစ်ခုမှာ လစာဖြင့် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်သော ငါးဖမ်းသမားများဖြစ်သည်။ ထိုရေလုပ်သားများသည် မိမိရွာများမှ စွန့်ခွာပြီး မြို့ကြီးများတွင်ရှိသော အကြီးစားငါးဖမ်းလှေကြီးများတွင် သွားရောက်အလုပ်လုပ်ကြသည်။ ထိုလှေများသည် အများအားဖြင့် ကမ်းဝေးငါးဖမ်းခြင်းကို လုပ်ကိုင်ကြပြီး တစ်ခါငါးဖမ်းထွက်လျှင် ရက်သတ္တပတ် အနည်းငယ်ကြာမြင့်သည်။ ကျေးရွာများတွင် မိရိုးဖလာအသက်မွေးမှုမှာ တိုးတက်မလာသောကြောင့် ဝမ်းစာအတွက် (သို့) အသေးစားငါးဖမ်းသူများမှာ ၎င်းတို့အသက်မွေးမှုများကို ပြန်လည်အစားထိုးရန် (သို့) ဖြည့်စွက်ရန်အတွက် ငါးဖမ်းလှေများတွင် လုပ်သားအဖြစ် သွားရောက်အလုပ်လုပ်တော့သည်။

ရေလုပ်ငန်းအိမ်ထောင်စုများတွင် ငါးဖမ်းပိုက်ချခြင်း/ပြန်သိမ်းခြင်းတို့ကို ပုံမှန်အားဖြင့် အိမ်ထောင်ဦးစီးအမျိုးသား (သို့) သားအကြီးဆုံးမှ တာဝန်ယူပြုလုပ်သည်။ အပိုလုပ်သားလိုအပ်ပါက လုပ်သားငှားရမ်းသော်လည်း ငါးဖမ်းရရှိမှုလျော့နည်းလာချိန်တွင် အမျိုးသမီးများမှာ လှေဖြင့်သွားပြီး ငါးဖမ်းပိုက်ကို ပြန်သိမ်းကြရသည်။ အမျိုးသမီးများသည် ဖမ်းဆီးရရှိသောငါးများကို ပုံပြီးသည်နှင့် အုပ်စုများခွဲကာ မည်မျှကိုရောင်းချမည်၊ မည်မျှကို အိမ်အတွက်စားသုံးမည်၊ ငါးပိ (သို့) ငါးစာအဖြစ် အသုံးပြုဖို့ဖြစ်ဖြစ် ပြောင်းလဲပြုလုပ်မည်စသည်ကို ဆုံးဖြတ်ကြသည်။ ငါးဖမ်းပိုက်များ ပြင်ဆင်သည့်အခါတွင်လည်း အမျိုးသမီးများပါဝင်ကြသည်။ လှေဖြင့် ငါးဖမ်းခြင်းသည် ခွန်အားလိုအပ်သည့်အတွက် အမျိုးသမီး အိမ်ထောင်ဦးစီး အနည်းငယ်သာ ထိုသို့ငါးဖမ်းကြသည်။ သို့သော် အချို့မှာ လှေငယ်များနှင့် ငါးဖမ်းပိုက်ငယ်များဖြင့် ဝမ်းစာအတွက် ငါးဖမ်းကြသည်။ ထိုသို့ငါးဖမ်းခြင်းမျိုးအတွက် ခွန်အားကြီးမားရခြင်း၊ ဈေးကြီးသောလိုင်စင်များ (သို့) နေအိမ်မှစွန့်ခွာရခြင်းများ မလိုအပ်ပေ။

***ငါးဖမ်းသမားများ မည်သည်တို့ကို ဖမ်းကြသနည်း။***

ဧရာဝတီမြစ်၊ သူ၏ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းဝေးပင်လယ်ပြင်တွင် များပြားလှစွာသော ငါးမျိုးများနှင့် ပင်လယ်မျိုးစိတ်များ တည်ရှိကြသည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်အရ ငါးဖမ်းခြင်းအသက်မွေးမှုတွင် ပုစွန်ထုပ်၊ ပုစွန်ဆိတ်၊ ကဏန်း၊ ကျောက်ပုစွန်တို့ကို ဖမ်းဆီးခြင်းတို့ ပါဝင်သည်။ အများဆုံးတွေ့မြင်ရသော ငါးမျိုးစိတ်မှာ ငါးသလောက်ဖြစ်ပြီး ငါးဖမ်းသမားများသည် ငါးအမျိုးများစွာကို ဖမ်းခြင်း၊ စားသုံးခြင်း၊ အခြောက်လှမ်းခြင်းနှင့် မြန်မာ့အစားအစာဖြစ်သည့် ငါးပိပြုလုပ်ခြင်းတို့ကို ပြုလုပ်ကြသည်။

## ရေလုပ်ငန်းမှရရှိသော အမြတ်အစွန်း

***ရေလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော စရိတ်စကများမှာ အစစအရာရာ ကြီးမြင့်လာခဲ့သည်။***

နာဂစ်ကတည်းက ရေလုပ်သားအဖြစ်အသက်မွေးရခြင်း၏ စရိတ်စကမှာ တဖြည်းဖြည်း ကြီးမြင့်လာခဲ့သည်။ မုန်တိုင်းပြီးနှစ်များအတွင်းတွင် ဆုံးရှုံးသွားသောလှေများ၊ အင်ဂျင်များနှင့် ငါးဖမ်းပိုက်များကို ပြန်လည်အစားထိုးရန်အတွက် ရင်းနှီးမြှုပ်နှံမှုမှာ အရေးတကြီးလိုအပ်ခဲ့သည်။ အချို့ရွာများတွင် ရေလုပ်သားများအားလုံးသည် ၎င်း

တို့၏အသက်မွေးမှုကိရိယာများအားလုံးကို ဆုံးရှုံးခဲ့ပြီး အစမှပြန်စရသော အခြေအနေသို့ ရောက်ခဲ့သည်။ အချို့မှာ မြန်မာပြည်တွင်း (သို့) အပြည်ပြည်ဆိုင်ရာ ပြင်ပထောက်ပံ့မှုများမှ အကူအညီရရှိသော်လည်း အချို့မှာ အသက်မွေးမှုပြန်စရန် မိမိတို့ဘာသာ နည်းလမ်းရှာခဲ့ရသည်။ နာဂစ်အပြီး နောက်ပိုင်းနှစ်များတွင် ရေလုပ်သားအများအပြားမှာ ရန်ကုန် (သို့) အခြားသောနေရာများတွင် သွားရောက်အလုပ်လုပ်ပြီး လှေအသစ်နှင့် ငါးဖမ်းကိရိယာများဝယ်ယူရန်အတွက် ငွေစုခဲ့သည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် ရေလုပ်သားများမှ ပြောကြားခဲ့သည်။

အချိန်တွေပြောင်းလဲလာခဲ့ပြီး ငါးဖမ်းဆီးရရှိမှုများ လျော့နည်းလာခဲ့ရာ ရေလုပ်သားများမှာလည်း ၎င်းတို့အသက်မွေးမှု အခွန့်ရှည်ရန်အလို့ငှာ ငါးဖမ်းကိရိယာအသစ်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံခဲ့ကြသည် (သာဓက ၂)။ ငါးဖမ်းလှေနှင့် အင်ဂျင်များတိုးတက်လာမှုသည် ရေလုပ်သားများကို အဝေးရှိ ငါးများစွာမိနိုင်သော ငါးဖမ်းကွက်များတွင် သွားဖမ်းနိုင်စေသည်။ ငါးဖမ်းပိုက်အကွက်စိတ်များကို အသုံးပြုလာခြင်းသည် ငါးသေးများကိုပါ ဖမ်းမိစေပြီး ထိုအလေ့အထသည် ရေရှည်အတွက် စိုးရိမ်စရာရှိနေပါသည်။

လတ်တလောနှစ်များအတွင်းတွင် လိုင်စင်ကြေးပြောင်းလဲလာမှုသည် ရေလုပ်သားများအတွက် စရိတ်စကကို ပိုမိုတိုးမြင့်စေခဲ့သည်။ လိုင်စင်စည်းမျဉ်းစည်းကမ်းများသည် ဖမ်းသည့်ငါးအမျိုးအစား (သို့) အသုံးပြုသည့်ငါးဖမ်းပိုက်အမျိုးအစားတို့အပေါ်တွင် မူတည်နေခြင်းမရှိသလို တစ်မြို့နယ်နှင့်တစ်မြို့နယ်သည် မတူညီဘဲ ကွဲပြားခြားနားလျက်ရှိသည်။ မြို့နယ်အဆင့် ရေလုပ်ငန်းဌာနများသည် လိုင်စင်စည်းမျဉ်းစည်းကမ်းများကို ကိုယ့်မြို့နယ်အတွက်ကိုယ် ပြဋ္ဌာန်းပုံရသည်။

ငါးဖမ်းခြင်းအမျိုးမျိုးအတွက် ထိုစည်းမျဉ်းစည်းကမ်းများသည် တစ်ဦးချင်းရေလုပ်သားများအတွက် လိုင်စင်ငွေကျပ် ၅,၀၀၀ မှစပြီး ရေလုပ်ငန်းငယ်များကို တစ်ဆင့်ကန်ထရိုက်ပေးသော ရေလုပ်ငန်းကြီးများအတွက် ကျပ်ငွေ ၂.၅ သန်းအထိရှိသော အထူးအခွင့်အရေးဈေးနှုန်းတို့အထိ ပါဝင်သည်။ လိုင်စင်ဖွဲ့စည်းပုံအပြောင်းအလဲသည် တစ်နှစ်နှင့်တစ်နှစ် ပြောင်းလဲနေသောကြောင့် ကျေးရွာရေလုပ်သားများအတွက် ရေရှည်စီမံကိန်းဆွဲရန် အခက်အခဲရှိသည်။ ငါးဖမ်းလှေကြီးများကြောင့် ရေလုပ်သားငယ်များ၏ ငါးဖမ်းပိုက်များ ပျက်ဆီးရခြင်းကို ရေလုပ်ငန်းဌာနများမှ မကူညီနိုင်သောအခါ အမြတ်အစွန်းမှာ နည်းပါးပြီး လိုင်စင်ရယူရခြင်းမှာ စရိတ်ပိုကြီးလာခဲ့သည်။

**သာဓက ၂ - ငါးဖမ်းပိုက်အသစ်များသည် ရေလုပ်သားတစ်ယောက်အတွက် အမြတ်အစွန်းပိုရစေခဲ့သည်။**

ဘိုကလေးမြို့နယ်တွင် ပင်မအသက်မွေးမှုမှာ ရေလုပ်ငန်းဖြစ်ပြီး လယ်ယာလုပ်ငန်းလုပ်သောအိမ်ထောင်စု အနည်းငယ်သာရှိသည်။ နာဂစ်အတွင်းတွင် ကျေးရွာအတွင်းရှိ အိမ်များအားလုံးပျက်ဆီးခဲ့ပြီး ၎င်းတို့ကိုပြန်ဆောက်ရန်အတွက် တစ်နှစ်နီးပါး အချိန်ယူခဲ့ရသည်။ ဦးဇော်ဝင်းသည် ရေလုပ်သားတစ်ဦးဖြစ်ပြီး ကလေး ၄ ယောက်ရှိသည်။ သူ့မိသားစုတွင် သူတစ်ယောက်သာ ဝင်ငွေရှာသူဖြစ်ပြီး သူ့ဇနီးမှာ ဖမ်းဆီးရရှိသော ငါးများကို ကူညီကောက်ယူပေးသည်။

နာဂစ်သည် သူ၏ငါးဖမ်းပိုက်များနှင့် လှေကိုဖျက်ဆီးခဲ့သည်။ မုန်တိုင်းအပြီးနှစ်များတွင် သူသည် နေ့စားလယ်ယာလုပ်သားအဖြစ် အလုပ်လုပ်ခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ငါးသလောက်ငါးဖမ်းပိုက်တစ်ခုဝယ်ရန် ကျပ်ငွေ ၈၀,၀၀၀ ကို ချေးယူခဲ့သည်။ သူသည် ရေလုပ်သားတစ်ဦးထံမှ လှေတစ်စီးကိုလည်း ငှားယူခဲ့သည်။ သို့သော် အခြားရေလုပ်သားများ ငါးဖမ်း ၄ ခါထွက်လုပ်လျှင် သူ့မှာ တစ်ခါသာထွက်နိုင်သည်။ အကျိုးဆက်အားဖြင့် သူသည် ရေလုပ်သားအဖြစ် အသက်မမွေးနိုင်တော့ပေ။

ထို့အတွက်ကြောင့် ဦးဇော်ဝင်းသည် ငါးသလောက်ရာသီပြီးဆုံးချိန်တွင် ရန်ကုန်သို့သွားရောက်ပြီး နေ့စားလုပ်သားအဖြစ် အလုပ်လုပ်ခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် NGO တစ်ခုမှ ဦးဇော်ဝင်းအပါအဝင် လှေမရှိသောရေလုပ်သားများကို လှေ ၁၁ စီး ထောက်ပံ့ခဲ့သည်။ သူသည် ငါးဖမ်းပိုက်အသစ်တစ်ခုကိုလည်း ၎င်းငွေဖြင့်ထပ်မံဝယ်ယူခဲ့သည်။ ငါးဖမ်းပိုက်အသစ်ကြောင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ငါးဖမ်းရရှိမှုမှာ ကောင်းမွန်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းရရှိမှုမှာ ကျဆင်းသွားခဲ့ပြီး သူသည် ကျားပိုက်ဖြင့်ဖမ်းရန် ဆုံးဖြတ်ခဲ့သည်။ လိုင်စင်ကြေးနှင့် ငါးဖမ်းပိုက်သစ်ရယူရန်အတွက် ကျေးရွာငါးဒိုင်ဆီမှ ကျပ်ငွေ ၅၀၀,၀၀၀ ကို ချေးယူခဲ့ပြီး ပြန်လည်ပေးချေမှုတစ်ရပ်အနေဖြင့် သူဖမ်းဆီးရရှိသော ငါးများကို ထိုငါးဒိုင်သို့သာ ပေးသွင်းရမည်ဖြစ်သည်။ ရွာဒိုင်ဆီမှငါးဈေးမှာ မြို့နှင့်ရွာကွာသည်ကိုသိသော်လည်း သူ့လှေအင်ဂျင်မှာ မြို့သို့ သွားရောက်လောက်အောင် မကောင်းမွန်ပေ။

ဦးဇော်ဝင်းသည် ကျားပိုက်ဖြင့် ငါးဖမ်းနေသည်မှာ ၅ လရှိပြီဖြစ်ပြီး သူ့မိသားစုသည် ရွာတွင်ရှိသော အဆင်ပြေဆုံးမိသားစုများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ "လိုင်စင်ဝယ်ဖို့တင်တဲ့အကြွေးက ကျပ်ငွေ ၄၀၀,၀၀၀ နှင့် ၅၀၀,၀၀၀ အကြားတွင်ရှိသော်လည်း နှစ်တိုင်းအပြည့်ပြန်ဆပ်နိုင်ပါတယ်။"

### *ရေလုပ်ငန်းမှရရှိသောဝင်ငွေသည် အတတ်အကျမရှိဘဲ တန့်နေသည်။*

ဈေးနှုန်းများကြီးမြင့်လာခြင်းနှင့် ငါးဖမ်းရရှိမှုနှုန်း လျော့နည်းလာခြင်းတို့သည် တစ်ခုနှစ်တစ်ခု ဆက်နွှယ်လျက်ရှိသောကြောင့် ငါးဖမ်းလုပ်ငန်းမှရရှိသောဝင်ငွေသည်လတ်တလောနှစ်ကာလများအတွင်း အတက် အကျမရှိဘဲ တန့်နေခဲ့သည်။

ငါးဖမ်းရရှိမှု တိုးမလာခြင်း ......

ရေလုပ်သားအများအပြားနေထိုင်သော ကျေးရွာအများစုတွင် မည်သည့်ငါးအတွက်ဖြစ်စေ၊ မည်သည့်ငါးဖမ်းပိုက်ကို အသုံးပြုသည်ဖြစ်စေ ငါးဖမ်းရရှိမှုနည်းပါးခြင်းနှင့် တန့်နေခြင်းတို့ကို ကြုံတွေ့နေရကြောင်း ပြောကြားကြသည်။ ကမ်းရိုးတန်းဒေသတွင် တိုက်ရိုက်တည်ရှိနေသော၊ ရေနက်ပိုင်းနှင့် ပင်လယ်သို့လက်လှမ်းမီသော ကျေးရွာများတွင်သာ ခြွင်းချက်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကမြစ်များတစ်လျှောက်နေထိုင်သော ကျေးရွာများတွင် ငါးဖမ်းရရှိမှုနှုန်း နည်းပါးလာခြင်းသည် နေရာအနှံ့တွေ့မြင်ရသော အချက်ဖြစ်သည်ဟု အစီရင်ခံကြသည် (ဇယား ၉)။ ပုစွန်ဖမ်းဆီးရရှိမှုမှာ ၂၀၁၀ ကာလများကို ပြန်မီသွားပြီဖြစ်သော်လည်း ငါးအမျိုးအစားအများစု၏ ဖမ်းဆီးရရှိမှုအခြေအနေမှာ နာဂစ်မတိုင်မီအခြေအနေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်သာ ရှိနေသေးသည်။

**ဇယား ၉** - ငါးသလောက်ဖမ်းဆီးရရှိမှု (တစ်နှစ်လျှင် ပိဿာပေါင်း)

| | နာဂစ် မတိုင်မီ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၃ | ၂၀၁၇ |
|---|---|---|---|---|---|---|---|
| ငါးဖမ်းရရှိမှု | ၁၀၀ | ၁၀၀ | ၁၀၀ | ၇၅ | ၄၈ | ၄၀ | ၄၅ |

*"အခုတော့ ဘယ်နှစ်ပိဿာဖမ်းမိလည်း မပြောနိုင်တော့ဘူး၊ ဘယ်နှစ်ကောင်ဖမ်းမိသလဲဘဲ ပြောနိုင်တော့တယ်"*

– ငါးဖမ်းရရှိမှု သိသိသာသာ ကျဆင်းသွားသော မြစ်ကမ်းနဖူးအပေါ်တွင်ရှိသောကျေးရွာမှ ရေလုပ်သားတစ်ဦးမှ ပြောကြားခဲ့သည်။

ငါးဖမ်းဆီးရရှိမှု လျော့နည်းသွားခြင်းနှင့်ပတ်သက်သည့် ရေလုပ်သားများ၏ ရှင်းပြချက် အများအပြားရှိခဲ့သည်။ အဓိကအကြောင်းအရာနှစ်ခုမှာ ရေလုပ်ငန်းကြီးများအပါအဝင် အပြိုင်အဆိုင် ငါးဖမ်းသမားများ များပြားလာခြင်းနှင့် ရေအရည်အသွေးညံ့သွားခြင်း ဟူသော ယူဆချက်များဖြစ်သည်။ နောက်တစ်ခုမှာ မြစ်များတွင် ရေငန်ဝင်ရောက်မှုနှုန်း မြင့်မားလာခြင်းနှင့် လယ်မြေများမှ ဓာတ်မြေဩဇာများကြောင့် ရေထုညစ်ညမ်းလာခြင်းတို့ကြောင့် ဖြစ်သည်ဟုဆိုခြင်းဖြစ်သည်။ တခြားအများဆုံးတွေ့မြင်ရသည် အကြောင်းအရာများတွင် ငါးဖမ်းပိုက်များတွင် အမှိုက်များစွာပါရှိလာခြင်း (ငါးထက် ပလတ်စတစ်အမှိုက်များကိုသာ အများဆုံးဆည်မိသည်ဟု ရွာအများစုတွင်ရှိသော ရေလုပ်သားများမှဆိုကြသည်)နှင့် ငါးဖမ်းရရှိမှုအပေါ် သက်ရောက်နေသော ဒီရေအတက်အကျမှာ လတ်တလောနှစ်ကာလများအတွင် ခန့်မှန်းရခက်သွားခြင်းတို့ ပါဝင်သည်။

........တို့ကို ဈေးတင်ခြင်းဖြင့် ထေမိစေခြင်း

မည်သို့ပင်ဆိုစေကာမူ ငါးဖမ်းရရှိမှုနည်းပါးသွားခြင်းကို ထေမိစေရန် ငါးဈေးနှုန်းများ (အထူးသဖြင့် ပုစွန်ဈေးနှုန်းများ)ကို မြှင့်တင်လိုက်သည်။ ၎င်းသည် SIM 4 တွင်တွေ့ရှိချက်နှင့် ဆန့်ကျင်နေပြီး SIM 4 တွင် ငါးဖမ်းရရှိမှုနည်းပါးသွားသော်လည်း ထိုအတွက် ဈေးတင်ခြင်းများကို မပြုလုပ်သေးပေ။ ၂၀၁၇ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ဈေးတင်ထားသည်များကို တွေ့ရသည် (ဇယား ၁၀)။ ပထမဦးစွာ ကျေးရွာများတွင် ကြားခံလူအရေအတွက် များပြားနေခြင်းကြောင့် ဈေးကွက်သို့လက်လှမ်းမီမှု ကျဆင်းခဲ့သည်။ ကျေးရွာတစ်ရွာတွင် ပုစွန်တုပ်ဖမ်းသူ ရေလုပ်သားသည် ဒေသတွင်ရသောဈေးထက် အဆမတန်ကွာသောကြောင့် မြို့နယ်ဈေးကို ရှောင်လွှဲကာ ရန်ကုန်တွင်ရှိသော ပွဲစားထံသို့သာ တိုက်ရိုက်ရောင်းချတော့သည်။ ငါးရှားပါးမှုသည် ဈေးနှုန်းကိုမြင့်တက်စေခြင်း၏ ဒုတိယအချက်ဖြစ်သည်။ ရှားပါးမှုဟုဆိုရာတွင် ဖမ်းဆီးရရှိသောငါးအရေအတွက်အပြင် ရေလုပ်သားအရေအတွက် နည်းပါးလာခြင်းတို့ပါဝင်သည်။ နောက်ဆုံးတစ်ချက်မှာ အချို့ရေလုပ်သားများမှ ဈေးကွက်ခိုင်ခိုင်မာမာ ရရှိရန်အလို့ငှာ ငါးအမျိုးမျိုးကိုဖမ်းရန်အတွက် ငါးဖမ်းကိရိယာများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဈေးကွက်သို့ဝင်ရောက်ရန် အတားအဆီးနည်းသော အထူးသဖြင့် ကဏန်းကဲ့သို့ သော ပင်လယ်စာများ၏ ဈေးနှုန်းမှာလည်း မြင့်မားလာခဲ့သည်။

**ဇယား ၁၀** - ငါးသလောက်ဈေးနှုန်းများ (တစ်ပိဿာလျှင် ကျပ်ငွေ)

| | နာဂစ် မတိုင်မီ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၃ | ၂၀၁၇ |
|---|---|---|---|---|---|---|---|
| ဈေးနှုန်း | ၁၆,၇၀၀ | ၁၇,၂၀၀ | ၂၀,၂၅၀ | ၂၄,၆၅၀ | ၂၅,၉၀၀ | ၃၀,၄၀၀ | ၃၁,၄၀၀ |

## ဖန်တီးပေးနေသော အကြောင်းအရာများ

ငါးဖမ်းခြင်းမှအမြတ်အစွန်းရရှိမှုသည် ကျေးရွာ၏ တည်နေရာအပေါ်တွင် များစွာတည်မှီနေသည်။ ကမ်းရိုးတန်းဒေသများ (သို့) ၎င်းနှင့် အနီးအနားတွင်ရှိသော ကျေးရွာများသည် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ ကမ်းနဖူးများအပေါ်တွင် တည်ရှိနေသည့် ကျေးရွာများထက်ပိုပြီး ငါးဖမ်းရရှိမှုနှုန်း မြင့်မားကြသည်။ ၎င်းအပြင် ကုန်းလမ်းကြောင်းအသစ်များ ဖွံ့ဖြိုးလာခြင်းအပါအဝင် ကမ်းရိုးတန်းကျေးရွာများတွင် လမ်းပန်းဆက်သွယ်ရေးကောင်း မွန်လာခြင်းသည် ဈေးကွက်ကို ပိုမိုလက်လှမ်းမီလာစေခြင်းနှင့် ဈေးနှုန်းမြင့်တက်လာစေခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

မုန်တိုင်းဒဏ်သက်ရောက်မှုပြင်းထန်သော ကျေးရွာအများစုတွင် ရေလုပ်ငန်းကဏ္ဍများရှိခြင်းကြောင့် ရေလုပ်ငန်းနှင့် မုန်တိုင်းဒဏ်သက်ရောက်မှုတို့အကြား ဆက်စပ်မှုရှိနေသည်။ ငါးဖမ်းလုပ်ငန်းအခြေအနေ[၉]ကို ဆန်းစစ်အကဲဖြတ်နိုင်ခဲ့သော SIM ကျေးရွာ ၁၈ ရွာတွင် ၈ ရွာ (ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာ ၁၂ ရွာအနက်မှ) မှာ ပြင်းထန်စွာထိခိုက်ခံရသောရွာများဖြစ်ပြီး ၂ ရွာ (၁၀ ရွာအနက်မှ) မှာ အနည်းငယ်သာ ထိခိုက်ခံရသော ရွာများဖြစ်သည်။ သို့ရာတွင် ဇယား ၁၁ တွင် ဖော်ပြထားမှုအရ ထိုဆက်စပ်နေမှုများနောက်တွင် လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း မုန်တိုင်းဒဏ်သက်ရောက်ခံရမှုနှင့် ရေလုပ်ငန်းအခြေအနေအကြား အပြန်အလှန်ဆက်နွယ်နေမှု မရှိသည်ကို တွေ့ရှိရသည်။

**ဇယား ၁၁** - လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း မုန်တိုင်းဒဏ်သက်ရောက်မှုအခြေအနေအရ ရေလုပ်ငန်းအခြေအနေ

| သက်ရောက်ခံရမှု | ကောင်း | သင့် | ညံ့ | စုစုပေါင်း |
|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၁ | ၆ | ၁ | ၈ (၁၂ တွင်) |
| အလယ်အလတ်သက်ရောက် | ၃ | ၄ | ၁ | ၈(၁၈ တွင်) |
| အနည်းငယ်သာသက်ရောက် | ၁ | ၀ | ၁ | ၂ (၁၀ တွင်) |
| **စုစုပေါင်း** | **၅** | **၁၀** | **၃** | **၁၈ (၄၀ တွင်)** |

## ပြောင်းလဲဖြစ်ပေါ်လာသော ရေလုပ်ငန်း အကြောင်းချင်းရာများအလိုက် လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်မှု

*"ရေလုပ်ငန်းပြန်လုပ်ဖို့ အချိန်လိုတယ်။*
*နာဂစ်ကရခဲ့တဲ့ ကြောက်စရာအတွေ့အကြုံကြောင့်*
*ပြန်လုပ်ဖို့ အတော်ကြိုးစားခဲ့ရတယ်။"*

– ဇင်ရွဲကြီးကျေးရွာမှ ရေလုပ်သား။

SIM ကျေးရွာများတွင်ရှိသော ငါးဖမ်းလုပ်ငန်း အမြဲလုပ်ကိုင်နေသည့် လူအရေအတွက်မှာ လျော့ကျသွားသည်။ ကိန်းဂဏန်းအတိအကျ မရရှိသော်လည်း ရေလုပ်သားများ၊ ကျေးရွာခေါင်းဆောင်များနှင့် သုတေသနအဖွဲ့မှ ရေလုပ်ငန်းကို ပင်မအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ဆောင်ကြသော အိမ်ထောင်စုအရေအတွက်မှာ သိသိသာသာ လျော့နည်းသွားကြောင်း အစီရင်ခံကြသည်။

မြို့နယ်တွင် အခြေစိုက်သော ငါးဖမ်းလုပ်ငန်းကြီးများ ချဲ့ထွင်လာမှုသည် ကျဆင်းစေသော အချက်တစ်ခုဖြစ်သည်။ ငါးဖမ်းလှေကြီးများသည် ကမ်းဝေးတွင်ငါးဖမ်းရမည့်အစား ကမ်းခြေနှင့်မြစ်များတစ်လျှောက်တွင် ဝင်ရောက်ကာ ငါးဖမ်းလာကြသည်ဟု ရေလုပ်သားများက ဆိုကြသည်။ ရွာတွင်ကျန်ရှိသော ရေလုပ်သားများမှာ ဝင်ငွေကို တခြားနည်းလမ်းများဖြင့် ရှာဖွေမှုတိုးပွားလာကြပြီး ဒေသလုပ်ခနှုန်းမြင့်သော နေ့စားအလုပ်များကို လုပ်လာကြသည်။ အချို့ရေလုပ်သားများမှာ ငါးဖမ်းရာသီထိုင်းသောအချိန်များတွင် တစ်နေရာသို့ ရွှေ့ပြောင်းအလုပ်လုပ်ခြင်း (သို့) မိသားစုတွင်း အလုပ်လုပ်သူဦးရေများသော အိမ်ထောင်စုများမှ တစ်ယောက်မှာ ရန်ကုန် (သို့) အခြားရပ်ဝေးထံပါးတွင် ပုံသေ သွားအလုပ်လုပ်ခြင်းတို့ကို ပြုလုပ်ကြသည်။

### *ပံ့ပိုးကူညီမှုမရှိခြင်း*

လတ်တလောနှစ်ကာလများအတွင်းတွင် အထောက်အပံ့နည်းပါးသည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် အိမ်ထောင်စုများမှ ဆိုကြသည်။ လယ်သမားနှင့် ရေလုပ်ငန်းအထူးပြုလုပ်ငန်းများအကြား အလှူရှင်များနှင့် အစိုးရ၏ထောက်ပံ့မှုအစီအစဉ်များ မညီမျှမှုကို ထောက်ပြကြသည်။ ၎င်းသည် လိုင်စင်ကြေးများအပေါ် ရေလုပ်သားတို့၏ ဒေါသကို ပိုမိုကြီးထွားစေခဲ့သည်။ လိုင်စင်ကြေးများ ဈေးနှုန်းကြီးမြင့်လာသော်လည်း ရေလုပ်ငန်းဌာနဆီမှ မည်သည့်ပံ့ပိုးမှုမှမရရှိဘဲ မမျှတစွာ ပြုမူခံရလျက်ရှိခြင်းကြောင့် ရေလုပ်သားများမှာ အားကိုးရာမရှိပေ။ အများဆုံးကြားရသော တိုင်ကြားချက်မှာ ကမ်းဝေးငါးဖမ်းလှေကြီးများမှ ၎င်းတို့ငါးဖမ်းပိုက်များကို ပျက်စီးစေခြင်း (သို့)ဖျက်ဆီးခြင်းဖြစ်ပြီး ရေလုပ်သားငယ်များအတွက် မည်သူကမျှ တရားမျှတစွာ ဆောင်ရွက်ပေးမှုမရှိပေ။

## အန္တရာယ်ရှိသော ငါးဖမ်းနည်းစနစ်များ

မြစ်ဝကျွန်းပေါ်ဒေသအတွင်း အချို့ငါးဖမ်းနည်းများမှာ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း အနာဂတ်ငါးဖမ်းဆီးရရှိမှုကိုသော်လည်းကောင်း ထိခိုက်စေနိုင်သည်။ အဆိပ်သုံးခြင်း၊ မိုင်းထောင်ခြင်း၊ ရှော့တိုက်ခြင်းတို့သည် အဆင်အခြင်မဲ့ပြုမူမှုများဖြစ်ပြီး မြစ်ကြမ်းပြင်နှင့် အခြားသော တိရစ္ဆာန်များကို သေကြေပျက်စီးစေနိုင်သည်။ ထို နည်းလမ်းများသည် တရားမဝင်သော်လည်း အများကျင့်သုံးလျက်ရှိပြီး နာဂစ်အပြီးနောက်တွင် ပိုဆိုးလာခဲ့သည်။

[၉] ငါးဖမ်းလုပ်ငန်းအခြေအနေကို သတ်မှတ်ချက် - "ကောင်း" - ဈေးနှုန်းများမှာ ဆက်လက်တိုးမြင့်နေပြီး ခိုင်မာမြဲဖြစ်ခြင်း၊ ရွာသားများမှာ စက်တပ်လှေ၊ ပိုကောင်းသော ငါးဖမ်းပိုက်များ၊ တစ်ခါတရံ ပိုက်ကွက်စိတ်များတွင် ရင်းနှီးမြှုပ်နှံလာနိုင်ခြင်း၊ ဈေးကွက်သို့ ပိုမိုလက်လှမ်းမီလာခြင်းနှင့် ငါးဖမ်းလိုင်စင်ကြေးကျဆင်းသွားခြင်း။ "သင့်" - ဈေးနှုန်းမှာ ဆက်လက်ခိုင်မာမြဲဖြစ်ခြင်း၊ ပိုကောင်းသော ငါးဖမ်းပိုက်များကို လက်လှမ်းမီလာခြင်း၊ လိုင်စင်ကြေးကျသွားခြင်း။ "ညံ့" - ငါးဖမ်းရရှိမှုနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုအရေအတွက် သိသိသာသာကျဆင်းသွားခြင်း၊ အချို့ရွာများတွင် ရေလုပ်ငန်းမှာ အသက်မွေးမှုတစ်ခုအနေဖြင့်ပင် ရှိမနေတော့ဘဲ ပျောက်ဆုံးသွားခြင်း။

# လုပ်သား

SIM 4 တွင် ဘောက်လုပ်သားများမှာ ဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရှိခဲ့သည်။ နာဂစ်ပြီးနောက်တွင် အစားအသောက်ထောက်ပံ့မှုများသည် ဘောက်လုပ်သားများ၏ စားနပ်ရိက္ခာမဖူလုံမှုကို လျှော့ချပေးခဲ့သော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ တန့်သွားခြင်းနှင့် ဒုတိယအားထားရာ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ မရှိတော့ခြင်းတို့သည် မြေယာမဲ့လုပ်သားများကို ပိုမိုကြပ်တည်းစေခဲ့သည်။ အထူးသဖြင့် အလယ်အလတ်နှင့် ပြင်းထန်စွာ ထိခိုက်ခံရသော ကျေးရွာများတွင် မြေယာမဲ့လုပ်သားများ၏ လူမှုစီးပွားဖူလုံမှုအခြေအနေမှာ လယ်သမားများနှင့် တစ်ရွာလုံး၏ စီးပွားအခြေအနေတို့အပေါ်တွင် များစွာတည်မှီနေသည်။

SIM 5 တွင် ထိုအခြေအနေသည် တိုးတက်ပြောင်းလဲလာခဲ့ပြီး အဓိကအသက်မွေးအုပ်စု ၃ စုထဲတွင် မြေယာမဲ့လုပ်သားများမှာ နာဂစ်မတိုင်မီအခြေအနေသို့ နည်းလမ်းအမျိုးမျိုးဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုသို့တိုးတက်ပြောင်းလဲလာမှုအနေအထားသည် ကျေးရွာများအားလုံးနှင့် မြန်မာပြည်တစ်လွှား ဖြစ်ပေါ်တည်ရှိလာသော ပြောင်းလဲမှုဖြစ်စဉ်နှင့်ချိတ်ဆက်နေပြီး ၎င်းတို့တွင် စိုက်ပျိုးရေးလုပ်သားများအတွက် လုပ်ခလစာနှုန်းများ မြင့်မားလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ တိုးပွားလာခြင်းနှင့် ပြောင်းရွှေ့နေထိုင် အလုပ်လုပ်မှု ချဲ့ထွင်လာခြင်းတို့ ပါဝင်သည်။

SIM ကျေးရွာများအားလုံးတွင် လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပေါ်ထွန်းလာရာတွင် ထိုသို့အသက်မွေးမှုအသစ်များမှာ အထူးသဖြင့် မြို့နှင့်ချိတ်ဆက်မှုအားကောင်းသည့် ရပ်ရွာများတွင် တည်ရှိကြသည်။ သို့သော်လုပ်သားများမှာ စီးပွားရေးတစ်ခုအတွက်ထက် ၎င်းတို့ကိုယ်တိုင်အလုပ်လုပ်ဖို့အတွက်သာ အခွင့်အလမ်းပေါ်လာခြင်းဖြစ်ပြီး ရွာအတွင်းအလုပ်အကိုင် အခွင့်အလမ်းများထက် မြို့တွင်သာ အလုပ်ကောင်းကောင်း ပိုရနိုင်ကြသည်။

## စိုက်ပျိုးရေးလုပ်သား

***လုပ်အားအလိုအပ်ဆုံး အဓိကအချိန်နှင့် ၎င်းအချိန်ပြင်ပ (ပါးသောအချိန်) စိုက်ပျိုးရေးလုပ်ဆောင်ချက်များ***

မြစ်ဝကျွန်းပေါ်ဒေသအတွင်း စိုက်ပျိုးရေးလုပ်သားများကို လုပ်အားအလိုအပ်ဆုံး အဓိကအချိန်နှင့် ၎င်းအချိန်ပြင်ပ (ပါးသောအချိန်) အလုပ်အကိုင်များအဖြစ် ၂ ပိုင်းခွဲခြားနိုင်သည်။ ပါးသောအချိန်များ (နှစ်တစ်နှစ်တွင် အများစုအချိန်)တွင် လယ်သမားငယ်နှင့် အလတ်များမှာ လုပ်သားနည်းနည်းသာ ငှားရမ်းကြပြီး အချို့လယ်သမားများသည် ထိုကာလများအတွက် မိသားစုလုပ်အားကိုသာ အသုံးပြုကြသည်။ ထိုပါးသောအချိန် စိုက်ပျိုးရေးလုပ်ဆောင်ချက်များတွင် တာရိုးနှင့် ရေသွင်းမြောင်းများ ပြန်ဖော်ခြင်းများအပါအဝင် စိုက်ပျိုးခြင်း၊ ပေါင်းနုတ်ခြင်းနှင့် မရိတ်သိမ်းမီ သီးနှံစောင့်ရှောက်မှုများပါဝင်သည်။ ထိုလုပ်ဆောင်မှုများအတွက် လယ်သမားကြီးများသည် ရာသီအလိုက် (သို့) ပုံသေလုပ်သားများကို လစဉ်ပေးဖြင့်ဖြစ်စေ၊ ရာသီပေးဖြင့်ဖြစ်စေ ငှားရမ်းတတ်ကြသည်။

နာဂစ်မတိုင်မီကတည်းက စိုက်ပျိုးရေးအတွက် အဓိကအချိန်နှစ်ချိန်ရှိသည်။ ၎င်းတို့မှာ မိုးစပါးစိုက်ချိန်နှင့် မိုးစပါးရိတ်သိမ်းချိန်တို့ဖြစ်သည်။ နွေစပါးစိုက်ပျိုးမှုတိုးမြင့်လာခြင်းကြောင့် လယ်သမားအများစုအတွက် တတိယရာသီဖြစ်သည့် နွေစပါးရိတ်သိမ်းချိန်မှာ ပိုလာခဲ့သည်။[၁၀] မိုးစပါးအတွက် ပထမဆုံး အဓိကအချိန်မှာ မေလနှင့် ဇွန်လတွင်ဖြစ်ပြီး ၎င်းတွင် စိုက်ခြင်းနှင့် ပျိုးထောင်ခြင်းတို့ကို ပြုလုပ်သည်။ လတ်တလောနှစ်ကာလများအတွင်းတွင် လယ်သမားများမှာ ရေလွှမ်းခြင်းနှင့် အခြားသောဘေးများကြောင့် တစ်ခါမက ပြန်စိုက်ရတတ်ပြီး ရွှေ့ပြောင်းအလုပ်မလုပ်ဘဲကျန်နေသော လုပ်သားများအတွက် အခွင့်လမ်းများကို တိုးလာစေသည်။

မိုးစပါးကို စက်တင်ဘာလတွင် ရိတ်သိမ်းပြီး ၎င်းသည် လယ်သမားများအတွက် ရိတ်သိမ်းရန် အရေးတကြီးလိုအပ်သောကာလဖြစ်ခြင်းကြောင့် လုပ်သားလိုအပ်ချက် အမြင့်ဆုံးအချိန်ဖြစ်သည်။

***လုပ်သားခများ***

SIM ကျေးရွာများအားလုံးတွင် လွန်ခဲ့သော ၄ နှစ်တာကာလတစ်လျှောက်လုံးတွင် လုပ်ခလစာများမှာ တိုးမြင့်လာခဲ့သည်။ တချို့ကျေးရွာများတွင် အဓိကရာသီများတွက် နေ့စဉ်လုပ်အားခမှာ ၂၀၁၃ အနေအထားကထက် နှစ်ဆမျှ မြင့်မားကြသည်။ ဇယား ၁၂ သည် နာဂစ်မှစပြီး ကျေးရွာများအတွင်း အဓိကအချိန်များတွင် ကျားနှင့်မတို့၏လုပ်ခများ မည်သို့ပြောင်းလဲဖြစ်ပေါ်ခဲ့သည်ကို ဖော်ပြထားသည်။ ထိုပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည့်အချက်များကို အကြမ်းအားဖြင့် အုပ်စုနှစ်စုခွဲခြားနိုင်ပြီး တစ်ခုမှာ လုပ်သားတို့၏ ပြုမူဆောင်ရွက်မှုနှင့် နောက်တစ်ခုမှာ လယ်ယာစိုက်ပျိုးခြင်းဆိုင်ရာ အကြောင်းချင်းရာများတို့ ဖြစ်ကြသည်။

[၁၀] လယ်သမားများမှာ နွေစပါးအတွက် ပျိုးချရာတွင် လုပ်သားလိုအပ်ချက်နည်းပါးသော ပျိုးကြဲစနစ်ကိုသာ အသုံးပြုကြသည်။

**ဇယား ၁၂** - ၂၀၀၇-၂၀၁၇ အတွင်း လုပ်သားခများပြောင်းလဲလာမှု

| အမျိုးသားလုပ်အားခ (ကျပ်) | | | | | | အမျိုးသမီးလုပ်အားခ (ကျပ်) | | |
|---|---|---|---|---|---|---|---|---|
| ၂၀၀၇ | | ၂၀၁၃ | | ၂၀၁၆-၂၀၁၇ | | ၂၀၀၇ | ၂၀၁၃ | ၂၀၁၆-၂၀၁၇ |
| နေ့စဉ် | လစဉ် | နေ့စဉ် | လစဉ် | နေ့စဉ် | လစဉ် | နေ့စဉ် | နေ့စဉ် | နေ့စဉ် |
| ၁,၉၄၇ | ၅၈,၅၀၀ | ၂,၆၉၃ | ၇၆,၄၂၉ | ၄,၉၈၈ | ၈၇,၀၁၅ | ၁,၃၈၃ | ၁,၈၃၂ | ၄,၁၃၈ |

### *လုပ်သားအဖွဲ့များနှင့် ကြိုတင်လုပ်အားခများ*

လယ်သမားများနှင့် လုပ်သားများအကြားဆက်ဆံရေးတွင် လုပ်အားခကို သက်ရောက်လျက်ရှိသော လုပ်သားတို့၏ပြုမူဆောင်ရွက်ပုံ ၂ ခု ရှိသည်။ နာဂစ်မတိုင်မီက ကျေးရွာ ၃ ရွာတွင်သာ လုပ်သားအဖွဲ့များ ရှိပြီး ယခုအခါ ၁၁ ရွာတွင် လုပ်သားအဖွဲ့များရှိနေပြီး ၂ ဖွဲ့မှာ စိုက်ပျိုးရေးပြင်ပလုပ်သားများကို အဓိကထားပြီး လတ်တလောနှစ်များအတွင်း ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့များကို အနည်းဆုံး လုပ်သား ၂၀ ဖြင့် ဖွဲ့စည်းထားကာ တစ်ခါတရံ လုပ်သား ၅၀ အထိ ပါဝင်ပြီး အဖွဲ့အနေဖြင့်သော်လည်းကောင်း အလုပ်သမားခေါင်း တစ်ဦးမှ ဦးဆောင်၍သော်လည်းကောင်း လုပ်ဆောင်ကြသည်။ ထို အလုပ်သမားခေါင်းမှာ အများအားဖြင့် ဆက်ဆံရေးပြေပြစ်ပြီး လုပ်ငန်းကျွမ်းကျင်သည့်အပြင် အချိတ်အဆက်ကောင်းသည့်သူ ဖြစ်တတ်သည်။ အဖွဲ့ ၂ ဖွဲ့ ကို အမျိုးသမီးများမှ ဦးဆောင်ပြီး ကျား၊ မ အားလုံးပါဝင်သည်။ အဖွဲ့အတွင်းတွင် ကျားနှင့်မအကြား လုပ်ခပေးချေမှုမှာ သာတူညီမျှ ရှိသည်။

အလုပ်သမားအဖွဲ့များတည်ရှိခြင်းသည် တစ်ဦးစီငှားရမ်းနေရခြင်းထက် အားသာမှုရှိသည်ဟု လယ်သမားရော လုပ်သားများရောမှ ပြောကြားကြသည်။ လယ်သမားများအတွက် စိုက်ပျိုးချိန် (သို့) ရိတ်သိမ်းချိန်တွင် လိုအပ်သောလုပ်သားအင်အားကို အချိန်မီရရှိနိုင်သဖြင့် လုပ်သားလိုက်ရှာနေရခြင်းကြောင့် လုပ်ငန်းကြန့်ကြာမည့် အန္တရာယ်မှ လျှော့ချရာကျသည်။ အုပ်စုအတွင်းရှိ လုပ်သားများ အတွက်မူ သေချာသောအလုပ်အကိုင် အခွင့်အလမ်းများကို ရရှိခြင်း၊ တစ်ဦးချင်းသွားလုပ်သည့် လုပ်အားခထက်ပိုရခြင်း၊ နောက် အလုပ်တစ်ခုအတွက် စိုးရိမ်ပူပန်နေစရာမလိုခြင်းနှင့် အကယ်၍ အလုပ်တည်နေရာမှာ အခြားရွာ (သို့) အခြားမြို့နယ်တွင်ဖြစ်ပါက အလုပ်သို့သွားရန် လမ်းပန်းဆက်သွယ်ရေးကို ကြိုတင်ပြင်ဆင်နိုင်ခြင်း စသည့် အကျိုးများရရှိသည်။ ဥပမာ- တစ်ဦးချင်းသွားလုပ်ပါက လုပ်အားခမှာ တစ်နေ့လျှင် ကျပ်ငွေ ၄,၀၀၀ ဖြစ်လျှင် အဖွဲ့ဖြင့် လုပ်ဆောင်ပါက အဆိုပါတူညီသော လုပ်ငန်းတစ်ခုအတွက် တစ်ဦးလျှင် ကျပ်ငွေ ၅,၀၀၀ မှ ၇,၀၀၀ အတွင်းရရှိသည်။ အုပ်စုလိုက် လုပ်ဆောင်ခြင်းကြောင့် ထုတ်လုပ်နိုင်မှုကိုလည်း ပိုမိုတိုးမြင့်စေသည်။ ကျေးရွာအုပ်စုနှင့် မြို့နယ်များတစ်လျှောက် အဖွဲ့အတွက် အလုပ်ရှာပေးသော အလုပ်သမားခေါင်းရှိခြင်းကြောင့် စိုက်ပျိုးရေး လုပ်အား အမြင့်ဆုံးလိုအပ်သောရာသီသည် နှစ်လမှ လေးလအထိ တိုးသွားတတ်သည်။

ဒုတိယလုပ်ဆောင်ချက်တစ်ခုမှာ အရေးတကြီးအချိန်များအတွင်း လုပ်သားများကိုစိတ်ချစွာရယူထားနိုင်ရန်အတွက် လယ်သမားများမှ လုပ်သားများအား ကြိုတင်လုပ်အားခများ ပိုမိုပေးလာခြင်းဖြစ်သည်။ စိုက်ချိန်(သို့) ရိတ်သိမ်းချိန်မတိုင်မီတွင် လယ်သမားများသည် အရေးတကြီးအချိန်များတွင် လုပ်သားရရှိရန်အတွက် ကြိုတင်ငွေပေးပြီး လုပ်သားများထံမှ ကတိကဝတ်ကို ယူထားကြသည်။ ၎င်းသည် လယ်သမားအတွက် လုပ်သားရရှိမှုကို သေချာစေခြင်းဖြစ်ပြီး လုပ်သားများသည်လည်း စိုက်ပျိုးရေးအလုပ်ပါးသော အချိန်များ အတွက် သုံးစရာငွေရရှိစေသည်။ သို့သော်ငြားလည်း လက်တွေ့တွင် လယ်သမားများမှာ အလုပ်လုပ်ရမည့်အချိန်တွင် ရောက်မလာသော (သို့) လုပ်အားခများကို ထပ်မံတောင်းဆိုကြသော လုပ်သားများ အတွက် အရပ်သဘောစာချုပ်စာတမ်းများပြုလုပ်ရန် အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။ ထိုသို့ အရပ်သဘော သဘောတူညီမှုများ မပြုလုပ်နိုင်ခြင်းကြောင့် အလုပ်သမားများ လာရောက် အလုပ်လုပ်မှုကို အာမခံထားသော အလုပ်သမားခေါင်းပါရှိရာ အလုပ်သမားအစုအဖွဲ့များသည် ပိုမိုဆွဲဆောင်လာနိုင်ခဲ့သည်။

### *စိုက်ပျိုးရေးလုပ်သားလိုအပ်ချက်ကို သက်ရောက်နေသော အခြားသောအချက်များ*

စိုက်ပျိုးရေးလုပ်သားလိုအပ်မှုသည် စိုက်ပျိုးရေးအလေ့အထများ ပြောင်းလဲလာမှုအပေါ်တွင် မူတည်ပြီး ပြောင်းလဲလာခြင်းဖြစ်သည်။ စိုက်ပျိုးရေးအလေ့အထများသည်လည်း အလုပ်ပေးသွင်းနေသော လုပ်သားထုအတွင်း ပြောင်းလဲမှုများကြောင့် ပြောင်းလဲလာခြင်း (သို့) ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။ ဥပမာ- လုပ်အားခများ ဈေးတက်လာစဉ်တွင် လယ်သမားများမှာ စက်ပစ္စည်းများကို ပိုမိုသုံးစွဲလာခြင်း၊ စိုက်ပျိုးရာတွင် ပျိုးထောင်ခြင်းအစား ပျိုးကြဲခြင်းကို ကျင့်သုံးလာခြင်းနှင့် လုပ်သားခကို လျှော့ချရန်အတွက် ဓာတုဗေဒပစ္စည်းများဖြည့်စွက်မှုကို တိုးမြှင့်လာခြင်းတို့ဖြစ်သည်။ အချို့လယ်သမားများမှာ အလုပ်သမားခ ဈေးကြီးလွန်းသောကြောင့် ၎င်းတို့မြေများကို ပလပ်ထားလိုက်သည်များလည်းရှိသည်။

တစ်ဆက်တည်းမှာပင် အခြားသောစိုက်ပျိုးရေးအလေ့အထများမှာ လုပ်သားအင်အား လိုအပ်ချက်ကို တိုးမြင့်စေခဲ့သည်။ ဥပမာ - နွေစပါးကို ဒုတိယသီးနှံအဖြစ်စိုက်ပျိုးလာခြင်း (သို့) တခြားအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ချိတ်ဆက်လက်လှမ်းမီလာစေသောကြောင့် လုပ်သားများ၏အဆင့် တိုးတက်လာခြင်းတို့ဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် အလုပ်ပေးလိုအားမှာ အလုပ်လုပ်လိုအား

ထက်သာလွန်နေပြီး အလုပ်သမားများမှာ ခိုင်မာသောအနေအထား တစ်ရပ်တွင် ရှိနေခဲ့သည်။ လယ်သမားများသည် အလုပ်သမားခ ကိုလျှော့ချရန် နည်းလမ်းများကို ရှန်းကန်ရှာဖွေနေရတော့သည်။

## ဒေသတွင်း အသက်မွေးဝမ်းကျောင်းမှုများ ပြောင်းလဲခြင်း

ယခင် SIM သုတေသနများတွင် အသေးစားလက်လီအရောင်း အဝယ်များကိုသာ စိုက်ပျိုးရေးပြင်ပလုပ်ငန်းများအဖြစ် ကျေးရွာများ တွင် တွေ့ရှိခဲ့ရသည်။ ကျေးရွာများတွင် ကုန်စုံဆိုင်ငယ်များ၊ ဓာတ်မြေသြဇာဆိုင်ငယ်များ (သို့) အခြားသော အခြေခံလိုအပ်ချက် (သို့) ပင်မအသက်မွေးအုပ်စု ၃ ခုကို ဝန်ဆောင်မှုပေးနေသော လုပ်ငန်းငယ်များသာ ရှိခဲ့ကြသည်။ SIM 5 တွင် တည်ရှိသည့်နေရာ သည် လုပ်သားများ၏ စီးပွားရေးအခွင့်အလမ်းသစ်များ ချဲ့ထွင်လာ မှုကို ပြသနေသော အဓိကညွှန်ကိန်းတစ်ရပ် ဖြစ်လာတော့သည်။

အထူးသဖြင့် လုပ်သားအများအပြားလိုအပ်သော စိုက်ပျိုးရေးပြင်ပ လုပ်ငန်းများမှာ ကျဆင်းလာခဲ့သည်။ နာဂစ်မတိုင်မီမှစပြီး SIM 4 အထိ မီးသွေးဖုတ်ခြင်း၊ ဆားထုတ်လုပ်ခြင်း၊ ငါးပိထုတ်လုပ်ခြင်းနှင့် ဓနိမိုးယက်လုပ်ခြင်းတို့သည် ကျေးရွာစီးပွားရေးတွင် တည်ရှိနေခဲ့ကြ သည်။ သို့ရာတွင် ၂၀၁၇ တွင် စီးပွားရေးအခွင့်အလမ်းအသစ်များ ပေါ်လာချိန်မှာတော့ ထိုစီးပွားရေးလုပ်ငန်းများသည် ကျဆင်းသွား သည် (သို့) လုံးဝပျောက်ကွယ်သွားသည်ဟု အသေးစားစီးပွားရေး လုပ်ငန်းပိုင်ရှင်များနှင့် လုပ်သားများက ဆိုကြသည်။

တစ်ဆက်တည်းမှာပင် ကျေးရွာများတွင် စိုက်ပျိုးရေးပြင်ပ စီးပွားရေး လုပ်ငန်းငယ်များ သိသိသာသာ ပွားများလာခဲ့သည် (သာဓက ၃)။ ၎င်းသည် ကျေးရွာများ၏ မြို့နှင့် အခြားဒေသများသို့ ချိတ်ဆက်နိုင် မှုအဆင့် မြင့်မားလာခြင်းကို ပြသနေခြင်းဖြစ်သည်။ ကုန်းလမ်း အသစ်များနှင့် လှေဆိပ်များ တိုးတက်လာခြင်းသည် မြို့နယ်အဆင့် တွင် ရှိသော ဈေးများသို့ ပိုမိုမြန်မြန်ဆန်ဆန် သွားရောက်နိုင်စေ သည်။ ၎င်းအပြင် ယခုတွင် နေရာအနှံ့နီးပါးရရှိနေသော 3G မိုဘိုင်း ဖုန်းများကြောင့် ရပ်ရွာများအပြင် အလုပ်ရှင်များ၊ ဝယ်ယူသူများ၊ မိတ်ဆွေများနှင့် ဆွေမျိုးများကို လူမှုရေးနှင့်စီးပွားရေးအားဖြင့် ပိုမို ဆက်သွယ်လာနိုင်စေခဲ့သည်။

**သာဓက ၃ -** စွန့်ဦးတီထွင်မှုသည် အသက်မွေးမှုဝင်ငွေကို တိုးတက်စေခဲ့သည်။

ဘိုကလေးမြို့နယ်တွင် လယ်သမားအများစုနေထိုင်သော ကျေးရွာတစ်ရွာမှာ နာဂစ်ဒဏ် အလယ်အလတ်ထိခိုက်ခံရသော ရွာတစ်ရွာဖြစ်သည်။ ဆိုင်ကလုန်းပြီးနှစ်များအတွင်းတွင် အိမ်ထောင်စုတစ်စုမှာ စိုက်ပျိုးရေးမလုပ်တော့ဘဲ အသက်မွေးဝမ်းကျောင်းမှုအသစ်တစ်ခုကို စတင်ခဲ့သည်။

နာဂစ်မတိုင်မီတွင် ဦးမောင်မောင်သည် အဆင်ပြေသောလယ်သမားတစ်ဦးဖြစ်ခဲ့ပြီး မြေဧက ၂၀ နှင့် လှေ ၂ စီးပိုင်ဆိုင်ပြီး စပါးပွဲစားတစ်ဦး အဖြစ်လည်း လုပ်ခဲ့သည်။ သူ့တွင် ၁၃ နှစ်နီးပါးလုပ်ဆောင်ထားသော ကုန်စုံဆိုင်ငယ်တစ်ခုရှိသည်။ ရာသီဥတုဆိုးရွားခြင်းကြောင့် အထွက်နှုန်း များဆက်တိုက်ဆိုးရွားလာခဲ့ခြင်းနှင့် လုပ်အားခဈေးကြီးလာခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်တွင် သူသည် သူ့မြေကို ရွာတွင်ရှိသော တခြား လယ်သမားတစ်ဦးထံသို့ ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။ ထိုလယ်သမားကို ငွေပြည့်မှပေးရန် ပြောခဲ့သည်။ တစ်ချိန်တည်းမှာပင် သူသည် စပါးပွဲစားတစ်ဦးအဖြစ် အလုပ်ဆက်လုပ်ခဲ့သည်။ ထို့နောက်သူသည် စပါးအရောင်းအဝယ်လုပ်ခြင်းမှ ဝင်ငွေလျော့နည်းလာခြင်းကြောင့် သူ၏ လှေကိုပါ ဘိုကလေးမြို့ပေါ်တွင် သွားရောက်ရောင်းထုတ်ခဲ့သည် (နာဂစ်အပြီးတွင် လယ်သမားအများစုမှာ လှေများပိုင်ဆိုင်မှု ပိုများကြသည်)။

နာဂစ်မတိုင်မီတွင် ရွာတွင် သူ့ကုန်စုံဆိုင်တစ်ဆိုင်သာရှိပြီး အနီးအနားရှိ အထက်တန်းကျောင်းကြောင့် အကျိုးအမြတ်ဖြစ်သည်။ နာဂစ်တွင် ကုန်စုံဆိုင်ပျက်စီးသွားသော်လည်း မိသားစုမှာ စုဆောင်းထားသော ရွှေများကို မဆုံးရှုံးခဲ့ပေ။ ထိုရွှေတို့ကိုပေါင်နှံပြီး လုပ်ငန်းသစ်ကို ပြန်စခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ထိုစရိတ်များအားလုံးပြန်ရစေရန် ကွမ်းစိုက်မည်ဟု ဆုံးဖြတ်ခဲ့သည်။

ဦးမောင်မောင်သည် သူနေသည့်နေရာတွင် ကွမ်းပင်ပေါင်း ၂၆၀၀ ကို စိုက်ပျိုးခဲ့သည်။ ထိုကွမ်းပင်များမှ တစ်နေ့လျှင် ဝင်ငွေကျပ် ၁၅,၀၀၀ ရရှိ ခဲ့ပြီး ကွမ်းစိုက်ရန်ဆုံးဖြတ်ခဲ့သည်မှာ သူ့ရွာသည် မြို့နှင့်နီးကာ ဈေးကွက်နှင့် အလွယ်အတကူ လက်လှမ်းမီခြင်းကြောင့်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ဆိုလာမှ ဘက်ထရီအားသွင်းပေးသည့် လုပ်ငန်းတစ်ခုကို စတင်ခဲ့သည်။ "ရွာထဲက ဘက်ထရီတွေကို အားသွင်းပေးတဲ့ အလုပ် လုပ်ခဲ့တာ ၅ နှစ်ရှိပြီ။ ၂၀၁၂ မှာ ဆိုလာတွေစပေါ်လာတော့ မြို့ကနေ ၃၀၀ W ဆိုလာပြားတစ်ပြား ဝယ်ခဲ့တယ်။ အိမ်နီးချင်းများကို ဘက်ထရီ အားသွင်းပေးရင်း စီးပွားရေးအဖြစ် လုပ်စားလို့ရတာကို သိမြင်လာတယ်။ နောက်တော့ ကျပ်ငွေ ၁၂ သိန်းတန် ဆိုလာပြားကြီးကြီးတစ်ချပ်ကို ဝယ်လိုက်တယ်။ စစသွင်းချင်း တစ်နေ့ကို ငွေကျပ် ၁၀,၀၀၀ လောက်ရခဲ့တယ်။ နောက် ၂ နှစ်လောက်ကြာတော့ အခြားသူတွေကလည်း ဒီစီးပွားရေးကို လိုက်လုပ်လာကြတယ်။ ဒါပေမယ့်လည်း အရင်းပြန်ရပြီးပြီဆိုတော့ စိတ်မပူတော့ပါဘူး။ အခုဆိုရင် တစ်နေ့ကို ဝင်ငွေကျပ် ၃,၀၀၀ လောက်ရတယ်။ အိမ်အတွက်လိုတာသုံးလို့ရတာပေါ့။ ရွာမှာ ဘယ်လိုစီးပွားရေးတွေ လုပ်လို့ရမလဲလို့ အမြဲစဉ်းစားနေတာ။ ကိုယ်က သူများတွေထက်လည်း အရင်အကြံရတတ်တယ်။"

SIM 5 သုတေသနပြုလုပ်ချိန်တွင် အိမ်ထောင်စု၏အဓိကစီးပွားရေးမှာ ကုန်စုံဆိုင်နှင့် ကွမ်းစိုက်ခြင်းတို့ ဖြစ်ခဲ့သည်။ ကုန်စုံဆိုင်မှာ အထက်တန်းကျောင်း၊ ဘိုကလေးမြို့ဈေးတို့နှင့် နီးခြင်းကြောင့် တခြားရွာမှလူများ လာဝယ်ကြပြီး ရောင်းကောင်းသည်။ ဦးမောင်မောင်သည် ထိုလုပ်ငန်းနှစ်ခုမှ တစ်နေ့လျှင် ကျပ်ငွေ ၁၀,၀၀၀ စုမိသည်။ နာဂစ်အပြီးတွင် စုထားသောရွှေများအားပေါင်နှံပြီး စီးပွားရေးပြန်စခဲ့ရသည်ကို အမှတ်ရသောကြောင့် ယခုအချိန်တွင်လည်း ဘေးတစ်ခုခုကြုံပါက ပြန်လည်စတင်နိုင်ရန် ရွှေပြန်စုသည်။ ထိုစုငွေများဖြင့် ၂၀၁၄ ခုနှစ်တွင် သူ၏အိမ်ကို ပြန်ဆောက်နိုင်ခဲ့ပြီး အခုဆိုလျှင် ပျဉ်ကာ၊ အုတ်ခင်း၊ သွပ်မိုးအိမ်တစ်လုံးရပြီဖြစ်ပြီး နောင်တွင်အုတ်ပတ်အိမ်တစ်လုံးဆောက်လိုသည်။ "ကျွန်တော့် စီးပွားရေးလုပ်ငန်းမှာ အလုပ်သမားမငှားချင်ဘူး။ အဲဒီအစား ကိုယ်ဘာသာကိုယ်ပဲ ငွေစုတယ်။ အခုဆိုရင် လုပ်ငန်းအကြီးကြီးမဟုတ်ပေမယ့် ကိုယ့်ကိုယ်ပိုင် စီးပွားရေးငယ်လေးကို လုပ်နိုင်ပြီ"ဟု လယ်သမားကြီးတစ်ယောက်ဘဝမှ စီးပွားရေးလုပ်ငန်းငယ်လုပ်ဆောင်သူအဖြစ် ပြောင်းလဲသွားသော သူ၏ဘဝကို မှတ်ချက်ပေးသည်။

SIM 5 သုတေသနတွင် အချိတ်အဆက်ကောင်းသော ကျေးရွာများတွင် ဝန်ဆောင်မှုအခြေခံသော စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာကြသည်ကို တွေ့ရသည်။ ၎င်းတို့တွင် လမ်းခရီးချိတ်ဆက်မှုကောင်းသော ရွာများတွင် အနှံ့အပြားတွေ့ရသည်မှာ မော်တော်ဆိုင်ကယ်အငှားလိုက်ခြင်း၊ ကုန်စည်သယ်ယူပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် တချို့ကျေးရွာများတွင်ရှိသော မိုဘိုင်းဖုန်းဆိုင်များစသည်တို့ ပါဝင်သည်။ အခြားလုပ်ငန်းများတွင် ကုန်စုံဆိုင်အရွယ်အစားအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့် စိုက်ပျိုးရေး စက်ပစ္စည်းများ (၎င်းမှာ စက်အစားထိုးအသုံးပြုမှု တိုးမြင့်လာမှုကို ပြသနေသည်) ပြုပြင်သောဆိုင်များ၊ မြို့နှင့်နီးသော ကျေးရွာများတွင် ဆေးဆိုင်များ၊ ဒေသတွင်း အပ်ချုပ်ဆိုင်နှင့် ဖာပန်းထိုးဆိုင်များ၊ ကျူရှင်များနှင့် ဘီယာဆိုင်များတို့ ပါဝင်သည်။ ရွာအနည်းငယ်မှ ဖော်ပြသော တခြားစိုက်ပျိုးရေးပြင်ပအလုပ်အကိုင်အခွင့်အလမ်းများမှာ ငွေလွှဲပေးသောဆိုင်များ၊ အလှပြင်ဆိုင်များ၊ အိမ်ဆောက်ပစ္စည်းဆိုင်များ၊ မြို့နှင့်နီးသော နေရာများတွင် စားသောက်ဆိုင်များတို့ ဖြစ်ကြသည်။

အလုပ်အကိုင်အသစ်များသည် လုပ်ခမြင့်ခြင်းနှင့်/သို့ အလုပ်ရှင်အပေါ် မှီခိုနေစရာမလိုဘဲ ကိုယ်တိုင်အလုပ်ရှင်ဖြစ်နိုင်ခြင်းကြောင့် ပိုဆွဲဆောင်မှုရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းအသစ်များနှင့် ပတ်သက်ပြီး နာဂစ်ဒဏ်ပြင်းထန်စွာသက်ရောက်ခံရသော ရွာများနှင့် အနည်းငယ်သာ သက်ရောက်ခံရသော ကျေးရွာများအကြား ကွာခြားချက်အနည်းငယ်သာရှိသည်။ အလွန်ဝေးသော ဒေသများမှာတွင်ပင် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ တိုးပွားလာခဲ့သည်။

***အမျိုးသမီးများနှင့် ဝင်ငွေရရှိရာနေရာများ ကျယ်ပြန့်လာမှု***

အမျိုးသား(သို့) အမျိုးသမီးအိမ်ထောင်ဦးစီးရှိသည့် အိမ်ထောင်စုများတွင်ရှိသော အမျိုးသမီးများသည် အိမ်ထောင်စုတစ်စု၏ စိုက်ပျိုးရေးပြင်ပလုပ်ငန်းများမှ ဝင်ငွေအခွင့်အလမ်းချဲ့ထွင်လာမှုနိုင်မှုစွမ်းရည်ကို တိုးပွားစေသည် (သာဓက ၄)။ စိုက်ပျိုးရေးတွင်ဖြစ်ဖြစ်၊ ရေလုပ်ငန်းတွင်ဖြစ်ဖြစ် အိမ်ထောင်စု၏အဓိကဝင်ငွေကို ဖြည့်စွက်ကူညီပေးနေသည့် တစ်ချိန်တည်းမှာပင် အမျိုးသမီးများသည် ဝင်ငွေရရာဒုတိယအရင်းအမြစ်ကို နေ့စဉ်စီမံခန့်ခွဲမှုပြုနေရသည်။ ၎င်းအရင်းအမြစ်များတွင် ကုန်စုံဆိုင်ငယ်၊ မုန့်ဟင်းခါးဆိုင် (သို့) ရွာကြီးများတွင် ကုန်စုံဆိုင်ကြီးများစသည်တို့ ပါဝင်သည်။ ဝင်ငွေတိုးပွားရာနည်းလမ်းတစ်ခုဖြစ်သည့်အပြင် အမျိုးသမီးများဦးစီးသော တခြားလုပ်ဆောင်ချက်များတွင် မွေးမြူရေးလုပ်ခြင်း၊ စက်ချုပ်ခြင်း၊ ဖြည့်စွက်စိုက်ပျိုးရေးလုပ်သားလုပ်ခြင်းနှင့် ဒေသတွင်းငါးဒိုင်/ပွဲစားအဖြစ်လုပ်ခြင်းတို့ ပါဝင်သည်ဟု SIM သုတေသနအဖွဲ့သားများကို ဖော်ထုတ်ခဲ့သည်။

## ရွှေ့ပြောင်းနေထိုင်မှု

လတ်တလောနှစ်ကာလများအတွင်း ရွှေ့ပြောင်းနေထိုင်မှုသည် မြန်မာပြည်တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေပြီး အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပိုအဖြစ်များလျက်ရှိသည်။ ရန်ကုန်သည် အရှိန်အဟုန်နှင့်တိုးပွားလာသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အထည်ချုပ်စက်ရုံများ တည်ရှိရာနေရာများကို SIM ကျေးရွာများမှ အသွားများသည်။ လတ်တလော သုတေသနတစ်ခုတွင် ရန်ကုန်တွင်ရှိသော အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်နေသူများ၏ ၂၉ ရာခိုင်နှုန်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဖြစ်သည်ဟု တွေ့ရှိခဲ့သည်။[၁၁] ၂၀၁၅ တွင်ပြုလုပ်ခဲ့သော ကမ္ဘာ့ဘဏ်၏ သုတေသနတစ်ခုတွင် မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော အိမ်ထောင်စုများ၏ ၂၀ ရာခိုင်နှုန်းတွင် အိမ်ထောင်စုတစ်စုတွင် အနည်းဆုံး အိမ်သားတစ်ယောက်မှာ ရွှေ့ပြောင်းအလုပ်လုပ်နေသူ ဖြစ်သည်ဟု ဆိုသည် (၁၈ ရာခိုင်နှုန်းမှာ ပြည်တွင်းရွှေ့ပြောင်းပြီး ၂ ရာခိုင်နှုန်းမှာ ပြည်ပသို့ရွှေ့ပြောင်းအလုပ်လုပ်ခြင်း ဖြစ်သည်) [၁၂]။

ကျေးရွာ ၄၀ တွင် ၁၆ ရွာတွင် ပြောင်းရွှေ့နေထိုင်မှုနှုန်း (အနည်းဆုံး အိမ်ထောင်စုများ၏ ၂၅ ရာခိုင်နှုန်းတွင် ပြောင်းရွှေ့နေထိုင် အလုပ်

[၁၁] Enlightened Myanmar Research Foundation and Andaman Research & Advisory. 2017. A Baseline Survey of Yangon's Garment Sector Workforce.
[၁၂] World Bank and Livelihoods and Food Security Trust Fund. 2016. A Country on the Move.

လုပ်သူ အနည်းဆုံးတစ်ဦးရှိခြင်း) မြင့်မားပြီး နောက်ထပ် ၁၅ ရာခိုင်နှုန်းတွင် အလယ်အလတ်ပြောင်းရွှေ့နေထိုင်မှု (အနည်းဆုံး အိမ်ထောင်စုများ၏ ၁၀ ရာခိုင်နှုန်းတွင် ပြောင်းရွှေ့နေထိုင်အလုပ်လုပ်သူ အနည်းဆုံးတစ်ဦးရှိခြင်း)ကို တွေ့ရသည် (ဇယား ၁၃)။ ကျေးရွာများ အားလုံး၏ ၈၀ ရာခိုင်နှုန်းတွင် ပြောင်းရွှေ့နေထိုင်ခြင်းကို တွေ့မြင်နိုင်သည်။

**ဇယား ၁၃** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ပြောင်းရွှေ့နေထိုင်အလုပ်လုပ်မှု

| သက်ရောက်မှုအဆင့် | အမြင့်ဆုံး | အလယ်အလတ် | အနိမ့်ဆုံး | စုစုပေါင်း |
|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၄ | ၅ | ၃ | ၁၂ |
| အလယ်အလတ်သက်ရောက် | ၇ | ၇ | ၄ | ၁၈ |
| အနည်းငယ်သက်ရောက် | ၅ | ၃ | ၂ | ၁၀ |
| စုစုပေါင်း | ၁၆ | ၁၅ | ၉ | ၄၀ |

ဤဖြစ်စဉ်၏သက်ရောက်မှုကို ယခုအခန်းတွင် ထင်ထင်ရှားရှား တွေ့ရပြီး နောက်အခန်းများတွင် ပြောင်းရွှေ့နေထိုင်မှုနှင့် လူမှုဆက်ဆံရေး၊ ခေါင်းဆောင်မှု၊ ကြံ့ကြံ့ခံနိုင်မှုတို့အကြား လှုပ်ရှားပြောင်းလဲမှုများကို ဆန်းစစ်လေ့လာထားသည်။ လယ်သမားများသည် အလုပ်သမားငှားရမ်းမှုအခက်အခဲကြောင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းသော ရန်ကုန်နှင့် အခြားမြို့များသို့ ထွက်ခွာကြပြီး တစ်ခါတရံ ၎င်းတို့ကိုယ်တိုင် ရာသီအလိုက် ထွက်ခွာအလုပ်လုပ်ကြသည်။ ရေလုပ်သားများသည် ငါးဖမ်းရရှိမှုနှုန်း လျော့နည်းခြင်းနှင့် အမြတ်အစွန်းမသေချာခြင်းကြောင့် ရာသီအလိုက်ရွှေ့ပြောင်းအလုပ်လုပ်ကြသည်။ (သို့) တချို့ရွာများတွင် တစ်မိသားစုလုံး ရွာမှစွန့်ခွာ ပြောင်းရွှေ့အလုပ်လုပ်တတ်ကြသည်။ သို့သော် ဘောက်လုပ်သားများအတွက် ရွှေ့ပြောင်းအလုပ်လုပ်မှု တိုးမြင့်လာခြင်းသည် အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် အလုပ်လုပ်နိုင်သူဦးရေ တစ်ဦးထက်ပိုရှိသော အိမ်ထောင်စုများအတွက် အရေးကြီးသော အလုပ်အကိုင်အခွင့်အလမ်းအသစ်များကို ရရှိစေသည်။

မြန်မာနိုင်ငံ၏ တခြားသောဒေသများအတွင် ပြောင်းရွှေ့အလုပ်လုပ်သူများမှာ အမျိုးသားများသော်လည်း SIM ကျေးရွာများတွင်ရှိသော ပြောင်းရွှေ့အလုပ်လုပ်သူများတွင် အမျိုးသမီးအရေအတွက်မှာ ပိုမိုများပြားသည်။ အမျိုးသမီးများမှာ ကလေးနှင့်မိဘများကို ကြည့်ရခြင်း (သို့) အခြားမိသားစုဝင်များကို ကြည့်ရခြင်းစသည့် ရွှေ့ပြောင်းအလုပ်လုပ်ရန်အတွက် လူမှုရေးအရ ကန့်သတ်ချက်များရှိသော်လည်း မြစ်ဝကျွန်းပေါ်မှ အမျိုးသမီးအများစုမှာ ထိုအခက်အခဲများကိုကျော်လွှားပြီး ပြောင်းရွှေ့အလုပ်လုပ်ကြသည်။ အများစုမှာ အမျိုးသားများကို အများဆုံးခန့်သော နေ့စားအလုပ်များကိုသာ ပေးတတ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများထက် သွားရလာရလွယ်ကူပြီး အတည်တကျ ပုံသေအလုပ်နေရာများကိုပေးသော စီးပွားရေးအချက်အချာရှိသည့် ရန်ကုန်မြို့ရှိ စက်မှုဖွံ့ဖြိုးနေသော နေရာများသို့သွားကြသည်။ အထည်ချုပ်လုပ်ငန်းများသည် အရှေ့

**သာဓက ၄** - ညီအစ်မတွေ အလုပ်အတူကြိုးစားကြတယ်။

ဒေါ်မြအေးနှင့် သူ၏ညီမသည် ဖျာပုံမြို့နယ်တွင်နေထိုင်ကြပြီး အထူးသဖြင့် အိတ်များချုပ်သော အပ်ချုပ်လုပ်ငန်းကို ပိုင်ဆိုင်သည်။

သူတို့သည် ၂၀၀၇ ခုနှစ်တွင် ရန်ကုန်သို့ပြောင်းသွားပြီး ရက်ကန်းစက်ရုံတစ်ခုတွင် အလုပ်လုပ်ခဲ့ပြီး ပထမဆုံးလအတွက် ကျပ်ငွေ ၃၀,၀၀၀ ရရှိခဲ့သည်။ သူတို့သည် အတွေ့အကြုံရှိသည့်အတွက် ဒုတိယလတွင် ကျပ်ငွေ ၅၀,၀၀၀ ပေးသော်လည်း ကျပ်ငွေ ၁၀၀,၀၀၀ ရသော တခြားစက်ရုံတစ်ရုံသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။ နောက်စက်ရုံတွင် အလုပ်ကောင်းသောကြောင့် ၂၀၀၈ ခုနှစ်တွင် ကိုယ်ပိုင်စီးပွားရေးတစ်ခုကို စတင်ရန် ဆုံးဖြတ်ခဲ့သည်။ စက်ရုံမှာဆက်လုပ်နေပါက ဘယ်တော့မှ လွတ်မြောက်တော့မည်မဟုတ်ဟု ယူဆသည်။ ထို့ကြောင့် အလုပ်ထွက်လိုက်ပြီး ကိုယ်ပိုင်စက်ဆိုင်တစ်ခုတည်ထောင်ကာ ကိုယ်ပိုင်ချိတ်ဆက်မှုဖြင့် ရန်ကုန်မြို့ သိမ်ကြီးဈေးမှ အိတ်ဆိုင်များဆီမှ အော်ဒါများကို လက်ခံခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တွင်သင်ယူခဲ့သည်များကို ပြန်လည်အသုံးချပြီး ရွာတွင်စီးပွားရေးတစ်ခုကို တည်ထောင်သည်။

ပြန်ရောက်စဉ်ကပင် အိတ်များကို ဆက်လက်ချုပ်ခဲ့ပြီး ယခင်ရန်ကုန်မိတ်များကိုသာမက ဖျာပုံနှင့် မြင်းကကုန်းမြို့များသို့ပါ ရောင်းချခဲ့သည်။ ဆိုင်များမှ ၎င်းတို့ဆီသို့ နမူနာအိတ်ပုံစံများပေးပို့ပြီး ၎င်းတို့မှ ပုံစံတူကိုချုပ်ပေးရသည်။ လက်ရှိတွင် ရန်ကုန်တွင် ဖောက်သည် ၃ ဦး၊ မြင်းကကုန်းတွင် ၂ ဦးနှင့် ဖျာပုံတွင် ၁ ဦးရှိပြီး တစ်ပတ်လျှင် အိတ်အလုံးရေ ၅၀၀ ခန့်အထိ အော်ဒါရှိသည်။ အိတ် ၁၀၀ တိုင်းတွက် အမြတ်ငွေ ၁၄,၀၀၀ ကျပ်ရရှိကြသည်။

ဒေါ်မြအေးနှင့် သူမ၏ညီမသည် ဒေသမှအမျိုးသမီးများကို အလုပ်သမားထပ်မံငှားရမ်းပြီး လုပ်ငန်းကိုချဲ့ထွင်လိုကြသည်။ သို့သော် ရွာတွင်ရှိသော အမျိုးသမီးအတော်များများမှာ ရန်ကုန်သို့သွားရောက်အလုပ်လုပ်နေကြသောကြောင့် ထိုသို့လုပ်မရပေ။ ထို့ကြောင့် မိသားစုလုပ်အားကိုသာ အားကိုးနေရပြီး စီးပွားရေးမချဲ့နိုင်ဘဲ ဖြစ်နေခဲ့သည်။

တောင်အာရှနိုင်ငံများတွင် အမျိုးသမီးများ အများဆုံး ရွှေ့ပြောင်းအလုပ်လုပ်သော နေရာဖြစ်သည်။

*"နာဂစ်မတိုင်ခင်က အမျိုးသားတွေပဲ အိမ်ထောင်စုအတွက် တာဝန်ရှိကြတယ်။ အခုတော့ အမျိုးသမီးတွေက မိသားစုကို ကြည့်ရှုဖို့အတွက် ရန်ကုန်က စက်ရုံတွေမှာ သွားအလုပ်လုပ်နေကြရပြီ။"*

– မြေယာမဲ့လုပ်သား

ရွှေ့ပြောင်းအလုပ်လုပ်နေသော အမျိုးသမီးများသည် ရွာသို့ငွေလွှဲပို့ရာ အဓိကအရင်းအမြစ်တစ်ခုဖြစ်သည်။ ၆၀ ရာခိုင်နှုန်းသော အထည်ချုပ်စက်ရုံအလုပ်သမားများမှာ တစ်လတစ်ခါဆိုသလို ငွေပြန်ပို့ကြပြီး ထိုငွေသည် မိသားစုဘဝအရည်အသွေးကို မြင့်မားစေခြင်း၊ ပညာရေးအတွက် ငွေကြေးပံ့ပိုးနိုင်ခြင်း၊ အိမ်အသစ်များဆောက်နိုင်ခြင်းနှင့် အသက်မွေးမှုအသစ်များတွင် ရင်းနှီးမြှုပ်နှံနိုင်ခြင်းတို့တွင် အထောက်အပံ့ဖြစ်သည်[၁၃]။ အခန်း ၇ တွင် လွှဲပို့ငွေသည် မိသားစု၏ ကြံ့ကြံ့ခံနိုင်စွမ်းအတွက် အဓိကအချက်တစ်ခုဖြစ်သည်ကို ဖော်ပြထားသည်။ ရွာကိုပြန်လာသော အမျိုးသမီးများမှာ ကျွမ်းကျင်မှု၊ ကျေးရွာလိုအပ်ချက်နှင့် ထိုလိုအပ်ချက်များကို ဖြည့်စွမ်းပေးရန် စီးပွားရေးအမြင်သစ်များကို ဆောင်ကြဉ်းလာနိုင်ခဲ့သည်။

[၁၃] Enlightened Myanmar Research Foundation and Andaman Research & Advisory. 2017. Op. cit.



# အခန်း ၃

## ချေးငွေ၊ ကြွေးမြီနှင့် မြေယာ

၂၀၁၃ ခုနှစ်တွင် ကျေးရွာအများစုတွင်ရှိသော ကြွေးတင်ရှိမှုအဆင့်မှာ မြင့်မားလာသည်ဟု SIM 4 တွင် တွေ့ရှိခဲ့သည်။ အပြင်းထန်ဆုံးနှင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာ ၃၀ အထဲမှ အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာ ၃ ရွာသာလျှင် ပြန်လည်မပေးဆပ်နိုင်သည့် ပြဿနာမရှိပေ။ လယ်သမားအငယ်များသည် ကြွေးပိုထူ လာသူများဖြစ်ပြီး ၎င်းနောက်တွင် ဘောက်လုပ်သားများမှာ စားသုံးရန်အတွက် ငွေချေးရသူများဖြစ်သည်။ အစားအသောက်နှင့် အခြားသော အခြေခံကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လာခြင်းမှာလည်း ထိုအပေါ်သို့ သက်ရောက်လျက်ရှိသည်။

ငါးနှစ်အကြာတွင် ကြွေးတင်ရှိမှုမှာ ဆက်လက်ကြီးထွားလာပြီး ကြွေးမြီတင်ရှိမှုသည် မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော အိမ်ထောင်စုများအတွက် အခက်အခဲတစ်ခု ဖြစ်နေဆဲပဲဖြစ်သည် (ဇယား ၁၄)[၁၄]။ သို့ရာတွင် အထူးသဖြင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများတွင်ရှိသော ရွာသားအနည်းငယ်သာ ကြွေးနွံတွင်နစ်နေပြီး အနည်းငယ်နှင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများထဲတွင် တင်ရှိနေသောအကြွေးများကို ပုံမှန်ပြန်ဆပ်လာနိုင်သည့် အိမ်ထောင်စုများ သိသိသာသာ များလာခဲ့သည်။


ကြွေးမြီတင်ရှိမှုအဆင့်မြင့်မားလာခြင်းသည် SIM ကျေးရွာများအတွင်း ချေးငွေရရှိမှုမြင့်မားလာခြင်းကို ပြသနေသည်။ SIM 3 ပြုလုပ်စဉ်တွင် ချေးငွေကို အထူးသဖြင့် လယ်သမားများအတွက် စိုက်ဘဏ်နှင့် တခြားပုဂ္ဂလိက နေရာတော်တော်များများမှရရှိပြီး ယခုအခါတွင် အစိုးရအစီအမံများ၊ အသေးစား ငွေချေးလုပ်ငန်းများ၊ NGO များနှင့် ပုဂ္ဂလိကငွေချေးသူများထံမှ ရရှိနေကြပြီဖြစ်သည်။ အပြင်းအထန်နှင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများအကြား ချေးငွေရယူနိုင်မှုမှာ ကွာခြားမှုသိပ်မရှိ ပေ။ အနည်းငယ်သာထိခိုက်ခံရသော ကျေးရွာများတွင် ချေးငွေအရင်းအမြစ်တစ်ခု ပိုသည်(ပုံ ၂)။ ချေးငွေအရင်းအမြစ်များချဲ့ထွင်လာမှုကို အောက်တွင် အသေးစိတ်ဖော်ပြထားသည်။

**ဇယား ၁၄**-သက်ရောက်မှုအဆင့်အလိုက် ကြွေးမြီတင်ရှိမှု

| | အကြွေးများကို ပုံမှန်ဆပ်နိုင်သော ကျေးရွာများ | | အကြွေပြန်မဆပ်နိုင်သော ကျေးရွာများ | | ကြွေးနွံနစ်သော ကျေးရွာများ | |
|---|---|---|---|---|---|---|
| သက်ရောက်မှုအဆင့် | SIM 4 | SIM 5 | SIM 4 | SIM 5 | SIM 4 | SIM 5 |
| သက်ရောက်မှုပြင်း | ၀ | ၄ | ၆ | ၄ | ၆ | ၄ |
| အလယ်အလတ်သက်ရောက် | ၃ | ၅ | ၇ | ၉ | ၈ | ၄ |
| အနည်းငယ်သက်ရောက် | ၅ | ၈ | ၅ | ၂ | ၀ | ၀ |
| စုစုပေါင်း | ၈ | ၁၇ | ၁၈ | ၁၅ | ၁၄ | ၈ |

[၁၄] "အကြွေးများကို ပုံမှန်ဆပ်နိုင်ခြင်း" ဆိုသည်မှာ ငွေချေးသူမှ အတိုးရော အရင်းရောကို ပြန်ဆပ်နိုင်ခြင်းကိုဆိုလိုသည်။ "အကြွေပြန်မဆပ်နိုင်"ဆိုသည်မှာ အတိုးသာပေးနိုင်ပြီး အရင်းကို မပေးနိုင်ခြင်း၊ "ကြွေးနွံနစ်နေခြင်း" ဆိုသည်မှာ အတိုးကိုပင် မှန်မှန်မဆပ်နိုင်ခြင်းဖြစ်သည်။

ပုံ ၂ -သက်ရောက်မှုအဆင့်အလိုက် ပျမ်းမျှချေးငွေရရှိမှုအရင်းအမြစ်အရေအတွက်




## ချေးငွေနှင့် အကြွေး

ချေးငွေနှင့်အကြွေးစက်ဝန်းသည် နာဂစ်မတိုင်မီကတည်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိမြဲ အရာတစ်ခုဖြစ်သည်။ အဓိကငွေချေးသူများမှာ လယ်သမားများဖြစ်ပြီး အထူးသဖြင့် လယ်သမားငယ်နှင့် အလတ်တို့သည် မျိုးစေ့၊ လုပ်သားနှင့် အခြားသော သွင်းအားစုများအတွက် ငွေချေးရသည်။ ယခုလတ်တလော အချိန်များအထိ ထိုလယ်သမားများသည် အစိုးရဘဏ်ဖြစ်သော စိုက်ဘဏ်နှင့် ရွာ (သို့) မြို့ရှိ ကုန်သည်၊ ဓာတ်မြေသြဇာဆိုင်နှင့် လယ်သမားကြီးများထံမှ ငွေချေးယူကြသည်။

အခြားအသက်မွေးအုပ်စုများမှာ ချေးငွေလိုအပ်သော်လည်း နာဂစ်မတိုင်မီနှင့် နာဂစ်ပြီးပြီးချင်းနှစ်များအထိ ချေးငွေရရှိရာ နေရာများမှာ ရှားပါးခဲ့သည်။ မြေယာမဲ့နေ့စားလုပ်သားများမှာ အလုပ်အကိုင်ပါးသောလများတွင် ချေးငွေအပေါ်တွင် မှီခိုကြရပြီး ထိုချေးထားသော ငွေများကို စိုက်ပျိုးရေးလုပ်ငန်းများ (သို့) အလုပ်ပေါ်သောလများတွင် အလုပ်ပြန်လုပ်ပြီး ပြန်ဆပ်နိုင်မည်ဟု မျှော်လင့်သည်။ မြေယာမဲ့များအတွက် အစိုးရဆီမှ ချေးငွေရရှိမှုမရှိခြင်းကြောင့် အတိုးနှုန်း (တစ်လလျှင် ၅၀ ရာခိုင်နှုန်းထက်ပင်မြင့်မားနိုင်သည်)ကြီးစွာချေးသော ပုဂ္ဂလိကငွေချေးသူများနှင့် လယ်သမားကြီးများထံမှ ချေးယူကြသည်။

SIM 4 တွင် ထိုတွေ့ရှိချက်များနှင့် အသက်မွေးအုပ်စုအားလုံးတွင် တိုးမြင့်လာသော ချေးငွေရရှိရာ အရင်းအမြစ်များကို ထင်ဟပ်ပြသထားသည်။ ၂၀၁၃ ကတည်းက စိုက်ဘဏ်ချဲ့ထွင်လာခြင်းနှင့် အသေးစားချေးငွေလုပ်ငန်းများ ချဲ့ထွင်လာခြင်းတို့အပေါ်တွင် ရွာသားများမှ အကောင်းပြောကြသော်လည်း ရေလုပ်သားများမှာတော့ တခြားအသက်မွေးမှုအုပ်စုများထက်ပိုပြီး ချေးငွေရရှိရာ အရင်းအမြစ်နည်းပါးသည်ဟု ဆိုသည်။ ထို့နောက်ပိုင်းတွင်တော့ မြစ်ဝကျွန်းပေါ်ဒေသတွင် ချေးငွေရရှိနိုင်မှုများ သိသိသာသာ ပြောင်းလဲလာခဲ့သည်။

### ၂၀၁၇ ခုနှစ်ရှိ ချေးငွေရရှိရာ အရင်းအမြစ်များ

SIM 4 တွင် မြစ်ဝကျွန်းပေါ်ဒေသများသည် ချေးငွေရရှိရာ အရင်းအမြစ်အများအပြားကို ဆက်လက်မှီခိုနေရသော်လည်း ၎င်းတို့၏ ရွေးချယ်မှုသည် သိသိသာသာ တိုးမြင့်လာခဲ့သည် (ဇယား ၁၅)။ မြစ်မိန်းရောင်စီမံကိန်းနှင့် သမဝါယမချေးငွေများကဲ့သို့သော အစိုးရချေးငွေအစီအစဉ်အသစ်များသည် ယခုအခါတွင် မြေယာပိုင်ဆိုင်မှုမရှိသူများမှ တတ်နိုင်သောချေးငွေများကို ယခင်ကထက် ပိုပြီးပေးလာခဲ့သည်။ NGOs များနှင့် ပုဂ္ဂလိကကဏ္ဍမှပေးသော အသေးစားချေးငွေလုပ်ငန်းများမှာလည်း တိုးမြင့်လာခဲ့သည်။

**ဇယား ၁၅**-အသက်မွေးအုပ်စုများအလိုက် ချေးငွေရရှိရာ အရင်းအမြစ်များ

| | လယ်သမားငယ် | လယ်သမားလတ် | လယ်သမားကြီး | ရေလုပ်သားငယ် | ရေလုပ်သားလတ် | ဘောက်လုပ်သား |
|---|---|---|---|---|---|---|
| စိုက်ဘဏ် | ၃၉ | ၄၀ | ၄၀ | ၀ | ၀ | ၀ |
| သမဝါယမ | ၃၁ | ၃၀ | ၂၈ | ၉ | ၈ | ၁၆ |
| မြစ်မိန်းရောင် | ၁၁ | ၁၁ | ၁၁ | ၇ | ၆ | ၁၁ |
| PACT အသေးစားငွေချေး | ၂၄ | ၂၃ | ၂၁ | ၁၄ | ၁၃ | ၂၇ |
| NGO အသေးစားငွေချေး | ၂၀ | ၁၈ | ၁၈ | ၉ | ၉ | ၁၈ |
| ပုဂ္ဂလိကငွေချေးသူ | ၃၁ | ၃၂ | ၂၈ | ၂၃ | ၂၂ | ၃၅ |
| အခြား ပုဂ္ဂလိက ငွေချေးသူ | ၂၉ | ၃၀ | ၂၈ | ၉ | ၈ | ၂၂ |
| ကျေးရွာဘဏ္ဍာငွေ | ၆ | ၆ | ၆ | ၃ | ၂ | ၈ |

မှတ်ချက်-အသက်မွေးအုပ်စုများမှ ချေးငွေအရင်းအမြစ်တစ်ခုစီမှ ချေးယူသော ကျေးရွာအရေအတွက်

### *မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် အခြားအစိုးရချေးငွေများ ချဲ့ထွင်လာမှု*

SIM 4 တွင် စိုက်ဘဏ်သည် SIM ကျေးရွာ များ အားလုံးတွင်ရှိသော လယ်သမားများအတွက် အဓိကချေးငွေရရှိရာတစ်ခု ဖြစ်နေသေးသည်။ ၂၀၁၃ ခုနှစ်တွင် မြေယာမှတ်ပုံတင်ရှိသော လယ်သမားများကို တစ်ဧကလျှင် ၅၀,၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧကအထိ သက်သက်သာသာ ချေးပေးခဲ့သည်။ ထိုပမာဏသည် သွင်းအားစုများအားလုံးအတွက် ပေးချေရန်မလုံလောက်သော်လည်း အစိုးရသည် စိုက်ဘဏ်မှချေးငွေကို ချဲ့ထွင်ရန် ပြုလုပ်ခဲ့သည်။ ဥပမာ- ၂၀၁၇ ခုနှစ်တွင် မိုးနှင့်နွေ စပါးများအတွက် တစ်ဧကချေးငွေမှာ ကျပ်ငွေ ၁၅၀,၀၀၀ သို့ တိုးမြှင့်ခဲ့သည်။ စိုက်ဘဏ်သည် တစ်ဦးချင်းစီထက် ဝိုင်းကြီးချုပ်စနစ်ဖြင့်သာ ငွေချေးပြီး လယ်သမားအုပ်စုတစ်စုတွင် လယ်သမားများ ၁၀ ယောက်အထိပါဝင်ပြီး ယခုအခါတွင် ၃ ယောက် တစ်အုပ်စုအထိ ချေးသည်လည်းရှိသည်။ သို့ရာတွင် ချေးငွေနောက်ကျသည်ဟု လယ်သမားများမှ အမြဲဆိုကြသည်။

စိုက်ဘဏ်၏ အရေးကြီးမှုသည် သီးနှံရိတ်သိမ်းမှုမအောင်မြင်ချိန်နှင့် လယ်သမားများအတွက် အနာဂတ်တွင် သေချာသည့် ငွေချေးစရာနေရာတစ်ခုရှိစေခြင်းတို့အတွက် ရင်ဆိုင်ကျော်လွှားခြင်း ဗျူဟာများကိုဖြစ်ပေါ်စေသည်။ တချို့ကိစ္စများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးများသည် လယ်သမားများကို ချေးငွေအလျင်မီအောင် ပေးဆပ်နိုင်စေရန် အစီအမံများထားရှိကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (သို့) ချမ်းသာသော စီးပွားရေးသမားတစ်ယောက် (ကျေးရွာအုပ်ချုပ်ရေးမှူးကို ကြားခံထားခြင်းဖြင့်ဖြစ်စေ)သည် စိုက်ဘဏ် ချေးငွေကို ပြန်ဆပ်နိုင်ရန် ငွေပမာဏတစ်ရပ်ကို ထောက်ပံ့ပေးပြီး များမကြာမီ လယ်သမားများမှ စိုက်ဘဏ်မှချေးငွေရချိန်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးကို ၅-၆ ရာခိုင်နှုန်း ဝန်ဆောင်မှုအဖိုးအခပေးပြီး ပြန်ဆပ်ရသည်။ ထိုနည်းဖြင့် လယ်သမားများမှာ နောက် ခြောက်လအတွက် စိုက်ဘဏ်ကို ချေးငွေပေးချေနိုင်စေသည်။

အချို့ကျေးရွာများတွင် စိုက်ဘဏ်၏ အရေးယူဆောင်ရွက်မှုသည် ကြီးကြီးမားမားမဟုတ် (သို့) မရှိခြင်းကြောင့် ပြန်ဆပ်ရန် ပျက်ကွက်ကြသည်။ ထိုဖြစ်စဉ်မျိုးတွင် ဝိုင်းကြီးချုပ်လယ်သမားအုပ်စုထဲမှ တစ်ဦးမှာ ပြန်မဆပ်နိုင်ခြင်းမျိုးဖြစ်သည်။ မည်သည့်နည်းဖြင့် ပြန်မဆပ်နိုင်သည်ဖြစ်စေ အဖွဲ့တစ်ဖွဲ့လုံးကို ထိခိုက်မည်ဖြစ်ပြီး တစ်ဖွဲ့လုံးမှာ ချေးငွေကို ပြန်မပေးဘဲထားလိုက်ရသည်။ သုတေသနပြုလုပ်ချိန်တွင် စိုက်ဘဏ်ဆီမှ အရေးယူဆောင်ရွက်မှုအဖြစ် မည်သည့်တားဆီးပိတ်ပင်မှုမှ ရရှိထားခြင်းမရှိပေ။ ကျေးရွာ ၃ ရွာတွင် စိုက်ဘဏ်မှချေးငွေကို မလျော်မကန်ပြုမှုမှု အမျိုးမျိုးကို တွေ့ရသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် လယ်သမားများမှာ မြေယာမှတ်ပုံတင်လက်မှတ်အတုများပြုလုပ်ပြီး စိုက်ဘဏ်ဆီမှ ချေးငွေရယူကြသည်။

သမဝါယမဌာနမှ အသက်မွေးအုပ်စုအမျိုးမျိုးသို့ ချေးငွေအမျိုးမျိုးကို ထောက်ပံ့ပေးလျက်ရှိပြီး ၎င်းမှာ ကျေးရွာများအတွင်း ပိုမိုရေပန်းစားလာသည်။ သို့သော်လည်း တချို့မှာ ၎င်း၏အတင်းအကျပ်ငွေစုစနစ်ကို သဘောမကျပေ။ မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် တရုတ်နိုင်ငံအစိုးရထံမှ ချေးငွေတစ်ရပ်ဖြင့် ထောက်ပံ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည်။ စီမံကိန်းသည် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော ကျေးရွာပေါင်း ၄,၅၀၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး SIM ကျေးရွာ ၁၄ ရွာတွင် ထိုစီမံကိန်းရှိသည်။ ထို နမူနာရွာ ၄၀ တွင် ၁၄ ရွာဟူသောပမာဏမှာ များသည်ဟု ယူဆ၍ရသည်။ မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာအဆင့်အတွက် ကျပ်ငွေသန်း ၃၀ အထိ ထောက်ပံ့သည်။ ထိုငွေကို တစ်ဦးတစ်ယောက်ချင်းဆီသို့လည်းကောင်း ကျေးရွာအတွင်းဖွဲ့စည်းထားသော ကော်မတီများမှတစ်ဆင့် (ထိုကော်မတီမှ သတ်မှတ်သော စည်းမျဉ်းစည်းကမ်း၊ အတိုးနှုန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၏ လမ်းညွှန်မှုများအရ) အဖွဲ့များသို့လည်းကောင်း ထောက်ပံ့လျက်ရှိသည်။ ထိုထောက်ပံ့ငွေကို လှည့်ပတ်ရန်ပုံငွေကဲ့သို့ အသုံးပြုပြီး အတိုးမှရငွေကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြန်အသုံးပြုသည်။ အတိုးနှုန်းနိမ့်ခြင်းနှင့် ရွာမှသတ်မှတ်သော ငွေပြန်ဆပ်မှု စည်းမျဉ်းစည်းကမ်းများဖြစ်ခြင်းကြောင့် ပေးဆပ်ရသည်မှာ လွယ်ကူသည့်အတွက် SIM ကျေးရွာများအားလုံးတွင် မြစိမ်းရောင်စီမံကိန်းမှာ ရေပန်းစားသည်။

### *အသေးစားချေးငွေ*

PACT ချေးငွေအစီအစဉ်သည် အများဆုံးတွေ့မြင်ရသော ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်သည်။ ၎င်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မတိုင်မီကတည်းက တည်ရှိခဲ့ပြီး ချေးငွေအစီအစဉ်ကို ချဲ့ထွင်လာခဲ့ရာ ယခုအခါတွင် SIM ကျေးရွာ ၃၂ တွင် တည်ရှိနေပြီဖြစ်သည်။ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် အခြားအလှူရှင်များစွာပါဝင်သော အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ အဖွဲ့ LIFT တို့မှ ထောက်ပံ့သော အသေးစားငွေချေးအစီအစဉ်များကို မြို့နယ်အများအပြားတွင် တွေ့ရှိနေရပြီဖြစ်သည်။ ထိုအစီအစဉ်များနှင့် မြစိမ်းရောင်စီမံကိန်းကြောင့် မြေယာမဲ့အိမ်ထောင်စုများသည် ချေးငွေ ပိုမိုလက်လှမ်းမီလာစေသည်။ သို့သော်လည်း အသေးစားချေးငွေများသည် ချေးယူသူများအတွက် အသက်မွေးမှုဆိုင်ရာတစ်ခုအနေဖြင့် တိုးတက်စေနိုင်မှုနည်းပြီး အခြေခံလိုအပ်ချက်များကိုသာ ဖြည့်ဆည်းနိုင်သည်ဟု ဖြေကြားကြသည်။

အသေးစားချေးငွေများ၏ တင်းကျပ်သောစည်းမျဉ်းသည် အဓိကအခက်အခဲတစ်ရပ်သည်။ အဓိကမှာ ငွေချေးသူများသည် ငွေပြန်ဆပ်မှုကို နှစ်ပတ်တစ်ခါ ပြုလုပ်ရခြင်းဖြစ်သည်။ ကျေးရွာသားအများစုအတွက် ဝင်ငွေရရှိမှုမှာ ပုံမှန်မရှိခြင်းကြောင့် ထိုနှစ်ပတ်တစ်ခါပေးချေရမှုသည် မလွယ်ပေ။ ထိုကြားဖြတ်ပေးချေမှုများကို ပြုလုပ်နိုင်ရန်အတွက် ပုဂ္ဂလိကငွေချေးသူများထံမှ အတိုးနှုန်းကြီးစွာ

ချေးယူရသည်။ အကြွေးနွံမှရုန်းထွက်နိုင်ရန် တတ်နိုင်စေမည့် ချေးငွေများကို ထောက်ပံ့ပေးရမည့်အစား ထိုချေးငွေများသည် မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော ထိခိုက်အလွယ်ဆုံးသော အိမ်ထောင်စုများကို ပိုမိုဆိုးရွားစေပြီး တချို့အိမ်ထောင်စုများမှာ ကြွေးရှောင်ရန်အတွက် ရွာမှာစွန့်ခွာပြေးရသည်အထိ ဖြစ်ခဲ့သည်။ ထိုကြွေးမြီများသည် ရပ်ရွာအတွင်း လူမှုဆက်ဆံရေးအပေါ်တွင်လည်း သက်ရောက်လျက်ရှိပြီး ထိုအကြောင်းကို နောက်ပိုင်းအခန်းများတွင် ပိုမိုစိစစ်လေ့လာထားသည်။

အသေးစားချေးငွေသည် အိမ်ထောင်စုများ၏ စီးပွားရေးလမ်းကြောင်းကို ပြောင်းလဲသွားစေလောက်အောင် ရေရှည်တည်တံ့စေမည့် လုံလောက်သည့် ချေးငွေမဟုတ်ဟု ရွာသားများက ဝေဖန်ကြသည်။ ယခုအခါတွင် အိမ်ထောင်စုများတွင် စားနပ်ရိက္ခာဖူလုံမှုအတွက် ပြဿနာသိပ်မရှိတော့ဘဲ အဆင်းရဲဆုံးအိမ်ထောင်စုပင်လျှင် စားသုံးမှုအတွက် ငွေမချေးကြတော့ပေ။ ငွေချေးသူအများစုမှာ ၎င်းတို့အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေချေးလိုကြခြင်းဖြစ်သည်။ သို့ရာတွင် အသေးစားငွေချေးလုပ်ငန်းမှားမှ ရရှိသောငွေကျပ်သိန်းပေါင်းများစွာသည် လယ်သမားတစ်ယောက်အတွက် ဓာတ်မြေသြဇာများ ပိုဝယ်နိုင်ခြင်း (သို့) အငှားဆွဲစားရန် မော်တော်ဆိုင်ကယ်အသစ်တစ်စီးကို ဝယ်ယူနိုင်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ ထိုချေးငွေပမာဏလောက်သည် အသက်မွေးမှုတစ်ခုကို လုံးလုံးပြောင်းလဲသွားရလောက်အောင် မပြုလုပ်နိုင်ပေ။ ဥပမာ -ထိုပမာဏသည် မြေယာမဲ့တစ်ယောက်ကို မြေဝယ်နိုင်လောက်အောင် မကြီးမားသလို လယ်သမားတစ်ယောက်ကို စိုက်ပျိုးရေးစက်ပစ္စည်းအသစ်များတွင် ရင်းနှီးနိုင်လောက်အောင်လည်း မလုံလောက်ပေ။ တစ်နည်းအားဖြင့် မြစ်ဝကျွန်းပေါ်လူထု၏လိုအပ်ချက်သည် လွန်ခဲ့သော ၅ နှစ်မှ အသေးစားချေးငွေအစီအစဉ်များ ပြုလုပ်ပုံစံထုတ်ထားသော လိုအပ်ချက်အနေအထားတွင် ရှိမနေတော့ဘဲ ရေရှည်စီးပွားရေးလုပ်ဆောင်ချက်များတွင် ကြီးကြီးမားမားရင်းနှီးနိုင်ရန် ချေးငွေအခွင့်အလမ်းများကို ပိုမိုလိုအပ်လာခဲ့သည်။

### *ပုဂ္ဂလိကငွေချေးသူများ*

SIM ကျေးရွာများတွင် ပုဂ္ဂလိကချေးငွေများကို တစ်စိတ်တစ်ပိုင်းတရားဝင်သော ပုံစံဖြင့်သော်လည်းကောင်း တရားဝင်မဟုတ်သော ပုံစံမျိုးဖြင့်သော်လည်းကောင်း ချေးပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ဥပမာ- လယ်သမားများမှ အနီးအနားရှိ လယ်သမားငယ်များကို ချေးပေးခြင်း (သို့) ဒေသတွင်း သွင်းအားစုရောင်းချသူများမှ မျိုးစေ့ (သို့) ဓာတ်မြေသြဇာတို့ကို ချေးပေးခြင်း။ ကျေးရွာများအားလုံးတွင် အဆိုပါပုဂ္ဂလိကငွေချေးသူများကို တွေ့ရသော်လည်း အစိုးရနှင့် အလှူရှင်များဆီမှ ချေးငွေအရင်းအမြစ်များ တိုးပွားလာချိန်တွင် ထိုပုဂ္ဂလိကချေးငွေများကိုမှီခိုမှု လျော့ကျလာသည်ဟု တွေ့ဆုံမေးမြန်းသူများက ဆိုကြသည်။ စိုက်ဘဏ်မှချေးယူမှု များလာခြင်းနှင့် အတိုးနိမ့်ချေးငွေအစီအစဉ်များ ကျယ်ပြန့်လာခြင်းတို့ကို SIM 4 တွင် တွေ့ရှိခဲ့သည်။

သို့ရာတွင် လယ်သမားများသည် ယခု မြေယာမဲ့များနှင့်နှိုင်းစာလျှင် ရေလုပ်သားများသည် ပုဂ္ဂလိကချေးငွေမဟုတ်သော ချေးငွေများကို ရယူနိုင်မှု ပိုမိုနည်းပါးသည်ကို မှတ်သားရသည်။

### *စည်းမျဉ်းစည်းကမ်းများကွဲပြားခြားနားမှု*

အစောပိုင်း SIM သုတေသနများကတည်းက ချေးငွေရရှိနိုင်မှုများ ချဲ့ထွင်လာမှုအရ ပြည်တွင်း၊ နိုင်ငံတကာ NGO များနှင့် အစိုးရ ချေးငွေအစီအစဉ်များတွင် ရွာသူရွာသားများကို မည်သည့်ချေးငွေသည် ၎င်းတို့အတွက် အဆင်အပြေဆုံးဖြစ်သည်ကို ရွေးချယ်ဆုံးဖြတ်နိုင်စေသည့် အခွင့်အလမ်းများကိုပေးခဲ့သည်။ SIM 5 တွင် တွေ့ရသောရွာသားများမှာ ချေးငွေစည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်း၊ ချေးငွေလှည့်ပတ်သည့်ပုံစံနှင့် ချေးငွေအရင်းအမြစ်အမျိုးမျိုးအတွက် လူမှုဖူလုံမှုဘဏ္ဍာငွေဆိုင်ရာ စွဲဆောင်မှုများကို ပိုမိုသိရှိနားလည်ကြသည်။

## ကျား/မကဏ္ဍနှင့် ချေးငွေလက်လှမ်းမီမှု

စိုက်ဘဏ်မှချေးငွေများ ချဲ့ထွင်လာမှုနှင့်အတူ ချေးငွေများကို မြေယာမှတ်ပုံတင်အပေါ်တွင် မှတ်ပုံတင်ထားသော လူနာမည်ဖြင့် ချေးငွေကို ထုတ်ပေးသည်။[၁၅] အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းစာလျှင် ချေးငွေရယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အခက်အခဲများ ရင်ဆိုင်ရမှုမရှိပေ။ တစ်ဦးစီတိုင်းသည် ကျေးရွာကော်မတီမှ စည်းမျဉ်းစည်းကမ်း ချမှတ်မှုများဖြင့်သာ ချေးပေးသော သမဝါယမနှင့် မြစ်မ်းရောင်စီမံကိန်းတို့မှ ငွေချေးနိုင်ကြသည်။ PACT နှင့် အခြားသော အသေးစားချေးငွေအစီအစဉ်များ၊ လှည့်ပတ်ရန်ပုံငွေများသည် အမျိုးသမီးအဖွဲ့များ ဖွဲ့စည်းစေခြင်းဖြင့် အမျိုးသမီးများကို ၎င်းတို့အမျိုးသားများအပေါ်တွင် တည်မှီခြင်းမရှိစေဘဲ လွတ်လွတ်လပ်လပ် ချေးငွေရယူနိုင်စေသည်။

မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးများ ငွေချေးနိုင်မှုကို သက်ရောက်နေသော လူမှုကန့်သတ်ချက်များနှင့် ဖိအားများ ရှိနေဆဲဖြစ်သည်။ တချို့ကိစ္စများတွင် ချေးငွေများကို အိမ်ထောင်စုတစ်စုအနေဖြင့်သာ ထုတ်ချေးပေးသည်။ ထိုအခါတွင် အမျိုးသမီးများမှာ ခင်ပွန်းများထက် ပိုပြီးအကန့်အသတ်ဖြစ်ရသည်။ တချို့သင်တန်းအစီအစဉ်များ

---

[၁၅] ချေးငွေရရှိသော မြေယာမှတ်ပုံတင်ထားသည့်သူမှာ ယေဘုယျအားဖြင့် အိမ်ထောင်ဦးစီးဖြစ်သည်။ သို့ရာတွင် စိုက်ဘဏ်ချေးငွေသည် လူတစ်ယောက်ကို ၁၀ ဧကအထိသာ ချေးပေးသောကြောင့် လယ်သမားကြီးများသည် ၎င်းတို့မြေကို လိုအပ်ပါက အမျိုးသမီး၊ သားသမီးများနာမည်တို့ဖြင့် ခွဲပြီးမှတ်ပုံတင်ထားတတ်ကြသည်။ သို့မှသာ စိုက်ဘဏ်ထံမှချေးငွေကို များနိုင်သမျှ များများရနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ကိစ္စရပ်များတွင် အမျိုးသမီးများမှာ သဘောတရားအားဖြင့် ချေးငွေရရှိကြပြီး ထိုငွေကို မည်သို့သုံးစွဲမည်ကိုသာ အိမ်ထောင်ဦးစီးမှ ဆုံးဖြတ်သည်။

(ဥပမာ - စိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းများ)ဖြင့် ချိတ်ဆက်ထားသော ချေးငွေအစီအစဉ်များမှာ အမျိုးသမီးများ၏ အိမ်မှုကိစ္စများကြောင့် သင်တန်းတွင်မပါဝင်နိုင်ဘဲ ချေးငွေမရနိုင်ပေ။ အမျိုးသမီးများသည် အိုးမကွာအိမ်မကွာပြုလုပ်၍ရသော စာရင်းကိုင်သင်တန်းများနှင့် ဆက်စပ်ချေးငွေများ (သို့) ကျေးရွာလှည့်ပတ်ရန်ပံ့ငွေမှ စက်ချုပ်လုပ်ငန်းထောင်ရန် ထောက်ပံ့ပေးမှုများကိုသာ ပိုပြီးစိတ်ဝင်စားကြသည်။ အချုပ်အားဖြင့်ဆိုရသော် အမျိုးသမီးများအတွက် နေ့စဉ်အိမ်မှုကိစ္စများလုပ်နေရခြင်းကြောင့် အစဉ်အလာဆိုင်ရာ ကန့်သတ်ချက်များ၊ အမျိုးသမီးနှင့်မအပ်စပ်သော လုပ်ငန်းများအတွက် လူမှုကန့်သတ်ချက်တို့သည် အမျိုးသမီးများ၏ ငွေချေးယူနိုင်မှုကို ကန့်သတ်လျက်ရှိသည်။

## ကြွေးမြီတင်ရှိမှုပမာဏ


ယခင် SIM သုတေသနများတွင် အိမ်ထောင်စုအများအပြားမှာ အစိုးရနှင့် ပုဂ္ဂလိကနေရာများမှ အတိုးနှုန်းပုံမှန်ပေးရသော ချေးငွေများကို ရယူထားကြသည်ကို တွေ့ရသည်။ လွန်ခဲ့သော ၅ နှစ်တာကာလအတွင်းတွင် ကြွေးမြီတင်ရှိမှုပမာဏမှာ တိုးမြင့်လာခဲ့ပြီး ထိုတိုးမြင့်မှုသည် အသက်မွေးအုပ်စုများအတွင်းတွင် ညီညီမျှမျှ ပျံ့နှံ့ဖြစ်ပေါ်ခြင်းမရှိပေ။

*လယ်သမားများ*


လယ်သမားကြီးနှင့် လယ်သမားလတ်များသည် ကြွေးတင်ရှိမှုအမြင့်ဆုံးသောသူများဖြစ်ပြီး ထိုသို့ဖြစ်ပေါ်ခြင်းမှာ ရာသီဥတုဘေးများ၊ အထွက်နှုန်းမသေချာမှုများနှင့် လုပ်သားခကြီးမြင့်လာမှုများကြောင့်ဖြစ်သည်။ ပုံ ၃ တွင် ဖော်ပြထားသကဲ့သို့ ထိုအုပ်စုများအားလုံး၏ ကြွေးတင်ရှိမှုပမာဏမှာ လျင်မြန်စွာတိုးမြင့်လာခဲ့သည်။ လယ်သမားငယ်များသည် အသက်မွေးအုပ်စုများအားလုံးအထဲတွင် ကြွေးမြီတင်ရှိမှု တိုးမြင့်လာမှု အနည်းဆုံးဖြစ်သည်။ ၎င်းကို လွန်ခဲ့သော ၄ နှစ်အတွင်း မဖြစ်စလောက်သာ တိုးမြင့်လာခြင်းက ပြသနေသည်။ ကြွေးမြီတင်ရှိမှုတိုးမြင့်လာခြင်းကို ရှောင်ရှားနိုင်မှုမှာ ၎င်းတို့လယ်ယာမြေအတွက် သွင်းအားစုဝယ်ရန် ငွေသိပ်သုံးစရာမလိုခြင်းနှင့် ချေးယူနိုင်စွမ်းမရှိခြင်းတို့ကြောင့်ဖြစ်သည်။ ချေးယူနိုင်စွမ်းမရှိခြင်းမှာ လယ်သမားငယ်တစ်ယောက် ကြွေးပိလာသည်နှင့် မြေ (တစ်စိတ်တစ်ပိုင်းဖြစ်ဖြစ်) ရောင်းထုတ်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။

လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း အများဆုံးနှင့် အနည်းဆုံးတင်ရှိခဲ့သော ကြွေးမြီပမာဏကို မေးမြန်းခဲ့ရာတွင် SIM ကျေးရွာများ၏ သုံးပုံနှစ်ပုံကျော်သည် ၂၀၁၇ ခုနှစ်တွင် ကြွေးတင်ရှိမှုအများဆုံးဟု လယ်သမားများမှဆိုကြပြီး အနိမ့်ဆုံးကြွေးတင်ရှိမှုမှာ ၂၀၁၂ (သို့) ၂၀၁၃ ခုနှစ်တွင်ဖြစ်သည်ဟု ၈၀ ရာခိုင်နှုန်းမှ အစီရင်ခံကြသည်။ ၎င်းကြွေးတင်ရှိမှုမှာ ပိုပိုဆိုးလာသည်ကိုပြပြီး အထူးသဖြင့် ငွေချေးရန်လိုအပ်သော်လည်း ချေးငွေကို ပြန်ဆပ်နိုင်စွမ်းနည်းပါးသော လယ်သမားလတ်များမှာ ကြွေးနွံမှမလွတ်မြောက်နိုင်ပေ (ပုံ ၄)။

ပုံ ၄ - လယ်သမားများအတွက် ကြွေးတင်ရှိမှုအများဆုံးနှစ်




ပုံ ၃ - အချိန်ကာလတစ်လျှောက် ပျမ်းမျှကြွေးတင်ရှိမှုပမာဏ (ကျပ်သိန်းပေါင်း)



လယ်သမားများအနက် အစိုးရချေးငွေများကို ဆက်လက်ရရှိရန် ရုန်းကန်နေရသူများ များပြားသကဲ့သို့ တချို့မှာလည်း မကြာခဏ ပြန်မဆပ်နိုင်ဘဲ ရှိနေခဲ့သည်။ မြစ်ဝကျွန်းပေါ်အိမ်ထောင်စုများတွင် ကြွေးတင်ရှိမှုများပြားလာသော်လည်း အများစုမှာ ဆက်လက် ချေးငှားနေဆဲဖြစ်ပြီး အထူးသဖြင့် လယ်သမားများမှာ မချေးတော့ဟု ငြင်းနိုင်စွမ်းမရှိပေ။ စိုက်ပျိုးချိန်တွင် ငွေမချေးပါက လယ်သမားများမှာ သွင်းအားစုများကို ဝယ်နိုင်စွမ်းမရှိပေ။

### *ရေလုပ်သားများ*

ရေလုပ်သားများမှာလည်း အလားတူပင် ကြွေးအနည်းငယ်သာတင်ရှိရာမှ များပြားလာခဲ့သည်။ ရေလုပ်သားငယ် (သို့) ဝမ်းစာအတွက် ငါးဖမ်းသူများအတွက် ၂၀၁၇ တွင်ရှိသော ကြွေးတင်ရှိမှုပမာဏမှာ ၂၀၁၃ အခြေအနေထက် ၃ ဆ ပိုများလာခဲ့သည်။ ရေလုပ်သားကြီး အနည်းစုမှာ ကြွေးပိုတင်လာခြင်းအကြောင်းအရင်းကို ထုတ်ပြရန် ခဲယဉ်းနေချိန်တွင် ငါးဖမ်းကိရိယာများနှင့် လိုင်စင်ကြေးသည် ကြွေးပိုတင်ရှိလာခြင်း အကြောင်းအရင်းဖြစ်သည်ဟု ရေလုပ်သားငယ်များမှ ဆိုလာခဲ့ကြသည်။ ထို့အပြင် ရေလုပ်သားများမှာ ချေးငွေရယူနိုင်မှု အခက်အခဲအရှိဆုံးသောသူများဖြစ်ကြသည်။

ရေလုပ်ငန်းအသက်မွေးမှုအတွက် ချေးငွေလိုအပ်ချက်မှာ စိုက်ပျိုးရေးနှင့် ပုံစံအားဖြင့် သိသိသာသာ ကွဲပြားခြားနားသည်။ စိုက်ပျိုးရေးတွင် နှစ်စဉ်သွင်းအားစုအတွက် ချေးရသော်လည်း ရေလုပ်ငန်းအတွက်မူ နှစ်ပေါင်းများစွာ သုံးစွဲနိုင်သော မတည်ပစ္စည်းအတွက် လိုအပ်ခြင်းဖြစ်သည်။ ဥပမာ - နာဂစ်ပြီးနောက် လှေများဆုံးရှုံးသွားချိန်တွင် ရေလုပ်သားများအတွက် အဓိကအခက်အခဲမှာ ဆုံးရှုံးသွားသောလှေ၊ (အင်ဂျင်ရှိသူများမှာ အင်ဂျင်)နှင့် ငါးဖမ်းပိုက်များ ပြန်အစားထိုးရေးပင် ဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင် စက်တပ်လှေများ လိုအပ်ကြပြီး အသေးစားချေးငွေထောက်ပံ့သူများ အပါအဝင် ကျေးရွာအဆင့်တွင် ထောက်ပံ့ပေးသော ချေးငွေပမာဏမှာ ထိုပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိပေ။ ရလဒ်အားဖြင့် ရေလုပ်သားအိမ်ထောင်စုများတွင် တင်ရှိနေသောအကြွေးသည် အသက်မွေးမှုရင်းနှီးမြှုပ်နှံမှုအတွက်ဖြစ်ပြီး ၎င်းကို မြို့ရှိစီးပွားရေးလုပ်ငန်းများ (သို့) ငါးဒိုင်များထံမှ ရယူကြသည်။

### *ဘောက်လုပ်သားများ*

ဘောက်လုပ်သားများ၏ ကြွေးမြီတင်ရှိမှုသည်လည်း ကြီးမြင့်လာခဲ့သည်။ ၎င်းသည် ၂၀၁၇ ခုနှစ်တွင် ချေးငွေရရှိရာ အရင်းအမြစ်များ တိုးပွားလာချိန်တွင် စားသုံးမှုအတွက် ငွေချေးနိုင်သမျှ ချေးယူကြခြင်းကို ထင်ဟပ်ပြသနေသည်။ ၂၀၁၃ ခုနှစ်မှစပြီး မြေယာမဲ့အလုပ်သမားအိမ်ထောင်စုများကို လက်လှမ်းမီစေသော အစိုးရ (သမဝါယမနှင့် မြစိမ်းရောင်စီမံကိန်း)နှင့် အသေးစားချေးငွေ အစီအစဉ်များ တိုးတက်များပြားလာခဲ့သည်။

ထိုချေးငွေအစီအစဉ်များသည် မြေယာမဲ့အိမ်ထောင်စုများမှ လယ်ယာလုပ်သားအဖြစ် မှီခိုနေရခြင်းကို လျှော့ချရန်အလို့ငှာ ဝင်ငွေရရှိရာနေရာများ တိုးတက်များပြားလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ မွေးမြူရေးအတွက် အုပ်စုလိုက်ချေးပေးသော ချေးငွေများမှစပြီး မိသားစုစီးပွားရေးတစ်ခုကို ထူထောင်နိုင်စေရန် ထုတ်ပေးသော ချေးငွေများအထိ မြေယာမဲ့အိမ်ထောင်စုများ၏ ကြွေးမြီတင်ရှိမှုပမာဏသည် ဒေသစီးပွားရေးအခွင့်အလမ်းများနှင့်အတူ မြင့်တက်လာခဲ့သည်။

## ကြွေးမြီတင်ရှိမှုနှင့် ဆိုင်ကလုန်းသက်ရောက်မှုပမာဏ

တချို့သော အသက်မွေးအုပ်စုများအတွက် နာဂစ်၏သက်ရောက်မှုသည် ကြွေးပိုပိစေသောအချက် ဖြစ်မြဲဖြစ်သည်။ အထူးသဖြင့် လယ်သမားကြီးများတွင် တွေ့နိုင်သည်။ နာဂစ်ဒဏ်ပြင်းထန်စွာခံရသော ကျေးရွာများတွင်ရှိသော လယ်သမားကြီးများမှာ အနည်းငယ်သာ ထိခိုက်သော ကျေးရွာများတွင်ရှိသည့် လယ်သမားကြီးများထက်ပိုပြီး ကြွေးတင်ရှိမှုများပြားသည်။ ထိုဆက်စပ်ချက်သည် လယ်သမားလတ်နှင့်အငယ်များ၊ ရေလုပ်သားငယ်များတွင်တွေ့ရှိရသော်လည်း လယ်သမားကြီးများတွင်ရှိသော ဆက်စပ်မှုလောက် မပြင်းထန်ပေ။ သို့ဖြစ်ရာ မြေယာမဲ့များတွင် ကြွေးမြီပမာဏနှင့် နာဂစ်ဒဏ်သက်ရောက်မှုအကြား ဆက်စပ်ချက်အနည်းငယ်သာရှိသည်။ ၎င်းသည် အရှေ့မှအခန်းများတွင် ဆွေးနွေးခဲ့သော မြေယာမဲ့လုပ်သားများ၏ အသက်မွေးမှုအခြေအနေ တိုးတက်လာခြင်းနှင့် ရေလုပ်သား

**ဇယား ၁၆** -အသက်မွေးအုပ်စုအမျိုးမျိုးအကြား မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ညွှန်ပြနေသော ကြွေးမြီတင်ရှိမှုပမာဏများ(ကျပ်သိန်းပေါင်း)

| သက်ရောက်မှုပမာဏ | လယ်သမားကြီးများ | လယ်သမားလတ်များ | လယ်သမားငယ်များ | ရေလုပ်သားငယ်/ ဝမ်းစာအတွက်ငါးဖမ်းသူများ | ဘောက်လုပ်သားများ |
|---|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၅.၂၈ | ၂.၉၃ | ၁.၄၆ | ၀.၇၄ | ၀.၃၅ |
| အလယ်အလတ်သက်ရောက် | ၆.၇၂ | ၂.၆၆ | ၁.၀၂ | ၀.၆၆ | ၀.၄၆ |
| အနည်းငယ်သက်ရောက် | ၃.၂၀ | ၂.၇၂ | ၁.၃၄ | ၀.၅၅ | ၀.၃၄ |

မဟုတ်သော မြေယာမဲ့အိမ်ထောင်စုများမှာ ကြွေးတင်ရှိမှုပမာဏ နည်းပါးခြင်းတို့ကို ထင်ဟပ်ပြသနေသည်။ ဇယား ၁၆ သည် တွေ့ဆုံမေးမြန်းသူများမှ ဖြေကြားသော ကြွေးတင်ရှိမှု ပျံ့နှံ့တည်ရှိပုံကို ဖော်ပြထားခြင်းဖြစ်သည်။

## ကြွေးနွံနစ်ခြင်းကို အိမ်ထောင်စုများမှဖြေရှင်းကြပုံ

ကြွေးနွံနစ်နေသောအိမ်ထောင်စုများသည် ပထမဦးစွာ ဥစ္စာပစ္စည်းများကို ရောင်းချခြင်းဖြင့် ဖြေရှင်းကြသည်။ လယ်သမားများမှာ မြေပေါင်ခြင်း (သို့) ရောင်းခြင်းနှင့် ရေလုပ်သားများမှာ ၎င်းတို့လှေများကို ရောင်းချကြသည်။ လယ်သမားအများစုမှာ ၎င်းတို့မြေကို တစ်ခါတည်းရောင်းချခြင်းထက် အခွင့်အရေးများ လုံးလုံးမဆုံးရှုံးရလေအောင် အရင်ပေါင်နှံကြသည်။ တစ်ခါမျှ ကောင်းကောင်းရိတ်သိမ်းနိုင်ပါက ပြန်ရွေးနိုင်မည်ဖြစ်သည်။ သို့ရာတွင် ပြန်မရွေးနိုင်ပါက ထိုသို့ပေါင်နှံခြင်းမှာ ကြွေးပိုတင်စေပြီး သီးနှံရောင်းချမှုမှ အကျိုးအမြတ်ရရှိနိုင်စွမ်းလည်း မရှိတော့ပေ။

အိမ်ထောင်စု၏ အဓိကပစ္စည်းများကို ရောင်းချလိုက်သည်နှင့် အနည်းဆုံးအိမ်သားတစ်ဦးဦးမှ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် ပုံမှန်တွေ့မြင်နေကျ တုံ့ပြန်မှုပုံစံများဖြစ်သည်။ လတ်တလော နှစ်ကာလများအတွင်း ရန်ကုန်နှင့်မြို့များတွင် လုပ်နိုင်ကိုင်နိုင်အရွယ်ရောက်သူတိုင်းသည် ရပ်တည်စရာအလုပ်တစ်ခုရနိုင်ကြပြီး မိသားစုထံသို့ ငွေပမာဏအနည်းငယ်ကို ပြန်ပို့နိုင်ကြသည်။ ထိုလွှဲပို့ငွေများသည် မိသားစုရပ်တည်ရန်အတွက် အထောက်အကူဖြစ်သော်လည်း အကြွေးပိနေသူများအတွက်မူ အရင်းပြန်ဆပ်ရန်ပင် မလုံလောက်ဘဲ အတိုးပုံမှန်ပေးဆပ်ရန်အလို့ငှာ ရုန်းကန်နေရဆဲဖြစ်သည်။

အဆိုးဆုံးအခြေအနေများတွင် ရွာသူရွာသားများမှာ အိမ်မှစွန့်ခွာပြီး အကြွေးကိုရှောင်ပြေးကြသည်။ အများစုအားဖြင့် ကြွေးယူထားသော အိမ်ထောင်ဦးစီးမှာ ထွက်သွားခြင်းဖြစ်သည်။ သို့သော် SIM 5 တွင် ကြွေးရှင်ထံမှ ရှောင်ပြေးရန် တစ်မိသားစုလုံး မြစ်ဝကျွန်းပေါ်ဒေသ၏ အခြားနေရာ(သို့) ရန်ကုန်သို့ ထွက်ပြေးသွားသော သာဓကများ အများအပြားတွေ့ရသည်။ ထိုသို့ အနည်းဆုံး ၁ ကြိမ်မျှဖြစ်ဖူးသည်ဟု အစီရင်ခံသော ကျေးရွာပေါင်း ၁၅ ရွာရှိသည်။

# မြေယာ

SIM 4 သုတေသနတွင် စီးပွားရေးကြပ်တည်းမှုသည် မြေယာလွှဲပြောင်းမှုများကို ဖြစ်ပေါ်စေသည်ကို တွေ့ရှိခဲ့ရသည်။ မြေယာမညီမျှမှုများ ဖြစ်ပေါ်လာပြီး မြေယာအများအပြားသည် လူနည်းစုလက်ထဲတွင်သာ ရှိလာကြသည်။ မုန်တိုင်းဒဏ်ပြင်းထန်စွာ သက်ရောက်ခံရသော ကျေးရွာများ၏ တစ်ဝက်အပါအဝင် SIM ကျေးရွာများ၏ လေးပုံတစ်ပုံသည် ၂၀၁၀ နှင့် ၂၀၁၃ အကြားတွင် မြေယာလွှဲပြောင်းမှုများကို အကြုံရဆုံးဖြစ်သည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ ၎င်းတို့မြေများကို မှတ်ပုံတင်ပြီးသည်နှင့် ထိုမြေများကို ရောင်းရန်စီစဉ်ထားကြောင်း လယ်သမားများမှ ပြောကြားကြသည်။ သို့ရာတွင် မြေယာခိုင်မာတောင့်တင်းလာမှုသည် နှေးကွေးလျက်ရှိသည်ကို SIM 5 တွင် တွေ့ရှိရသည်။ လယ်သမားငယ်နှင့် အလတ်များသည် လယ်ယာမြေများကို နောက်ဆုံးအားထားရာအဖြစ်သာ ဆက်လက်ရောင်းချဆဲဖြစ်သည်။ ကြွေးအလွန်ပိနေသော ကာလများမှာပင်လျှင် မြေကိုမရောင်းဘဲ အတတ်နိုင်ဆုံးထားပြီး စိုက်ပျိုးဆဲဖြစ်သည်။ လယ်သမားများမှာ တစ်ခါနှစ်ခါမျှ အထွက်ကောင်းလိုက်ပါက အကြွေးနွံမှလွတ်မြောက်နိုင်မည်ကို သိမြင်ကြသည်။ မြေယာအတွက် ဈေးကွက်ပေါက်ဈေးမှာ သိပ်မများသော်လည်း စားဝတ်နေရေးစရိတ်အတွက် တစ်နှစ် (သို့) တစ်နှစ်ထက်ပိုပြီး ဖြည့်ဆည်းပေးနိုင်သည်။ ၎င်းအပြင် SIM 4 တွင် အဓိကတွေ့ရှိခဲ့သော မြေယာအပြောင်းအလဲများသည် ပြင်းထန်မှုအားဖြင့်သော်လည်းကောင်း၊ အရေအတွက်အားဖြင့်သော်လည်းကောင်း ကျဆင်းသွားခဲ့ပြီဖြစ်သည်[၁၆]။

## မြေယာရောင်းချမှု

***ရောင်းချသူများ***

SIM 5 သုတေသနမှ ရှာဖွေတွေ့ရှိသည်မှာ ရွာအနည်းငယ်မှအပ ကျန်သည့်ရွာအားလုံးတွင် မြေယာရောင်းချမှုတစ်ခု (သို့) နှစ်ခုကို နှစ်စဉ်တွေ့ရှိရသည်။ ထိုရောင်းချသူများမှာ အများအားဖြင့် လယ်သမားငယ်နှင့်အလတ်တို့ဖြစ်ပြီး ကြွေးမြီတင်ရှိမှုမှာ မြေရောင်းခြင်းကို ရှောင်မရသောအခြေအနေသို့ ရောက်ရှိသွားခြင်းကြောင့်ဖြစ်သည်။ တချို့ကျေးရွာများတွင် လယ်သမားကြီးများသည် မြေယာရောင်းချသူများ ဖြစ်နေတတ်သည်။ ထို့သို့ဖြစ်ရသည့် အကြောင်းအရင်း ၂ မျိုးရှိသည်။ ပထမတစ်ခုမှာ လုပ်သားရှာမရခြင်း၊ သွင်းအားစုဈေးများ တိုးမြင့်လာခြင်းနှင့် အမြတ်အစွန်းမသေချာခြင်းတို့ကို ကြုံတွေ့နေရချိန်တွင် (အထူးသဖြင့် ရွာနှင့်ဝေးဝေး (သို့) မကောင်းသောနေရာတွင်ရှိသော) မြေများများ ပိုင်ဆိုင်ခြင်းသည် ဆွဲဆောင်မှုမရှိလှပါ။ ဒုတိယတစ်ခုမှာ စိုက်ဘဏ်သည် လယ်သမားများကို ၁၀ ဧကအထိသာ ငွေချေးပေးသည်။ မြေယာမှတ်ပုံတင်သည့်ကာလများ

---

[၁၆] သုတေသနဆန်းစစ်မှုအတွက် သုတေသနအဖွဲ့နှင့် ဆွေးနွေးချက်အရ မြေယာမှတ်ပုံတင်မှုလုပ်ငန်းစဉ်သည် လယ်သမားများအားလုံးတွင် မြေယာမှတ်ပုံတင်များရှိသော ကျေးရွာများတွင် တချို့သော တင်းမာမှုများကို ဖြစ်ပေါ်စေသည်။ မည်သူက မည်သည့်မြေကိုပိုင်သည်ဟူသော ကိစ္စရပ်များမှာ ပျံ့နှံ့ဖြစ်ပေါ်နေသည်။ မြေယာမှတ်ပုံတင်သည် ပိုင်ဆိုင်ခွင့်အပေါ်တွင် များစွာသော အပြင်းပွားမှုများကို ဖြစ်ပေါ်စေပြီး မြေနှင့်ပတ်သက်သည့် ကျေးရွာအတွင်း အချင်းပွားမှုများကို တိုးပွားစေသည်။ မည်သို့ပင်ဆိုစေကာမူ မြေယာမှတ်ပုံတင်ခြင်းသည် အထူးသဖြင့် ကျေးရွာပြင်ပလူများ (အစိုးရနှင့် အစိုးရနှင့်ချိတ်ဆက်နေသူများ)မှ မြေသိမ်းခံရမှုများ ဖြစ်ပေါ်တည်ရှိသော နေရာများတွင် ကာလရှည်ကြာရှိခဲ့သော မြေယာအငြင်းပွားမှုများကို ဖြေရှင်းနိုင်ခြင်းမရှိပါ။ သို့ရာတွင် ထိုဖြစ်ရပ်များကို SIM ကျေးရွာများတွင် တွေ့ရခဲ့သည်။

နောက်တွင် လယ်သမားကြီးများမှာ ၎င်းတို့မြေများကို မိသားစုဝင် အမျိုးမျိုး၏အမည်များဖြင့် ခွဲပြီးမှတ်ပုံတင်ကြခြင်းဖြင့် ချေးငွေများ များကို ရယူကြတော့သည်။ စိုက်ဘဏ်သည် ထိုသို့ပြုမူခြင်းကို စတင် နှိမ်နင်းတော့သည်။ ထို့အတွက်ကြောင့် ၁၀ စကေအထက် တောင်သူ များမှာ ငွေချေးယူဖို့ရာ ပိုမိုစရိတ်ကြီးလာကြသည်။ ရလဒ်အားဖြင့် SIM ကျေးရွာများတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပေါ်များလာ ခြင်း (သို့) မြို့တွင် မြေနှင့်အိမ်ဝယ်နိုင်သည့် အခွင့်အလမ်းများရှိနေ ခြင်းတို့ကြောင့် လယ်သမားကြီးများမှာ ၎င်းတို့လိုအပ်သည်ထက် ပိုသည့်မြေများကို ငှားရမ်းခြင်း (သို့) ရောင်းထုတ်ခြင်းတို့ကို ပြုလုပ် လာတော့သည်။

***ဝယ်သူများ***

မြေဝယ်သူများမှာ ရွာတွင်းမှဖြစ်ပြီး အများစုမှာ ငွေချေးသူများဖြစ် တတ် သည်။ ၎င်းသည် လယ်သမားငယ်နှင့်အလတ်တို့ ရင်ဆိုင်နေ ရသော ကြွေးတင်ရှိမှုဘေးကို ညွှန်ပြနေသည်။ ငွေတိုးချေးစားသူမှ ပိုင်ဆိုင်သွားသောမြေကို မြေယာမဲ့အိမ်ထောင်စုများ (တစ်ခါတရံ ယခင်မြေပိုင်ရှင်များ)ကို စိုက်ပျိုးရန်အတွက် ပြန်ငှားတတ်ကြသည်။ ဒေသတွင်းအခြားမြေဝယ်သူများတွင် လွှဲပို့ငွေရရှိနေသူများဖြစ်ပြီး မြေတွင်ရင်းနှီးမြှုပ်နှံလိုသူများ ဖြစ်တတ်သည်။ တစ်ခါတရံတွင် ဝင်ငွေရပေါက်ချဲ့ထွင်ချင်သော ရေလုပ်သားများပါဝင်သည်။ ၎င်း အပြင် ကိုယ်ပိုင်မြေလိုချင်သော အိမ်ထောင်ကျကာစ လင်မယားများ မှလည်း ဝယ်ယူတတ်သည်။ ကျေးရွာမှမဟုတ်ဘဲ မြို့မှစီးပွားရေး သမားများမှာလည်း ကားလမ်းဘေးမှမြေများကို ရင်းနှီးမြှုပ်နှံရန် ဝယ်ယူကြသည်သည့် သာဓကများလည်း အများအပြားရှိသည်။ ထို ကဲ့သို့ဝယ်ယူမှုမျိုးရှိသည်ဟု ကျေးရွာ ၄ ရွာမှ အစီရင်ခံကြသည်။

***ဈေးနှုန်းများ***

မြေယာဈေးနှုန်းသည် ယေဘုယျအားဖြင့် အချိန်နှင့်အမျှ ကြီးမြင့် လာသော်လည်း တစ်ရွာနှင့်တစ်ရွာအကြား သိသိသာသာ ကွာခြားမှု ရှိသည်။ ကာရံထားသော တမံပြင်ပတွင်ရှိသည့် လယ်တစ်ဧကလျှင် အနိမ့်ဆုံးဈေးမှာ ကျပ်ငွေ ၃၀၀,၀၀၀ ဖြစ်သည်။ လယ်တစ်ဧကလျှင် ရောင်းဈေးမှာ ကျပ်ငွေ ၆၀၀,၀၀၀ မှ ၉၀၀,၀၀၀ အတွင်းရှိသည်ဟု တွေ့ဆုံမေးမြန်းခဲ့သူများထဲမှ မြေယာရောင်းချဖူးသူများက ပြောကြ ပြီး တည်နေရာအပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိသည်။ ဆက်သွယ် ရေလမ်းကြောင်းနှင့်နီးသောမြေများမှာ သိသိသာသာ ဈေးမြင့် သည်။ ပြောကြားကြသော အမြင့်ဆုံးမြေဈေးနှုန်းမှာ တစ်ဧကလျှင် ကျပ်ငွေ ၁,၅၀၀,၀၀၀ မှ ၁,၈၀၀,၀၀၀ အတွင်းရှိသည်။ ဒေးဒရဲမြို့နယ် တွင် မြေဈေးမှာ ကျပ်ငွေ ၆,၀၀၀,၀၀၀ အထိပင်ရှိသည်။ ပင်မဆက် သွယ်ရေးလမ်းကြောင်းများနံဘေးတွင် တည်ရှိနေသောမြေများမှာ ဈေး အမြင့်ဆုံးဖြစ်ပြီး ကျေးရွာပြင်ပရှိ စီးပွားရေးသမားများမှ ဝယ်ယူ တတ်ကြသည်။ (သို့) အရည်အသွေးကောင်းပြီး ကုန်းမြင့်သည့် နေရာများမှ လယ်မြေများသည်လည်း ဈေးမြင့်မားပြီး လယ်သမား ကြီးများက လယ်သမားငယ်များထံမှ ဝယ်ယူတတ်ကြသည်။

## "ငွေပေါ်-မြေပေါ်"နှင့် မြေယာပေါင်နှံခြင်း၏ အရေးပါမှု

မြေပေါင်ထားပြီး ငွေချေးယူခြင်းမှာ မြစ်ဝကျွန်းပေါ်ဒေသတစ်လွှား တွင် တည်ရှိခဲ့သည်မှာ ကြာပြီဖြစ်သည်။ ထိုဖြစ်စဉ်ကို နမူနာကျေးရွာ များ၏ ထက်ဝက်ကျော်တွင် အများအားဖြင့် (သို့) အခါအားလျော်စွာ တွေ့ရှိရသည် (ဇယား ၁၇)။ ယခင်အချိန်များကမူ ထိုသို့ ရောင်းဝယ် ခြင်းမျိုးကို တရားဝင်မဟုတ်သောပုံစံမျိုးဖြင့်သာ တွေ့ရသည်။ သို့ရာတွင် မြေယာမှတ်ပုံတင်ပြီးနောက် တစ်စိတ်တစ်ပိုင်း တရားဝင် ဖြစ်သွားသည်။ ချေးငွေအတွက် မြေပေါင်ထားခြင်းပုံစံ ၃ မျိုးရှိသည်။

ပထမတစ်ခုမှာ မြေယာမှတ်ပုံတင်စာရွက်ကို အပေါင်ပစ္စည်းအဖြစ် ထားရှိပြီး ပုဂ္ဂလိကငွေချေးစားသူများထံမှ ချေးယူခြင်းဖြစ်သည်။ ထို ချေးငွေများအတွက် အတိုးနှုန်းမှာ တစ်လလျှင် ၅-၆ ရာခိုင်နှုန်းဖြစ်ပြီး အပေါင်ပစ္စည်းမပါဘဲ ချေးယူရာတွင် ပေးရသည့်အတိုးနှုန်း ၇-၁၀ ရာခိုင်နှုန်းထက် အနည်းငယ်နိမ့်သည်။ ထိုသို့ချေးယူသည့်ပုံစံသည် ပုံစံ ၃ ခုတွင် အသစ်တွေ့ရှိရသည့်ပုံစံဖြစ်ပြီး မြေယာမှတ်ပုံတင် ရှိသော လယ်သမားများအပေါ်တွင် တည်မှီနေသည်။ ထိုသို့ချေးယူ ခြင်းသည် ၂၀၁၂ မြေယာဥပဒေပြဋ္ဌာန်းပြီးနောက် ပေါ်ပေါက်လာ သည့်ပုံစံဖြစ်ပြီး SIM ကျေးရွာများအတွင်း လတ်တလောနှစ်ကာလ များတွင် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေသည်။

ဒုတိယတစ်ခုမှာ မြေယာမှတ်ပုံတင်စာရွက်အစား မြေကိုအပေါင် ပစ္စည်းအဖြစ်ထားရှိပြီး ငွေချေးခြင်းဖြစ်သည်။ မြေယာမှတ်ပုံတင် ကိုသော်လည်းကောင်း မြေယာကိုသော်လည်းကောင်း အပေါင်ထား ပြီး ချေးယူခြင်းနှစ်မျိုးစလုံးတွင် လယ်သမားများသည် ၎င်းတို့မြေ အပေါ်တွင် ဆက်အလုပ်လုပ်ခွင့်ရှိပြီး ချေးငွေလည်းရခြင်းကြောင့် ရိတ်သိမ်းချိန်မတိုင်မီတွင် သွင်းအားစု၊ အခြားစိုက်စရိတ်နှင့် တစ်ခါ တရံ မိသားစုစားစရိတ်အတွက် သုံးစွဲရန်ငွေလည်း ရရှိသည်။

နောက်ဆုံးတစ်ခုမှာ "ငွေပေါ် - မြေပေါ်" စနစ်ဖြစ်သည်။ ထိုချေးယူမှု တွင် အပေါင်အဖြစ်ထားရှိသောမြေကို ငွေချေးသူမှသာ သုံးစွဲခွင့်ရှိ သည်။ ထိုစနစ်တွင် လယ်သမားတစ်ယောက်သည် သူ့မြေကို အသုံး ပြုခွင့်ကို ပုံသေသတ်မှတ်ထားသော ကာလတစ်ခုအားဖြင့် ပေးရ သည်။ ယေဘုယျအားဖြင့် ၃ နှစ်စာအတွက် ပုံသေငွေပမာဏ တစ်ခု ဖြင့် (အများအားဖြင့် မြေတန်ဖိုး၏ ၅၀% ဖြင့်) အတိုးမပါဘဲ သဘော တူရသည်။ ၃ နှစ်တာကာလအတွင်းတွင် ထိုမြေကို ငွေချေးသူမှ ပိုင်ဆိုင်ပြီး ကိုယ်တိုင်စိုက်ပျိုးနိုင်သကဲ့သို့ သီးစားပြန်ချ၍ ရသည်။ ၃ နှစ်ကျော်ပါက လယ်သမားသည် ငွေပြန်ဆပ်ပြီး သူ့မြေကို ပြန်ယူခြင်း (သို့) ငွေပေါ်-မြေပေါ် သဘောတူညီမှုကာလကို သဘောတူညီ ချက်အသစ်ဖြင့် တိုးမြှင့်ခြင်း (သို့) မြေကိုအပြတ်ရောင်းရန် သဘော တူလိုက်ခြင်း (ထိုသို့ရောင်းလျှင် လယ်သမားသည် ငွေပမာဏ တချို့ကို ထပ်မံရရှိသည်)တို့ကို ပြုလုပ်နိုင်သည်။

မြေပေါင်ခြင်းနှင့် "ငွေပေါ်-မြေပေါ်" စနစ်နှစ်ခုစလုံးအတွက် လယ်သမားများရရှိနိုင်သည့် ငွေပမာဏမှာ ဈေးကွက်ပေါက်ဈေးထက် သိသိသာသာနည်းပါးသည်။ ယေဘုယျအားဖြင့် နှစ်ဦးသဘောတူ ဈေးကွက်ပေါက်ဈေးထက် တစ်ဝက် (သို့) သုံးပုံတစ်ပုံ လျော့နည်းသည်။ သို့ရာတွင် ချေးငွေ၏ တင်းတင်းကျပ်ကျပ်မရှိမှုနှင့် ငွေချေးရာတွင် တရားဝင်ရုံးကန့်သွားမဆန်ခြင်းတို့ကြောင့် ချေးယူလိုစိတ်ကို ပိုဖြစ်စေသည်။ ထိုချေးငွေများအတွက် ငွေပြန်ဆပ်ရသည့်ကာလမှာ ၃ နှစ်အထိဖြစ်ပြီး တစ်ခါတရံ ၅ နှစ်လည်း ဖြစ်နိုင်သည်။ အိမ်နီးချင်းများကို အသိသက်သေထားခြင်းနှင့် လူမှုရေးဖိအားအရ အရေးယူဆောင်ရွက်မှုများရှိခြင်းတို့ကြောင့် အုပ်ချုပ်ရေးပိုင်းရှိ လူများနှင့် ထိတွေ့ဆက်ဆံရမှုနည်းပါးသည်။ ထိုချေးငွေများအတွက် အဓိက ငွေချေးစားသူများမှာ ရပ်ရွာအတွင်းရှိ လယ်သမားကြီးများ (သို့) အနီးအနားရွာများမှ လယ်သမားများဖြစ်ကြသည်။

**ဇယား ၁၇** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုနှင့် မြေပေါင်ထားပြီး ငွေချေးမှုအကြိမ်နှုန်း

| သက်ရောက်မှု | အများအားဖြင့် | အခါအားလျော်စွာ | တစ်ခါမျှမရှိ | စုစုပေါင်း | စုစုပေါင်းတွင် တစ်ခါမျှ မရှိဖူးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ထိခိုက်မှုပြင်း | ၂ | ၇ | ၃ | ၁၂ | ၂၅% |
| အလယ်အလတ်ထိခိုက် | ၀ | ၈ | ၁၀ | ၁၈ | ၅၆% |
| အနည်းငယ်ထိခိုက် | ၀ | ၄ | ၆ | ၁၀ | ၆၀% |
| စုစုပေါင်း | ၂ | ၁၉ | ၁၉ | ၄၀ | ၄၈% |



# အခန်း ၄

## လူမှုဆက်ဆံရေး

အစောပိုင်း SIM သုတေသနများတွင် နာဂစ်နောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများတွင်ရှိသော လူမှုရေးတောင့်တင်းခိုင်မာမှုကို လေ့လာထားပြီး နောက်ပိုင်း SIM များတွင် လူမှုချည်နှောင်မှုများအပေါ်တွင် တိုးတက်ဖြစ်ပေါ်လာစေသော အထောက်အပံ့များ၏ သက်ရောက်မှုကို လေ့လာထားသည်။ SIM 4 တွင် အထောက်အပံ့ဝေခြမ်းရေးဆိုင်ရာ တင်းမာမှုများ တည်ရှိခဲ့သော်လည်း ၂၀၁၃ ကာလအခြေအနေနှင့် နှိုင်းစာလျှင်တော့ နည်းပါးသွားသည်။ လူမှုရေးအခက်အခဲများသည် စီးပွားရေးကိစ္စရပ်များနှင့် တိုက်ရိုက်ချိတ်ဆက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ SIM 4 တွင် လူမှုဆက်ဆံရေးမှာ ခိုင်မာမြဲဖြစ်သည်။ SIM 5 တွင် နာဂစ်အလွန်ဝေခြမ်းရေးကိစ္စရပ်များအပါအဝင် နာဂစ်ဆက်စပ်ကိစ္စရပ်များကြောင့် တိုက်ရိုက်သက်ရောက်မှုများမှာ ကွဲပြားစွာဖြစ်ပေါ် တည်ရှိနေသည် (ဇယား ၁၈)[၁၇]။

ခြွင်းချက်အနည်းအကျဉ်းရှိသော်လည်း ကျေးရွာများတွင် လူမှုရေးပြောင်းလဲမှုကိုသက်ရောက်နေသော တွန်းအားများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တွေ့မြင်နေရသော လှုပ်ရှားပြောင်းလဲမှုများဖြစ်ပြီး ၎င်းတို့မှာ နာဂစ်မှပေးသောအမွေကြောင့် ပိုမိုဆိုးရွားသွားခဲ့သည်။ ထိုအကြောင်းအရာများတွင် ရွှေ့ပြောင်းအလုပ်လုပ်မှု၊ စီးပွားရေးပြောင်းလဲမှု၊ ရပ်ရွာများတွင် အဆက်အသွယ်ကောင်းလာခြင်းနှင့် အချို့နေရာများတွင် အုပ်စုတစ်စုနှင့်တစ်စုအကြား ဖြစ်ပေါ်သည့် တင်းမာမှုများတို့ ပါဝင်သည် (ဇယား ၁၉)။ ထိုကိစ္စရပ်အချို့ကို ကျေးရွာများအားလုံးနီးပါးတွင် တွေ့ရှိရသော်လည်း လူမှုပေါင်း စည်းညီညွတ်မှုမှာ ခိုင်မာမြဲဖြစ်သည်။

**ဇယား ၁၈ -** ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်အတွင်း ကျေးရွာအဆင့် လူမှုဆက်ဆံရေးအနေအထား (ထိခိုက်မှုပမာဏအလိုက်)

| | ၂၀၁၃ | | | ၂၀၁၇ | | |
|---|---|---|---|---|---|---|
| သက်ရောက်မှု | ကောင်းမွန် | အသင့်အတင့် | အားနည်း | ကောင်းမွန် | အသင့်အတင့် | အားနည်း |
| ထိခိုက်မှုပြင်း | ၃ | ၅ | ၄ | ၂ | ၉ | ၁ |
| အလယ်အလတ်ထိခိုက် | ၈ | ၇ | ၃ | ၂ | ၁၁ | ၅ |
| အနည်းငယ်ထိခိုက် | ၅ | ၃ | ၂ | ၆ | ၂ | ၂ |
| စုစုပေါင်း | ၁၆ | ၁၅ | ၉ | ၁၀ | ၂၂ | ၈ |

[၁၇] လူမှုဆက်ဆံရေး "ကောင်းမွန်"သော ကျေးရွာများမှာ စည်းလုံးမှုရှိခြင်း၊ အစုအဖွဲ့ဖြင့် လုပ်ဆောင်မှု အားကောင်းခြင်း၊ ကျေးရွာခေါင်းဆောင်မှုကို ယုံကြည်ခြင်း။ "အသင့်အတင့်" - စည်းလုံးမှုအားနည်းခြင်း (ဥပမာ - အချို့အဖွဲ့များမှာ ရပ်ရေးရွာရေးတွင် မပါဝင်ခြင်း)၊ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ချက်များတွင် သဘောထားကွဲလွဲမှုများရှိခြင်း၊ လက်ရှိခေါင်းဆောင်မှုကို ထောက်ခံသူနှင့် ရှုံ့ချသူများ ကွဲကွဲပြားပြားရှိနေခြင်း။ "အားနည်း"- ဘာသာရေးအုပ်စုများ ကွဲပြားနေခြင်း၊ ကျေးရွာ (သို့) မြို့နယ်အုပ်ချုပ်သူများ၏ ခွဲခြားဆက်ဆံမှုကို ခံနေရသည်ဟု ရွာသားများမှခံယူခြင်း၊ စည်းလုံးမှု (သို့) ပေါင်းစည်းလုပ်ဆောင်မှု နည်းခြင်း။

# အိမ်ထောင်စုတစ်စုနှင့်တစ်စုအကြား ဆက်ဆံရေး

## ဆွေမျိုးများသိုက်သိုက်ဝန်းဝန်းရှိသော မိသားစုကြီး တစ်ခု၏ အရေးပါမှု

အနီးအနားတွင် မိသားစုများတည်ရှိခြင်းသည် ဘေးတစ်ခုအပြီးတွင် အိမ်ထောင်စု၏စီးပွားရေးကို ပြန်စရန်အတွက်သော်လည်းကောင်း (သို့) ဝင်ငွေရရာလုပ်ငန်းအသစ်များကို လုပ်ဆောင်ရန်အတွက် သော်လည်းကောင်း အရေးကြီးသည့် ညွှန်ကိန်းတစ်ခုဖြစ်လာခဲ့သည်။ ဆွေမျိုးများရှိသော မိသားစုကြီးတစ်ခုအတွင်း တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှုသည် မပြောင်းလဲသေးဘဲ ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသည့် အထောက်အပံ့တစ်ခု ဖြစ်ဆဲဖြစ်သည်။ ထိုထောက်ပံ့မှုများတွင် လယ်ယာမြေများကို ငှားရမ်းခြင်း၊ လယ်ယာသုံးကိရိယာများကို ငှားရမ်းခြင်း၊ ငွေချေးခြင်းနှင့် နေစရာနေရာပေးခြင်း (သို့) မွေးမြူရေး (အများအားဖြင့် ဘဲမွေးမြူရေး) လုပ်ရန် နေရာပေးခြင်းတို့ ပါဝင်သည် (သာဓက ၅)။

**ဇယား ၁၉** - ၂၀၁၃ နောက်ပိုင်း (သက်ရောက်မှုအဆင့်အရ) ကျေးရွာအဆင့် လူမှုဆက်ဆံရေး ပြောင်းလဲလာမှု

| သက်ရောက်မှု | တိုးတက်လာခြင်း | ဆိုးရွားသွားခြင်း | မပြောင်းလဲ |
|---|---|---|---|
| ထိခိုက်မှုပြင်း | ၃ | ၄ | ၅ |
| အလယ်အလတ်ထိခိုက် | ၂ | ၉ | ၇ |
| အနည်းငယ်ထိခိုက် | ၅ | ၃ | ၂ |
| စုစုပေါင်း | ၁၀ | ၁၆ | ၁၄ |

## အိမ်နီးချင်းများအပေါ် မှီခိုမှုမှာ စတင်ပြောင်းလဲလာခဲ့ခြင်း

မြစ်ဝကျွန်းပေါ်ဒေသတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုများမှာ တချို့လိုအပ်ချက်များကို တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြသည်။ အိမ်ထောင်စုများမှာ အများအားဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီမြဲဖြစ်သည်။ ဥပမာ - နာဂစ်မတိုင်မီက လယ်ထွန်ချိန် (သို့) စိုက်ပျိုးချိန်များတွင် လယ်စိုက်သောမိသားစုများမှာ တစ်ဦးနှင့်တစ်ဦး လုပ်သားအင်အားကို အပြန်အလှန်ရိုင်းပင်းကူညီကြသည်။ ထိုအလေ့အထကို SIM 5 အထိ တွေ့ရမြဲဖြစ်သည်။ လူမှုရေးအရ အကူအညီတောင်းမှုများအတွက် လိုအပ်ချက်အမျိုးအစားမှာ အချိန်နှင့်အမျှ ပြောင်းလဲသွားသည်။ ၂၀၁၇ ခုနှစ်တွင် အများအားဖြင့် တောင်းတတ်သော အကူအညီများမှာ ဆေးခန်းသွားရန် မော်တော်ဆိုင်ကယ်ငှားရမ်းခြင်း (သို့) ရန်ကုန် (သို့) တခြားသောနေရာများတွင် အလုပ်သမားမှတ်ပုံတင်ရန်လိုအပ်ပါက မှတ်ပုံတင်ကတ် (နာဂစ်ဒဏ်ခံရသော ကျေးရွာများတွင် မှတ်ပုံတင်များမှာ လူတိုင်းတွင်ရှိမနေပါ)ကို ငှားရမ်းခြင်းတို့ဖြစ်သည်။ အိမ်ပြန်ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်းတို့အတွက် လုပ်အားပေးအကူအညီတောင်းခြင်းသည်လည်း အများအားဖြင့် တွေ့မြင်ရသော ပုံစံဖြစ်သည်။

သို့ရာတွင် SIM 5 ၌ အိမ်နီးချင်းမိတ်ဆွေများ၏ အကူအညီပေးလို

**သာဓက ၅** - မိသားစုအချိတ်အဆက်များသည် အိမ်ထောင်စုတစ်စု၏ဘဝကို တိုးတက်အောင်လုပ်ရာတွင် အထောက်အပံ့ဖြစ်သည်။

၃၄ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကုန်စုံဆိုင်တစ်ဆိုင်ကို ပိုင်ဆိုင်ပြီး သူမ၏ခင်ပွန်းသည် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သည်။ လက်ထပ်ပြီးနောက် လင်မယားနှစ်ယောက်သည် သူမ၏ခင်ပွန်းနေထိုင်ရာရွာသို့ ပြောင်းရွှေ့နေထိုင်သည်။ ၎င်းတို့သည် ယောက္ခမထံမှ မြေ ၄ ဧကကို ငှားရမ်းပြီး သီးစားလုပ်သည်။ ၂၀၀၆ ခုနှစ်တွင် ဘဲအကောင် ၂၀၀ ကို စတင်မွေးမြူခဲ့သည်။ နာဂစ်သည် လယ်ယာကိရိယာများကို ဖျက်ဆီးခဲ့သော်လည်း ခင်ပွန်းဖြစ်သူ၏အစ်ကိုထံမှ ထွန်စက်ကိုငှားရမ်းခဲ့ပြီး သီးစားပြန်လုပ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် သူမ၏ အစ်ကိုဖြစ်သူသည် သူ၏လယ် ၈ ဧကကို သီးစားလုပ်မလားဟု မေးလာခဲ့သည်။ ထို့ကြောင့် ထိုလယ်ရှိရာနေရာသို့ သူမနှင့်ခင်ပွန်းသည် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဤတစ်ကြိမ်တွင် ဘဲအကောင် ၃၀၀ ကို မွေးမြူခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သူမခင်ပွန်း၏ မိဘများမှာ မူလရွာသို့ပြန်လာရန်ပြောသောကြောင့် ဘဲများကိုရောင်းပြီး ရွာပြန်လာကာ ယောက္ခမများ၏မြေကို သီးစားပြန်လုပ်သည်။

သူမနှင့်ခင်ပွန်းသည် အစ်ကိုဖြစ်သူလုပ်သကဲ့သို့ ကုန်စုံဆိုင်တစ်ဆိုင်ဖွင့်ချင်သည်။ ကုန်စုံဆိုင်လုပ်ငန်းသည် အဆင်ပြေသည်။ ကျေးရွာအုပ်စုအတွင်း တွင်ရှိသော တစ်ခြားရွာတစ်ရွာတွင် ကုန်စုံဆိုင်မရှိဟုကြားသောကြောင့် ၂၀၁၃ တွင် ထိုရွာသို့ ပြောင်းခဲ့သည်။ လအနည်းငယ်ကြာသောအခါ ခင်ပွန်းဖြစ်သူ၏အစ်ကိုထံမှ အတိုးနှုန်း ၅% ဖြင့် ငွေကျပ် ၇၀၀,၀၀၀ ကို ချေးယူပြီး ကုန်စုံဆိုင်ဖွင့်ခဲ့သည်။ တစ်နှစ်အကြာတွင် ထိုအကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။

သည့် စိတ်ဆန္ဒသည် တဖြည်းဖြည်းပြောင်းလဲသွားခဲ့ပြီဟု တွေ့ဆုံမေးမြန်းခဲ့သူများမှ ဖြေကြားခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းများ များလာချိန်တွင် ရွာသူရွာသားများမှာ ပိုပြီးစီးပွားရေးဆန်လာကြပြီး လုပ်ခလစာများ ပိုကောင်းလာခြင်းသည် လူတို့ကို တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီရန် အချိန်နည်းသွားစေခဲ့သည်။

## ကျေးရွာအဖွဲ့များအတွင်း ဆက်ဆံရေး

SIM ကျေးရွာများအတွင်းရှိ ကျေးရွာဘဝမှာ လုပ်ငန်းစဉ်နှင့် ကျေးရွာ၏ အမှန်တကယ်ဖွဲ့စည်းပုံကို ထင်ဟပ်လျက်ရှိသော ကိုယ်ပိုင်အုပ်စုများအရ ပြောင်းလဲဖြစ်တည်လာခဲ့သည်။ ယခင်စစ်အစိုးရလက်ထက် ကျေးရွာတိုင်းတွင်ထားရှိခဲ့သည် မီးသတ်တပ်ဖွဲ့ (သို့) မိခင် နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့စသည့် ပုံသေနည်းချထားသော ပုံစံတူအဖွဲ့အစည်းများ ကွယ်ပျောက်လာခဲ့သည်။

### လုပ်ငန်းစဉ်အခြေပြုအဖွဲ့များ

ပုံသေကားကျဖွဲ့စည်းထားသော အဖွဲ့အစည်းများ ကွယ်ပျောက်လာချိန်တွင် ကျေးရွာအဆင့်တွင် ဖွဲ့စည်းထားသော ကျေးရွာပရဟိတအဖွဲ့များ များပြားလာခဲ့သည်။ ထိုအဖွဲ့များသည် ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေပြီး အများအားဖြင့် နာရေးကူညီမှုအဖွဲ့များဖြစ်ကြသည်။ ၎င်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လူသိများလာသော နာရေးကူညီမှုအသင်း၏ ရေပန်းစားမှုနှင့် ထောက်ပံ့မှုကို ထင်ဟပ်စေသည်။ SIM ကျေးရွာများထဲမှာ ၁၂ ရွာမှာ အဆိုပါကျေးရွာအဖွဲ့များ ရှိသည်ဟု အစီရင်ခံကြသည်။ ရွာ ၃ ရွာတွင် ရွာသူရွာသားများကိုယ်တိုင် လွတ်လပ်စွာထူထောင်ထားသော အသေးစားငွေချေးအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ထိုငွေချေးအဖွဲ့သည် အသေးစားငွေချေးအစီအစဉ်တစ်ခု၏ပုံစံကို နမူနာယူထားသော်လည်း ကိုယ့်ရွာသားများဖြင့်သာ ထူထောင်ထားခြင်းဖြစ်သည်။

အစိုးရ (သို့) အစိုးရနှင့်ချိတ်ဆက်နေသော/အလှူရှင်ပံ့ပိုးသော အစီအစဉ်များ များပြားလာခြင်းမှာ ကျေးရွာအဖွဲ့များ တိုးပွားလာမှုကို တိုးမြင့်စေခဲ့သည်။ မြစိမ်းရောင်စီမံကိန်းနှင့် ကမ္ဘာ့ဘဏ်မှ ဘဏ္ဍာငွေထောက်ပံ့သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (ကွမ်းခြံကုန်းနှင့် ငပုတောမြို့နယ်များရှိ ကျေးရွာ ၇ ရွာတွင် တွေ့ရသည်) နှစ်ခုစလုံးသည် ကျေးရွာအဆင့် ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့များကို ဖွဲ့စည်းစေသည်။ ထိုအဖွဲ့အစည်းအသစ်များကို ရွာသားများမှ ယုံကြည်လက်ခံပြီး ကော်မတီဖွဲ့စည်းပုံတွင် အမျိုးသမီးများကို ထည့်သွင်းထားခြင်းဖြင့် ကျေးရွာအတွင်း အမျိုးသမီးခေါင်းဆောင်မှုများ ပေါ်ထွန်းလာရန် အလားအလာကို မြင့်မားစေသည်။

အသက်မွေးမှုများကို ဆွေးနွေးရာတွင် အထူးပြုဖော်ပြထားသကဲ့သို့ စိုက်ပျိုးရေးအဖွဲ့များကို ယခင်ကထက်ပိုပြီး ပိုမိုတွေ့မြင်လာရပြီး ကျေးရွာ ၂ ရွာတွင် စိုက်ပျိုးရေးမဟုတ်သောအဖွဲ့များ စတင်တည်ထောင်ပြီးဖြစ်သည်။ အဖွဲ့များနှင့် ချိတ်ဆက်အလုပ်လုပ်ခြင်းမှာ ထုတ်လုပ်မှုကို တိုးမြင့်စေခြင်း၊ အလုပ်လုပ်ရက်ကို တိုးမြင့်စေခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုရစေခြင်းစသည့် အကျိုးကျေးဇူးများရှိသည်ဟု ဘောက်လုပ်သားများမှ အစီရင်ခံကြသည်။ ၎င်းအပြင် အဖွဲ့ဖြင့်အလုပ်လုပ်ခြင်းသည် အဖွဲ့အတွင်းရှိလူများနှင့် နေ့စဉ်အလုပ်လုပ်ရခြင်း၊ ခင်မင်မှုနှင့် အတူလက်တွဲလုပ်ဆောင်ခြင်းစသည့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိကြသည်။

### ကိုယ်ပိုင်အဖွဲ့များ

***လူငယ်အဖွဲ့ (ကာလသားအဖွဲ့) များ၏ ရပ်ရေးရွာရေးတွင် ပါဝင်မှုမှာ ကျဆင်းသွားခြင်း***

လူငယ်များ၏ ကျေးရွာအရေးကိစ္စအဝဝတွင် ပါဝင်ဆောင်ရွက်မှု ကျဆင်းသွားခြင်းမှာ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းကြောင့် ဖြစ်သည်။ လူငယ်အဖွဲ့များ တတ်ကြွလှုပ်ရှားနေသော ကျေးရွာ ၅ ရွာသာကျန်ရှိပြီး အထူးသဖြင့် ကျေးရွာ၏ ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ ရွှေ့ပြောင်းအလုပ်လုပ်မှုများ မပေါက်ဖွားစဉ်က ထိုကဲ့သို့ ရပ်ရေးရွာရေးကိစ္စများကို လူငယ်အဖွဲ့များမှသာ ဦးစီးလုပ်ဆောင်ကြသော်လည်း ယခုအခါတွင် လက်တစ်ဆုပ်စာရှိသော လူငယ်များသာ ပါဝင်နိုင်တော့သည်။

ဧပြီလရှိ သင်္ကြန်နှစ်သစ်ကူးနှင့် အောက်တိုဘာလရှိ သီတင်းကျွတ်ပွဲတော်များတွင်သာ လူငယ်များ တတ်ကြွစွာပါဝင်မှုရှိတော့ပြီး ၎င်းမှာ ထိုပိတ်ရက်များတွင် ရွှေ့ပြောင်းနေထိုင်သူများမှာ ရွာသို့ခေတ္တပြန်လာသောကြောင့်ဖြစ်သည်။ အကျိုးဆက်အားဖြင့် အချို့ကျေးရွာများတွင် ရွာသူရွာသားများပါဝင်မှုကို ထိန်းသိမ်းထားလိုသော လူမှုရေးနှင့်ဘာသာရေးပွဲများ၏ အရေအတွက် လျော့နည်းလာခဲ့သည်။ ထိုပွဲများကို ကျေးရွာများမှာပြုလုပ်လိုသော စိတ်ထက်သန်နေသေးသော်လည်း ပွဲတော်ကျင်းပနိုင်စွမ်းနှင့် ကျေးရွာသူရွာသားများ၏ ပွဲတော်တွင် ပါဝင်နိုင်စွမ်းမှာ နည်းပါးသွားပြီဖြစ်သည်။ လူငယ်အဖွဲ့များရှိသော နေရာများတွင်တော့ အမျိုးသမီးဦးဆောင်မှုများကို တစ်နည်းတစ်ဖုံအားဖြင့် လက်ခံလာကြပြီဖြစ်သည်။

***လူမှုဆက်ဆံရေးများတွင် အမျိုးသမီးပါဝင်မှုနှင့်ပတ်သက်ပြီး စံထားကန့်သတ်ချက်များ ပြောင်းလဲလာခြင်း***

ကော်မတီများတွင် ကျား/မ ညီညီမျှမျှ ပါဝင်စေသော NGO များနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ၊ ထောက်ပံ့ရေးနှင့် ဆက်စပ်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုး

ရေးလုပ်ဆောင်ချက်များတွင် ပိုမိုပါဝင်ခွင့်ရလာကြသည်။ အမျိုးသမီးများပါဝင်မှုကို အားပေးပြီး ၎င်းတို့မှာ စာရင်းကိုင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကဲ့သို့သော သင်တန်းများကို ရရှိဖို့ရာ အခွင့်အရေးရလာခဲ့သည်။ နိုင်ငံတကာအလှူရှင်များ၏ ချေးငွေစီမံကိန်းများမှာလည်း အသက်မွေးမှု/ဝင်ငွေရရာ အရင်းအမြစ်အသစ်များကို ဖန်တီးပေးရာ အမျိုးသမီးများမှာ အိမ်ထောင်စုအပေါ် အမှီအခိုကင်းကင်းဖြင့် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပေးလာခဲ့သည်။

မိုဘိုင်းဖုန်းများချိတ်ဆက်မှုနှင့် 3G ဝန်ဆောင်မှုများ တိုးချဲ့လာမှုကို SIM ကျေးရွာများအနှံ့အပြားတွင် တွေ့ရပြီး ၎င်းသည် ကျား/မ စံထားကန့်သတ်ချက်များတွင် အပြောင်းအလဲများကို တဖြည်းဖြည်း ဖြစ်ပေါ်လာစေသည်။ အမျိုးသမီးများကို လူမှုရေးနှင့် စီးပွားရေး ဦးဆောင်မှုများအား ပြသပေးနေသော လူမှုမီဒီယာများအပါအဝင် မီဒီယာများကို ကျေးရွာသူရွာသားများအားလုံးမှ ပိုမိုလက်လှမ်းမီလာကြသည်။ ကျား/မရေးရာ ကိစ္စရပ်များအပေါ် သိမြင်နိုးကြားမှုမှာလည်း တိုးမြင့်လာသည်။ အမျိုးသမီးများအား အကြမ်းဖက်ခြင်းဆိုင်ရာ ကိစ္စရပ်များ[၁၈]နှင့် လူကုန်ကူးသည့် ကိစ္စရပ်များကို SIM တွင်ပါရှိသော အမျိုးသမီးများက ဖြေကြားခဲ့သည်။ လက်တွေ့ဘဝများတွင် အမျိုးသမီးများသည် အခန်းကဏ္ဍအမျိုးမျိုးတွင် ပါဝင်လျက်ရှိသည်ကို မီဒီယာများမှတစ်ဆင့် ထိတွေ့သိမြင်မှုတိုးမြင့်လာသည်ဟု ဆိုကြပြီး ထိုသို့သိမြင်လာမှုသည် အမျိုးသားဦးဆောင်သူများမှ အမျိုးသမီးများကို ရပ်ရေးရွာရေးကိစ္စရပ်များတွင် ဘယ်လိုနေဘယ်လိုထိုင်ပါဟု ပြဋ္ဌာန်းသတ်မှတ်ချက်ပေးဖို့ရာ ပိုမိုခဲယဉ်းလာစေသည်။

နိုင်ငံရေးအသွင်ကူးပြောင်းမှုသည်လည်း အမျိုးသမီးခေါင်းဆောင်ပါဝင်မှုကို သိသိသာသာ အထောက်အပံ့ပေးနေသည်။ ဒေါ်အောင်ဆန်းစုကြည်ကို လှုံ့ဆော်အားပေးမှုတစ်ရပ်အဖြစ် ရှုမြင်ကြပြီး အမျိုးသားများနှင့် အမျိုးသမီးများအားလုံး၏ မျက်လုံးထဲတွင် အမျိုးသမီးများကို ခေါင်းဆောင်အဖြစ် လက်ခံလာစေသည် (သာဓက ၆)။ ၎င်းကို ကျေးရွာခေါင်းဆောင်မှုအခန်းတွင် အသေးစိတ်ဆွေးနွေးထားသည်။

နိုင်ငံရေးဆက်စပ်ပတ်သက်မှုများ၏ နောက်ကွယ်တွင် ရွှေ့ပြောင်းနေထိုင်ခြင်းသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအတွက် သက်ရောက်မှုကြီးကြီးမားမား ရှိနေခဲ့သည်။ ရန်ကုန်တွင်ရှိသော အထည်ချုပ်စက်မှုလုပ်ငန်းများကြောင့် ရွှေ့ပြောင်းအလုပ်လုပ်သူများတွင် အမျိုးသားများထက် အမျိုးသမီးမှာ ပိုမိုများပြားသည်။ ရွှေ့ပြောင်းအလုပ်လုပ်ပြီးပြန်လာသော အမျိုးသမီးများမှာ ရွာသို့ပြန်လာပါက ကျေးရွာလိုအပ်ချက်နှင့်ကိုက်ညီမည့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုရှာဖွေဖော်ထုတ်လာနိုင်ကြသည်။ အမျိုးသမီးများမှာ လူမှုရေးနှင့်ဖျော်ဖြေရေးတို့တွင်ပါဝင်ရန် အခွင့်အလမ်း နည်းခြင်း၊ လောင်းကစား (သို့) သောက်စားခြင်းများ မရှိခြင်းကြောင့် ပိုမိုငွေစုနိုင်ကြသည်ဟု ရွာသားများမှ အစီရင်ခံကြသည်။ ၎င်းအပြင် ရွှေ့ပြောင်းအလုပ်လုပ်ပြီးမှ ပြန်လာသော အမျိုးသမီးများသည် ရပ်ရေးရွာရေးကိစ္စရပ်များတွင် ပိုမိုနေရာရကြသည်။

## ကျေးရွာအတွင်း ဆက်ဆံရေးများ

ကျေးရွာသူရွာသားများသည် နာဂစ်မတိုင်မီနှင့် ယခင် SIM သုတေသနများကတည်းက ရည်မှန်းချက်များအတွက် မပြောင်းမလဲ အတူ လက်တွဲပူးပေါင်းလုပ်ဆောင်မြဲဖြစ်ခဲ့သည်။ သို့ရာတွင် လူမှုတုံ့ပြန်ဆောင်ရွက်မှုနှင့် ကျေးရွာ၏ ပူးပေါင်းလုပ်ဆောင်မှုမှာအထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

ကျေးရွာ၏ လူမှုစီးပွားဆောင်ရွက်ချက်များမှသည် ဘာသာရေးဆောင်ရွက်ချက်များအထိ အိမ်ထောင်စုများ၏လုပ်အားပါဝင်ကူညီမှုမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ၂၀၁၃ မတိုင်မီတွင် ရွာသူရွာသားများသည် အထူးသဖြင့် ရပ်ရေးရွာရေးကိစ္စရပ်များတွင် ပုံမှန်ငွေအားထည့်ဝင်မှုအပြင် လူအားထည့်ဝင်မှုများ ရှိခဲ့ကြသည်။ ယခုအခါတွင် ငွေအားထည့်ဝင်မှုသည် ယခင်တုန်းကအတိုင်း မပြောင်းမလဲရှိနေခဲ့သော်လည်း လူအားထည့်ဝင်မှုမှာ သိသိသာသာနည်းသွားခဲ့ပြီ ဖြစ်သည်။ အကြောင်းမှာ အိမ်ထောင်စုများတွင် လုပ်အားထည့်ဝင်မည့်သူသည် ရွှေ့ပြောင်းအလုပ်လုပ်နေခြင်း (သို့) တခြားအသက်မွေးအလုပ်များ လုပ်နေရခြင်းတို့ကြောင့် ဖြစ်သည်။ ထိုအစား ကျေးရွာမှ လုပ်သားများကို တစ်နေ့လုပ်ခကျပ်ငွေ ၃,၀၀၀ မှ ၅,၀၀၀ အတွင်း ပေးခိုင်းကြသည်။

SIM ကျေးရွာများတွင် ရပ်ရေးရွာရေး၌ လူအားထက် ငွေအားထည့်ဝင်မှုများ တိုးမြင့်လာစဉ်တွင် ငွေအားထည့်ဝင်ရမှုသည် အဆင်းရဲဆုံးမိသားစုများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မြဲဖြစ်သည်။ ကျေးရွာခေါင်းဆောင်သည် ဘုန်းကြီးကျောင်းပြုပြင်ရန်၊ ဘာသာရေးကိစ္စများ (သို့) ကျေးရွာအခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံမှုတို့အတွက် ငွေပမာဏအမျိုးမျိုးကို ပုံမှန်ကောက်ခံလေ့ရှိသည်။ ပမာဏသည် အိမ်ထောင်စုဝင်ငွေအပေါ်တွင် မူတည်ကောက်ခံသော်လည်း ဆင်းရဲသောမိသားစုများမှာ ထည့်ဝင်ရန် ရုန်းကန်ရဆဲဖြစ်သည်။ တချို့ကိစ္စရပ်များတွင် အထူးသဖြင့် အမျိုးသမီးအိမ်ထောင်ဦးစီး (သို့) ကလေးအိမ်ထောင်ဦးစီးကဲ့သို့သော ထိခိုက်လွယ် အိမ်ထောင်စုများသည် ငွေထည့်ဝင်စရာမလိုပေ။ သို့သော် ထိုသို့မထည့်ရသည့်အတွက် ရပ်ရေးရွာရေးနှင့် ဘာသာရေးကိစ္စရပ်များတွင် ခွဲခြားခံရသလို ခံစားရသည်ဟုဆိုကြသည်။

[၁၈] ထုံးစံအတိုင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုတော့ သုတေသနတွင် ထုတ်ဖော်ပြောကြားခဲ့ကြခြင်း မရှိပေ။

**သာဓက ၆** - မြစိမ်းရောင်စီမံကိန်း၏ ဥက္ကဋ္ဌဖြစ်လာသော ကျေးရွာမှအမျိုးသမီးတစ်ဦး

ကျိုက်လတ်မြို့နယ်ရှိ ရွာတစ်ရွာတွင် ရာအိမ်မှူးတစ်ယောက်မှာ ခေါင်းဆောင်လျက်ရှိသည်။ ထိုကျေးရွာမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသော ချမ်းသာသည့် အမျိုးသမီးတစ်ဦးသည် ကျေးရွာသာသနာရေးကိစ္စရပ်များတွင် ဦးဆောင်ပါဝင်လျက်ရှိသည်။ သူမသည် NLD ပါတီ ခေါင်းဆောင်ပိုင်းနှင့်လည်း အဆက်အသွယ်ကောင်းကောင်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၁၀ အိမ်မှူးအဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာကို ဝင်ရောက်အရွေးခံခဲ့ရာ အနိုင်မရခဲ့ပေ။

၂၀၁၆ ခုနှစ်တွင် ကျေးရွာသည် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ဖြစ်လာခဲ့သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အုပ်စုအတွင်းရှိ ကျေးရွာများအားလုံးအတွက် မြေစိမ်းရောင်စီမံကိန်းမှ ချေးငွေယူလိုသည်။ သို့ရာတွင် NLD ပါတီအစည်းအဝေးတွင် အဆိုပြုခဲ့ခြင်းကြောင့် သူမ၏ ကျေးရွာကို စီမံကိန်းဝင်ကျေးရွာအဖြစ် လက်ခံခဲ့ပြီး စီမံကိန်းမူဝါဒမှာ ကျေးရွာတစ်ရွာသာလက်ခံသည်ဟု ထိုသြဇာရှိသည့် အမျိုးသမီးမှဆိုခဲ့သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှာ ခွင့်ပြုချက်ကို ၎င်းမှထုတ်ပေးရခြင်းဖြစ်သောကြောင့် ၎င်း၏ကျေးရွာသည်လည်း အကျိုးခံစားခွင့်ရှိသည်ဟု တုံ့ပြန်ခဲ့သည်။ ထိုသို့ အမြင်ကွဲပြားမှုကြောင့် ကျေးရွာနှစ်ရွာအကြား တင်းမာမှုဖြစ်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်းအတွက် ကော်မတီဖွဲ့စည်းရန် အစည်းအဝေးကို ထိုအမျိုးသမီး၏ အိမ်တွင် ပြုလုပ်ခဲ့သည်။ NLD ပါတီမှ ပါလီမန်အမတ်များနှင့် မြို့နယ်နှင့်ခရိုင်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD)မှ အရာရှိများတက်ရောက်ခဲ့ကြသည်။ ကျေးရွာသူရွာသားများ အားလုံးလည်း တက်ရောက်ကြပြီး (DRD) ဝန်ထမ်းများမှ ကော်မတီသည် ချေးငွေစီမံခန့်ခွဲမှုအတွက် မည်သို့တာဝန်ရှိသည်ကို ရှင်းပြသည်။

မြစိမ်းရောင်စီမံကိန်းကော်မတီတွင် ထိုအမျိုးသမီးကိုသာ ဥက္ကဋ္ဌအဖြစ်တင်မြှောက်ခဲ့ပြီး အဖွဲ့ဝင်များသည် သူမနှင့် ပြေလည်သူများဖြစ်ကြသည်။ ချေးငွေထုတ်ပေးချိန်တွင် ထိုကျေးရွာမှ ခေါင်းဆောင်နှင့် တချို့ရွာသားများမှာ ချေးငွေပေးသည့်ပုံစံကို ကျေနပ်မှုမရှိကြပေ။ ထိုအမျိုးသမီးသည် သူမနှင့်အဆင်ပြေသော အိမ်ထောင်စုများကို ကျပ်ငွေ ၅ သိန်းမှ ၁၅ သိန်းအတွင်း ချေးပေးပြီး တခြားအိမ်ထောင်စုများကိုတော့ ၂ သိန်းမှ ၃ သိန်း လောက်သာ ချေးပေးသည်။

ကျေးရွာခေါင်းဆောင်သည် ထိုဥက္ကဋ္ဌအမျိုးသမီး၏ပြုမူမှုကို DRD မြို့နယ်ရုံးသို့တိုင်ကြားရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အတူ ဆောင်ရွက်သည်။ NLD လစဉ် ပါတီအစည်းအဝေးတွင် ပါလီမန်အဖွဲ့ဝင်များမှ ထိုကိစ္စကို DRD သို့ တိုက်ရိုက်သွားရှင်းပြရန် အကြံပေးကြသည်။ ၂၀၁၆ ခုနှစ်တွင် ကော်မတီဝင်များကို ကျေးရွာအတွင်း မဲပေးစနစ်ဖြင့် ပြန်လည်ရွေးကောက်တင်မြှောက်ရန် DRD မှ စည်းမျဉ်းချမှတ်ခဲ့သည်။

ထိုအမျိုးသမီးကို SIM 5 သုတေသန၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ချေးငွေပမာဏသည် ငွေချေးသူ၏ အသက်မွေးမှု၊ အဆိုပြုသော မတည်ငွေများမှ ပြန်လည်အမြတ်ပေါ်နိုင်မှုအနေအထား၊ အလုပ်ကြိုးစားကြောင်း ဂုဏ်သတင်းရှိခြင်းစသည်တို့အပေါ်တွင် မူတည်ပြီး ဆုံးဖြတ်သည်ဟု ဖြေကြားခဲ့သည်။ DRD ၏ ညွှန်ကြားချက်ဖြင့် ပါလီမန်အမတ်များနှင့်အတူ နေပြည်တော်သို့သွားရောက်ပြီး ကျေးရွာလမ်း ပြုပြင်မွမ်းမံခြင်းအတွက် အကူအညီတောင်းခဲ့ပြီးနောက်တွင် သူမသည် ကျေးရွာတိုးတက်ရေးကို ဆက်လက်ကူညီနေခဲ့သည်။ သူမ၏ ကျေးရွာ လမ်းပြုပြင်ရန် တောင်းခံမှုကိုခွင့်ပြုခဲ့ပြီး လမ်းသစ်တစ်ခုကို ဆောက်လုပ်ခဲ့သည်။ သုတေသနပြုလုပ်ချိန်တွင် မြစိမ်းရောင်စီမံကိန်းကော်မတီ ဖွဲ့စည်းရေး ရွေးကောက်ပွဲမှာ မလုပ်ရသေးပေ။

ရာအိမ်မှူးများ၏ အခန်းကဏ္ဍလျော့ပါးလာခြင်းကြောင့် ကျေးရွာ၏ ကိုယ်ထူကိုယ်ထ လုပ်ဆောင်ချက်များသည်လည်း ပြောင်းလဲသွားသည်။ ၎င်းကို နောက်ပိုင်း ခေါင်းဆောင်မှုအခန်းတွင် အသေးစိတ်ဆွေးနွေးထားသည်။ ကျေးလက်လူမှုဘဝလျော့ပါးလာခြင်းသည် ပေါင်းစည်းလုပ်ဆောင်မှုများအတွက် ကျေးရွာကိုစည်းရုံးရသော ကျေးရွာခေါင်းဆောင်များ လျော့ပါးလာခြင်းတွင် အရင်းခံသည်။ ၎င်းကို ရာအိမ်မှူးအပါအဝင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ရွာသားများကို အတူပါဝင်ရန် စေခိုင်းမရသော ကျေးရွာများတွင် တွေ့ရသည်။ ထို့သို့ ခိုင်းစေရခက်ခဲခြင်းမှာ နိုင်ငံရေးသဘောသဘာဝ အသစ်နှင့်အညီ ချိန်ညှိပြောင်းလဲဆောင်ရွက်နိုင်ရန် ခဲယဉ်းမှုတစ်ရပ်ဖြစ်သည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမရှိသော ကျေးရွာအများအပြား (ကျေးရွာ၏ ပေါင်းစည်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွက် စည်းရုံးဆောင်ရွက်မှုသည် ရာအိမ်မှူးအပေါ်တွင် မူတည်နေသည်)သည် ဆောင်ရွက်ချက်များ လုပ်ဆောင်သည့် အကြိမ်အရေအတွက်မှာ လျော့ကျသွားပြီဟု ပြောကြားကြသည်။ ပေါင်းစည်းလုပ်ဆောင်ရန် လိုအပ်နေသေးသော်လည်း ထိုသို့လျော့နည်းသွားခြင်းဖြစ်သည်။

ကျေးရွာခေါင်းဆောင်များသည် ၂၀၁၃ ကာလများနှင့်နှိုင်းယှဉ်လျှင် အစည်းအဝေးခေါ်မှု နည်းပါးလာသည်။ အကြောင်းမှာ ရွာသူရွာသားများ၏စိတ်ဝင်စားမှု လျော့နည်းသွားခြင်းကြောင့်ဖြစ်သည်။ ကျေးရွာသားများအတွက် မည်သည့်မက်လုံး (ဥပမာ - ပြင်ပထောက်ပံ့မှု

ရမည်ဟူသော ကတိကဝတ်) မှမရှိခြင်းကြောင့် ထိုသို့သော အစည်းအဝေးများကိုဆင့်ခေါ်ရန် ခဲယဉ်းသွားပြီဟု ကျေးရွာခေါင်းဆောင်များကို ဆိုကြသည်။ ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းမှစပြီး အစိုးရဝန်ဆောင်မှုများ (သို့) ပြင်ပအထောက်အပံ့များ ဆွေးနွေးရန်အတွက်သာ ကျေးရွာအစည်းအဝေးများကိုဆင့်ခေါ်ကြပြီး အစည်းအဝေးအများစုသည် ပညာရေးအခွင့်အလမ်း၊ စိုက်ပျိုးဘဏ်ချေးငွေများရောက်ရှိလာမှု (သို့) နိုင်ငံတော် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာကိစ္စရပ်များအတွက်သာဖြစ်သည်။

## ကျေးရွာအတွင်း ပဋိပက္ခနှင့် ပဋိပက္ခဖြေရှင်းမှု

အထူးသဖြင့် အိမ်ထောင်စုများတွင်ဖြစ်သော ပဋိပက္ခအသေးစားများမှာ အများအားဖြင့် ကိစ္စအသေးအဖွဲများအတွက် ဖြစ်ကြခြင်းဖြစ်ကြောင်း SIM ကျေးရွာများတွင် တွေ့ရှိရသည်။ ထိုအငြင်းပွားမှုများမှာ အထူးသဖြင့် အရက်သောက်ပြီး ရမ်းကားမှုများသည့်အတွက် လူအများ စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စ၊ အကြွေးပြန်မဆပ်သည့်အတွက် ဖြစ်သည့်ကိစ္စများ၊ စိုက်ပျိုးရေးနေ့စားလုပ်သားများသို့ ကြိုတင်လုပ်အားခပေးခြင်းကိစ္စနှင့် အသက်မွေးအုပ်စုများအတွင်း ပဋိပက္ခများတို့ ဖြစ်ကြသည်။ တခြားကိစ္စများတွင် ဥပမာအားဖြင့် လယ်သမားများ၏ မြေသြဇာများကြောင့် ရေညစ်ညမ်းသည်ဟု ယူဆသည့် ရေလုပ်သားများ၏ ဒေါသ (သို့) မြေယာမဲ့အိမ်ထောင်စုမှ ဘဲအုပ်များသည် လယ်သမား၏ ပျိုးပင်ပေါက်များကို စားလိုက်ခြင်း စသည်တို့ ပါဝင်သည်။

ထိုပြဿနာများကို ကျေးရွာအဆင့်မှာပင် ဖြေရှင်းကြသည်။ အကယ်၍ အချင်းပွားသူများအချင်းချင်း ဖြေရှင်းမရပါက အရင်ဦးစွာ ကျေးရွာခေါင်းဆောင် (သို့) ရပ်မိရပ်ဖကိုခေါ်ပြီး ဖြေရှင်းခိုင်းသည်။ အများအားဖြင့် ထိုမှုနှင့် ပြီးဆုံးသွားတတ်သည်။ အကယ်၍ နှစ်ဖက်စလုံးမှ မတရားဟု ခံစားရသေးပါက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အယူခံဝင်နိုင်သည်။ သို့သော် ကျေးရွာများအတွင်း တစ်ရွာနှင့်တစ်ရွာ ဝေးကွာသောကြောင့် ထိုသို့ပြုမူခြင်းမှာ ရှားပါးကိစ္စများ (သို့) ကြွေးကိစ္စကြီးကြီးမားမားဖြစ်မှသာ ပြုလုပ်တတ်ကြသည်။ ထိုသို့သော ကိစ္စရပ်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနေရာ ကျေးရွာ (သို့) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အိမ်နှင့်နီးသော ကျေးရွာများတွင်သာ ခြွင်းချက်အဖြစ် တွေ့မြင်ရတတ်သည်။ ထိုကိစ္စများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးကို အရေးတကြီးပင် ပါဝင်စေသည်။

# လူမျိုးတစ်စုနှင့်တစ်စုအကြားနှင့် ဘာသာဝင်အုပ်စုတစ်စုနှင့်တစ်စုအကြား ဆက်ဆံရေး

## ဗုဒ္ဓဘာသာနှင့် မွတ်စလင်ဘာသာဝင်တို့အကြား ဆက်ဆံရေး

SIM ကျေးရွာများတွင် မြန်မာဗုဒ္ဓဘာသာနှင့် မြန်မာမွတ်စလင်တို့ အတူတကွနေထိုင်သော ကျေးရွာ ၃ ရွာပါရှိသည်။ အုပ်စုနှစ်စုစလုံးကို တခြားဘာသာဝင်အုပ်စုနှင့် ဆက်ဆံရေးအကြောင်း မေးမြန်းခဲ့ပြီး ပြင်ပမှရှုမြင်သူတို့၏ ထင်မြင်ယူဆချက်အရ လူမှုရေးအရ စိတ်သဘောထားညီညွတ်မှုကို ထိခိုက်စေသည့် အခက်အခဲကြီးကြီးမားမားမရှိဟု ဆိုသည်။ ဥပမာ- ကျေးရွာတစ်ရွာတွင် ကျေးရွာဘုန်းကြီးကျောင်းအတွက် ငွေထည့်ဝင်လိုစိတ်ရှိပါသည်ဟု လူနည်းစုမွတ်စလင်အုပ်စုမှ ဖြေကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုဘုန်းကြီးကျောင်းကို နာရေးဇရပ်အဖြစ် အသုံးပြုကြခြင်းကြောင့် ဖြစ်သည်။ စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဘာသာရေးအုပ်စုကွဲများအကြား ရောင်းဝယ်မှုရှိကြပြီး မည်သူကမျှ လိမ်လည်ခြင်းမရှိပေ။ တစ်ဆက်တည်းမှာပင် အလုပ်သမားမျှဝေခြင်းမရှိဘဲ ပူးပေါင်းဆုံးဖြတ်ချက်ချမှုမှာလည်း နည်းပါးပြီး အုပ်စုများမှာ အများအားဖြင့် သီးခြားစီနေတတ်ကြသည်။

ဘာသာရေးအုပ်စုများ ရောပြွမ်းနေထိုင်သော ကျေးရွာများတွင် မွတ်စလင်နှင့် ဗုဒ္ဓဘာသာနှစ်ဖက်စလုံးမှာ ဘာသာရေးပွဲများနှင့် ပွဲတော်များကို အချင်းချင်းတက်ရောက်မှုရှိကြသည်။ သို့သော် မွတ်စလင်များမှာ ဗုဒ္ဓဘာသာအလှူများတွင် ထမင်းစားခြင်းမရှိပေ။ နာရေးထည့်ဝင်မှု (သို့) ကလေးများ ကျောင်းသို့ လမ်းလျှောက်သွားခြင်းကို ကြီးကြပ်ပေးခြင်းစသည့် နိစ္စဓူဝလိုအပ်ချက်များအတွက်မူ နှစ်ဖက်စလုံးမှ ကူညီကြသည်။ သို့သော် အုပ်စုများသည် ကျေးရွာအတွင်း နေထိုင်သည့်ဘက်ခြမ်းမှာ မတူညီကြသည့်အလျောက် လယ်ယာလုပ်ကိုင်ရာများငှားရမ်းခြင်း (သို့) တခြားအဖွဲ့မှ အလုပ်သမားကို ငှားရမ်းခြင်းတို့ကိုမူ တွေ့ရခဲသည်။ ၎င်းအပြင် မြန်မာဗုဒ္ဓဘာသာတို့သည် ရန်ကုန်သို့ ပိုမိုပြောင်းရွှေ့အလုပ်လုပ်ကြပြီး ရွှေ့ပြောင်းအလုပ်လုပ်မှုနှုန်းလည်း မြင့်မားသည်။ သို့သော် မွတ်စလင်လယ်သမားများမှာ ရွာမှနေပြီး သူတို့နှင့်ဘာသာတူများကို အလုပ်အကိုင်ဖူလုံအောင် ထောက်ပံ့ပေးသည်။

အခြားလူမှုရေးအရ ကွဲပြားခြားနားမှုများ ရှိသည်။ တချို့ကျေးရွာများတွင် နှစ်ဖွဲ့စလုံးမှာ ကျေးရွာအခြေခံအဆောက်အအုံများကို ဆောင်ရွက်ခွင့်ရှိကြသည်။ ရွာတစ်ရွာတွင် မွတ်စလင်ဘက်အပိုင်းမှ အခြေခံအဆောက်အအုံများမှာ ပိုသာသည်ဟု မြန်မာဗုဒ္ဓဘာသာတစ်ဦးမှဆိုပြီး ထိုသို့သာလွန်ခြင်းမှာ ၎င်းတို့သည် ဘာသာရေးအရ ပိုမိုစည်းလုံးကြခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ကျေးရွာခေါင်း

**သာဓက ၇** - ဘာသာရေးတင်းမာမှုများနှင့် ပတ်သက်သည့် သာဓကများ

ဘိုကလေးမြို့နယ်တွင်ရှိသော ကျေးရွာတစ်ရွာတွင် နာဂစ်မတိုင်မီက မွတ်စလင်အိမ်ထောင်စု ၁၅ စု နေထိုင်ကြသည်။ နာဂစ်အပြီးတွင် ကျေးရွာမှာ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြင်ပအထောက်အပံ့များ ကျေးရွာသို့ရောက်လာပြီး တစ်ရွာလုံးကို မျှဝေသည်။ နောက်တွင် မွတ်စလင်အိမ်ထောင်စုများမှာ နိုင်ငံ၏တခြားနေရာများရှိ မွတ်စလင်အသိုင်းအဝိုင်းမှ အထောက်အပံ့များထပ်ရကြပြီး ၎င်းကို တခြားရွာသားများအား မမျှဝေပေ။ ၎င်းအပြင် နှစ်အနည်းငယ်ကြာချိန် ရခိုင်နှင့် အခြားသောဒေသများတွင် မွတ်စလင်ပြဿနာများ ပေါ်ပေါက်လာချိန်တွင် မြို့နယ်တွင်လည်း မြန်မာ-မွတ်စလင် အကြမ်းဖက်မှုအနည်းငယ် ဖြစ်ပေါ်ခဲ့သည်။ ရလဒ်အားဖြင့် ကျေးရွာသူရွာသားများမှာ ဘာသာကွဲအုပ်စုများအတွင်း သတိထားဆက်ဆံလာကြသည်။ ထို့အပြင် မွတ်စလင်များကို အစ်ပြုလုပ်ခွင့်မပေးတော့ပေ။ အုပ်စုနှစ်စုအတွင်း ဆက်ဆံရေးမှာ ပျက်ဆီးသွားလေသည်။ ၎င်းနောက်တွင် မွတ်စလင်အိမ်ထောင်စုအချို့မှာ ဘိုကလေးသို့ပြောင်းသွားပြီ ရွာတွင် မွတ်စလင်အိမ်ထောင်စု ၇ စုသာ ကျန်ရစ်ခဲ့တော့သည်။

တခြားရွာတစ်ရွာတွင်လည်း မွတ်စလင်အိမ်ထောင်စုများ များစွာရှိကြသည်။ ၎င်းတို့၏ အဓိကအသက်မွေးမှုမှာ လယ်စိုက်ပျိုးခြင်းဖြစ်ပြီး စီးပွားရေးပြေလည်ကြသည်။ ၎င်းတို့သည် မွတ်စလင်အလုပ်သမားကိုသာ ငှားရမ်းကြသည်။ ၎င်းကို မြန်မာအလုပ်သမားများမှ ၎င်းတို့အတွက် အလုပ်အကိုင်ရှားပါးစေသည်ဆိုပြီး မကျေမချမ်းဖြစ်ကြသည်။ မွတ်စလင်တို့မှာ အိဒ်ပြုလုပ်ခွင့်မရကြတော့ဘဲ တစ်ခါတရံ ခရီးသွားလျှင် မည်သည့်ဘာသာဝင်ဖြစ်သည်ဆိုသည့် အနှောင့်အယှက်ဖြစ်စေသော မေးခွန်းများကို ဖြေကြရသည်။ ထိုကိစ္စရပ်များသည် အုပ်စုနှစ်စုအတွင်း ပိုင်းခြားမှုများကို ဖြစ်ပေါ်စေပြီး အချင်းချင်း အယုံအကြည်ကင်းမဲ့စေသည်။

ထိုကျေးရွာများထဲမှ တစ်ရွာတွင် နာဂစ်နောက်ပိုင်းမှစပြီး အရင်းခံဖြစ်ပေါ်လာသော ကရင်နှင့် မြန်မာများအကြား ဆက်ဆံရေးယိုယွင်းခြင်းနှင့် ယုံကြည်မှု လျော့ရဲခြင်းတို့ တည်ရှိလျက်ရှိသည်။ ကျေးရွာမှာ နာဂစ်ဒဏ်ဆိုးရွားစွာ ထိခိုက်ခံခဲ့ရပြီး နာဂစ်နောက်ပိုင်းတွင် ပြင်ပအထောက်အပံ့များကြောင့် မြန်မာများမှာ ထိုကျေးရွာသို့ ပြောင်းရွှေ့လာကြသည်။ ထိုပြောင်းရွှေ့လာသောလူများသည် ၎င်းတို့အတွက် မဟုတ်သည့်အရာကို ရယူသည်ဟု ကရင်များကယူဆကြပြီး ဆိုးရွားစွာဆက်ဆံကြသည်။ ထိုအုပ်စုနှစ်စုသည် မည်သည့်ကိစ္စအတွက်မှ အဆက်အဆံမလုပ်ကြဘဲ ဘာသာရေးပွဲများနှင့် တခြားအခမ်းအနားများကိုလည်း ဖိတ်ကြားခြင်းမရှိကြပေ။

ဆောင်အများစုမှာ မြန်မာများဖြစ်ကြပြီး ၁၀ အိမ်မှုးတစ်ယောက်သာ မွတ်စလင်ဖြစ်သည်။

သို့ရာတွင် သာဓက ၇ တွင် ဖော်ပြထားသကဲ့သို့ လူနည်းစုဘာသာဝင်များသည် ၎င်းတို့ဘာသာရေးကို လွတ်လပ်စွာကျင့်ကြံခွင့် (သို့) ကိုယ်ပိုင်ဘုရားဝတ်ပြုရာနေရာထားရှိခွင့်များနှင့် ပတ်သက်ပြီး အခက်အခဲရှိကြသည်။ ယခင် SIM သုတေသနများတွင် အုပ်စုများအတွင်း တင်းမာမှုများကို အစီရင်ခံခဲ့ကြသည်။ ၎င်းမှာ လွန်ခဲ့သောနှစ်များအတွင်း အထောက်အပံ့ပေးဝေမှုကြောင့် ရှိခဲ့ကြခြင်းဖြစ်သည်။ ယခုတွေ့ရှိမှုဖြစ်သည့် ဘာသာရေးအုပ်စုများအတွင်း ပိုမိုတင်းမာလာမှုသည် မြန်မာနိုင်ငံတစ်လွှားရှိ လူနည်းစု ဘာသာရေးအုပ်စုများအတွင်း သည်းခံနိုင်မှု နည်းပါးလာခြင်း အကြောင်းအရင်းကြောင့်ဖြစ်သည်ကို ထင်ဟပ်ပြသနေသည် (သာဓက ၇)။

## မြန်မာ - ကရင် ဆက်ဆံရေး

မြန်မာဗုဒ္ဓဘာသာနှင့် မြန်မာမွတ်စလင်ကျေးရွာ ၃ ရွာအပြင် SIM တွင် ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာတို့ အတူနေထိုင်ကြသော ကျေးရွာအများအပြားလည်း ပါဝင်သည်။ SIM ကျေးရွာများတွင် ကရင်ခရစ်ယာန်ချည်း နေထိုင်သောကျေးရွာ ၁ ရွာ၊ ကရင်ခရစ်ယာန်နှင့် ကရင်-မြန်မာတို့ ရောနှောနေထိုင်သောကျေးရွာ ၃ ရွာ၊ ကရင်ဗုဒ္ဓဘာသာနှင့် မြန်မာဗုဒ္ဓဘာသာတို့ နေထိုင်သောကျေးရွာ ၁ ရွာနှင့် အများစုမှာ ကရင်ခရစ်ယာန်နှင့် ကရင်ဗုဒ္ဓဘာသာတို့နေထိုင်သော ကျေးရွာ ၁ ရွာတို့ ပါဝင်သည်။

အခြား ရောပြွမ်းနေထိုင်ကြသော ကျေးရွာများတွင် အတူတကွပူးတွဲဆုံးဖြတ်ချက်ချမှတ်ခြင်းမျိုး မရှိပေ။ ကရင်များမှာ လူများစုအုပ်စုဖြစ်ပြီး လူနည်းစုဖြစ်သည့် မြန်မာများသည် ဆုံးဖြတ်ချက်ချမှတ်မှုကို လွှမ်းမိုးနိုင်ခြင်းမရှိပေ။ ဆင်းရဲချမ်းသာ ကွာခြားချက်လည်းရှိကြသည်။ မြန်မာများမှာ အများအားဖြင့်ဆင်းရဲပြီး ရေလုပ်သားများအဖြစ် အသက်မွေးကြကာ ရွာလယ်နှင့်ဝေးသော နေရာများတွင် နေထိုင်ကြရသည်။ လူမျိုး-ဘာသာ ကွာခြားမှုများမရှိသော်လည်း ၎င်းတို့ကျေးရွာအနေအထားသည် ရပ်ရေးရွာရေးကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းကို လျော့ကျစေမည်ဖြစ်သည်။

အုပ်စုများသည် လူမှုရေးအခမ်းအနားများကို သီးခြားစီပြုလုပ်ကြပြီး တခြားအုပ်စုမှလူကို ဖိတ်ကြားခြင်းမရှိပေ။ တခြားအုပ်စုမှ လာတက်ခြင်းသည် ရှားပါးဖြစ်စဉ်ဖြစ်သည်။ အိမ်ထောင်စုတစ်စုနှင့်တစ်စုအကြား အကူအညီများရယူရာတွင်လည်း အုပ်စုတူအချင်းချင်းသာ တောင်းခံကြပြီး ထိုအရာမှာ ရှေးယခင်ကတည်းက ရှိခြင်းဖြစ်သည်။

အသက်မွေးမှုကိရိယာများကိုလည်း မျှဝေခြင်းမရှိပေ။ အကြောင်းမှာ အုပ်စုတစ်စုနှင့်တစ်စု ပင်မအသက်မွေးဝမ်းကျောင်းခြင်း မတူညီကြခြင်းကြောင့် ဖြစ်သည်။

## ကျေးရွာလူမှုဆက်ဆံရေးပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည့်အရာများ

### စီးပွားရေးအနေအထား

ကျေးရွာများအတွင်း စီးပွားရေးအနေအထားမှာ လွန်ခဲ့သော ၅ နှစ်တာကာလများအတွင်း များစွာတိုးတက်လာခဲ့သည်။ သို့သော် ထိုသို့တိုးတက်လာခြင်းကြောင့် အိမ်ထောင်စုများမှာ ပိုပိုပြီး တစ်ကိုယ်ကောင်းဆန်လာကြသည်။ စီးပွားရေးအခြေအနေ တိုးတက်လာချိန်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှင့် ဘာသာရေးကိစ္စရပ်များအတွက် ငွေအားထည့်ဝင်နိုင်စွမ်းမှာ ပိုများလာပြီး လူမှုရေးဆောင်ရွက်ချက်များမှာ ကျယ်ပြန့်လာသည်။ တစ်ဆက်တည်းမှာပင် အကူအညီပေးနိုင်စွမ်းနှင့် အကူအညီပေးလိုမှုတို့မှာလည်း ကျဆင်းသွားသည်။ တွေ့ဆုံမေးမြန်းရာတွင် ကျေးရွာသူရွာသားများမှာ ပိုပြီး စီးပွားရေးဆန်လာကြပြီး တစ်ကိုယ်ကောင်းလည်းဆန်လာကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်လာခြင်းနှင့် လုပ်ခများ တိုးမြင့်လာခြင်းသည် ရွာသားများကို တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီရန် အချိန်ရှားပါးလာစေသည်။

### ရွှေ့ပြောင်းအလုပ်လုပ်ခြင်း၏ သက်ရောက်မှုများ

ရွှေ့ပြောင်းနေထိုင်အလုပ်လုပ်ခြင်းသည် ကျေးရွာအများအပြားတွင် ဘာသာရေးအခမ်းအနားများ လျော့ပါးလာခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်သည်။ ရပ်ရေးရွာရေးကိစ္စရပ်များတွင် လူငယ်များ၏ပါဝင်မှုမှာ သိသိသာသာကျဆင်းသွားပြီး ရွှေ့ပြောင်းနေထိုင်သူများ ခေတ္တပြန်လာသည့်အချိန်တွင် ပြုလုပ်သည့်ပွဲများသာ စည်ကားတော့သည်။ "အထင်ကရဘာသာရေးပွဲကို ပြန်လာကြတဲ့လူတွေကို တွေ့မှာသာ လူဘယ်လောက်များများ ထွက်သွားကြပြီလဲဆိုတာကို သဘောပေါက်တော့တယ်"ဟု တွေ့ဆုံမေးမြန်းခဲ့သည့် ရွာသားများမှ ပြောကြသည်။ လူငယ်များမှာ လယ်ထဲတွင် အလုပ်မလုပ်လုပ်ကြတော့ဘဲ မြို့တက်ပြီးသာ အလုပ်လုပ်ချင်ကြသည်။ သို့သော် သူတို့သည် ရွာသို့ပြန်လာရသည်ကို နှစ်သက်မြဲဖြစ်သည်။

### တည်နေရာ

မြို့နှင့်နီးသော ကျေးရွာများသည် မင်္ဂလာဆောင်များပြုလုပ်ခြင်း၊ ရဟန်းခံရှင်ပြုခြင်းနှင့် အခြားဘာသာရေးအခမ်းအနားများကဲ့သို့သော လူမှုရေးအလေ့အထများတွင် ပိုပြီးမြို့ဆန်လာကြသည်။ ထိုကျေးရွာများတွင် ဒီဇင်ဘာအားကစားပြိုင်ပွဲကဲ့သို့သော ခေါင်သည့်ရွာများတွင် မတွေ့ရသည့် ပွဲအမျိုးမျိုးကို တွေ့ရသည်။ သို့ရာတွင် မြို့နှင့်နီးသော ကျေးရွာများမှာ အပြင်လူများကို ဧည့်ဝတ်ကျေပွန်မှုနည်းပါးကြသည်။ ဥပမာ - သုတေသနပြုလုပ်ချိန်တွင် သုတေသနအသင်း ၄ ခုမှ ၃ ခုသည် ထိုကျေးရွာများတွင် ညအိပ်နေခွင့်မရခဲ့ပေ။ ထိုကျေးရွာများသည် သုတေသနတွင်လည်း ပါဝင်လိုစိတ်နည်းပြီး ထိုဖြစ်စဉ်သည် ယခင် SIM သုတေသနများတွင် မရှိခဲ့ပေ။

### မုန်တိုင်းဒဏ်သက်ရောက်မှု

နာဂစ်အပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များသည် ပြင်းထန်စွာသက်ရောက်ခံရပြီး အထောက်အပံ့ရရှိသည့် ကျေးရွာများအကြားတွင် လူမှုတင်းမာမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ထိုတင်းမာမှုများ ပျောက်ကွယ်သွားရန် အချိန်အတော်ကြာယူခဲ့ရသည်။ ယခုအချိန်တွင် သေဘေးကိုအတူတူဖြတ်ခဲ့ရသည့်သူများဖြစ်ခြင်းကြောင့် လူမှုဆက်ဆံရေးနှင့် ပေါင်းစည်းညီညွတ်မှု ခိုင်မာစွာရှိပါသည်ဟု ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများမှ ဆိုကြသည်။ ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများသည် ထိခိုက်မှုနည်းသော ကျေးရွာများထက်ပိုပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကို ပိုမိုစည်းစည်းရုံးရုံး လုပ်ဆောင်ကြသည်ကို တွေ့ရသည်။

## လူမှုကာကွယ်ရေးမိတ်ဆက်

အစိုးရ၏ လူမှုဖူလုံရေးဘဏ္ဍာငွေများကို တချို့ရွာများတွင် ထောက်ပံ့ထားပြီး ထိုအစီအစဉ်သည် ထိခိုက်အလွယ်ဆုံး မိသားစုများအတွက်သာဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မတော်တဆထိခိုက်မှု (သို့) တခြားမမျှော်လင့်သောဘေးများ ကြုံရသည့်အခါ မိရိုးဖလာအားဖြင့် ၎င်းတို့ရပ်ရွာအတွင်း ကိုယ်ပိုင်အစီအစဉ်များ ရှိကြသည်။ ရွာသူရွာသားများသည် အထူးသဖြင့် နာရေး (သို့) ဆေးရုံတင်ရသောကိစ္စရပ်များတွင် ငွေကောက်ခံခြင်းမျိုးကို ပြုလုပ်တတ်သည်။ အစိုးရမှ အလိုအပ်ဆုံးသောလူများကို ထောက်ပံ့မှုများ တိုးမြင့်လာသည့်တိုင်အောင် ရပ်ရွာသည် လူမှုကာကွယ်ရေး၏ ကျောရိုးဖြစ်မြဲ ဖြစ်သည်။ ကျေးရွာများအတွင်း လူမှုဖူလုံရေးထောက်ပံ့ငွေ တိုးမြင့်လာသည့် သာဓကအသစ်များ ရှိပါသည်။ နာရေးအထောက်အပံ့ငွေသည် မိသားစု၏ ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးကို သက်သာစေပြီး ၎င်းသည် အများဆုံးတွေ့မြင်ရသောပုံစံဖြစ်သည်။ နာရေးကူညီမှုအသင်းသားများသည် လစဉ် ကျပ် ၅၀၀ မှ ၁,၀၀၀ အထိကို တတ်နိုင်ရင်တတ်နိုင်သလောက် ထည့်ဝင်ကြသည်။ ထိုသို့ ဘဏ္ဍာငွေပုံစံကို SIM ကျေးရွာ ၁၃ ရွာတွင် တွေ့မြင်နိုင်သည်။

PACT အသေးစားငွေချေးအစီအစဉ်သည် SIM ကျေးရွာ ၃၂ ရွာတွင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်မှစပြီး လူမှုကာကွယ်ရေး ဝန်ဆောင်မှုများကို မိတ်ဆက်ပေးခဲ့သည်။ ၎င်းသည် မြစ်ဝကျွန်းပေါ် ရပ်ရွာအများစုအတွက် ပထမဆုံးဖြစ်သည်။ ကျေးရွာလိုအပ်ချက်ကို ဆန်းစစ်ပြီး PACTသည် လူမှုထောက်ပံ့မှုအမျိုးမျိုးကို ပေးခဲ့သည်။ ၎င်းတို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ နာရေးစရိတ်များ၊ အကြွေးလျှော်ပစ်ခြင်း၊၎င်း၏အသင်းဝင်များကိုဘေးအန္တရာယ်များမှ ပြန်လည်ထူထောင်နိုင်အောင်၊ ပြန်လည်တည်ဆောက်နိုင်အောင် ငွေကြေးထောက်ပံ့ခြင်း စသည်တို့ပါဝင်သည်။ Marlin, Save the Children နှင့် The International Organization for Migration တို့အပါအဝင် အခြားသောအဖွဲ့အစည်းများမှလည်း အလားတူ ထောက်ပံ့ပေး မှုများ ပေးလျက်ရှိသော်လည်း PACT ကဲ့သို့ ပျံ့ပျံ့နှံ့နှံ့ မတွေ့ရှိရပေ။



# အခန်း ၅

# ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းများ

လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်လွှားရှိ ကျေးရွာများတွင်ရှိသော ခေါင်းဆောင်မှုပုံစံမှာ ပြောင်းလဲသွားခဲ့သည်။ နာဂစ်ပြီးပြီးချင်းနှစ်တွင် နိုင်ငံတော်နှင့် တခြားပြင်ပအဖွဲ့အစည်းများဖြင့် ထိတွေ့မှုမှာ နာဂစ်မတိုင်ခင်ကထက်ပိုပြီး သိသိသာသာကို ကျယ်ပြန့်လာခဲ့သည်။ သို့သော် ၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်းနှင့် ၂၀၁၁ ဦးသိန်းစိန်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလက်အောက်တွင် ကျေးရွာများနှင့် ကျေးရွာအလွန်တွင်ရှိသော ခေါင်းဆောင်မှုပုံစံမှာ စတင်ပြီး ပြောင်းလဲလာခဲ့သည်။ တစ်ဆက်တည်းမှာပင် အစိုးရ၏ဝန်ဆောင်မှုအသစ်များနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုလည်း မိတ်ဆက်ပေးခဲ့သည်။

ထိုပြောင်းလဲမှုများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင်သာ ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ အစိုးရထောက်ပံ့မှုစီမံကိန်းများသည် ၂၀၁၃ နှင့် ၂၀၁၅ ခုနှစ်အတွင်း ၃ ဆမြင့်တတ်ခဲ့သည်ဟု လတ်တလောအစီရင်ခံစာတစ်စောင်မှ ဆိုထားသည်[၁၉]။ ဝန်ဆောင်မှုများ ချဲ့ထွင်လာစဉ်တွင် ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ အထူးသဖြင့် နည်းပညာနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် အဆက်အသွယ်အပိုင်းတွင် များစွာတိုးတက်လာခြင်းနှင့် ကျေးရွာအခွင့်အာဏာအပိုင်းတွင် ကျေးရွာခေါင်းဆောင်များ၏ ပါဝင်နိုင်စွမ်းလျော့ပါးသွားခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ ထိုအရာများအားလုံးသည် ခေါင်းဆောင်ရွေးချယ်ပုံ၊ ခေါင်းဆောင်များကို ရပ်ရွာမှအကဲဖြတ်ပုံနှင့် ၎င်းတို့ရရှိမည့် အခန်းကဏ္ဍများကို ပုံဖော်နေသည်[၂၀]။

## မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော ခေါင်းဆောင်မှု

မြန်မာနိုင်ငံအစိုးရမှ အသိအမှတ်ပြုထားပြီး အောက်ခြေအဆင့်တွင်ရှိသော တရားဝင်ခေါင်းဆောင်သူမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်သည်။ ၎င်းသည် ဗျူရိုကရေစီဗဟိုချက်ဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန GAD မှ တရားဝင်ဝန်ထမ်းမဟုတ်သော်လည်း GAD ထံမှ ထောက်ပံ့လစာရရှိသည်။ အုပ်စုအုပ်ချုပ်ရေးမှူး၏ အထက်တွင် မြို့နယ်အုပ်ချုပ်ရေးရှိပြီး ယေဘုယျအားဖြင့် တခြားဝန်ကြီးဌာနများမှ အရာရှိများနှင့် ပူးတွဲတာဝန်ချထားသည်။ အရေအတွက်နှင့် တာဝန်ယူထားရမှုမှာ နေရာဒေသအလိုက် ကွဲပြားမှုရှိသည်။ အုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးသည် ကျေးရွာ ၃-၁၀ ရွာအထိပါဝင်သော ကျေးရွာအုပ်စုတစ်စုစီကို တာဝန်ယူထားရပြီး SIM သုတေသနတွင် ၎င်းတို့သည် စီနီယာအကျဆုံးသော ခေါင်းဆောင်များအဖြစ် ပါဝင်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအောက်တွင် ရာအိမ်မှူးများရှိသည်။ ရာအိမ်မှူးများကို အစိုးရမှတရားဝင်အသိအမှတ်ပြုထားခြင်းမရှိတော့ဘဲ ၎င်းတို့သည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးများကို လိုအပ်လျှင် အရေးကြီးပါက အကူအညီပေးရသည်။ ၁၀ အိမ်မှူးများသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးကောက်ပေးသူများဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များ နည်းပါးသည်။ ရာအိမ်မှူးတစ်ဦးထက်ပိုပြီးရှိသော ကျေးရွာကြီးများတွင် ရာအိမ်မှူးတစ်ယောက်ကို ဥပဒေကြောင်းအရမဟုတ်ဘဲ အရပ်နားလည်မှုဖြင့် "ကျေးရွာအုပ်ချုပ်ရေးမှူး"အဖြစ် တာဝန်ပေးထားတတ်ကြသည်။

### *၂၀၁၂ ဥပဒေသည် ကျေးရွာဒီမိုကရေစီပုံစံတစ်ရပ်ကို လမ်းခင်းပေးလိုက်ခြင်း*

၂၀၁၂ ခုနှစ်တွင် ၁၀ အိမ်မှူးများမှတစ်ဆင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို သွယ်ဝိုက်ရွေးကောက်သည့် ပုံစံတစ်ရပ်စတင်ခဲ့သည်။ ၂၀၁၁ အစောပိုင်းကာလများအထိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

[၁၉] Enlightened Myanmar Research and World Bank. 2016. Livelihoods and Social Change in Rural Myanmar.

[၂၀] ခေါင်းဆောင်မှု၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံကျေးရွာများအတွင်း ပြောင်းလဲလာမှုများကို အသေးစိတ်သိရှိလိုလျှင် World Bank. 2017. Documenting Myanmar's Social Transformation Insights from Six Rounds of Research on Livelihoods and Social Change in Rural Communities. Working Paper 8055. တွင်ကြည့်ပါ။

များကို မြို့နယ်အုပ်ချုပ်ရေးဌာနမှ ကျေးရွာနှင့်တိုင်ပင်၍သော်လည်းကောင်း၊ မတိုင်ပင်ဘဲနှင့်သော်လည်းကောင်း ခန့်ထားလေ့ရှိခဲ့သည်။ ပထမဆုံးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သော ကျေးရွာအုပ်စုနှင့် ရပ်ကွက်အုပ်ချုပ်ရေး ဥပဒေနှင့်အညီ ပြုလုပ်ခဲ့သည်။ အိမ်ထောင်စု ၁၀ စုတိုင်းသည် ၁၀ အိမ်မှူးဖြစ်လာမည့် ကိုယ်စားပြုသူတစ်ယောက်စီကို ရွေးချယ်ပေးရသည်။ ထိုလူများသည် (အများအားဖြင့် အမျိုးသားများဖြစ်ပြီး) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးချယ်ပေးရသည်။ တစ်ဆက်တည်းမှာပင် ကျေးရွာအုပ်စု ရပ်မိရပ်ဖ ကော်မတီကို ဖွဲ့စည်းသည်။ ထိုအဖွဲ့ကို ကျေးရွာရပ်မိရပ်ဖများနှင့် လေးစားရသူများကော်မတီဟု သိရှိကြပြီး ထိုကော်မတီသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်သည့်လုပ်ငန်းစဉ်ကို ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ပြုလုပ်ပေးရသည်။ ကျေးရွာအုပ်စုအများစုတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးကောက်ပြီးသည်နှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် ရာအိမ်မှူးကို ရွေးချယ်ကြသည်။ ၂၀၁၂ ခုနှစ်တွင် ကျေးရွာအတွင်း မဲဆွယ်မှုသည် အခြေတည်စပြုနေပြီဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ၎င်းကိုထောက်ခံမည့်သူနှင့် ရပ်ရေးရွာရေးတွင် တက်တက်ကြွကြွပါဝင်လိုစိတ်ရှိသူကိုသာ ယေဘုယျအားဖြင့် ရွေးချယ်တတ်ကြသည်။ အာဏာရ နိုင်ငံရေးပါတီ (ထိုအချိန်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) ၏ ထောက်ခံမှုသည် အကြောင်းချင်းရာတစ်ရပ်ဖြစ်သည်။ တချို့ဖြစ်ရပ်များတွင် ပထမရွေးကောက်ပွဲကို ရွာသူရွာသားများက ကန့်ကွက်ကြခြင်းကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ရွာသူရွာသားများအား ၎င်းတို့နှစ်သက်သော ခေါင်းဆောင်ကို ရွေးခိုင်းတတ်သည်။

### ***ခေါင်းဆောင်များအတွက် ဆက်ဆံရေးပြောင်းလဲမှုတွင် မိုဘိုင်းဖုန်းနည်းပညာများ၏ အခန်းကဏ္ဍ***

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းဆက်သွယ်မှု တိုးတက်လာခြင်းသည် SIM 4 ကတည်းက တွေ့ရှိရသော တိုင်းပြည်၏ အသိသာဆုံးသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်။ ထိုဒီဂျစ်တယ်ချိတ်ဆက်မှုဆိုင်ရာ အပြောင်းအလဲသည် လူမှုရေးနှင့် စီးပွားရေးတုံ့ပြန်ဆောင်ရွက်မှုများကို များစွာပြောင်းလဲစေခဲ့သည်။ အထူးသဖြင့် ကျေးရွာခေါင်းဆောင်များ တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ဆောင်ရွက်ကြခြင်းအပေါ် သက်ရောက်မှုကြီးမားစွာ ရှိခဲ့သည်။ SIM 4 နှင့် ၎င်းမတိုင်မီက SIM အစီရင်ခံစာများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာအရေးများတွင် ဆောင်ရွက်မှု (သို့) မြို့နယ်တွင် လာရောက်ကိုယ်စားပြုမှုသည် မြို့နှင့်လက်လှမ်းမီမှုနှင့် ထိုခေါင်းဆောင်၏ နှစ်မြှုပ်လုပ်ကိုင်မှုတို့အပေါ်တွင် မူတည်နေသည်။

ကျေးရွာခေါင်းဆောင်အများစုသည် လစဉ်မြို့နယ်အစည်းအဝေးများကို တက်ရောက်ခြင်းဖြင့် မြို့နယ်အုပ်ချုပ်ရေးနှင့် စေ့စပ်ဆောင်ရွက်မှုပြုကြသော်လည်း ခေါင်သောနေရာများမှ ခေါင်းဆောင်များသည် ထိုအစည်းအဝေးများကို တက်ရောက်ရန် ရုန်းကန်နေရဆဲဖြစ်သည်။ ယခုအခါတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများတွင် Viber နှင့် တခြားမိုဘိုင်းစာပို့ အပလီကေးရှင်းများရှိနေပြီး မြို့နယ်အတွင်းရှိ တခြားသော အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် Group Chat ပြုလုပ်ထားကြသည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် အုပ်စုအုပ်ချုပ်ရေးမှူး ၁၇ ဦးမှဆိုကြသည်။ ထိုသို့ဖွဲ့ထားခြင်းကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အတွင်း သတင်းအချက်အလက်များကို မြန်ဆန်စွာ ဖြန့်ဝေ နိုင်ခြင်း၊ အုပ်စုအုပ်ချုပ်ရေးမှူးမှ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပို့နိုင်ခြင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအချင်းချင်း ဆယ်သွယ်မှုပြုနိုင်ခြင်းနှင့် သင့်လျော်သည့် သတင်းများကို မျှဝေနိုင်ခြင်းတို့ကို ပြုလုပ်နိုင်စေသည်။ ၎င်းတို့သည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ Viber ဖြင့် သတင်းပို့ကြ သည်ဟု ကျေးရွာခေါင်းဆောင် အများစုကဆိုကြသည်။ ၎င်းဒီဂျစ်တယ်ဆက်သွယ်ရေးသည် ကျေးရွာများကို မြို့နယ်နှင့် ချိတ်ဆက်နိုင်စေသည်ကို ထင်ဟပ်ပြသနေခြင်းဖြစ်သည်။

## အုပ်ချုပ်ရေးခေါင်းဆောင်များ

နာဂစ်အပြီး ၉ နှစ်အကြာ ၂၀၁၇ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းသော ကျေးရွာများသည် ၎င်းတို့ခေါင်းဆောင်များအပေါ်တွင် အကောင်းမြင်ခြင်း (သို့) ကြားနေသဘောထားများ ရှိကြသည်ကို တွေ့ရှိခဲ့သည် (ဇယား ၂၀)။ သို့ရာတွင် အကောင်းမြင်သောအနေအထားမှ ကြားနေသဘောထားသို့ ပြောင်းလဲမှု ခိုင်ခိုင်မာမာရှိနေခဲ့သည်။ SIM 4 ပြုလုပ်သောအချိန်တွင် ကျေးရွာများ၏ တစ်ဝက်လောက်မှာ ၎င်းတို့အုပ်ချုပ်သူများအပေါ်တွင် အကောင်းမြင်ခဲ့ကြသည်။ ၄ နှစ်အကြာတွင် ကျေးရွာများ၏ လေးပုံတစ်ပုံသာ အကောင်းမြင်မှု ရှိကြတော့သည်။ ထိုပြောင်းလဲမှုကို မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတော်တော်များများတွင် ခေါင်းဆောင်မှုအပိုင်း ပြောင်းလဲမှုပုံစံတစ်ရပ် အဖြစ် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရသည်။

**ဇယား ၂၀-** မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များအပေါ် ထင်မြင်ယူဆချက်များ

| မုန်တိုင်းဒဏ် သက်ရောက်မှု | အကောင်းမြင် | ကြားနေ | အဆိုးမြင် | ထင်မြင်ချက်မပေး | စုစုပေါင်း |
|---|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၃ | ၆ | ၃ | ၀ | ၁၂ |
| အလယ်အလတ်သက်ရောက် | ၆ | ၈ | ၄ | ၀ | ၁၈ |
| အနည်းငယ်သက်ရောက် | ၂ | ၅ | ၁ | ၂ | ၁၀ |
| စုစုပေါင်း | ၁၁ | ၁၉ | ၈ | ၂ | ၄၀ |

**သာဓက ၈ - ကျေးရွာအုပ်စုအုပ်ချုပ်ရေး၏ လစ်လျူရှုခံရသော အုပ်စုအုပ်ချုပ်ရေးမှူး အခြေစိုက်နေထိုင်ရာမဟုတ်သည့် ကျေးရွာ**

မော်လမြိုင်ကျွန်းမြို့နယ်တွင်ရှိသော ကျေးရွာတစ်ရွာသည် မြို့နယ်ဗဟိုချက်နှင့် မိနစ် ၃၀ အလှမ်းဝေးပြီး ပင်မအုပ်စုကျေးရွာမှ လှေဖြင့် တစ်နာရီခန့်သွားရသည်။ ထိုနှစ်ရွာအကြား ရေလမ်းခရီးသာရှိသည်။ ၂၀၁၃ ရွေးကောက်ပွဲတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးကောက်ခံရသော အုပ်စုအုပ်ချုပ်ရေးမှူးသည် ရွာသို့လာခဲ့ပြီး မတတ်သာမှသာ လာလေ့ရှိသည်။

၂၀၁၆ ခုနှစ်တွင် ကျေးရွာ၌တာဝန်ချထားသော သူနာပြုသည် ကျန်းမာရေးစင်တာအသစ်တစ်ခု ဆောက်လုပ်ရန်အတွက် တောင်းခံစာတစ်စောင်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဌာနသို့ တင်ခဲ့သည်။ လုပ်ငန်းစဉ်ဆောင်ရွက်ကာလမှာ ကြာမြင့်ပြီး တစ်ဝက်လောက်မှာပင် ထိုသူနာပြုကို တခြားနေရာတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခံခဲ့ရသည်။

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှာ မြို့နယ်အုပ်ချုပ်ရေးမှ ဆောက်လုပ်ခွင့်စာကျလာရန် မည်သို့မျှ အားထုတ်ကြိုးပမ်းပေးခြင်းမရှိပေ။ အုပ်စုအုပ်ချုပ်ရေးမှာ ကျန်းမာရေးစင်တာအပေါ်တွင် စိတ်ဝင်စားမှုမရှိဟု ရွာသားများမှ ခံစားခဲ့ရသည်။ လက်ရှိအဆောက်အအုံမှာလည်း လုံခြုံမှုမရှိဘဲ အမိုးများမှာလည်း ပျက်စီးနေသည်။

၎င်းအပြင် လက်ရှိကျန်းမာရေးဌာနသည် ကျေးရွာအုပ်စုအတွင်းရှိ ရွာများအားလုံးကို ဝန်ဆောင်မှုပေးနေခြင်း ဖြစ်သည်။ ကျန်းမာရေးစင်တာတည်ရှိရာ ကျေးရွာမှသာ ဆေးဝါးနှင့်တခြားပစ္စည်းများ သယ်ပို့စရိတ်ကို ပေးရသည်။ အုပ်စုအုပ်ချုပ်ရေးမှူးသည် တခြားကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ ငွေကောက်ခံပေးခြင်းမရှိသည့်အတွက် တရားမျှတမှုမရှိဟု ခံစားကြရသည်။ ထို့အပြင် ကျေးရွာသို့ စိုက်ဘဏ်ချေးငွေနှင့်ပတ်သက်ပြီး လာရောက်ရသည့်အခါများတွင်လည်း သူ့အတွက် ခရီးစရိတ်ကို ကျေးရွာကိုသာပေးစေသည်။ အုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာဖွံ့ဖြိုးရေးကို လစ်လျူရှုသည်ဟု ခံစားနေကြရသည်။

### *ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာများအပေါ် ဩဇာလွှမ်းမိုးနိုင်မှုမှာ ၂၀၁၃ ကတည်းက ကျယ်ပြန့်လာခြင်း*

ပထမဆုံးအကြိမ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲပြီးချိန်မှစ၍ ၎င်းတို့၏ ကျေးရွာများအပေါ် ဩဇာလွှမ်းမိုးနိုင်မှုနှင့် အုပ်ချုပ်ရေးအာဏာမှာ ကျယ်ပြန့်လာခဲ့သည်။ ၎င်းတို့၏ တာဝန်သည် ကျေးရွာများ၏ အုပ်ချုပ်ရေးအတွက်ဖြစ်ပြီး မြို့နယ်အဆင့်ရှိ အာဏာပိုင်များကို ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြစ်သည်။ ရာအိမ်မှူးများအတွက် တရားဝင်အပ်နှင်းထားသော တာဝန်များရှိမနေခြင်းကြောင့် အုပ်စုအုပ်ချုပ်ရေးမှူးများမှာ သက်သေလိုက်ပေးရခြင်း (သို့) စာထုတ်ပေးရခြင်းစသည့် ယခင်တာဝန်များကိုပါ ယူကြရသည်။ အုပ်စုအုပ်ချုပ်ရေးမှူးသည် အငြင်းပွားမှုများကို ဖြေရှင်းပေးရခြင်း၊ ကျေးရွာ၏လူမှုရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ဦးဆောင်ရခြင်း၊ မြို့နယ်နှင့် ကျေးရွာများအကြား သတင်းပို့ရခြင်းနှင့် ကျေးရွာအုပ်စု၏အကျိုးအရ အခြားလုပ်ဆောင်ချက်များ ဆောင်ရွက်ရခြင်းတို့ကို ပြုလုပ်ရသည်။ ၎င်းအပြင် ၎င်းတို့သည် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများကဲ့သို့သော ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် အဓိကချိတ်ဆက်ဆောင်ရွက်ရသူများ ဖြစ်ကြသည်။

၂၀၁၃ အစိုးရ၏ ဝန်ဆောင်မှုများ ပိုမိုချဲ့ထွင်လာချိန်မှစပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ကျေးရွာအုပ်စုများနှင့် မြို့နယ်တွင်ရှိသော အစိုးရဌာနများနှင့် ပိုမိုထိတွေ့ဆက်ဆံလာရသည်။ ၎င်းဌာနများတွင် စိုက်ဘဏ်၊ ပညာရေးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဌာနနှင့် ကျန်းမာရေးဌာနတို့ ပါဝင်သည်။

အုပ်ချုပ်ရေးတာဝန်ဝတ္တရားများအပေါ် အာရုံစိုက်နိုင်မှုသည် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်ဆံရေးအပေါ်မူတည်ပြီး SIM ကျေးရွာများတွင် သက်ရောက်မှုအမျိုးမျိုးကို တွေ့ရသည်။ SIM ကျေးရွာ ၂၃ ရွာအနက်မှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွာတွင်မနေသော ကျေးရွာ ၆ ရွာသည် အုပ်စုအုပ်ချုပ်ရေးမှူးမှာ ၎င်းတို့ကျေးရွာများ တိုးတက်ရေးကို စိတ်ဝင်စားမှုနည်းသည်ဟု အစီရင်ခံသည်။ အုပ်စုအုပ်ချုပ်ရေးမှူးသည် မြို့နယ်မှာ ၎င်းအခြေစိုက်နေထိုင်ရာ ကျေးရွာအတွက် ရမည့်အခွင့်အရေးကိုသာ အာရုံစိုက်ပြီး တခြားကျေးရွာများသို့ သွားရောက်ခဲသည်ဟု ပြောကြားကြသည် (သာဓက ၈)။ တိုင်းရင်းသားလူမျိုး လူနည်းစုနေထိုင်သော ကျေးရွာတစ်ရွာတွင် ၎င်းတို့အုပ်စုအုပ်ချုပ်ရေးမှူးမှ ခွဲခြားဆက်ဆံသည်ဟု ပြောကြားကြသည်။

### *...... အခြားသော ခေါင်းဆောင်မှုများမှာ နောက်တန်းသို့ ရောက်သွားခြင်း*

အုပ်စုအုပ်ချုပ်ရေးမှူးမဟုတ်သော တခြားခေါင်းဆောင်များမှာ ၎င်းတို့အခန်းကဏ္ဍ မှေးမှိန်သွားပြီဟု ရှုမြင်ကြသည်။ ရာအိမ်မှူးများသည် ဤသို့ကျဆင်းသွားမှုအတွက် အထင်ရှားဆုံး သာဓကများဖြစ်သည်။ ရုံးစာများကို လက်မှတ်ထိုးခြင်း၊ ကျေးရွာအငြင်းပွားမှု

များကို ဖြေရှင်းပေးခြင်း (သို့) မြေယာရောင်းဝယ်မှုများကို ခွင့်ပြုပေးခြင်းတို့တွင် လုပ်ပိုင်ခွင့်နည်းသွားပြီဟု SIM တွင် တွေ့ဆုံမေးမြန်းခဲ့သော ရာအိမ်မှူးများမှ ဆိုကြသည်။ ယခုအခါတွင် ၎င်းတို့၏ အဓိကတာဝန်သည် အုပ်စုအုပ်ချုပ်ရေးမှူးမှ ညွှန်ကြားသည့် စိုက်ဘဏ်ချေးငွေများကို ဖြန့်ဝေပေးခြင်း၊ ကျေးရွာလက်သည်နှင့်အတူ ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးပေးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို စည်းရုံးပေးခြင်း (သို့) လင်မယားရန်ဖြစ်သည့်ကိစ္စ၊ မူးပြီးရန်ဖြစ်သည့်ကိစ္စစသည့် ကျေးရွာတွင်း ခိုက်ရန်ဖြစ်ပွားမှုများကို ဖြေရှင်းပေးရခြင်းတို့သာ ဖြစ်တော့သည်။ ကျေးရွာ၏ ပေါင်းစည်းလုပ်ဆောင်မှုများ (သို့) ကျေးရွာချင်း ပူးတွဲဆောင်ရွက်မှုများကို စည်းရုံးလုပ်ဆောင်နိုင်မှုစွမ်းရည် လျော့နည်းသွားပြီဟု ရွာသားများနှင့် ရာအိမ်မှူးများမှ အစီရင်ခံကြသည်။ ကျေးရွာခေါင်းဆောင်များသည် အုပ်စုအုပ်ချုပ်ရေးမှူးများထက် အခန်းကဏ္ဍနည်းပါးသွားမှုအပြင် နိုင်ငံရေးအပြောင်းအလဲအရ ကျေးရွာခေါင်းဆောင်များ၏ ရွာသူရွာသားများသို့ ညွှန်ကြားမှုပေးနိုင်စွမ်းကိုပါ လျော့နည်းသွားစေသည်ကို တွေ့ရသည်။ ရာအိမ်မှူးများ၏ အခန်းကဏ္ဍရှိနေသေးသော ကျေးရွာများတွင်တော့ ၎င်းတို့၏ အခန်းကဏ္ဍသည် လူမှုရေးနှင့် ဘာသာရေးကိစ္စရပ်များကိုသာ ဦးတည်သွားပြီး ထိုကျေးရွာများသည် အများအားဖြင့် ဝေးခေါင်ပြီး အုပ်စုအုပ်ချုပ်ရေးမှူးမှ မလာရောက်နိုင်သော ရွာများဖြစ်ကြသည်။

နာဂစ်ဒဏ်ပြင်းထန်စွာ သက်ရောက်ခံရသော ကျေးရွာများတွင် ရာအိမ်မှူး၏ အခန်းကဏ္ဍမှေးမှိန်လာမှုဖြစ်စဉ်သည် အနည်းငယ်သာ သက်ရောက်ခံရသော ကျေးရွာများနှင့်နှိုင်းယှဉ်လျှင် ပိုနေသည်။ သုတေသနအဖွဲ့သည် ကျေးရွာတစ်ရွာစီတွင် ဩဇာအရှိဆုံးခေါင်းဆောင်များကို ဖော်ထုတ်ခဲ့ပြီး ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာ ၁၂ ရွာမှ ၉ ရွာတွင် အရေးအကြီးဆုံး ခေါင်းဆောင်များမှာ ရာအိမ်မှူးများ ဖြစ်ကြသည်။ အလယ်အလတ် ထိခိုက်ခံရသော ကျေးရွာ ၁၈ ရွာအနက် ၅ ရွာတွင် ရာအိမ်မှူး၊ ၁၀ ရွာတွင် အုပ်စုအုပ်ချုပ်ရေးမှူးများမှာ အရေးအကြီးဆုံးခေါင်းဆောင်များဖြစ်သည်ကို တွေ့ရှိခဲ့သည် (ဇယား ၂၁)။

**ဇယား ၂၁** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် အရေးအကြီးဆုံးကျေးရွာခေါင်းဆောင်

| မုန်တိုင်းဒဏ်သက်ရောက်မှု | အုပ်စု အုပ်ချုပ်ရေးမှူး | ရာအိမ်မှူး | ရပ်ရွာ ခေါင်းဆောင် | စုစုပေါင်း |
|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၃ | ၉ | ၀ | ၁၂ |
| အလယ်အလတ်သက်ရောက် | ၁၀ | ၅ | ၃ | ၁၈ |
| အနည်းငယ်သက်ရောက် | ၃ | ၃ | ၄ | ၁၀ |
| စုစုပေါင်း | ၁၆ | ၁၇ | ၇ | ၄၀ |

အခန်းကဏ္ဍနှင့် အာဏာလျော့ပါးသွားခြင်းကို ၁၀ အိမ်မှူးများမှလည်း ပြောကြားခဲ့သည်။ အစဉ်အလာအားဖြင့် ၁၀ အိမ်မှူးများသည် ရာအိမ်မှူးများအတွက် ကျေးရွာအတွင်း စီစဉ်ဆောင်ရွက်မှုများကို စီစဉ်လုပ်ဆောင်ပေးရသည်။ ယခုအခါ ကျေးရွာအစည်းအဝေးခေါ်ယူရာတွင် ရွာသားများကိုစုရုံးပေးရခြင်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူးအတွက် မဲပေးရခြင်းတို့သာ ရှိတော့သည်။

၂၀၁၇ ခုနှစ်တွင် ကျေးရွာအစည်းအဝေးများကျင်းပခြင်းမှာ နည်းပါးလာပြီး အုပ်စုအုပ်ချုပ်ရေး ရွေးကောက်ပွဲများသာ မကြာခဏတွေ့ရသည်။ တချို့ရွာသားများမှာ ၎င်းတို့၏ဆယ်အိမ်မှူး မည်သူဖြစ်သည်ကိုပင် မမှတ်မိပေ။ အကြောင်းမှာ ထိုဆယ်အိမ်မှူး၏ အခန်းကဏ္ဍမှာ နည်းပါးလွန်းသောကြောင့် ဖြစ်သည်။ ယခင်နှစ်ကာလများအတွင်းတွင် ထိုနေရာသည် ကျေးရွာအာဏာနှင့် လုံခြုံရေးတို့ကို အထူးထိန်းသိမ်းရသည့်နေရာ၌ ရာအိမ်မှူးများကို ကူညီရသောအနေအထားတွင် ရှိခဲ့သည်။ သို့သော် ယခုအခါတွင် ထိုအခန်းကဏ္ဍမှာ သိသိသာသာ လျော့နည်းသွားပြီဖြစ်သည်။ ၂၀၁၂ ခုနှစ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ရွေးကောက်သူမှ တရားဝင် ရွေးကောက်တာဝန်ချထားခြင်းမရှိပါက ထိုအခန်းကဏ္ဍမှာ လုံးဝပျောက်ဆုံးသွားမည်ဖြစ်သည်။

*"ဆယ်အိမ်မှူးရဲ့တာဝန်က အုပ်စုအုပ်ချုပ်ရေးမှူးကို ရွေးကောက်ပေးဖို့ပဲ။ အခုဆိုရင် ရွာထဲမှာ ဘယ်သူက သူတို့ရဲ့ ဆယ်အိမ်မှူးဖြစ်တယ်ဆိုတာကိုတောင် မသိကြတော့ဘူး"*
– ရေလုပ်သားများ

## ခေါင်းဆောင်မှု လက္ခဏာရပ်များ - ယူဆချက်နှင့်လက်တွေ့

ဘေးအန္တရာယ်မှ ပြန်လည်ထူထောင်လာမှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုသည် ၎င်းတို့ကျေးရွာခေါင်းဆောင်၏ အရည်အချင်းနှင့် စွမ်းရည်ကြောင့်ဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခဲ့သည့် ကျေးရွာသားများမှ ပြောကြားခဲ့သည်။ တချို့ကိစ္စရပ်များတွင် ကျေးရွာ၏အခြေခံအဆောက်အအုံများ ကောင်းမွန်လာခြင်း၊ အစိုးရစီမံကိန်းများတွင် ပါဝင်ခွင့်ရခြင်း (မြစိမ်းရောင်သည် အထင်ရှားဆုံး ဥပမာဖြစ်သည်)၊ ကျေးရွာမှ တခြားသော အခွင့်အရေးများရရှိခြင်း စသည်တို့သည် ကျေးရွာခေါင်းဆောင်၏ ချိတ်ဆက်နိုင်မှု၊ အချိန်ပေးနိုင်မှုနှင့် မြို့နယ်သို့ခရီးသွားစရိတ်များကို စိုက်ထုတ်သုံးစွဲနိုင်မှု စသည်တို့အပေါ်တွင် မူတည်နေသည်။

ခေါင်းဆောင်၏ စီးပွားရေးအခြေအနေသည် သက်ရောက်မှုများစွာ ရှိသည်။ အကြောင်းမှာ မြို့နယ်အာဏာပိုင်များ၊ မိတ်ဆွေလုပ်ဖော်ကိုင်ဖက်များနှင့် ကျေးရွာသူရွာသားများနှင့် ဆက်ဆံသည့်အခါတွင် ငွေကြေးအဆင်ပြေမှုသည် လွှမ်းမိုးနိုင်မှုတစ်ခုပင်ဖြစ်သည်။ ပညာ

ရေးမြင့်မားခြင်းသည် ခေါင်းဆောင်မှုပိုင်းတွင် အရေးကြီးသည့် အချက်တစ်ချက် ဖြစ်သော်လည်း ငွေကြေးပြည့်စုံမှုနှင့် အဆက်အသွယ်ကောင်းမှုတို့ အနောက်တွင်သာ ရှိသည်။

### *ရပ်ရွာမှယူဆသော ခေါင်းဆောင်ကောင်းတစ်ဦး၏ အရည်အသွေးများမှာ အမျိုးမျိုးဖြစ်သော်လည်း ၎င်းကို ရွေးကောက်ပွဲရလဒ်များမှ ထောက်ခံပြသနေခြင်းမရှိ*

ကျေးရွာများတွင် မေးမြန်းခဲ့သည်များအရ ခေါင်းဆောင်ကောင်းတစ်ဦးအတွက် အရည်အသွေးများမှာ လတ်တလော နှစ်ကာလများအတွင် တိုးတက်ပြောင်းလဲလာခဲ့သည်။ သို့ရာတွင် ၎င်းအချက်များသည် ၂၀၁၅ ကျေးရွာရွေးကောက်ပွဲများမှ ရွေးကောက်တင်မြှောက်ခဲ့သော ခေါင်းဆောင်များ၏လက္ခဏာနှင့် ကိုက်ညီနေခြင်း မရှိပါ။

အစောပိုင်း SIM များတွင် "စေတနာ၊ ဝါသနာနှင့် အနစ်နာ"တို့သည် ကျေးရွာသားများ ဖော်ပြသော ခေါင်းဆောင်ကောင်းတစ်ဦး၏ အရည်အသွေးများ ဖြစ်ခဲ့ကြသည်။ SIM 5 တွင် ခေါင်းဆောင်ကောင်းတစ်ဦးအတွက် အခြားလိုအပ်သောအရာများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သူများမှ ဖြေကြားခဲ့သည်။ ၎င်းတို့တွင် ပညာရေးကောင်းမှု၊ ကျေးရွာ၊ ကျေးရွာပြင်ပတို့နှင့် အဆက်အသွယ်ကောင်းကောင်းရှိမှု၊ "အသိဉာဏ်ရှိမှု" (ကိစ္စရပ်တစ်ခုကို လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းနိုင်မှု)နှင့် အင်္ဂလိပ်လို အနည်းငယ်ပြောနိုင်မှု (၎င်းသည် NGO များနှင့် ဆက်ဆံသောအခါ အရေးကြီးသည်) စသည်တို့ ပါဝင်သည်။

> *"အခုတော့ ခေါင်းဆောင်တစ်ယောက်က ပညာတတ်ပြီး အင်္ဂလိပ်လိုပြောတတ်သင့်တယ်။ မြို့ကိုသွားရင် ဆိုင်းဘုတ်တွေက အင်္ဂလိပ်လို ရေးထားတတ်တယ်။ အဲဒါတွေ ဖတ်တတ်ရင် ကောင်းမယ်။ ကျုပ်တို့ဘယ်ကိုသွားရမယ်မှန်းမသိဘူး။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်က အင်္ဂလိပ်လို နည်းနည်းတော့ ရေးတတ် ပြောတတ်သင့်တယ်။"*
>
> – လယ်သမားငယ်

သို့ရာတွင် ကောက်ယူရရှိသော ဒေတာများအရ လက်ရှိကျေးရွာအဆင့်ခေါင်းဆောင်များမှာ ၎င်းအချက်များကို ထင်ဟပ်ပြသ နေခြင်းမရှိပါ (ဇယား ၂၂)။ SIM 4 နှင့် နှိုင်းယှဉ်လျှင် SIM 5 တွင် လူငယ် (အသက် ၁၈ - ၄၅ နှစ်အတွင်း) ခေါင်းဆောင်များပါဝင်မှု အချိုးအစားမှာ အတူတူပင်ဖြစ်သည်။ သို့သော် ပညာကောင်းကောင်းတတ်သော (အထက်တန်းအောင် (သို့) တက္ကသိုလ်အဆင့်) ခေါင်းဆောင်များ၏အချိုးအစားမှာ သိသိသာသာ လျော့နည်းသွားပြီဖြစ်သည်။

**ဇယား ၂၂** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ခေါင်းဆောင်များ၏ အသက်နှင့် ပညာရေး၊ ၂၀၁၃ နှင့် ၂၀၁၇

| | ခေါင်းဆောင်၏အသက် ၁၈-၄၅ | | အထက်တန်းအောင် (သို့) တက္ကသိုလ်အဆင့် | |
|---|---|---|---|---|
| မုန်တိုင်းဒဏ်သက်ရောက်မှု | ၂၀၁၃ | ၂၀၁၇ | ၂၀၁၃ | ၂၀၁၇ |
| သက်ရောက်မှုပြင်း | ၅ | ၆ | ၆ | ၄ |
| အလယ်အလတ်သက်ရောက် | ၉ | ၇ | ၁၄ | ၇ |
| အနည်းငယ်သက်ရောက် | ၄ | ၂ | ၆ | ၄ |
| စုစုပေါင်း | ၁၈ | ၁၅ | ၂၆ | ၁၅ |

### *၂၀၁၅ ရွေးကောက်ပွဲများနောက်ပိုင်း ခေါင်းဆောင်မှုဆိုင်ရာ ပြောင်းလဲမှုများ*

နောက်ဆုံးပြုလုပ်ခဲ့သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲအပြီး ၂၀၁၅ နှောင်းပိုင်း/၂၀၁၆ အစောပိုင်းတွင်ဖြစ်ပြီး ကျေးရွာများအတွင်း ခေါင်းဆောင်မှုအပြောင်းအလဲများကို သိသိသာသာ ဖြစ်ပေါ်စေခဲ့သည် (ဇယား ၂၃)။ အထူးသဖြင့် ရွေးကောက်ပွဲနှစ်ခုစလုံးကြောင့် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင် အပြောင်းအလဲပိုများခဲ့သည်။ ကျေးရွာ ၄၀ တွင် ၁၈ ရွာသည် "အုပ်စုကျေးရွာ"များဖြစ်ကြပြီး အုပ်စုအုပ်ချုပ်ရေးမှူးများ နေထိုင်ကြသည်။ ၎င်းတို့ထဲမှ ၁၀ ရွာ (သို့) ၅၉ ရာခိုင်နှုန်းသည် ၂၀၁၆ ခုနှစ်တွင် အုပ်ချုပ်ရေးမှူး အပြောင်းအလဲဖြစ်ခဲ့သည်။ ကျန်သည့်ကျေးရွာ ၂၂ ရွာတွင် ၁၃ ရွာ (၅၉ ရာခိုင်နှုန်း) မှာ ရွေးကောက်ပွဲပြီးသည်နှင့် ရာအိမ်မှူးများ ပြောင်းလဲမှု ရှိခဲ့သည်။ ရာအိမ်မှူးရွေးကောက်တင်မြှောက်မှုမှာ တရားဝင်မဟုတ်သော်လည်း ရာအိမ်မှူးများကို အုပ်စုအုပ်ချုပ်ရေးမှူး၏ လက်ထောက်များအဖြစ် ရှုမြင်ကြခြင်းကြောင့် ရာအိမ်မှူးအသစ်များ ဆက်ဖြစ်လာခြင်းဖြစ်သည်။ ထိုနေရာသည် ကျေးရွာခေါင်းဆောင်များတွင် အမြင်သာဆုံး ခေါင်းဆောင်နေရာဖြစ်ခြင်းကြောင့် အဆိုပါ အပြောင်းအလဲသည် ဒေသအတွင်း ခေါင်းဆောင်မှုပုံစံကို လှုပ်ရှားပြောင်းလဲ စေသည်။ အထူးသဖြင့် ရာအိမ်မှူးခန့်အပ်ခြင်းသည် အရည်အချင်း (သို့) အုပ်ချုပ်မှုစွမ်းရည်အပေါ်တွင် မူတည်နေခြင်းမရှိဘဲ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဆင်ပြေမှုအပေါ်တွင်သာ မူတည်နေသည်။

**ဇယား ၂၃** - ကျေးရွာရွေးကောက်ပွဲများအပြီး ခေါင်းဆောင်အသစ်များ

| မုန်တိုင်းဒဏ်သက်ရောက်မှု | ၂၀၁၂/၂၀၁၃ ကျေးရွာရွေးကောက်ပွဲများ | ၂၀၁၅/၂၀၁၆ ကျေးရွာရွေးကောက်ပွဲများ |
|---|---|---|
| သက်ရောက်မှုပြင်း | ၈ | ၈ |
| အလယ်အလတ်သက်ရောက် | ၁၂ | ၁၀ |
| အနည်းငယ်သက်ရောက် | ၆ | ၅ |
| စုစုပေါင်း | ၂၆ | ၂၃ |

***ခေါင်းဆောင်မှုအပြောင်းအလဲများကို သက်ရောက်နေသော အချက်များ***

ခေါင်းဆောင်မှုအပိုင်းပြောင်းလဲမှု ဖြစ်ပေါ်ရခြင်းအကြောင်းအရင်းကို အဓိကအားဖြင့် အမျိုးအစား ၂ မျိုးခွဲခြားနိုင်သည်။ ပထမတစ်ခုမှာ နောက်ဆုံးရွေးကောက်ပွဲများအတွင်း ပြောင်းလဲမှု ၅ ခုမှာ ယခင်ခေါင်းဆောင်များမှ ၎င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်ပေးခြင်း ဖြစ်သည်။ ထိုသို့နုတ်ထွက်ပေးခြင်းမှာ အသက်အရွယ်ကြီးရင့်ခြင်းကြောင့် ခေါင်းဆောင်မှုကို ပခုံးလွှဲပြောင်းပေးခြင်း (သို့) ရာထူးနေရာကို ဆွေမျိုးတစ်ဦးထံ လွှဲပြောင်းပေးခြင်းဖြင့် မိသားစုထိန်းချုပ်နိုင်စွမ်းကို ဆက်လက်ထိန်းထားလိုခြင်းတို့ကြောင့် ဖြစ်သည်။ SIM ကျေးရွာများ၏ ၁၈ ရွာတွင် ဖြစ်ပေါ်ခဲ့သော ခေါင်းဆောင်မှုအပြောင်းအလဲနှင့် ပတ်သက်သည့် အကြောင်းအရင်းများတွင် ရွာသူရွာသားများမှ မကျေနပ်ကြခြင်းနှင့် ကျေးရွာခေါင်းဆောင်သည် ၎င်း၏ပြိုင်ဘက်ကို ရှုံးနိမ့်သွားခြင်းတို့ ပါဝင်သည်။ ဥပမာ- ကျေးရွာအတွင်း လာဘ်စားမှုများရှိခြင်း၊ ခေါင်းဆောင်အဟောင်းသည် ကျေးရွာအကျိုးကို တိုးပွားစေသည့် ချိတ်ဆက်ဆောင်ရွက်မှုအပိုင်းတွင် အစွမ်းမရှိခြင်း (သို့) ပညာကောင်းစွာမတတ်ခြင်း စသည့် ထင်မြင်ယူဆချက်များ။

ကျေးရွာအတွင်းလာဘ်စားမှုများဆိုသည်မှ ခေါင်းဆောင်မှ ကျေးရွာအတွင်းပဋိပက္ခများ ဖြေရှင်းပေးရာတွင် အခငွေယူခြင်း၊ အထောက်အပံ့များကို မျှတစွာမဝေခြမ်းခြင်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူးများမှ မြို့နယ်မှအခွင့်အလမ်းများကို ၎င်းတို့အခြေစိုက်နေထိုင်ရာ ကျေးရွာများသို့သာပေးခြင်း စသည့်အယူအဆတို့ဖြစ်သည်။ ထိုသို့သော ကိစ္စရပ်များတွင် အုပ်စုအုပ်ချုပ်ရေးမှူးများမှာ တခြားရွာများသို့သွားရောက်ခဲ့ပြီး ထိုအခြေအနေတွင် တခြားရွာများမှာ ထိုကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို နေရာမှဖယ်ရှားပြီး အသစ်ခန့်ရန် ကြိုးစားတော့သည်။

နုတ်ထွက်သွားသော ခေါင်းဆောင်များမှာ ပြုပြင်ပြောင်းလဲရေးမတိုင်မီက အထွေထွေအုပ်ချုပ်ရေးဌာနမှ ခန့်အပ်ထားသူများ ဖြစ်တတ်ပြီး ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သူများဖြစ်သည်။ ထိုခေါင်းဆောင်များမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များအတွက် အချိန်၊ ငွေနှင့် လုံ့လစိုက်ထုတ်လိုစိတ်ရှိသူများ ဖြစ်ကြသည်။ သို့သော်လည်း အုပ်ချုပ်ရေးမှူးလုပ်လာသည်မှာ ကြာပြီဖြစ်ပြီး လခလည်းရရှိခြင်းမရှိဘဲ[၂၁] အုပ်စုအုပ်ချုပ်ရေးမှူး၏တာဝန်ဝတ္တရားများမှာ များပြားလာသောကြောင့် နေရာယူထားရသည်ကို ပင်ပန်းသွားပြီး နုတ်ထွက်ကြခြင်းဖြစ်သည်။ ကျေးရွာသူရွာသားများမှ အုပ်စုအုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်ချမှတ်မှုများကို အတိုက်အခံပြုလာမှု များလာခြင်းသည်လည်း အုပ်ချုပ်ရေးမှူးများ အနားယူသွားကြခြင်း ၏ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။

## အနားယူမှုသည် ခေါင်းဆောင်မှုဆိုင်ရာ လစ်ဟာမှုများကို ဖြစ်ပေါ်စေခြင်း

အချို့ကျေးရွာခေါင်းဆောင်များ နုတ်ထွက်သွားခြင်းသည် ထိုနေရာအတွက် အရည်အချင်းရှိသောလူများ နည်းပါးသောနေရာများတွင် ခေါင်းဆောင်မှုလစ်ဟာမှုများကိုဖြစ်ပေါ်စေပြီး ကျေးရွာခေါင်းဆောင်များ၏ စွမ်းရည်မှာလည်း ကျဆင်းလာခဲ့သည်။ ကျေးရွာကိုခေါင်းဆောင်နိုင်စွမ်းရှိသော ရွာသူရွာသားများမှာ ကိုယ့်စီးပွားကိုယ်ရှာနေရသောကြောင့် စိတ်ဝင်စားမှုမရှိကြပေ။ ထိုရာထူးတွင် ဝင်ရောက်လုပ်ကိုင်လိုစိတ်ရှိသူများမှာ ဆက်သွယ်ဆောင်ရွက်မှုနှင့် စီမံဆောင်ရွက်မှုအရည်အချင်း နည်းပါးခြင်းကြောင့် ကျေးရွာအပေါ် လွှမ်းမိုးနိုင်မှုနည်းပါးသည်။ ထိုလူများမှာ ကျေးရွာပြင်ပနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိပေ။ ထိုဆက်သွယ်နိုင်မှုသည် အစိုးရထံမှ ကျေးရွာသို့ အထောက်အပံ့များ ရရှိနိုင်မှုအတွက် အဓိကအရည်အချင်း တစ်ရပ်ဖြစ်သည်။

နောက်ထပ်စံနှုန်းတစ်ခုဖြစ်သည့် အသက်အရွယ်နှင့် ပညာအရည်အချင်းသည် ၂၀၁၂ ဥပဒေအရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် အစိုးရမှ သတ်မှတ်သောစံနှုန်းဖြစ်ပြီး ၎င်းကြောင့်လည်း ၂၀၁၅ ခုနှစ်အတွင်း ခေါင်းဆောင်မှုအပြောင်းအလဲများကို ဖြစ်ပေါ်စေသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှာ အနည်းဆုံး အသက် ၂၅ နှစ်ရှိရမည်ဖြစ်ကာ စီးပွားရေးအသင့်အတင့်ပြေလည်ပြီး ပညာရေးအသင့်အတင့်ရှိရမည်။ ၎င်းသည် မဖြစ်မနေရှိရန်မလိုပါဘဲ အထွေထွေ အုပ်ချုပ်ရေးဌာနသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှာ ပညာကောင်းစွာတတ်ပြီး (အနည်းဆုံး အထက်တန်းအောင်၊ ဘွဲ့ရကို ဦးစားပေးပြီး) အသက် ၃၀ အောက်ဖြစ်ရမည်ဟု မှတ်ယူလိုက်ကြသည်။ ပါတီနှင့်ဆက်နွယ်မှုသည်လည်း ခေါင်းဆောင်အပြောင်းအလဲများ၏ အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အများစုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ထောက်ခံမှုရထားသူများ ဖြစ်သောကြောင့် တချို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များမှာ မပြိုင်နိုင်ကြပေ။

## အမျိုးသမီးများအတွက် အခန်းကဏ္ဍအသစ်များ

ယခင်က အမျိုးသားများအတွက်သာဖြစ်သော ခေါင်းဆောင်မှုအခွင့်အလမ်းများကို အမျိုးသမီးများလည်း ရရှိနေကြပြီဖြစ်သည်။ ဆယ်အိမ်မှူးများ၏ ဩဇာလွှမ်းမိုးမှု လျော့နည်းလာသော်လည်း SIM ကျေးရွာများထဲမှ ၆ ရွာတွင် အမျိုးသမီးဆယ်အိမ်မှူးတစ်ဦးကို တွေ့

[၂၁] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် အထွေအထွေအုပ်ချုပ်ရေးဌာနမှ ထောက်ပံ့လစာနှင့် တာဝန်အတွက် အခြားသောထောက်ပံ့ငွေများရရှိကြသည်။ သို့ရာတွင် ထိုထောက်ပံ့ငွေသည် ကျေးရွာတစ်ရွာနှင့်တစ်ရွာအကြား ကွာခြားမှုရှိသည်။

ရသည်။ တိုးတက်လာသည်ဆိုသည်မှာ အမျိုးသမီးများသည် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများတွင် ယခင်ထက်ပိုပြီး တိုက်ရိုက်ပြောရေးဆိုခွင့် ရှိလာကြသည်။ ထိုပြောင်းလဲမှုကို SIM ကျေးရွာများအတွင်းရှိ ပထမဆုံး အမျိုးသမီးကျေးရွာအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲသာဓကတွင် တွေ့မြင်နိုင်သည် (သာဓက ၉)။ နောက်ဆုံး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲနောက်ပိုင်း အချက်အလက်များကို မရရှိသောကြောင့် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ အခြေအနေအရ တစ်နိုင်ငံလုံးတွင် အမျိုးသမီးအုပ်စုအုပ်ချုပ်ရေးမှူး ပေါင်း ၄၂ ဦး (စုစုပေါင်း၏ ၀.၂၅%) ရှိသည်။

နိုင်ငံရေးကူးပြောင်းမှုသည်လည်း အမျိုးသမီးခေါင်းဆောင်မှုကို သိသိသာသာ တွန်းပို့ပေးသည်။ ဒေါ်အောင်ဆန်းစုကြည်ကို လှုံ့ဆော်အားပေးမှုတစ်ရပ်အဖြစ်ရှုမြင်ကြပြီး အမျိုးသားများနှင့် အမျိုးသမီးများအားလုံး၏ မျက်လုံးထဲတွင် အမျိုးသမီးများကို ခေါင်းဆောင်အဖြစ် လက်ခံလာစေသည်။ ထိုဖြစ်စဉ်သည် ၂၀၁၂ ခုနှစ်တွင် ပါလီမန်တွင် သူမနေရာရချိန်မှစတင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခံရသည့်အချိန်တွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။

အမျိုးသမီးများ၏ခေါင်းဆောင်မှု တိုးပွားလာခြင်းသည် မြစ်မ်းရောင်နှင့် တခြားထောက်ပံ့ရေးစီမံကိန်းများမှ ဖွဲ့စည်းသော စီမံခန့်ခွဲရေးကော်မတီများတွင် အမျိုးသမီးများကို ပါဝင်စေခြင်းကြောင့်လည်း ဖြစ်သည်။ တစ်ခါတရံတွင် အမျိုးသမီးများ ခေါင်းဆောင်မှုနေရာယူရခြင်းမှာ လစ်ဟာမှုကို ဖြည့်ဆည်းခြင်းအနေဖြင့်လည်းဖြစ်သည်။ ဆိုလိုသည်မှာ အသက်မွေးမှုအခွင့်အလမ်းများ တိုးမြင့်လာချိန်တွင် အမျိုးသားများသည် ရပ်ရေးရွာရေးတွင် မပါဝင်နိုင်တော့ပေ။ ထိုအခါတွင် အမျိုးသမီးများသည် ၎င်းတို့ခင်ပွန်းများ၏ နေရာကို အစားထိုးလုပ်ဆောင်ပေးရသည် (ဥပမာ- ဆယ်အိမ်မှူး များအဖြစ်)။

အမျိုးသမီးခေါင်းဆောင်များသည် ရပ်ရွာတွင် ပိုမိုအထောက်အကူဖြစ်သည်ဟု ရှုမြင်ကြသည်။ ၎င်းတို့သည် တွေ့ဆုံမေးမြန်းခဲ့သူများထဲတွင် ရေပန်းစားသည်။ ၎င်းတို့တည်ရှိသော နေရာများတွင် လူငယ်ခေါင်းဆောင်များမှာ နာမည်ကောင်းရကြသည်။ အကြောင်းမှာ လူငယ်များသည် မြို့နယ်သို့သွားရောက်ရာတွင် လူကြီးများထက်ပိုပြီး သွားလိုစိတ်ရှိကြပြီး အထူးသဖြင့် ကျေးရွာအတွက် မြို့နယ်နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပိုပြီးတက်တက်ကြွကြွရှိကြသည်ဟု ယူဆကြသည်။

## ကျေးရွာခေါင်းဆောင်များ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ကျေးရွာခေါင်းဆောင်များတွင် ရပ်မိရပ်ဖများ၊ ရွာဘုန်းကြီးများ (သို့) သင်းအုပ်များ၊ နိုင်ငံရေးပါတီအတွက် စည်းရုံးသူများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ခေါင်းဆောင်များ ပါဝင်ကြသည်။ ချမ်းသာသော စီးပွားရေးသမား

**သာဓက ၉ -** ကျေးရွာအုပ်စုတစ်စုသည် ပထမဆုံးအနေဖြင့် အမျိုးသမီး အုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို ရွေးကောက်တင်မြှောက်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အသက် ၄၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် တင်မြှောက်ခံခဲ့ရသည်။ သူမသည် ဘွဲ့ရတစ်ဦးဖြစ်ပြီး ကုန်စုံဆိုင်ဖွင့်ခြင်း၊ ဝါးစိုက်ခြင်းနှင့် စပါးဝယ်ရောင်းခြင်းတို့ကို အသက်မွေးဝမ်းကျောင်းအဖြစ် ပြုလုပ်သည်။ သူမနှင့် ခင်ပွန်းသည် ရွာတွင် အချမ်းသာဆုံးလူများထဲတွင် ပါဝင်သည်။ သူမ၏ ဆွေမျိုးမိသားစုများမှာ ရွာအုပ်ချုပ်မှုတွင် သမိုင်းရှိခဲ့သူများဖြစ်ပြီး (သူမ၏ ဖခင်ဖြစ်သူသည် ကျေးရွာခေါင်းဆောင်ဖြစ်ဖူးသည်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အလုပ်များတွင် တတ်ကြွစွာ ပါဝင်လုပ်ဆောင်နေသူများ ဖြစ်သည်။ ဥပမာ- သူမ၏မောင်သည် အခမဲ့ကျောင်းတစ်ခုကို ထူထောင်ထားပြီး မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီး၏ ပါလီမန်အမတ်တစ်ဦး ဖြစ်လာခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် သူ့စီးပွားရေးနှင့် မအားသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ရန် အစီအစဉ်မရှိခဲ့ပေ။ သို့ရာတွင် ရွာတွင်ရှိသော လူအများမှာ သူမကို ဆယ်အိမ်မှူးဖြစ်လာစေရန် မဲပေးခဲ့ကြပြီး သူမကလည်း သဘောတူခဲ့သည်။ ထို့နောက်တွင် ရပ်မိရပ်ဖနှင့် ကျေးရွာဘုန်းကြီးတို့မှ သူမကို အုပ်စုအုပ်ချုပ်ရေးမှူးအဖြစ်ဝင်ရွေးရန် စည်းရုံးခဲ့သည်။ သူမလည်းသဘောတူခဲ့ပြီး နောက်ဆုံးတွင် ကန့်ကွက်သူမရှိဘဲ ရွေးကောက်ပွဲကို အနိုင်ရခဲ့သည်။

အုပ်စုအုပ်ချုပ်ရေးမှူးအနေဖြင့် သူမသည် တခြားကျေးရွာများ ရင်ဆိုင်နေရသော အခက်အခဲများအတွက်လည်း တာဝန်ရှိပေသည်။ ဥပမာ- သူမသည် လက်ရှိတွင် ရွာချင်းဆက်လမ်းဆောက်လုပ်ရန် ရည်ရွယ်ထားသောနေရာတွင်ရှိသည့် မြေများအတွက် လယ်သမားများနှင့် ညှိနှိုင်းနေရသည်။ သူမ၏ လူမှုရေးအားဖြင့်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ယောက်အနေဖြင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည်ကြောင့် ရွာသားအများစု၏ လေးစားမှုကိုရရှိသည်။ သို့သော် သူမကို တချို့သော နေ့စားလုပ်သားများမှ သဘောမကျကြပေ။ သဘောမကျသည့် အကြောင်းအရင်းများထဲတွင် လိုင်စင်မဲ့ငါးဖမ်းခြင်း၊ ဝါးခုတ်ခြင်းစသည့်လုပ်ရပ်များအတွက် ၎င်းတို့ကို ငွေဒဏ်ရိုက်ခြင်း၊ သူမက ရသင့်သည်ဟုထင်သောသူများကိုသာ ချေးငွေရရန် ထောက်ခံပေးခြင်း စသည်တို့ပါဝင်သည်။

များသည်လည်း ရွာ၏ခေါင်းဆောင်မှုကဏ္ဍတွင် ရှိတတ်ကြသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် အမျိုးမျိုးပင်ဖြစ်သည်။ တစ်ဦးစီတိုင်းသည် မတူညီသော အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့မပါသည့်ကဏ္ဍမှာ အုပ်စုအုပ်ချုပ်ရေးမှူးမှ တာဝန်ယူပြုလုပ်ရသော အုပ်ချုပ်ရေးတာဝန်များတွင်သာ ရှိသည်။ အများအားဖြင့် ကျေးရွာခေါင်းဆောင်များသည် ဘာသာရေးပွဲများအတွက် စည်းရုံးရခြင်း၊ ကျေးရွာအခြေခံအဆောက်အအုံများနှင့် လူမှုဖူလုံရေးအတွက် ပေါင်းစည်းဆောင်ရွက်ကြစေရန် စည်းရုံးရခြင်း၊ ကျေးရွာလိုအပ်ချက်များအတွက် အစိုးရမဟုတ်သော ပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းရခြင်း၊ ကျေးရွာတွင်းအချင်းပွားမှုများတွင် ဝင်ဖျန်ဖြေရခြင်း (အကြံဉာဏ်ပေးခြင်း၊ ဘယ်ကိုသွား၊ ဘယ်သူ့ကိုချဉ်းကပ်စသည်ပြုလုပ်ခြင်း)တို့ကို ပြုလုပ်ပေးရသည်။

၎င်းတို့အခန်းကဏ္ဍနည်းပါးသော ကျေးရွာများတွင်ပင်လျှင် ဘာသာရေးခေါင်းဆောင်များ (ယေဘုယျအားဖြင့် ဘုန်းကြီးများ၊ ခရစ်ယာန်ရွာများတွင် သင်းအုပ်ဆရာများ)သည် နာဂစ်မတိုင်မီကတည်းက ကျေးရွာအပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိကြသည်။

ရွာအတွင်း လူချမ်းသာများမှာလည်း ဩဇာလွှမ်းမိုးမှုရှိကြသည်။

တချို့နေရာများတွင် နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များကဲ့သို့သော ခေါင်းဆောင်အသစ်များ ပေါ်လာတတ်ပြီး ၎င်းတို့သည် ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီတွင်ပေါ်လာပြီး တက်ကြွထက်သန်စွာ အလုပ်လုပ်ကြသည်။ ရွေးကောက်ပွဲနောက်ပိုင်းမှစပြီး ထိုသို့လှုပ်ရှားမှုမှာ လျော့ပါးသွားသည်။ သို့သော် ယေဘုယျအားဖြင့် ကျေးရွာခေါင်းဆောင်များအတွင်း နိုင်ငံရေးလှုပ်ရှားမှုသည် တိုးမြင့်လာခဲ့သည်။ တချို့နေရာများတွင် ထိုနိုင်ငံရေးခေါင်းဆောင်များသည် အုပ်စုအုပ်ချုပ်ရေးမှူး (သို့) အုပ်ချုပ်ရေးပိုင်းရှိလူများကို ကျော်သွားပြီး အရေးကိစ္စများကို မြို့နယ် (သို့) ဒေသတွင်းပါလီမန်အမတ်များထံသို့ တိုက်ရိုက်တင်ခြင်းတို့ကို ပြုလုပ်တတ်သည်။

ယေဘုယျအားဖြင့် ကျေးရွာခေါင်းဆောင်များသည် အုပ်ချုပ်ရေးပိုင်းမှခေါင်းဆောင်များနှင့် အဆင်ပြေကြပြီး လွှမ်းမိုးမှုနယ်ပယ်အသီးသီးတွင် ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ တချို့ဖြစ်ရပ်များတွင် ထိုခေါင်းဆောင်နှစ်မျိုးအကြား ပြိုင်ဆိုင်မှုများရှိကြသည်။ အာဏာပြိုင်ဆိုင်မှု မြင့်မားလာချိန်တွင် ကျေးရွာ၏အုပ်ချုပ်ရေးပိုင်းနယ်ပယ်ကို ရာအိမ်မှူးနှင့် အုပ်စုအုပ်ချုပ်ရေးမှူးများမှ ထိန်းထားပြီး လူမှုရေးနှင့် ဘာသာရေးအပိုင်းကိုတော့ ကျေးရွာခေါင်းဆောင်များမှ ထိန်းထားတတ်ကြသည်။

# အခန်း ၆

## ကျေးရွာအခြေခံအဆောက်အအုံနှင့် အိုးအိမ်

ကျေးရွာ၏အခြေခံအဆောက်အအုံနှင့် နေအိမ်အခြေအနေသည် နာဂစ်နောက်ပိုင်းမှစပြီး ကျေးရွာတွင် မည်မျှပြောင်းလဲလာသည်၊ နာဂစ်ဒဏ်သည် မည်သည့်အရာများအပေါ် ဆက်လက်သက်ရောက်နေသေးသည်စသည်ကို ထင်ဟပ်လျက်ရှိသည်။ နာဂစ်နောက်ပိုင်းမှစပြီး အစိုးရနှင့် အလှူရှင်များမှ ကျေးရွာအခြေခံအဆောက်အအုံများအပေါ်တွင် များစွာရင်းနှီးမြှုပ်နှံခဲ့ပြီး SIM ကျေးရွာများသည် အဓိကအခက်အခဲများကို ရင်ဆိုင်နေရသေးသည်။ လမ်းပန်းဆက်သွယ်ရေးမှာ များစွာတိုးတက်လာသော်လည်း လမ်းများ၏အရည်အသွေးနှင့် မိုးတွင်းကာလများအတွင်း လက်လှမ်းမီမှုမှာ နည်းပါးနေသေးသည်။ ထိုအချိန်များအတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသည်။ နေအိမ်အခြေအနေအကြောင်း မမေးမြန်းခင်တွင် ကျေးရွာအခြေခံအဆောက်အအုံ အခြေအနေကို အရင်ဆန်းစစ်မေးမြန်းခဲ့ခြင်း ဖြစ်သည်။ နေအိမ်အခြေအနေအကြောင်း မေးမြန်းရာတွင် ရပ်ရွာမှအိမ်များသည် နာဂစ်မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိ/မရှိ မေးမြန်းခြင်းဖြစ်သည်။

### ကျေးရွာအခြေခံအဆောက်အအုံ

SIM 4 တွင် ကျေးရွာအများစုမှာ အခြေခံအဆောက်အအုံများ လိုအပ်ချက် ရှိနေသေးသော်လည်း အတိုင်းအတာတစ်ခုအထိ ကောင်းမွန်လာပြီဖြစ်သည် (ဇယား ၂၄)[၂၂]။ အများဆုံးတွေ့မြင်ရသော တိုးတက်မှုကို ကျေးရွာလမ်းများ၊ ဘုန်းကြီးကျောင်းများ၊ တံတားများ၊ ကျောင်းများနှင့် ရေကန်များတွင် တွေ့ရပြီး ထိုတိုးတက်မှုကို SIM ကျေးရွာများ၏ အနည်းဆုံးတစ်ဝက်တွင် တွေ့ရှိရသည်။

နာဂစ်၏အရိပ်များ ထင်ဟပ်နေသေးချိန်တွင် ကျေးရွာအနေအထားသည် အခြေခံအဆောက်အအုံများ၏ အရည်အသွေးကို ဆုံးဖြတ်ပေးသည့်နေရာတွင် အဓိကနေရာက ပါဝင်နေသည်။ နာဂစ်ဒဏ် ပြင်းထန်စွာခံရသော နေရာများတွင် ကျေးရွာ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုမှာ မထူးသေးပေ (ဇယား ၂၅)။ ပိုင်ဆိုင်ပစ္စည်းများနှင့် လူအင်အားများဆုံးရှုံးမှုကြောင့် အသက်မွေးမှုလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်ရန် အခက်အခဲများသည် ကြွေးတင်ရှိမှုကို တိုးမြင့်စေပြီး ထိခိုက်မှုပြင်းသော ကျေးရွာများသည် ၎င်းတို့ အခြေခံအဆောက်အအုံများအတွက် တိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်စွမ်းကို နည်းပါးစေသည်။ ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာ ၁၂ ရွာတွင် ၂ ရွာသာ အခြေခံအဆောက်အအုံများ တိုးတက်လာသည်ကိုပြသပြီး ၎င်းမှာ ကျေးရွာခေါင်းဆောင်များ၏ စွမ်းရည်

[၂၂] အခြေခံအဆောက်အအုံများ၏ အရည်အသွေးသတ်မှတ်ချက်။ **နေအိမ်** ("ကောင်း"- အိမ်အများစုမှာ အရည်အသွေးကောင်းခြင်း၊ ကွန်ကရစ်ဖြင့် ပြုလုပ်ထားခြင်း၊ တချို့မှာ နှစ်ထပ်အိမ်၊ အိမ်အခြေအနေမှာ မပျက်စီး။ "သင့်" - အိမ်အများစုမှာ သစ်သားအိမ်နှင့် သွပ်မိုးဖြစ်ခြင်း၊ အများစုမှာ မပျက်ဆီး။ "ညံ့" - ပြိုကျနေခြင်း၊ ပြင်ဆင်ရန်လိုအပ်ခြင်း၊ အများစုမှာ ဝါးထရံကာပြီး ဓနိမိုးထားခြင်း။) ကျောင်းများ ("ကောင်း" - ကွန်ကရစ်ဖြင့် ပြုလုပ်ထားခြင်း၊ မုန်တိုင်းဒဏ်ခံနိုင်အောင် ဆောက်လုပ်ထားခြင်း၊ ကျောင်းသားများများဆန့်ခြင်း။ "သင့်" - ပြင်ဆင်ရန် လိုအပ်သော အဆောက်အဦးဟောင်း၊ သို့သော်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း၊ လက်ရှိကျောင်းသားအရေအတွက်ကို ဆန့်ခြင်း။ "ညံ့" - ပြင်ဆင်ရန်လိုအပ်သော ပြိုကျနေသည့် အဆောက်အဦး၊ လက်ရှိကျောင်းသားအရေအတွက်ကို မဆန့်။ "ပျောက်ဆုံး" ရွာတွင် ကျောင်းမရှိ။) **ရေ/ရေဆိုးစနစ်** ("ကောင်း" - မြေအောက်ရေအလွယ်တကူရခြင်း နှင့်/သို့ ရေလှောင်ကန် နှင့်/သို့ ကောင်းမွန်စွာထိန်းသိမ်းထားသော ရေကန်ရှိခြင်း။ "သင့်" - လုံလောက်သော သောက်ရေကန် အရေအတွက်ရှိခြင်း၊ ရေပြတ်မည်ကို မပူရခြင်း၊ ရေစုပ်စက်မှတစ်ဆင့် မြေအောက်ရေကို ရယူနိုင်ခြင်း။ "ညံ့" - ရေကန်များမှာ အခြေအနေဆိုးခြင်း၊ ဆားငန်ရေဝင်နေခြင်း၊ ခြောက်သွေ့ရာသီများတွင် ရေဝယ်သုံးရခြင်း။ "ပျောက်ဆုံး" - ကျေးရွာလိုအပ်သလောက် ရေကန်များ လုံလောက်စွာမရှိခြင်း၊ အိမ်တိုင်းသည် ကိုယ့်အိမ်သုံးဖို့ ကိုယ်ရေလှောင်ရခြင်း။) **ကျန်းမာရေး** ("ကောင်း"- ကိုယ်ပိုင်ကျန်းမာရေးစင်တာရှိခြင်း (သို့) ခရိုင်ဆေးရုံကိုလက်လှမ်းမီနိုင်သည့် မြို့နှင့်နီးခြင်း။ "သင့်"- ရွာတွင် ကျန်းမာရေးဝန်ထမ်းရှိသော်လည်း ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအတွက် အခြေခံပစ္စည်းများသာရှိခြင်း။ "ညံ့"- ပုံသေခန့်ထားသော ကျန်းမာရေးဝန်ထမ်းမရှိခြင်း၊ ကိုယ်ဝန်ဆောင်နှင့် ကာကွယ်ဆေးအစီအစဉ်များအတွက် ကျန်းမာရေးဝန်ထမ်းများ၏ ပုံမှန်လာရောက်ကြည့်ရှုမှုရှိခြင်း။ "ပျောက်ဆုံး" - ရွာတွင် ကျန်းမာရေးဝန်ထမ်းမရှိ၊ ခေါင်သောကြောင့် ကျန်းမာရေးဝန်ထမ်းများ လာရောက်မှုနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်း၊ ရွာသားများသည် ကျန်းမာရေးစောင့်ရှောက်မှုခံဖို့ အခြားရွာသို့သွားရခြင်း၊ တိုင်းရင်းဆေးများကိုသာ မှီခိုနေရခြင်း။)

**ဇယား ၂၄** - အဓိကအခြေခံအဆောက်အအုံများ၏ အရည်အသွေး၊ ၂၀၁၃ နှင့် ၂၀၁၇

| | ၂၀၁၃ | | | | ၂၀၁၇ | | | |
|---|---|---|---|---|---|---|---|---|
| | ကောင်း | သင့် | ညံ့ | None | ကောင်း | သင့် | ညံ့ | None |
| နေအိမ် | ၁၃ | ၁၉ | ၈ | ၀ | ၁၃ | ၁၈ | ၉ | ၀ |
| ကျောင်းများ | ၂၃ | ၁၀ | ၂ | ၅ | ၁၉ | ၁၁ | ၇ | ၃ |
| ရေ | ၁၁ | ၁၉ | ၈ | ၂ | ၁၄ | ၁၇ | ၈ | ၁ |
| ကျန်းမာရေး | ၁၀ | ၃ | ၀ | ၂၇ | ၁၆ | ၇ | ၇ | ၁၀ |

**ဇယား ၂၅** - မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် အဓိကအခြေခံအဆောက်အအုံများ၏ အရည်အသွေးကောင်းမွန်မှု

| မုန်တိုင်းဒဏ် သက်ရောက်မှု | နေအိမ် | ကျောင်း | ရေ/ရေဆိုးစနစ် | ကျန်းမာရေး |
|---|---|---|---|---|
| သက်ရောက်မှုပြင်းထန် | ၃ | ၅ | ၂ | ၁ |
| အလယ်အလတ်သက်ရောက်[၂၉] | ၆ | ၁၁ | ၇ | ၁၂ |
| သက်ရောက်မှုနည်း | ၄ | ၂ | ၅ | ၁ |
| စုစုပေါင်း | ၁၃ | ၁၈ | ၁၄ | ၁၄ |

ကြောင့်ဖြစ်သည်။

ဤရပ်ရွာများတွင်ရှိသော ကျေးရွာခေါင်းဆောင်များတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာထည့်ဝင်နိုင်သော ချမ်းသာသည့်သူများပါဝင်ကြပြီး ၎င်းတို့သည် တခြားသူများမပေးနိုင်သော အလုပ်သမားခများကိုပေးနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင် စိတ်ဝင်စားမှုရှိသည့်အပြင် အချိတ်အဆက်လည်းကောင်းကြသည်။ ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုနည်းသော ကျေးရွာများမှာ လူအင်အားနည်းပါးခြင်း၊ မြို့နှင့်ချိတ်ဆက်မှု အားနည်းခြင်း၊ တခြားရွာများနှင့်နှိုင်းယှဉ်လျှင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းတို့ကို တွေ့မြင်နိုင်သည်။

## SIM ကျေးရွာများအတွင်း အခြေခံအဆောက်အအုံ အနေအထား

အခြေခံအဆောက်အအုံအနေအထားများမှာ တစ်ရွာနှင့်တစ်ရွာကွာခြားလျက်ရှိသည်။ တချို့အခြေခံအဆောက်အအုံကဏ္ဍများကို ပြန်လည်ထူထောင်ရေးတွင် အာရုံစိုက်ထားသော်လည်း တချို့မှာ အရည်အသွေးနိမ့်မြဲဖြစ်သည်။

### *လူမှုဝန်ဆောင်မှု အခြေခံအဆောက်အအုံ*

လွန်ခဲ့သော ၄ နှစ်တာကာလအတွင်းတွင် ကျန်းမာရေးစင်တာ ၅ ခု (ကျေးရွာများအားလုံးတွင် ၁၇ ခု) ကို တည်ဆောက်ခဲ့သော်လည်း SIM ကျေးရွာများ၏ တစ်ဝက်ကျော်တွင် ကျန်းမာရေးစင်တာများ မရှိသေးပါ။ ၎င်းအပြင် ကျေးရွာတွင် ကျန်းမာရေးစင်တာတစ်ခုရှိခြင်းသည် ကျန်းမာရေးဝန်ဆောင်မှုများရယူရန်အတွက် "ကောင်းမွန်" ဟု အကဲဖြတ်ချက်ပေးလို့ မရပါ။ ရှိနေသော ကျန်းမာရေးစင်တာများ (၎င်းအပြင် ကျောင်းများ)သည် အရည်အသွေးအားဖြင့် ကောင်းမွန်မှု မရှိကြပါ။ သုတေသနပြုလုပ်ချိန်တွင် ကျေးရွာ ၁၀ ရွာသည် ကျန်းမာရေးစင်တာမရှိဟုဆိုကြပြီး အစိုးရကို တောင်းဆိုထားသော်လည်း အခုထိ မည်သည့်ထောက်ပံ့မှုမျှမရသေးဟု ဆိုကြသည်။ ကျန်သည့်ရွာများကို မေးမြန်းရာတွင် ၎င်းတို့သည် ဆေးခန်းရှိသော ရွာကြီးတစ်ရွာကို အလွယ်တကူလက်လှမ်းမီသော ရွာငယ်များဖြစ်သည် (သို့) ကျန်းမာရေးဝန်ဆောင်မှုကောင်းကောင်းရှိသည့် မြို့များနှင့်နီးသည့်ရွာများ ဖြစ်သည်ဟု ဖြေကြားခဲ့ကြသည်။

ထိခိုက်ခံရမှုအလိုက် မေးမြန်းရာတွင် ပြင်းထန်စွာထိခိုက်ခံရသော ရွာ ၁၂ ရွာတွင် ၁ ရွာသာ ကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီပြီး အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာ ၁၈ ရွာအနက် ၁၂ ရွာမှာ လက်လှမ်းမီသည်။ အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများသည်လည်း နောက်ကျကျန်ခဲ့ပြီး ၎င်းမှာ အထောက်အပံ့ပေးဝေမှု မညီမျှခြင်းကို ထင်ဟပ်နေသည်။

ပညာရေးတွင် နာဂစ်ပြီးကတည်းက တိုးတက်မှုများကို သိသိသာသာမြင်ရပြီး SIM ကျေးရွာများတွင် ကျောင်းအဆောက်အအုံများများပြားလာခဲ့သည်။ ကျောင်းအဆောက်အအုံမရှိသော ကျေးရွာများအရေ အတွက်မှာ SIM 4 တွင် ၇ ရွာရှိနေခဲ့ရာမှ SIM 5တွင် ၃ ရွာသာ ရှိတော့သည်။ ထို ၃ ရွာမှာ ရွာသေးများဖြစ်ပြီး အိမ်ထောင်စုအရေအတွက်မှာ ၄၄ အိမ်ထက်မပိုပေ။ တစ်ရွာမှာ အထက်တန်းကျောင်းရှိသော ရွာကြီးတစ်ရွာ၏အနီးတွင် တည်ရှိသည်။

ပညာရေးနှင့် နာဂစ်ဒဏ်သက်ရောက်မှုကို နှိုင်းယှဉ်ရာတွင် ဆက်စပ်မှုနည်းပါးပြီး ကျောင်းအဆောက်အအုံတည်ရှိမှုသည် ကျေးရွာအရွယ်အစားအပေါ်တွင်သာ မူတည်မှုများသည်။

---

[၂၉] အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများတွင် အခြေခံအဆောက်အအုံ အရည်အသွေးမှာ ကောင်းမွန်သည်။ ၎င်းမှာ ချိတ်ဆက်မှုနှင့် အထောက်အပံ့ရရှိမှုပမာဏ မြင့်မားခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

၂၀၀၈ ခုနှစ်ကတည်းက SIM ကျေးရွာ ၃၆ ရွာတွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၅၀ ကို တွေ့ရှိရပြီး ၎င်းတွင် ပြန်လည်ပြင်ဆင်ခြင်းနှင့် ကျောင်းအသစ်ဆောက်လုပ်ခြင်း စီမံကိန်းများပါဝင်သည်။ သို့ရာတွင် တစ်ဆင့်ကန်ထရိုက်များသည် သင့်တော်သော ကျောင်းအဆောက်အအုံများ မဆောက်လုပ်ကြသည်ကို သုတေသနအဖွဲ့မှ တွေ့ရှိရသည်။ ၎င်းအပြင် ငွေကြေးထောက်ပံ့ခြင်းမှလွဲပြီး အစိုးရသည် ကျောင်းဆောက်လုပ်ခြင်းကို စစ်ဆေးခြင်း(သို့) စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်မှုနည်းပါးသည်။ ရလဒ်အားဖြင့် လောလောလတ်လတ် ဆောက်လုပ်ထားသော အဆောက်အအုံများမှလွဲပြီး ကျောင်းအဆောက်အအုံများမှာ အရည်အသွေးမကောင်းဟု ကျေးရွာ ၇ ရွာမှ ပြောကြားခဲ့သည်။

## *လမ်းပန်းဆက်သွယ်ရေးနှင့် ချိတ်ဆက်မှု*

လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၏ အရည်အသွေးမှာ SIM ကျေးရွာများအတွင်း တစ်ရွာနှင့်တစ်ရွာ ကွာခြားမှုရှိပြီး နာဂစ်ဒဏ်ထိခိုက်ခံရမှုနှင့် နီးစပ်စွာ ဆက်စပ်မှုရှိသည်။ ၂၀၁၇ ခုနှစ်တွင် ချိတ်ဆက်မှုအားဖြင့် "ညံ့"[၂၄]သော ကျေးရွာအများစုသည် နာဂစ်ဒဏ်ပြင်းထန်စွာ ထိခိုက်ခံရသော ကျေးရွာများဖြစ်ပြီး ချိတ်ဆက်မှုညံ့သော ကျေးရွာ ၁၂ ရွာတွင် ၈ ရွာပါဝင်သည်။ ၎င်းအပြင် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင် ရေကြောင်းလမ်းတစ်လမ်းသာရှိကြပြီး ပင်ကိုအားဖြင့် မသေချာသော၊ ထိခိုက်လွယ်သော လမ်းပန်းဆက်သွယ်ရေးရှိကြသည်။

ကျေးရွာအများအပြားမှာ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတိုးတက်မှုကို လိုအပ်ချက်အဖြစ် ပုံမှန်တင်ပြလျက်ရှိပြီး အစိုးရ၊ ကိုယ်ထူကိုယ်ထအဖွဲ့နှင့် ရပ်ရွာအခြေပြုစီမံကိန်းများမှ အာရုံစိုက်မှုအသစ်များကို သာဓကအဖြစ် တွေ့မြင်နေကြရသည်။ သို့သော်လည်း နာဂစ်ကဲ့သို့သောဘေးများမှ ထိခိုက်လွယ်သည့် ကျေးရွာများမှာ မြို့များနှင့်ဆက်သွယ်နိုင်မှု နည်းပါးနေသေးပြီး ရေလမ်းခရီးကိုသာ မှီခိုနေရသေးသည်။ ဇယား ၂၆ တွင် အခြေခံအဆောက်အအုံအရည်အသွေးနှင့် မြို့နှင့်ချိတ်ဆက်မှုတို့အကြား ဆက်စပ်မှုကို ဖော်ပြထားသည်။ ချိတ်ဆက်မှု ကောင်း (သို့) အသင့်အတင့်ရှိသော ကျေးရွာများမှာ အခြေခံအဆောက်အအုံအမျိုးမျိုးကို လက်လှမ်းမီသည်ဟု ယူဆရသည်။ ၎င်းမှာ အခေါင်ဆုံးသောကျေးရွာများနှင့် နှိုင်းယှဉ်လျှင် ပစ္စည်းကိရိယာ၊ ကျွမ်းကျင်မှု၊ အထောက်အပံ့၊ အာဏာပိုင်များနှင့် စေ့စပ်ဆောင်ရွက်မှု ပိုသာသည်ကို ပြသနေခြင်းဖြစ်သည်။

**ဇယား ၂၆** - ချိတ်ဆက်မှုအလိုက် အရည်အသွေးကောင်းမွန်သော အဓိကအခြေခံအဆောက်အအုံများရှိသည့် ကျေးရွာများ၏ အရေအတွက်

| | အိမ်များ | ကျောင်းများ | ရေ | ကျန်းမာရေး |
|---|---|---|---|---|
| ကောင်း (၁၆ ရွာ) | ၇ | ၈ | ၆ | ၈ |
| သင့် (၁၂ ရွာ) | ၇ | ၆ | ၉ | ၄ |
| ညံ့ (၁၂ ရွာ) | ၂ | ၀ | ၁ | ၂ |
| စုစုပေါင်း | ၁၄ | ၁၄ | ၁၆ | ၁၄ |

SIM 4 ကတည်းက ရပ်ရွာလမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တိုးတက်လာခဲ့သည်။ (ဇယား ၂၇)။ မြို့နှင့်ချိတ်ဆက်သည့် လမ်းတစ်ခုကိုဖောက်လုပ်ခဲ့သည် (သို့) လက်ရှိလမ်းကို ပြုပြင်ခဲ့သည်ဟု ကျေးရွာ ၇ ရွာမှ အစီရင်ခံခဲ့သည်။ ၁၇ ရွာတွင် ရွာချင်းဆက်လမ်းများပြုပြင် (သို့) ဆောက်လုပ်ခဲ့သည်ဟု အစီရင်ခံပြီး လမ်းအများစုမှာ မော်တော်ဆိုင်ကယ်သွား၍ရအောင် ကျယ်ပြန့်သည်ဟု ဆိုသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအသစ်များ (ယေဘုယျအားဖြင့် မော်တော်ဆိုင်ကယ်အငှားယဉ် (သို့) ဘတ်စ်ကား/ကုန်ကား ဝန်ဆောင်မှုများ) တိုးပွားလာသည်ဟု ကျေးရွာ ၁၃ ရွာမှ အစီရင်ခံခဲ့သည်။

ရေလမ်းခရီးသည် ချိတ်ဆက်မှုကို ပိုကောင်းစေခဲ့သည်ဟု ကျေးရွာတချို့က ပြောခဲ့သည်။ မြို့နှင့်နီးသော ကျေးရွာတစ်ရွာသည် ၎င်းတို့ဆိပ်ခံတံတားကို သစ်သားမဟုတ်ဘဲ စတီးဖြင့်ပြန်လည်ဆောက်လုပ်ခဲ့ပြီးနောက် လှေများရောင်းဝယ်မှုတွင် ဆုံချက်နေရာဖြစ်လာခဲ့သည်။

ချိတ်ဆက်မှုကောင်းလာခြင်းသည် အလုပ်သမားအုပ်စုများအတွက် စုစည်းရန် ပိုမိုလွယ်ကူစေပြီး တခြားရွာများတွင်ရှိသော အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုလက်လှမ်းမီလာစေခြင်း၊ ကုန်စုံဆိုင်ပိုင်ရှင်များအတွက် ကုန်ဝယ်ရာတွင် လွယ်ကူစေခြင်း၊ ကျေးရွာအတွင်း ပွဲစားများ (အထူးသဖြင့် ရေလုပ်ငန်းပွဲစားများ)သည် ရန်ကုန်အပါအဝင် ဈေးကွက်အသစ်များကို လက်လှမ်းမီလာစေခြင်းစသည့်အကျိုးများကို ဖြစ်စေသည်။ ယခုအခါတွင် ရွာတွင်လာကောက်မည့် စပါးပွဲစားကို စောင့်နေစရာမလိုတော့ဘဲ ၎င်းတို့စပါးများကို မြို့သို့ တိုက်ရိုက်ရောင်းနိုင်ပြီဟု အချို့လယ်သမားများမှ အစီရင်ခံခဲ့ကြသည်။

သို့ရာတွင် ကျေးရွာများ အဆက်အသွယ်ကောင်းလာခြင်းမှာ ပေးလျော်ရသည့် လူမှုစရိတ်များလည်း ရှိနေသည်။ ဥပမာ- အရက်အလွန်အကျွံသောက်သော လူငယ်များ များပြားလာပြီး လမ်းများပေါ်တွင် မော်တော်ဆိုင်ကယ်ကို အရမ်းကာရော မောင်းခြင်းကြောင့် ထိခိုက်မှုများ ပိုများလာသည်ဟု ရွာသားများမှ အစီရင်ခံခဲ့ကြသည်။ မြို့နှင့်နီးသော ကျေးရွာများတွင် ကုန်ပစ္စည်းစုံစုံလင်လင်ကို

[၂၄] အနီးဆုံးမြို့သို့ မိနစ် ၃၀ (သို့) ၎င်းထက်နည်းသောအချိန်ဖြင့် သွားလာ၍ရသော ရွာများကို ချိတ်ဆက်မှု "ကောင်း"။ မိနစ် ၃၀ မှ တစ်နာရီ အချိန်အတွင်း သွားလာ၍ရသော ရွာများကို ချိတ်ဆက်မှု "သင့်"။ အနီးဆုံးမြို့သို့ သွားရန်အချိန် ၁ နာရီထက်ပိုလိုအပ်သော ရွာများကို ချိတ်ဆက်မှု "ညံ့" ဟု သတ်မှတ်သည်။

**ဇယား ၂၇** - သက်ရောက်မှုအလိုက် ချိတ်ဆက်မှု

| | | အနီးဆုံးမြို့သို့ ချိတ်ဆက်မှု | | | သယ်ယူပို့ဆောင်ရေးနည်းလမ်း | |
|---|---|---|---|---|---|---|
| မုန်တိုင်းဒဏ် သက်ရောက်မှု | စုစုပေါင်း | ကောင်း | သင့် | ညံ့ | ရေ | ကုန်း |
| သက်ရောက်မှုပြင်း | ၁၂ | ၁ | ၃ | ၈ | ၁၁ | ၁ |
| အလယ်အလတ်သက်ရောက် | ၁၈ | ၁၀ | ၇ | ၁ | ၈ | ၁၀ |
| အနည်းငယ်သက်ရောက် | ၁၀ | ၅ | ၂ | ၃ | ၆ | ၄ |
| စုစုပေါင်း | ၄၀ | ၁၆ | ၁၂ | ၁၂ | ၂၅ | ၁၅ |

ဈေးသက်သက်သာသာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ခြင်းကြောင့် ၎င်းတို့ကုန်စုံဆိုင်များမှာ ခက်ခဲကြောင်း ကျေးရွာကုန်စုံဆိုင်ရှင်များမှ ပြောကြားခဲ့သည်။

ချိတ်ဆက်မှုဟုဆိုရာတွင် လူနှင့်ကုန်ပစ္စည်းများ၏ ရွေ့လျားနိုင်စွမ်းကိုသာမက သတင်းအချက်အလက်များပါ ပါဝင်သည်။ မြန်မာနိုင်ငံတစ်လွှားတွင် မိုဘိုင်းဖုန်းဆက်သွယ်မှုများ ကောင်းမွန်လာမှုကို သတင်းသမားများနှင့် သုတေသနသမားများမှ လွှမ်းခြုံဖော်ပြပြီး ဖြစ်သော်လည်း SIM ကျေးရွာများတွင် ၎င်း၏သက်ရောက်မှုကို တွေ့မြင်ရသည်။ ၂၀၁၃ ခုနှစ် SIM 4 သုတေသနပြုလုပ်နေစဉ်တွင် မိုဘိုင်းအင်တာနက်ရရှိသော SIM ကျေးရွာ တစ်ရွာမျှမရှိခဲ့ပါ။ ၂၀၁၇ ခုနှစ်တွင် ရွာတိုင်းသည် 3G အင်တာနက်ကို ရရှိနေပြီဖြစ်ပြီး အဓိကခေါင်းဆောင်များနှင့် အုပ်စုဖွဲ့မေးမြန်းခြင်းတို့ကို တစ်ခါတရံတွင် ဖုန်းဖြင့်သော်လည်းကောင်း (သို့) Viber ဖြင့်သော်လည်းကောင်း ပြုလုပ်ခဲ့ကြသည်။ SIM ကျေးရွာများထဲမှ တစ်ဝက်နီးပါးသည် လမ်းပန်းဆက်သွယ်ရေး ချိတ်ဆက်မှုအပိုင်းတွင် ရုန်းကန်နေရဆဲဖြစ်သော်လည်း ယခုအခါတွင် အင်တာနက်ဖြင့် ပြင်ပလောကကို ချိတ်ဆက်နိုင်ပြီဖြစ်သည်။

3G အင်တာနက်များ ကောင်းကောင်းရလာခြင်းသည် ကျေးရွာစီးပွားရေးအပေါ်တွင် စတင်သက်ရောက်မှုရှိလာပြီး ကျေးရွာမှလူများကို ကျေးရွာပြင်ပရှိ မိတ်ဆွေ၊ မိသားစုများနှင့် အလွယ်တကူ အဆက်အသွယ်ရလာစေသည်။ ရွာသားများသည် အင်တာနက်ကို အသုံးပြုပြီး ကုန်စည်ဈေးနှုန်းများကိုကြည့်ခြင်း၊ မြို့ (သို့) ရန်ကုန်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာခြင်း၊ GPS ကို အသုံးပြုခြင်းနှင့် ငါးဖမ်းလုပ်ငန်းများအတွက် မိုးလေဝသခန့်မှန်းချက်ကိုကြည့်ခြင်းတို့ကို ပြုလုပ်ကြသည်ကို SIM သုတေသနမှ တွေ့ရှိခဲ့သည်။

### *ရေ၊ ရေဆိုးစနစ်နှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများ*

ကျေးရွာအဆင့်တွင် ရေ၊ ရေဆိုးစနစ်နှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများသည် သောက်ရေအတွက် အခြေခံအဆောက်အအုံများ၊ (အထူးသဖြင့် ကျောင်းဝန်းများအတွင်းတွင်ရှိသော) ကျေးရွာအိမ်သာများတို့ ဖြစ်ကြသည်။ နာဂစ်နောက်ပိုင်းတွင် ရပ်ရွာများသို့ သောက်ရေကို မပြတ်ထောက်ပံ့ခဲ့ခြင်းသည် အစိုးရနှင့် နိုင်ငံတကာအလှူရှင်များအတွက် အရေးစိုက်မှုတစ်ခု ဖြစ်လာခဲ့ပြီး သောက်ရေကန်များ ကောင်းမွန်မှုကို အဓိကလုပ်ဆောင်ခဲ့ကြသည်။ သို့သော် နာဂစ်အပြီး ၉ နှစ်အကြာတွင် ကျေးရွာ ၃ ရွာသာ ရေအရင်းအမြစ် (မြေအောက်ရေရသော တွင်းရေတွင်းနှင့် အခြား)များ တိုးတက်လာသည်ဟု အစီရင်ခံခဲ့သည်။

ရေသိုလှောင်မှုတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်။ SIM 4 ကတည်းက ကျေးရွာများအပြားတွင် ဂါလံ ၅,၀၀၀ ဆန့်သော ရေသိုလှောင်ကန်များကို ထားရှိလာကြပြီး အထူးသဖြင့် ကျောင်းသားများ သောက်ရေရစေရန် ကျောင်းဝန်းများအတွင်းတွင် ထားရှိကြသည်။ သို့ရာတွင် ကျေးရွာများမှာ ခြောက်သွေ့ရာသီများတွင် ရေကောင်းမရနိုင်ဘဲ သောက်ရေကန်များအတွင်း ဆားငန်ရေဝင်ရောက်မှုကို အများအားဖြင့် တွေ့မြင်ရသည်။ ထိုကာလများအတွင်းတွင် ရွာသူရွာသားများသည် တခြားရွာရှိရေကန်မှ ရေသွားယူခြင်းဖြင့်သော်လည်းကောင်း၊ ရေဝယ်သောက်ရခြင်းဖြင့် သော်လည်းကောင်း ဖြေရှင်းကြရသည်။

### *အခြားပြည်သူ့ဝန်ဆောင်မှုများ*

နာဂစ်နောက်ပိုင်းနှစ်များအတွင်း ရပ်ရွာများအတွက် အရေးအကြီးဆုံးကိစ္စရပ်များမှ တစ်ခုသည် အနာဂတ်တွင် မုန်တိုင်းဒဏ်ခံရပါက ဒဏ်ခံနိုင်သည့် ကျေးရွာပိုင် အဆောက်အအုံတစ်ခုရှိခြင်းဖြစ်သည်။ ထိုခိုစရာနေရာများသည် မုန်တိုင်းအတွင်း ရှင်သန်နိုင်စေရန် ထားရှိရမည့် ပစ္စည်းများအတွက် သိုလှောင်စရာနေရာနှင့် ဘေးဒဏ်မခံနိုင်သော အိမ်များအတွက် ခိုစရာနေရာအဖြစ် ရှိရမည်ဖြစ်သည်။ မုန်တိုင်းအတွက် ခိုစရာနေရာများ တည်ဆောက်ခဲ့သည့် ကိစ္စအနည်းအကျဉ်းရှိသော်လည်း အများစုမှာ လက်ရှိအဆောက်အအုံများကိုသာ ပိုကောင်းအောင် ပြုလုပ်ခြင်းဖြစ်သည်။ အများဆုံးမြင်ရသည့်ပုံစံမှာ ဘုန်းကြီးကျောင်းများ (သို့ ခရစ်ယာန်ရွာများတွင် ဘုရားကျောင်းများ)ဖြစ်ကြသည်။ ဘာသာရေးအဆောက်အအုံများကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း (ဘုန်းကြီးကျောင်းပြုပြင်မှုကို ကျေးရွာ ၈ ရွာတွင်၊ ဘုရားကျောင်းပြုပြင်မှုကို ရွာ ၂ ရွာတွင် တွေ့ရသည်) ရည်ရွယ်ချက်နှစ်မျိုးဖြင့်ဖြစ်သည်။ ၎င်းမှာ ဘာသာရေးအဆောက်အအုံအဖြစ်သော်လည်းကောင်း၊ ဘေးအန္တရာယ်လျှော့ချ

ရေး နည်းလမ်းအဖြစ်သော်လည်းကောင်း ဖြစ်သည်။ ၎င်းကို နာဂစ်ပြီးကတည်းက ရပ်ရွာကိုယ်ထူကိုယ်ထလုပ်ဆောင်ချက်အနေဖြင့် ပြုလုပ်ခဲ့ကြသည်။ တချို့ကိစ္စများတွင် အစိုးရနှင့် NGO အဖွဲ့အစည်းများက ထောက်ပံ့မှုရှိခဲ့သော်လည်း ဘာသာရေးအဆောက်အအုံများအတွက် ပြင်ပထောက်ပံ့မှုပေးခြင်းမှာ ရှားပါးသည်။

တာတမံဖို့ခြင်း၊ လျှပ်စစ်ဓာတ်အားပေးခြင်း (နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးရေး စီမံကိန်းမှဖြစ်ပြီး ကျေးရွာ ၂ ရွာတွင် တွေ့ရသည်)၊ ဒီရေတောများပြန်စိုက်ခြင်း (၃ ရွာ)၊ ကျေးရွာအုပ်ချုပ်ရေးရုံး (၂ ရွာ) နှင့် ရပ်ရွာခန်းမ (၂ ရွာ) ကဲ့သို့သော အခြားပြည်သူ့ဝန်ဆောင်မှုများကို ပြင်ပအဖွဲ့အစည်းများ၏ ထောက်ပံ့မှု (သို့) ရပ်ရွာ၏ ကိုယ်ထူကိုယ်ထအားဖြင့် ပြုလုပ်ထားသည်။ ရပ်ရွာများအားလုံးသည် ကိုယ်ပိုင်ဆိုလာပြားများမှတစ်ဆင့် လျှပ်စစ်မီးရရှိကြသော်လည်း ၎င်းကို တတ်နိုင်သောမိသားစုအရေအတွက်မှာ တစ်ရွာနှင့်တစ်ရွာ ကွာခြားမှုရှိသည်။ SIM 4 ကတည်းက ရပ်ရွာများကို ဆိုလာပြားများ ဝယ်ယူရန်အတွက် အလှူရှင်အထောက်အပံ့များ ရံဖန်ရံခါ ရှိတတ်သော်လည်း ကျေးရွာမီးရရှိရေးအတွက်မူ စနစ်တကျ ကြိုးပမ်းမှုများ မရှိသေးပါ။

## နောက်ကျကျန်ခဲ့သော ကျေးရွာများ

ကျေးရွာအခြေခံအဆောက်အအုံများတွင် နောက်ကျကျန်ခဲ့သော ကျေးရွာများတွင် ၎င်းတို့ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးလျက်ရှိသော အကြောင်းအရင်း တစ်ခုမဟုတ်တစ်ခု ရှိနေခဲ့သည်။ ထိုသို့ ဟန့်တားနေသော အကြောင်းအရင်းများမှာ ယေဘုယျအားဖြင့် နာဂစ်ဒဏ်သက်ရောက်မှုနှင့် တည်နေရာတို့ဖြစ်သည်ဟု သုတေသနအသင်းမှ ရှာဖွေတွေ့ရှိခဲ့သည် (ဇယား ၂၈)။ စုစုပေါင်းတွင် လေးပုံတစ်ပုံသော ရွာအရေအတွက်မှာ နောက်ကျကျန်ခဲ့သည်ဟု သတ်မှတ်သည်။[၂၅]

**ဇယား ၂၈** - အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအရ နောက်ကျကျန်ခဲ့သော ကျေးရွာများ

| | နောက်ကျကျန်ခဲ့သော ကျေးရွာများ (၁၁) |
|---|---|
| သက်ရောက်ခံရမှုပြင်း (၁၂ ရွာ) | ၄ /၃၃% |
| အလယ်အလတ်သက်ရောက် (၁၈ ရွာ) | ၃/၁၆% |
| ချိတ်ဆက်မှုညံ့ (၁၂ ရွာ) | ၆ / ၅၀% |
| ချိတ်ဆက်မှုအသင့်အတင့် (၁၂ ရွာ) | ၃ / ၂၅% |

[၂၅] နောက်ကျကျန်ခြင်းကို သတ်မှတ်ချက် - အနည်းဆုံး အခြေခံအဆောက်အအုံ (အိမ်၊ ကျောင်းများ၊ ရေ/ရေဆိုးစနစ်၊ ကျန်းမာရေး) ၂ မျိုးသည် အရည်အသွေးမကောင်းခြင်း (သို့) မရှိခြင်း။

## တာမံဖို့ခြင်းအား အာရုံစိုက်လာခြင်း - အခြေခံအဆောက်အအုံဦးစားပေးမှုများ ပြောင်းလဲလာခြင်း

SIM 4 သုတေသနနှင့် အစောပိုင်း SIM များတွင် ကျေးရွာများသည် သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံအဆောက်အအုံများကို အထူးဦးစားပေး လိုအပ်ချက်များအဖြစ် ဖော်ပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်နေသော အခြေခံအဆောက်အအုံများကို တန်ဖိုးထားကြောင်းနှင့် လျှပ်စစ်ဓာတ်အားကို ရပ်ရွာအတွက် အရေးအကြီးဆုံး လိုအပ်ချက်အဖြစ် ဖော်ပြခဲ့ကြသည်။

ထိုသို့ အခြေခံအဆောက်အအုံနှင့်ပတ်သက်ပြီး ဦးစားပေးလိုအပ်ချက်များ ပြောင်းလဲလာမှုတွင် အထင်ရှားဆုံး သာဓကမှာ တမံဖို့ခြင်းဖြစ်ပြီး ၎င်းမှာ လယ်စိုက်ပျိုးရေးနှင့် ကျေးရွာလုံခြုံရေးအတွက် အဓိကဖြစ်သည်။ ကျေးရွာ ၆ ရွာသည် နာဂစ်မတိုင်မီ ဆယ်နှစ်ကျော်ကာလများတွင် တမံဖို့ရန် အထောက်အပံ့ရရှိခဲ့ဖူးပြီး ၎င်းကို ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။ ကျေးရွာများသည် အစိုးရထံမှ တမံဖို့ရန်အတွက် အထောက်အပံ့များကို ပိုမိုတောင်းခံလာကြသည် (သို့) ၎င်းတို့ဘာသာ တမံများ တည်ဆောက်လာခဲ့ကြသည်။ ဥပမာတစ်ခုတွင် ဘိုကလေးမြို့နယ် တစ်နေရာတွင်ရှိသော ကျေးရွာ ၁၇ ရွာမှ လယ်သမားများသည် ၂၀၁၇ ခုနှစ်တွင် အတူတကွစုစည်းပြီး အစိုးရထံသို့ အဆိုပြုလွှာတစ်စောင်ကို တင်ခဲ့သည်။ ၎င်းတို့၏ အစီအစဉ်မှာ ကျေးရွာများတွင်ရှိသော လယ်ဧကပေါင်း ၂၀,၀၀၀ ကို ကာကွယ်ထားသည့် တမံအကြီးကြီးတစ်ခု ဆောက်လုပ်ရန်အတွက် ဖြစ်သည်။ တခြားဖြစ်ရပ်များတွင် လယ်သမားများသည် ရေလွှမ်းခြင်းနှင့် ပိုးမွှားအန္တရာယ်မှကာကွယ်ရန် ၎င်းတို့ လယ်မြေပတ်လည်တွင် တမံအသေးစားများအား လက်ဖြင့်သော်လည်းကောင်း (သို့) စက်ငှား၍သော်လည်းကောင်း တည်ဆောက်ထားကြသည်။ သို့ရာတွင် ထိုသို့ရင်းနှီးမြှုပ်နှံမှုများမှာ ဈေးကြီးသောကြောင့် လယ်သမားငယ်များမှာ မတတ်နိုင်ကြပေ။

## အခြေခံအဆောက်အအုံများအတွက် ထောက်ပံ့မှုများကို အရင်းအမြစ်အမျိုးမျိုးမှရရှိကြခြင်းနှင့် ထောက်ပံ့သူများတွင် မတူညီသော ဦးစားပေးမှုများရှိကြခြင်း

အခြေခံအဆောက်အအုံများ တိုးတက်လာမှုမှာ NGO များဝင်ရောက်မှု၊ အစိုးရ၏ထောက်ပံ့ငွေများ အချိန်နှင့်အမျှ တိုးပွားလာမှုနှင့် ကျေးရွာအဆင့် စုပေါင်းလုပ်ဆောင်ခြင်းများကြောင့် ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးအပြောင်းအလဲများနှင့် အခြေခံအဆောက်အအုံများအပေါ် ရင်းနှီးမြှုပ်နှံမှုများသည်လည်း အဓိကသက်ရောက်နေသော အရာများဖြစ်ကြသည်။

အစိုးရ (နိုင်ငံတော်နှင့် နိုင်ငံတကာ)၊ NGO နှင့် ကျေးရွာကိုယ်ထူကိုယ်ထအဖွဲ့များသည် ကျေးရွာအတွင်း အခြေခံအဆောက်အအုံစီမံကိန်းများအတွက် အများဆုံးမြင်နိုင်သော အရင်းအမြစ်များဖြစ်သည်။ ဇယား ၂၉တွင်ဖော်ပြထားသကဲ့သို့တခြားကဏ္ဍများနှင့်နှိုင်းယှဉ်လျှင် သယ်ယူပို့ဆောင်ရေးကဏ္ဍ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၁၁၆ ခုရှိပြီး ၎င်းကို အစိုးရ၊ NGO နှင့် ကျေးရွာမှထည့်ဝင်သော လုပ်ဆောင်မှုများအဖြစ် အကြမ်းခွဲခြားဖော်ပြထားသည်။ ၎င်းသည် သယ်ယူပို့ဆောင်ရေး၏ အရေးကြီးမှု၊ ကျေးရွာအုပ်စုချင်းဆက်သည့် လမ်းများနှင့် မော်တော်ဆိုင်ကယ်လမ်းများ တိုးတက်ကောင်းမွန်လာမှုတို့ကိုထင်ဟပ်ပြသနေပြီးထိုတိုးတက်မှုသည်ဒေသတွင်းစီးပွားရေးနှင့် အသက်မွေးမှုအခွင့်အလမ်းများကို တိုးတက်စေမည်ဖြစ်သည် (သာဓက ၁၀)။

ပညာရေးနှင့် ကျန်းမာရေးအခြေခံအဆောက်အအုံများကို အစိုးရမှသာ ထောက်ပံ့သည်များပြီး စုစုပေါင်းစီမံကိန်း ၃၆ ခုရှိသည်။ ၂၁ ခုမှာ NGO နှင့် ကျေးရွာကိုယ်ထူကိုယ်ထပံ့ပိုးမှုများဖြစ်သည်။ NGO များသည် ရေနှင့်ရေဆိုးစနစ်အတွက် ပိုမိုထောက်ပံ့ပြီး (စီမံကိန်း ၂၉ ခု)နှင့် ဘာသာရေးအဆောက်အအုံများကို ရပ်ရွာမှသာပြုလုပ်

**ဇယား ၂၉** - အခြေခံအဆောက်အအုံများအတွက် ကဏ္ဍအလိုက် ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များ

| | လမ်းများ | ကျောင်းများ | ဆေးခန်းများ | ဘာသာရေး အဆောက်အအုံများ | ရေနှင့် ရေဆိုးစနစ် | အခြား |
|---|---|---|---|---|---|---|
| အစိုးရ | ၂၉ | ၂၅ | ၁၁ | ၀ | ၈ | ၁၂ |
| NGOs | ၂၅ | ၁၂ | ၀ | ၃ | ၂၉ | ၁၆ |
| ကျေးရွာကိုယ်ထူကိုယ်ထ | ၃၉ | ၆ | ၃ | ၂၂ | ၂ | ၇ |
| ပုဂ္ဂလိကကဏ္ဍ | ၁၀ | ၅ | ၁ | ၇ | ၆ | ၂ |
| ပူးတွဲ | ၁၃ | ၂ | ၀ | ၃ | ၁ | ၅ |
| စုစုပေါင်း | ၁၁၆ | ၅၀ | ၁၅ | ၃၅ | ၄၆ | ၄၂ |

မှတ်ချက် - နာဂစ်နောက်ပိုင်းတွင်ရှိသော SIM ကျေးရွာ ၄၀ တွင်ရှိသည့် စုစုပေါင်းစီမံကိန်းအရေအတွက်။

**သာဓက ၁၀** - သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ တိုးတက်လာမှုကြောင့် အသက်မွေးမှု ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဖျာပုံမြို့နယ်တွင်ရှိသော ကျေးရွာတစ်ရွာသည် ပင်လယ်အနီးတွင်တည်ရှိပြီး ရေလုပ်ငန်းအပေါ်တွင် များစွာမှီခိုနေရသည်။ ၎င်းသည် အုပ်စုအတွင်းတွင်ရှိသော ပင်မကျေးရွာနှင့် ၅ မိုင်အဝေးတွင် တည်ရှိပြီး ကားလမ်းတစ်လျှောက်သော်လည်းကောင်း၊ ပင်လယ်ကမ်းခြေမှသော်လည်းကောင်း ကားဖြင့်သွား၍ရသည်။ ရွာသားအများစုသည် ရေလုပ်သားများအဖြစ် အလုပ်လုပ်ကြပြီး အချို့မှာ ရေလုပ်သားများဆီမှ ငါးကောက်ပြီး ပိုကြီးသော ဈေးကွက်များတွင် ပြန်သွင်းကြသည်။ တချို့အိမ်ထောင်စုများမှာ ဒုတိယအသက်မွေးဝမ်းကျောင်းအနေဖြင့် ကုန်စုံဆိုင်(သို့) မော်တော်ဆိုင်ကယ်ပြင်ဆိုင်တို့ကို ဖွင့်ထားကြသည်။

နာဂစ်မတိုင်မီက ကျေးရွာနှင့် အုပ်စုကျေးရွာသို့ဆက်သောလမ်းသည် ပုံမှန်ရေလွှမ်းလေ့ရှိပြီး ရွာသားများသည် ခြေလျင်သာသွားရသည်။ တစ်ခါတရံတွင် ဒူးအထိရေမြုပ်နေသည်။ နာဂစ်အပြီးနောက်တွင် လမ်းအခြေအနေမှာ အနည်းငယ်ကောင်းမွန်လာသည်။ ၂၀၁၆ ခုနှစ်တွင် ရပ်ရွာမှ ပိုကောင်းသောလမ်းတစ်ခုကို ဆောက်လုပ်ခဲ့သည်။

ယခုအချိန်တွင် ထိုလမ်းသစ်ရှိနေခြင်းကြောင့် ရွာသို့ ကားဖြင့်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လည်းကောင်း သွားလာနိုင်ပြီဖြစ်သည်။ ကုန်စုံဆိုင်အချို့သည် ခရီးသွားအချို့ကို ဓာတ်ဆီနှင့်ဒီဇယ်ဆီရောင်းကြသည်။ ကုန်စုံဆိုင်ပိုင်ရှင်များသည် ကုန်လှောင်ထားရန် လွယ်ကူလာသည်။ ယခင်က လှေသမားကို မြို့သို့သွားကာ ကုန်ဝယ်ခိုင်းရပြီး ပုံမှန်အားဖြင့် ၂ ရက်မျှ အချိန်ကြာတတ်သည်။ ယခုလမ်းဖောက်ထားခြင်းကြောင့် မြို့ရှိဈေးကို နေ့ဝက်ဖြင့် အရောက်သွား နိုင်သည်။

လမ်းအသစ်သည် ကုန်စုံဆိုင်ပိုင်ရှင်များသာမကဘဲ မော်တော်ဆိုင်ကယ်အငှားမောင်းသူနှင့် ဆိုင်ကယ်ကယ်ရီများအတွက်လည်း အလုပ်အကိုင်နှင့် အကျိုးအမြတ်များရရှိကြသည်။ ထိုအရာသည် ရေလုပ်သားများကို အပိုဝင်ငွေရစေသည်။ အချို့ရွာသားများသည် စက်ဘီးနှင့် ဆိုင်ကယ်ပြင်ဆိုင်များ ဖွင့်ထားကြသည်။ ကျေးရွာအုပ်စုမှ ဖယ်ရီကားရှိပြီး ကားလက်မှတ်ရောင်းရန်အတွက် ကျေးရွာတွင် ဆိုင် ၂ ဆိုင်ရှိသည်။ အရေးအကြီးဆုံးအချက်မှာ ရွာမှဖမ်းဆီးရရှိသော ပုစွန်တုပ်များကို ရန်ကုန်သို့တိုက်ရိုက်ပို့နိုင်ပြီး ရန်ကုန်တွင်ရသောဈေးသည် ယခင်ရသောဈေးထက် ၅ ဆမျှ မြင့်မားသည်။

**ဇယား ၃၀** - ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များနှင့် မုန်တိုင်းဒဏ်သက်ရောက်ခံရမှုအလိုက် ကျေးရွာများတွင်ရှိသော အခြေခံအဆောက်အအုံအရေအတွက်

| မုန်တိုင်းဒဏ် သက်ရောက်ခံရမှု | အစိုးရ | NGO | ကျေးရွာကိုယ်ထူကိုယ်ထ | ပုဂ္ဂလိက | ပူးတွဲဆောင်ရွက်မှု |
|---|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၁၇ | ၃၇ | ၂၁ | ၈ | ၁ |
| အလယ်အလတ် | ၄၅ | ၃၉ | ၃၂ | ၁၉ | ၁၅ |
| အနည်းငယ် | ၂၃ | ၉ | ၂၆ | ၄ | ၈ |
| စုစုပေါင်း | ၈၅ | ၈၅ | ၇၉ | ၃၁ | ၂၄ |


မှုများသည် (စီမံကိန်း ၂၂ ခု)။

မုန်တိုင်းဒဏ်သက်ရောက်မှုအလိုက် အခြေခံအဆောက်အအုံ စီမံကိန်းများကိုပြန်လည်သုံးသပ်ရာတွင်မုန်တိုင်းဒဏ်သက်ရောက်မှုနှင့် စီမံကိန်းအရေအတွက်အကြားတွင် ဆက်နွယ်မှုရှိပုံရသော်လည်း ၎င်းမှာ ထောက်ပံ့ငွေရရှိသည့် နေရာအပေါ်တွင် မူတည်သည် (ဇယား ၃၀)။ ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင် အကြီးမားဆုံး ထောက်ပံ့ငွေ အရင်းအမြစ်နှစ်ခုဖြစ်သည့် အစိုးရနှင့် NGO များတွင် အစိုးရထောက်ပံ့သော စီမံကိန်းအရေအတွက်မှာ ပျမ်းမျှအားဖြင့် နည်းပါးသည်။ ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများသည် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများထက် NGO များထံမှ အထောက်အပံ့ပိုမိုရရှိကြသည်။ နမူနာကောက်ယူသော ကျေးရွာအရေအတွက်မှာ နည်းပါးသော်လည်း နာဂစ်အပြီး NGO များ၏ ထိခိုက်မှုအများဆုံး ရပ်ရွာများကို ရောက်ရှိနိုင်မှုသည် ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ တဆက်တည်းမှာပင် အစိုးရမှာ ၎င်း၏ဝန်ဆောင်မှုများကို ချဲ့ထွင်ချင်သော်လည်း မြစ်ဝကျွန်းပေါ်ဒေသများ၏ ဝေးခေါင်သောနေရာတွင်ရှိသော ထိခိုက်လွယ်ရပ်ရွာများသို့ ရောက်ရှိနိုင်မှုအခက်အခဲကြောင့် အဟန့်အတားဖြစ်စေသည်။

## ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော အခြေခံအဆောက်အအုံများ

ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုသည် အစိုးရအပေါ် ပိုမိုမှီခိုနေရပြီးနောက်ကျန်နေရစ်ခဲ့သည်။ SIM 5 တွင် ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော လမ်းဖောက်လုပ်မှုစီမံကိန်းများကို ၆ ရွာတွင်တွေ့ရှိရပြီး မြို့နှင့်ဆက်သည့် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၅ ရွာတွင် တွေ့ရှိရသည် (ပုံ ၅)။ အများစုမှာ အစိုးရမှထောက်ပံ့ခြင်းဖြစ်ပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော လမ်းဖောက်လုပ်ခြင်း စီမံကိန်းများတွင် ရွာများကိုယ်တိုင်နှင့် ပုဂ္ဂလိကမှထည့်ဝင်သည်များလည်း ရှိ

**ပုံ ၅** -ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သော အခြေခံအဆောက်အအုံများ တိုးတက်မှုအတွက် ထောက်ပံ့သူများ၏ အချိုးအစား



သည်။ မြို့နှင့်ဆက်သည့်လမ်းများအတွက် ရပ်ရွာမှ ငွေစုကောက်ခံပြီး ဆောက်လုပ်ခဲ့သည့် ရွာတစ်ရွာမှအပ ကျန်စီမံကိန်းများမှာ အစိုးရ အပေါ်တွင် မှီခိုနေရသည်။

## ကျေးရွာနေအိမ်အခြေအနေ

### SIM ကျေးရွာများအတွင်း နေအိမ်အခြေအနေမှာ တိုးတက်လာခြင်း

ယေဘုယျအားဖြင့် အိမ်အရည်အသွေးများမှာ နာဂစ်မတိုင်ခင်ကထက်ကောင်းလာပြီဟု ၈၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများမှ ဖြေကြားခဲ့သည်။ ထိုသို့တိုးတက်လာမှုသည် အောက်ဖော်ပြပါ အကြောင်းအရာများကြောင့်ဖြစ်သည်ဟု အိမ်ထောင်စုများက ဆိုကြသည်။ ၎င်းတို့မှာ ရွှေ့ပြောင်းလုပ်သားများ၏ ဝင်ငွေ၊ အိမ်ထောင်စုတွင် တစ်ခုထက်ပိုသော ဝင်ငွေအရင်းအမြစ်ရှိခြင်း၊ အလုပ်လုပ်သော အိမ်သားများစွာရှိခြင်း (သို့) ပြင်ပအထောက်အပံ့တို့ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် အဓိကအချက်ဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားရှိသော အိမ်ထောင်စုများ၏ ၇၀% ခန့်မှာ နာဂစ်နောက်ပိုင်း အိမ်ပြန်ဆောက်နိုင်ပြီဖြစ်သည်။

အိမ်အရည်အသွေးတိုးတက်အောင် ပြုလုပ်နိုင်စွမ်းမရှိသူ ၂၀% သည် အောက်ပါအကြောင်းအရင်းများကြောင့် ဖြစ်သည်။ ၎င်းတို့တွင် ဝင်ငွေရရာ တစ်နေရာတည်းသာရှိခြင်း (ဆိုလိုသည်မှာ မိသားစုတွင် မှီခိုသူဦးရေများပြားခြင်း)၊ ကျန်းမာရေးပြဿနာရှိခြင်း၊ အလုပ်ကောင်းရရန် ပညာရည်နိမ့်ခြင်း (သို့) အရက်သောက်ခြင်း (သို့) လောင်းကစားခြင်းကဲ့သို့သော လူမှုရေးပြဿနာများရှိခြင်း။

အထူးသဖြင့် နာဂစ်ဒဏ်ပြင်းထန်စွာ ထိခိုက်ခံရသော ရပ်ရွာအချို့တွင် အနာဂတ်တွင် မုန်တိုင်းတစ်ခုခုမှ အချိန်မရွေး ဖျက်ဆီးသွားနိုင်သောကြောင့် အိမ်ပြန်ဆောက်ရန် ချီတုံချတုံဖြစ်သည်ဟု ရွာသားများမှ ဆိုကြသည်။ အဆိုပါကျေးရွာများတွင် တတ်နိုင်သူများမှာ ရွာတွင် အိမ်ဆောက်ခြင်းထက် မြို့တွင်သာ အိမ်ဝယ်ပြီး ရင်းနှီးမြှုပ်နှံထားကြသည်။ နာဂစ်၏ ရေရှည်သက်ရောက်မှုများနောက်တွင် နေအိမ်အခြေအနေသည် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံနိုင်စွမ်းကို ထင်ဟပ်ပြသနေသောကြောင့် မုန်တိုင်းဒဏ်သက်ရောက်ခံရမှု အနည်းအများအလိုက် နေအိမ်အခြေအနေတိုးတက်မှု ကွာခြားမှု အနည်းငယ်ရှိသည်ကို တွေ့ရသည် (သာဓက ၁၁)။

**သာဓက ၁၁ - ရွှေ့ပြောင်းအလုပ်လုပ်မှုကြောင့် နေအိမ်အခြေအနေတိုးတက်မှု**

ဒေးဒရဲမြို့နယ်တွင်ရှိသော ကျေးရွာတစ်ရွာတွင် ဦးလှအောင်သည် အသက် ၅၇ နှစ်ရှိပြီဖြစ်ပြီး လက်သမားအဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် အလုပ်လုပ်နေသည်။ သူ့တွင် သား ၃ ယောက်နှင့် သမီး ၂ ယောက်ရှိပြီး ရပ်ရေးရွာရေးများတွင် ပါဝင်လုပ်ဆောင်ကြသည်။ သူတို့မိသားစုသည် နာဂစ်မတိုင်မီက အဆင်းရဲဆုံးအိမ်ထောင်စုများတွင် အပါအဝင်ဖြစ်ပြီး ဓနိမိုး ထရံကာအိမ်တွင် နေထိုင်ကြရသည်။ သူသည် ငါးဖမ်းခြင်း၊ အစိုးရဝန်ထမ်းအိမ်သို့ ရေထမ်းပို့ရခြင်းနှင့် နွေရာသီစပါးစိုက်ပျိုးချိန် စာရင်းငှားအဖြစ် အလုပ်လုပ်ခဲ့ရသည်။ နောက်တွင် နေ့စား လုပ်သားအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်ခဲ့ရသည်။

သူ၏မိန်းမသည် လယ်သမားများထံမှ အသီးအရွက်များယူကာ မြို့တွင်ရောင်းချခြင်း၊ ဖယ်ခုံထောင်ခြင်း၊ ကွမ်းယာဆိုင်ဖွင့်ခြင်း၊ ပြောင်းဖူးပြုတ်ရောင်းခြင်း၊ ဖရဲသီးစိတ်ရောင်းခြင်းကဲ့သို့သော အလုပ်မျိုးစုံကိုလုပ်ရသည်။ ထိုမျှအလုပ်လုပ်သော်လည်း စီးပွားရေးမှာ ပြေလည်မလာဘဲ ကျောင်းစရိတ်မတတ်နိုင်သောကြောင့် သားအကြီးဆုံးကို ကျောင်းထုတ်လိုက်ရသည်။ ဒုတိယသားသည် မြက်ဖျာများရက်လုပ်ပြီး လက်ကားရောင်းချပြီး သူ့ကျောင်းစရိတ်အတွက် ပိုက်ဆံရှာရသည်။ သူသည် ဆယ်တန်းအောင်ခဲ့သည်။

ဆယ်တန်းအောင်ပြီးချိန်တွင် သူသည် ရန်ကုန်သို့သွားကာ နိုင်ငံခြားသို့သွားရန် သူငယ်ချင်းများနှင့် အစီအစဉ်တစ်ခုကို ဆွဲခဲ့သည်။ သူ့မိသားစုသည် သူတို့နေအိမ်ရှိသည့် မြေကိုပေါင်လိုက်ရာ ငွေကျပ် ၁.၂ သန်းကို တစ်လအတိုးနှုန်း ၁၀% ဖြင့်ရရှိခဲ့သည်။ ထို့နောက် နောက်ထပ် ငွေကျပ် ၆၀၀,၀၀၀ ကို တစ်လအတိုးနှုန်း ၂၀% ဖြင့် ငွေချေးသူထံမှ ချေးယူခဲ့သည်။ ထိုငွေဖြင့် ဒုတိယသားသည် မလေးရှားနိုင်ငံကို သွားနိုင်ခဲ့ပြီး အလုပ်ရှင်ကောင်းကောင်းရှိသည့် စက်ရုံတစ်ရုံတွင် အလုပ်ကောင်းကောင်းတစ်ခုကိုရခဲ့သည်။ အလုပ်နားရက်များတွင် စက်ရုံဝန်းကျင် သန့်ရှင်းရေးလုပ်ပေးခြင်း၊ ညစောင့်လုပ်ပေးခြင်းတို့ဖြင့် အပိုဝင်ငွေရရှိခဲ့သည်။

အစပိုင်းတွင် တစ်လလျှင် ဝင်ငွေကျပ် ၂၀၀,၀၀၀ ရရှိခဲ့သည်။ သို့သော် တစ်နှစ်ကြာသောအခါ နှစ်ဆတိုးပြီး ဝင်ငွေကျပ် ၄၀၀,၀၀၀ ရရှိခဲ့သည်။ ငါးနှစ်ကြာသောအခါ အလုပ်တွင် ကြီးကြပ်သူဖြစ်လာခဲ့သည်။ သူပို့သောငွေသည် ၂ နှစ်အတွင်းတွင် သူ့မိသားစု၏အကြွေး

များကို ကျေစေခဲ့ပြီး မြေကိုပြန်ရွေးနိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် သူ၏အစ်ကိုဖြစ်သူမှာ မလေးရှားသို့လိုက်လာပြီး တခြားစက်ရုံတစ်ရုံတွင် အလုပ်လုပ်ခဲ့ရာ အခြေအနေဆိုးနှင့် ကြုံတွေ့ခဲ့ရပြီးနောက် တစ်နှစ်အကြာတွင် ရွာသို့ပြန်လာခဲ့သည်။ ထိုအစ်ကိုမှာ နောက်တစ်ကြိမ်ထပ်ကြိုးစားပြီး ယခုအခါမှ သူ့ညီဖြစ်သူနှင့် စက်ရုံတစ်ရုံတည်းတွင် အလုပ်ရသည်။ ညီအစ်ကိုနှစ်ယောက်ပေါင်းပြီး တစ်လလျှင် ငွေကျပ်ဆယ်သိန်းကို မိဘများထံ ပြန်ပို့ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် မိဘများသည် ထိုလွှဲပို့ငွေများဖြင့် အိမ်ခြံဝိုင်းများ ဝယ်ခဲ့သည်။ သူတို့သားနှင့်သမီးများနာမည်ဖြင့် ဝိုင်းကွက် ၅ ကွက်ကို ဝယ်ယူနိုင်ခဲ့သည်။ ယခင်က ကျပ်ငွေ သိန်း ၅၀ ဖြင့် ဝယ်ခဲ့သော မြေကွက်များသည် အခုဆိုလျှင် ကျပ်ငွေ သိန်း ၃၀၀ မျှ တန်နေပြီဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် လွှဲပို့ငွေမှရရှိသည့်ဝင်ငွေဖြင့် အိမ်သစ်တစ်လုံးကို စတင်ဆောက်လုပ်ခဲ့သည်။ အိမ်ဆောက်လုပ်ပြီးစီးရန် အချိန်ယူခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် အိမ်ကိုအပြီးဆောက်ခဲ့သည်။ ခေတ်မီအိမ်တစ်လုံးဖြစ်ပြီး တီဗီ၊ လျှပ်စစ်မီးအားဖြည့်စက်၊ ရေခဲသေတ္တာနှင့် တခြား ပရိဘောဂတို့ပါရှိပြီး ကျပ်ငွေ သိန်း ၂၅၀ ခန့်တန်သည်။

၂၀၁၃ ခုနှစ်တွင် အငယ်ဆုံးသားသည် ဆယ်တန်းကျပြီးနောက် သူ့အစ်ကိုများရှိရာ မလေးရှားသို့ လိုက်သွားခဲ့သည်။ ထိုမှစပြီး နှစ်လ (သို့) သုံးလလျှင် ကျပ်ငွေ သိန်း၆၀ ခန့်ကို ပို့ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အစ်ကိုအကြီးဆုံးမှာ ပြန်လာပြီး ရွာတွင်ရှိသော အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ သူ့မိဘများသည် သူ့နာမည်နှင့်ဝယ်ထားသောမြေကို ပေးခဲ့သည်။ ထိုနှစ်တွင် သူတို့သည် ဘုန်းကြီးကျောင်းသို့ ကျပ်ငွေ သိန်း၃၀ လှူဒါန်းခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အငယ်ဆုံးသားသည် ရွာသို့ပြန်လာပြီး ရှမ်းတိုင်းရင်းသူတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ ထို့နောက် နှစ်ယောက်စလုံး ထိုင်းနိုင်ငံသို့ထွက်ခွာပြီး အလုပ်လုပ်ခဲ့သည်။ သားအလတ်သည် ၂၀၁၂ ခုနှစ် ဘာသာရေးဆူပူမှုမတိုင်မီတွင် အားလပ်ရက်ယူပြီး ပြန်လာခဲ့သည်။ သူ၏ မိဘများနှင့် မိသားစုဝင်များမှ မလေးရှားသို့ ပြန်မသွားရန် ပြောခဲ့သည်။ ထို့ကြောင့် ရွာတွင်နေပြီး ငွေချေးသည့်လုပ်ငန်းကို ထူထောင်ခဲ့ပြီး ရွာသားများကို အတိုးနိမ့်သော ချေးငွေများကို ချေးပေးသည်။ ကုန်စုံဆိုင်တစ်ဆိုင်ကိုလည်း ထောင်ထားသည်။ သူသည် Pact Myanmar ကော်မတီအဖွဲ့ဝင်များနှင့် ပေါင်းထားပြီး သူ့ငွေကို ကော်မတီသို့ထည့်ဝင်ပြီး ချေးစေသည်။ ညီမအငယ်ဆုံးလေးသည် ယခုဆိုလျှင် အထက်တန်းတက်နေပြီဖြစ်သည်။

အငယ်ဆုံးသားသည် မိဘများ၏ငွေကြေးကို စီမံခန့်ခွဲပေးပြီး အဖေနှင့် အမေအတွက် ကျပ်ငွေ ၁၀ သန်းစီကို ဘဏ်တွင်ထည့်ပေးထားသည်။ စီးပွားရေးတက်လာသော်လည်း ဦးလှအောင်သည် လက်သမားခေါင်းအဖြစ် ရွာတွင်ဆက်လုပ်မြဲဖြစ်ပြီး ရပ်ရေးရွာရေးတွင် အမြဲပါဝင်ဆောင်ရွက်သည်။ "ဒီလိုဘဝမျိုးရလာမယ်လို့ တစ်ခါမှမတွေးဖူးဘူး။ အိပ်မက်တောင်မမက်ဖူးဘူး"ဟု ဦးလှမောင်က ပြောခဲ့သည်။

## အိမ်နှင့် အဆောက်အဦးဒီဇိုင်းအသစ်များကို ဖြစ်ပေါ်စေသော အကြောင်းအရင်းများ

အိမ်ထောင်စုများသည် နာဂစ်မှအတွေ့အကြုံများ၊ တခြားရာသီဥတုဘေးများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် တခြားသော သက်ရောက်နိုင်ခြေများအပေါ်တွင် မူတည်ပြီး ၎င်းတို့အိမ်ပုံစံများကို ပြောင်းလဲဆောက်လုပ်လာကြသည်။ အထူးသဖြင့် အလယ်အလတ်နှင့် အနည်းငယ်ထိခိုက်ခံရသော အိမ်ထောင်စုအများအပြားသည် နာဂစ်မုန်တိုင်းဒဏ်ခံ (သို့) ဆိုးရွားသော ရာသီဥတုဒဏ်များကို ခံနိုင်သည့် အိမ်များဆောက်လုပ်လာကြသည်။

သုတေသနအဖွဲ့များသည် ရေလွှမ်းခြင်းနှင့် လေဒဏ်ခံနိုင်သည့် အိမ်များကို လေ့လာခဲ့ရသော်လည်း အိမ်များတိုးတက်လာခြင်းဆိုသည်မှာ အထူးသဖြင့် ဆောက်လုပ်သောပစ္စည်းများကို ဆိုလိုခြင်းဖြစ်သည်။ ယခင်တုန်းက ဆင်းရဲသောအိမ်များသည် ဓနိမိုး ထရံကာ အိမ်များဖြစ်ကြပြီး ပြေလည်သောအိမ်များသည် သွပ်မိုး ပျဉ်ကာ ဖြစ်ကြသည်။ SIM 5 သုတေသနတွင် ကွန်ကရစ်အုတ်နှင့် ဘိလပ်မြေ၊ သစ်သားထုပ်တန်းနှင့် သွပ်မိုးအိမ်များကို တွေ့ရသည်။ နာဂစ်မတိုင်မီက ထိုကဲ့သို့သောအိမ်များသည် မြစ်ဝကျွန်းပေါ်ဒေသတွင် တွေ့ရခဲသည်။ ယခုအခါတွင် ရွာအများစုတွင် ထိုကဲ့သို့သော အိမ်များကို တွေ့လာရပြီဖြစ်သည်။ အိမ်တိုင်အောက်ခြေများကို ကွန်ကရစ်များဖြင့် ကောင်းကောင်းပြုလုပ်လာကြခြင်းမှာ ရေလွှမ်းပြီးလျှင် ခြစားသည့် ဒဏ်ကို ခံနိုင်ရန်အတွက် ဖြစ်သည်။ ထိုသို့ကြိုတင်ကာကွယ်ရန် ကောင်း ကောင်းဆောက်လုပ်လာခြင်းအပြင် တခြားအိမ်များနည်းတူ ဆောက် လုပ်လိုခြင်းနှင့် တချို့နေရာများတွင် သစ်သားဈေးနှုန်းသည် ကွန် ကရစ်နှင့် ဘိလပ်မြေထက် ပိုမိုဈေးကြီးခြင်းတို့ကြောင့်လည်း

ဖြစ်သည်။ ရေချိုးခန်းနှင့်အိမ်သာကို အိမ်အတွင်းတွင် ဆောက်လုပ်ရန်ပင် စဉ်းစားကြောင်း ရွာသားများကဆိုကြပြီး ထိုမျှအထိကောင်းသော အိမ်များကို မြန်မာပြည် ကျေးလက်ဒေသများတွင် မတွေ့ရဖူးပေ။

အိမ်ဆောက်သည့်အတွက် ကြွေးတင်ရှိမှုမှာ များပြားလာသော်လည်း ထိုအကြွေးမှာ တတ်နိုင်သည့်ပမာဏဖြစ်သည်ဟု ရွာသားများကဆိုကြသည်။ ထိုအိမ်ထောင်စုများတွင် အိမ်အသစ်ဆောက်လုပ်ရန်အတွက် စုငွေများရှိကြသည်။ သို့သော် အိမ်ဆောက်စရိတ်သည် မှန်းထားသည်ထက် အမြဲကျော်သွားသည်ချည်းဖြစ်သည်။ ရလဒ်အားဖြင့် နောက်ဆုံးအဆင့် အချောသတ်ရန်အတွက် ချေးငွေအသေးစားများကို ချေးကြရသည်။ ထိုပုံစံကို အများအားဖြင့် တွေ့မြင်ကြရပြီး အိမ်သစ်ဆောက်လုပ်ခြင်းကြောင့် အကြွေးပိသွားသော သာဓကများလည်း ရှိခဲ့သည်။

## အိမ်အသစ်များ၏ နောက်ကွယ်တွင်ရှိသော လူမှုအကြောင်းအရင်းများ

ရွာသားများ၏ မိမိအိမ်ကို ပိုကောင်းအောင်လုပ်ခြင်းအပေါ်တွင် သက်ရောက်နေသော လူမှုရေးဖိအားများရှိသည်။ SIM 5 တွင် အနည်းဆုံးအိမ်သားတစ်ယောက် ရွှေ့ပြောင်းအလုပ်လုပ်နေသော အိမ်ထောင်စုများတွင် အိမ်ကောင်းကောင်းတစ်လုံး ဆောက်လုပ်ရေးမှာ ပြိုင်ဆိုင်မှုတစ်ရပ်အဖြစ် ရှိနေတတ်သည်ကို တွေ့ရှိခဲ့သည်။ လွှဲပို့ငွေများကို အသုံးပြုရေးတွင် ပထမဦးတည်ချက်မှာ အခြေခံစားဝတ်နေရေးကို ဖြည့်ဆည်းရန် အတွက်ဖြစ်သည်။ လွှဲပို့ငွေသည် ပမာဏတစ်ခုကိုရောက်ရှိလျှင် ရွာတွင်ကျန်ရစ်သော မိသားစုဝင်သည် ဝင်ငွေရရာ အခြားလုပ်ငန်းတစ်ခုခုကို ပြုလုပ်ခြင်း၊ မြေဝယ်ခြင်းနှင့် အိမ်ပြင်ခြင်းတို့ကို ပြုလုပ်တတ်သည်။

အိမ်ထောင်စုများသည် ရွှေ့ပြောင်းအလုပ်လုပ်နေသော မိသားစုမှ ခေါ်လာသော ဧည့်သည်များ (တစ်ခါတရံ အလုပ်ရှင် ရာထူးကြီးသူများ (သို့) မိတ်ဆွေများ)ကို အိမ်ကောင်းကောင်းတွင် ဧည့်ခံလိုခြင်းဖြစ်သည်။ ၎င်းအပြင် အိမ်ကောင်းကောင်းဆောက်နိုင်ခြင်းသည် ရွာထဲတွင် မြင်သာသော ပြောင်းလဲမှုဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားရှိသော တခြားအိမ်ထောင်စုများကိုလည်း ကြွားနိုင်သည်။ မိမိအိမ်ထောင်စုဝင်များကိုလည်း ကြိုးစားခြင်း၏ရလဒ်ကို ပြသခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာနှင့် မွတ်စလင်များ အတူတကွနေထိုင်သော ကျေးရွာတစ်ရွာတွင် ဗုဒ္ဓဘာသာများသည် ၎င်းတို့အိမ်ကို ပိုကောင်းအောင် ပြုလုပ်လိုကြသည်။ ထိုရွာတွင် မွတ်စလင်အိမ်ထောင်စုများသည် မြေပိုင်ပိုရှိကြပြီး ဗုဒ္ဓဘာသာများထက် ပြည့်စုံကြသည်။ ရွာသို့ ဧည့်သည်လာပါက မွတ်စလင်များနှင့်ယှဉ်လျှင် ၎င်းတို့အိမ်များ စုတ်နေခြင်းကို အရှက်မရလိုသောကြောင့်ဖြစ်သည်ဟု ဗုဒ္ဓဘာသာ ရွာသားများက ဆိုခဲ့ကြသည်။




PORTLAND
SCG

# အခန်း ၇

# ပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်မှု

SIM 4 သည် နာဂစ်အပြီး ၅ နှစ်တာကာလအတွင်း ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို လေ့လာထားပြီး ကျေးရွာများတွင် ရှိသော တစ်ချို့ကျေးရွာများ (သို့) အုပ်စုများသည် ပြန်လည်ထူထောင်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိခြင်း (သို့) ပြန်လည်ထောင်မတ်လာပြီဖြစ်ခြင်းတို့ ရှိနေပြီး ပြန်လည်ထူမတ်မှုပုံစံအားဖြင့်တော့ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ကျေးရွာများနှင့် ထိုကျေးရွာများအတွင်းတွင်ရှိသော (လူမှုစီးပွား၊ အသက်မွေးမှုနှင့် အခြား)အုပ်စုများသည် ပြန်လည်ထူမတ်သည့် ပုံစံနှင့်အရှိန်နှုန်း ကွာခြားသည်။ SIM ကျေးရွာများအတွင်း လေ့လာခဲ့မှုအရ ပုံသေဆက်စပ်သည့် လမ်းကြောင်းပုံစံမျိုးကို မတွေ့မြင်ရပေ။ ထို့အပြင် ကျေးရွာ၏ ပြန်လည်ထူထောင်မှုအရှိန်ကို သက်ရောက်နေသော အကြောင်းချင်းရာများစွာရှိပြီး ထိုအကြောင်းအရာများအတွင်း အပြန်အလှန် တုံ့ပြန်ဖြစ်ပေါ်မှုသည် ရလဒ်အမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်သည်။ အချုပ်အားဖြင့် ၂၀၁၃ ရှိ အခြေအနေသည် ရှုပ်ထွေးပြီး လက်တစ်ဆုပ်စာ ပမာဏရှိသော ကျေးရွာများသာ ပြန်လည်ထောင်မတ်လာသည်ဟု ပြောနိုင်သည်။

၄ နှစ်ကြာသွားသောအခါ ထိုအခြေအနေသည် ပြောင်းလဲလာသည်။ သို့သော်လည်း ပြန်လည်ထူထောင်ရေးကို မောင်းနှင်နေသည့် အရာများ၏ ရှုပ်ထွေးမှုမှာရှိမြဲဖြစ်သည်။ စီးပွားရေးအရ ပြန်လည်ထူထောင်မှုနှင့် လူမှုဆက်ဆံရေးအခြေအနေများအပေါ် ဆန်းစစ်ချက်အရ ကျေးရွာများ၏ သုံးပုံနှစ်ပုံ၊ အထူးသဖြင့် အနည်းငယ်နှင့် အလယ်အလတ်သာ ထိခိုက်ခံရသော ကျေးရွာများမှာ နာဂစ်မတိုင်မီ အခြေအနေကို ပြန်လည်ရောက်ရှိပြီဟုဆိုနိုင်သည် (ဇယား ၃၁)။ အိမ်ထောင်စုတစ်စု (သို့) ရပ်ရွာတစ်ခုအတွက် ဘေး ဒုက္ခတစ်ခုမှ ပြန်လည်ထူထောင်နိုင်မှုသည် အကြောင်းအချက်များစွာ အပေါ်တွင် တည်မှီနေသည်။ ထိုအကြောင်းအချက်များတွင် သက်ရောက်မှု အနည်းအများမှစပြီး ကျေးရွာတည်နေရာနှင့် ဘေးဒုက္ခမှ နာလံထူစေနိုင်သည့် ပိုင်ဆိုင်ပစ္စည်းအထိပါဝင်သည်။ ၎င်းကို ယခုအခန်းတွင် ဆွေးနွေးထားသည်။

**ဇယား ၃၁**-သက်ရောက်မှုအနည်းအများအလိုက် ကျေးရွာများ၏ ပြန်လည်ထူထောင်မှု၊ ၂၀၁၇ ခုနှစ်

| မုန်တိုင်းဒဏ် သက်ရောက်မှု | မူလအခြေအနေကို ပြန်လည်ရောက်ရှိမှု | မူလအခြေအနေကို ပြန်လည်မရောက်ရှိမှု | စုစုပေါင်း |
|---|---|---|---|
| သက်ရောက်မှုပြင်း | ၄ | ၈ | ၁၂ |
| အလယ်အလတ်သက်ရောက် | ၁၃ | ၅ | ၁၈ |
| အနည်းငယ်သက်ရောက် | ၈ | ၂ | ၁၀ |
| စုစုပေါင်း | ၂၅ | ၁၅ | ၄၀ |

သို့သော် တစ်ဆက်တည်းမှာပင် ရာသီဥတုနှင့် ဥတုဘေးများကို ရင်ဆိုင်ရနိုင်ဖွယ်များသော ကျေးရွာအများစုသည် မြစ်ဝကျွန်းပေါ်ဒေသအတွင်း ရွှေ့ပြောင်းအလုပ်လုပ်မှုမှ အရင်းခံလာသော လူမှုရေးပြောင်းလဲမှုများကို ရင်ဆိုင်နေကြရပြီး အာမခံချက်မရှိသော ပင်မအသက်မွေးမှုကိုသာ မှီခိုမြဲ မှီခိုနေရသည်။ ထိုအခြေအနေများကို ကြုံနေရခြင်းကြောင့် လွန်ခဲ့သော လေးနှစ်ကာလတွင်း SIM ကျေးရွာများမှာ တိုးတက်လာစရာမရှိဘဲ ၎င်းတို့အခြေအနေမှာ မခိုင်မာသေးပေ။

SIM 5 သည် ရပ်ရွာများ၏ နာဂစ်မှပြန်လည်ထူထောင်လာမှု အခြေအနေကိုသာမက အနာဂတ်နှင့် အနာဂတ်ဘေးအန္တရာယ်များကို မည်သို့ရင်ဆိုင်မည်ကိုပါ ထည့်သွင်းလေ့လာထားသည်။ ဤအခန်းသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ကြံ့ကြံ့ခံနိုင်မှုကို လေ့လာထားခြင်းဖြစ်သည်။ လက်ရှိရေးသားထားထုတ်ဝေထားသော စာအုပ်များနှင့် ကွင်းဆင်းအတွေ့အကြုံများအပေါ် သုံးသပ်ချက်အရ ကြံ့ကြံ့ခံနိုင်မှုဆိုသည်မှာ အိမ်ထောင်စုတစ်စု (သို့) ရပ်ရွာတစ်ရွာသည် ဘေးအန္တရာယ်တစ်ခုမှ လျင်မြန်စွာထူထောင်နိုင်စွမ်းနှင့် ဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုကို လျှော့ချနိုင်စွမ်းကို ဆိုလိုသည်။[၂၆]

[၂၆] ဤအခန်းတွင်ရှိသော ဆန်းစစ်ချက်သည် သုတေသနအဖွဲ့မှ ပြန်လည်ထူထောင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုအပေါ် လေ့လာဆန်းစစ်ခဲ့မှုကို အခြေခံထားသည်။ သုတေသနသမားများသည် SIM ကျေးရွာများတလွှား ကျေးရွာအချင်းချင်း နှိုင်းယှဉ်မှုများကို ပြုလုပ်နိုင်ခဲ့သော်လည်း ရွာသားများမှာ ၎င်းတို့ရွာအခြေအနေကို ကျေးရွာအုပ်စုအတွင်းရှိ တခြားကျေးရွာများနှင့် နှိုင်းယှဉ်လိုဟန်ရှိခဲ့သည်။ ထို့ကြောင့် ကျေးရွာမှပေးသော အချက်အလက်များနှင့် တစ်ခါတရံတွင် ကွဲလွဲကောင်း ကွဲလွဲနိုင်သည်။

# ပြန်လည်ထူထောင်မှု

ထပ်ခါထပ်ခါ အစဉ်အဆက်လေ့လာခဲ့သော SIM ဒေတာများနှင့် ၎င်း၏ကွင်းဆင်းအတွေ့ကြုံများကို အသုံးပြုပြီး သုတေသနအသင်းသည် အိမ်ထောင်စုများ၊ ရပ်ရွာများ၏စီးပွားရေးနှင့် လူမှုရေးအရ ပြန်လည်ထူထောင်နိုင်မှုအပေါ် အချိန်နှင့်အမျှ သက်ရောက်နေသော အကြောင်းအချက်များကို ဖော်ထုတ်ခဲ့သည်။ သုတေသနအသင်းသည် ထိုအကြောင်းအချက်များ၏ အရေးပါမှုကို နာဂစ်အပြီး ၁-၂ အချိန်ကာလအတွင်း (SIM 2 နှင့် 3) အတွက်လည်းကောင်း နာဂစ်အပြီး ၉ နှစ်အကြာ အချိန်ကာလအတွင်း (SIM 5) အတွက်လည်းကောင်း လေ့လာဆန်းစစ်ထားသည်။

## အိမ်ထောင်စု ပြန်လည်ထူထောင်မှု

နာဂစ်မှပြန်လည်ထူထောင်နိုင်မှုကို အထောက်အပံ့ပေးနေသော အချက် ၁၈ ချက်ကို သုတေသနအသင်းမှ ဖော်ထုတ်ခဲ့သည် (ဇယား ၃၂)။ နှစ်ဂစ်ဒဏ်သက်ရောက်မှုအလိုက် ထိုအကြောင်းအရာများ၏ အရေးကြီးမှု ကွာခြားနေခြင်းမရှိပါ။

**ဇယား ၃၂** - အိမ်ထောင်စုပြန်လည်ထူထောင်မှုအတွက် အရေးပါသော အကြောင်းအရာအမျိုးမျိုး

| အိမ်ထောင်စုအကြောင်းချင်းရာများ | နာဂစ်အပြီး ၁-၂ နှစ် | နာဂစ်အပြီး ၉ နှစ် |
|---|---|---|
| စီးပွားရေးရင်းနှီးပစ္စည်းများ ပြန်လည်နာလန်ထူမှု | ၁ | ၂ |
| မြေပိုင်ဆိုင်မှုများခြင်း | ၂+ | ၂- |
| မြေပိုင်ဆိုင်မှုနည်းခြင်း | ၃ | ၃ |
| ဒေသတွင်း အလုပ်အကိုင်ရရှိနိုင်မှု | ၁ | ၁ |
| အနည်းဆုံးအိမ်ထောင်စုဝင်တစ်ဦးမှ ရွှေ့ပြောင်းအလုပ်လုပ်နိုင်မှု | ၂+ | ၁- |
| ရွှေ့ပြောင်းအလုပ်လုပ်နေသော မိသားစုဝင် (များ) မှ လွှဲပို့ငွေ | ၁- | ၁ |
| ဈေးကွက်သို့လက်လှမ်းမီမှု | ၂- | ၂- |
| တတ်နိုင်သောချေးငွေကို လက်လှမ်းမီမှု | ၁ | ၂ |
| စွန့်ဦးတည်ထွင်နိုင်မှုနှင့် ပင်ကိုအစွမ်းအစရှိမှု | ၂+ | ၁- |
| အိမ်ထောင်စုအရင်းအမြစ်ပစ္စည်းများကို ကောင်းစွာစီမံခန့်ခွဲနိုင်မှု | ၁ | ၁ |
| အိမ်ထောင်ဦးစီးအမျိုးသားရှိမှု | ၃+ | ၃ |
| အလုပ်လုပ်နေသော အိမ်သားအရေအတွက် များပြားမှု | ၁ | ၁ |
| ကျန်းမာရေးကောင်းသော အိမ်သားအရေအတွက် | ၁ | ၁ |
| အိမ်ထောင်စုအတွင်း ပြေလည်မှု | ၂ | ၂ |
| ဆွေမျိုးအသိုင်းအဝိုင်းနှင့် ပြေလည်မှု | ၂ | ၂ |
| ကျေးရွာပြင်ပနှင့် အဆက်အသွယ်ကောင်းမွန်မှု | ၂+ | ၂+ |
| နေအိမ်အခြေအနေကောင်းမှု | | ၂- |
| ပြင်ပထောက်ပံ့သည့်အကူအညီ ရရှိနိုင်မှု | ၁ | ၂ |

မှတ်ချက်-ကုဒ်များ-ပြန်လည်ထူထောင်မှုအတွက် "၁" အလွန်အရေးကြီး၊ "၂" အလယ်အလတ်အရေးကြီး၊ "၃" အရေးကြီးမှုနည်း

နာဂစ်ပြီးပြီးချင်းတွင် အိမ်ထောင်စုတစ်စု၏ ပြန်လည်ထူထောင်နိုင်စွမ်းကို အဆုံးအဖြတ်ပေးနေသော အရေးကြီးသည့် အကြောင်းအရာအများအပြားရှိခဲ့သည်။ အလွန်အရေးကြီးသည် (နံပါတ် ၁)ဟု အမှတ်ပေးထားသော အရာအများအပြားသည် အသက်မွေးမှုကို ဗဟိုပြုနေသော အရာများဖြစ်သည်။ စီးပွားရေးရင်းနှီးပစ္စည်းများ ပြန်လည်နာလန်ထူမှု၊ အလုပ်အကိုင် ရရှိနိုင်မှု၊ အရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှု၊ တတ်နိုင်သော ချေးငွေများရရှိနိုင်မှု၊ ကျန်းမာပြီး အလုပ်လုပ်နိုင်သော မိသားစုဝင်ဦးရေစသည်တို့သည် နာဂစ်ပြီးပြီးချင်းကာလများအတွင်း အိမ်ထောင်စု၏ ပြန်လည်ထူထောင်နိုင်မှုစွမ်းရည်ကို ပိုင်းဖြတ်ပေးနေသည့်အရာများဖြစ်ကြသည်။ ၎င်းတို့ထဲတွင် မြေပိုင်ဆိုင်မှု (အရေးကြီးမှု အတော်အသင့်နည်း) တစ်ခုသာ ခြွင်းချက်ဖြစ်သည်။ မုန်တိုင်းပြီးပြီးချင်း သက်ရောက်မှုများကြောင့် စိုက်ပျိုးရေးလုပ်ငန်း ပြန်မစနိုင်ချိန်တွင် မြေသည် အကျိုးဖြစ်ထွန်းမှု နည်းနေခဲ့သည်။

လူမှုရေးဆိုင်ရာ အကြောင်းချင်းရာများကို ယေဘုယျအားဖြင့် အရေးကြီးမှုနည်းသည်ဟု အမှတ်ပေးထားသည်။ မိသားစုဝင်များနှင့် ပြေလည်မှု၊ အမျိုးသားအိမ်ထောင်ဦးစီးရှိမှုနှင့် စွန့်ဦးတီထွင် စွမ်းရည်တို့ကို မုန်တိုင်းမှ ပြန်လည်ထူထောင်နိုင်မှု ကနဦးကာလများအတွက် အလယ်အလယ် အရေးကြီးသည့် အရာများအဖြစ် အမှတ်ပေးထားကြသည်။

## ရပ်ရွာပြန်လည်ထူထောင်မှု

ထိုဆန်းစစ်ပုံကို ကျေးရွာအဆင့်မှာလည်း ပြုလုပ်ခဲ့သည်။ ဤတစ်ကြိမ်တွင် မုန်တိုင်းနောက်ပိုင်း ရပ်ရွာကို သက်ရောက်လျက်ရှိသော အကြောင်းအရင်း ၁၆ ခု၏ အရေးကြီးမှုကို လေ့လာခဲ့သည် (ဇယား ၃၃)။ တချို့အချက်များသည် ရပ်ရွာဆင့်မှာလည်း ပြန်ပါဝင်ပြီး အဓိကမတူညီမှုမှာ လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှု အပိုင်းတွင် ဖြစ်သည်။ ဤတစ်ကြိမ်တွင်လည်း နှစ်ဂစ်ဒဏ်သက်ရောက်မှုအလိုက် ထိုအကြောင်းအရာများ၏ အရေးကြီးမှု ကွာခြားနေခြင်းမရှိပါ။

ရပ်ရွာအဆင့်တွေ့ရှိချက်များသည် စီးပွားရေးနှင့် လူမှုရေးအကြောင်းအရာတွေအကြား အိမ်ထောင်စုအဆင့်မှာထက်ပိုပြီး (အထူးသဖြင့် ရေတိုအားဖြင့်) ညီမျှမှုရှိသည်။ ခေါင်းဆောင်မှုနှင့် လူမှုရေးချိတ်ဆက်မှုကဲ့သို့သော အချက်များသည် နာဂစ်အပြီး ၂ နှစ်အတွင်း အလွန်အရေးကြီးသော အကြောင်းအရာများအဖြစ် ဖော်ထုတ်ထားကြသည်။ ရေရှည်တွင် လူမှုရေးအကြောင်းချင်းရာ အများအပြားမှာ

**ဇယား ၃၃** - ရပ်ရွာအဆင့် ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသည့် အကြောင်းအရာများ

| ရပ်ရွာအကြောင်းချင်းရာများ | နာဂစ်အပြီး ၁-၂ နှစ် | နာဂစ်အပြီး ၉ နှစ် |
|---|---|---|
| နာဂစ်မတိုင်မီ ဖွံ့ဖြိုးတိုးတက်မှုအဆင့် | ၂ | ၂ |
| ကျေးရွာရှိစီးပွားရေးလုပ်ဆောင်ချက်များပြားမှု | ၁ | ၁ |
| မြေယာရရှိမှု | ၂ | ၂- |
| လုပ်သားရရှိမှု | | ၂ |
| ဈေးကွက်သို့ပိုမိုလက်လှမ်းမီမှု | ၂ | ၂+ |
| ရွှေ့ပြောင်းအလုပ်လုပ်မှုများခြင်း | ၂ | ၂+ |
| တတ်နိုင်သောချေးငွေရရှိမှု | ၁ | ၂ |
| ခေါင်းဆောင်မှုကောင်းမှု | ၁ | ၁ |
| လူမှုရေးအချိတ်အဆက်ကောင်းမှု | ၁ | ၁- |
| လူမှုရေး (သို့) အသက်မွေးမှုအုပ်စုများတွင် အသင်းဝင်အရေအတွက် များပြားမှု | ၁- | ၂+ |
| တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီမှု (အိမ်ထောင်စုအချင်းချင်း) | ၂+ | ၂ |
| ယဉ်ကျေးမှုပွဲတော်များတွင် ပါဝင်မှုအနေအထား | ၂ | ၂ |
| ပူးတွဲလုပ်ဆောင်သော ကျေးရွာအခြေခံအဆောက်အအုံ လုပ်ဆောင်ချက်များ | ၁- | ၁- |
| ကျေးရွာအခြေခံအဆောက်အအုံ ကောင်းမွန်မှု | ၁ | ၁ |
| အသက်မွေးဝမ်းကျောင်း အထောက်အပံ့များ | ၁ | ၁- |
| အခြေခံအဆောက်အအုံ အထောက်အပံ့များ | ၁ | ၁ |

မှတ်ချက်-ကုဒ်များ-ပြန်လည်ထူထောင်မှုအတွက် "၁" အလွန်အရေးကြီး၊ "၂" အလယ်အလတ်အရေးကြီး၊ "၃" အရေးကြီးမှုနည်း။

အရေးကြီးမှု ကျဆင်းသွားကြသည်။ ၎င်းသည် ဘေးအန္တရာယ်ပြီးပြီးချင်း ရွာတစ်ရွာ၏ အတူတကွ ပေါင်းစည်းလုပ်ဆောင်နိုင်စွမ်းကို ထင်ဟပ်ပြသနေပြီး ၎င်းသည် ရေရှည်တွင် ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားကြကာ ကိုယ်ကျိုးစီးပွားသာကြည့်သည့် အပြုအမူများ ပြန်ပေါ်လာကြသည်။ မည်သို့ပင်ဆိုစေ ခေါင်းဆောင်မှုသည် အရေးကြီးသည့်နေရာတွင် ဆက်လက်တည်ရှိနေပြီး ကျေးရွာခေါင်းဆောင်များသည် ဩဇာညောင်းအောင် ဆောင်ရွက်နေရဆဲဖြစ်သကဲ့သို့ ရွာသားများကို နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးအတွက် အတူပေါင်းစည်းလုပ်ဆောင်အောင် စည်းရုံးနေရဆဲဖြစ်သည်။

ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းမှုပုံစံများ ပိုမိုများပြားလာခြင်းကို ရပ်ရွာအဆင့်ပြန်လည်ထူထောင်မှု ညွှန်ကိန်းအဖြစ် ရေတိုရေရှည်အတွက်ပါ သတ်မှတ်ထားသည်။ ၎င်းသည် အခန်း ၂ တွင် ပါရှိသည့် တွေ့ရှိချက်များနှင့် ကိုက်ညီမှုရှိပြီး ကျေးရွာများအတွင်း အသက်မွေးဝမ်းကျောင်းမှုအသစ်များ ပေါ်ထွန်းလာခြင်းသည် စီးပွားရေးတိုးတက်လာမှုကို ထင်ဟပ်စေခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်ကိုင်မှုမြင့်မားခြင်းနှင့် ဈေးကွက်သို့ချိတ်ဆက်မှု တိုးတက်လာခြင်းတို့သည် အစောပိုင်းကာလများတွင် အလယ်အလတ်သာ အရေးကြီးပြီး ထိုကာလများတွင် အထောက်အပံ့များကသာ ပိုမို အရေးကြီးခဲ့သည်။ သို့သော် ရွှေ့ပြောင်းလုပ်ကိုင်မှုမြင့်မားခြင်းနှင့် ဈေးကွက်သို့ ချိတ်ဆက်မှုတို့သည် အချိန်ကြာလာသည်နှင့်အမျှ ပိုမိုအရေးပါလာခဲ့သည်။ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးမတိုင်မီနှစ်ကာလများတွင် ချိတ်ဆက်မှုနှင့်အခွင့်အလမ်းများ (စီးပွားရေးအရ ရွှေ့ပြောင်းအလုပ်လုပ်မှုနှင့် ဈေးနှုန်းများတက်လာမှု) နည်းခဲ့သည်ကို ပြသလျက်ရှိပြီး လွန်ခဲ့သော ၅ နှစ်တာကာလအတွင်းတွင် ၎င်းတို့ သည် လျင်မြန်စွာ တိုးတက်ပြောင်းလဲလာခဲ့သည်။

အထောက်အပံ့များကို ရေတိုအတွက်သာမက ရေရှည်အတွက်ပါ အရေးကြီးမှုအမြင့်ဆုံးဟု အမှတ်ပေးကြသည်။ အသက်မွေးမှု ဦးစားပေးသည့် ထောက်ပံ့မှုများ အနည်းငယ်ကျဆင်းသွားခြင်းသည် အသက်မွေးမှုအထောက်အပံ့များ၏ သက်ရောက်မှု ကျဆင်းသွားသည်ကို ပြသနေပြီး လူတို့၏အလုပ်အကိုင်များမှာလည်း ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားပြီဟု ယူဆရသည်။ တစ်ဆက်တည်းမှာပင် အခြေခံအဆောက်အအုံများမရှိခြင်းသည် ကျေးရွာများကို ရေရှည်တွင် အခြေခံအဆောက်အအုံလိုအပ်ချက် ပိုမိုကြီးမားစေသည်။ အိမ်ထောင်စုများအတွက်မူ ချေးငွေရရှိမှုသည် အလွန်အရေးကြီးသည့် အခြေအနေဖြင့် စတင်ခဲ့သော်လည်း အခန်း ၃ တွင် ဖော်ပြထားသကဲ့သို့ တတ်နိုင်သည့်ချေးငွေများ များပြားစွာ လက်လှမ်းမီလာသောအခါ အလယ်အလတ်အရေးကြီးသည့်အဆင့်သို့ ရောက်ရှိသွားသည်။

အချုပ်ပြောရသော် ဘေးဖြစ်ပြီးနောက်ပိုင်း အစောပိုင်း ပြန်လည်ထူထောင်ရေး ကာလများတွင် လူမှုရေးပေါင်းစည်းမှုများသည် ကျေးရွာတစ်ရွာကို ပေါင်းစည်းလုပ်ဆောင်ခြင်းနှင့် (အထောက်အပံ့များမှဖြစ်ဖြစ်၊ အသက်မွေးမှုလုပ်ဆောင်ချက် အမျိုးမျိုးမှဖြစ်ဖြစ် (သို့) ချေးငွေများမှဖြစ်ဖြစ်) ငွေသားကောက်ခံစုဆောင်းနိုင်ခြင်းများကို ပြုလုပ်နိုင်စေသည်။ ထိုသို့ပြုလုပ်နိုင်မှုသည် ကျေးရွာပြန်လည်ထူထောင်ရေးတွင် အရေးပါသည်။ အချိန်ကြာလာသည်နှင့်အမျှ အဆိုပါ လူမှုပေါင်းစည်းမှုများသည် မှေးမှိန်လာကြပြီး ဈေးကွက်အကြောင်းချင်းရာများသာ နေရာယူလာကြတော့သည်။

## ကြံ့ကြံ့ခံနိုင်မှု

SIM 5 သုတေသနနှင့် သုတေသန လေ့လာဆန်းစစ်ချက်အရ ကျေးရွာ ၆ ရွာသည် ကြံ့ကြံ့ခံနိုင်ပြီး နောက်ထပ် ၁၁ ရွာမှာ တစ်စိတ်တစ်ပိုင်း ကြံ့ကြံ့ခံနိုင်ဟု ယူဆသည်။ ဇယား ၃၄ တွင် သက်ရောက်ခံရမှု အလယ်အလတ်နှင့် ပြင်းထန်သော ကျေးရွာများ၏ ထက်ဝက်နီးပါးသည် ကြံ့ကြံ့ခံနိုင် (သို့) တစ်စိတ်တစ်ပိုင်း ကြံ့ကြံ့ခံနိုင်ပြီဟု ယူဆသည်။ သို့သော် အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများတွင် သုံးပုံတစ်ပုံထက်နည်းသော အရေအတွက်သာ ကြံ့ကြံ့ခံနိုင်

(သို့) တစ်စိတ်တစ်ပိုင်း ကြံ့ကြံ့ခံနိုင်ကြသည်။ အနည်းငယ်သာ ထိခိုက်ခံရသည့် ကျေးရွာများတွင် ကြံ့ကြံ့ခံနိုင်မှု အချိုးအစားနိမ့်ခြင်းကို နာဂစ်ကဲ့သို့သော ဆိုင်ကလုန်းများဘေးမှ ထိခိုက်လွယ်မှု နည်းပါးခြင်းကို ကြံ့ကြံ့ခံနိုင်မှုမှ ထင်ဟပ်ပြသနေပြီး ကြိုတင်ပြင်ဆင်မှုမရှိခြင်း (သို့) ကြိုတင်ပြင်ဆင်ရန် လိုအပ်သည်ဟု မယူဆခြင်းကြောင့်ဟု ဖွင့်ဆိုနိုင်သည်။

အနာဂတ်တွင် ဘေးအန္တရာယ်တစ်ခုကြုံလာပါက အိမ်ထောင်စုနှင့် ရပ်ရွာများအတွက် ကြံ့ကြံ့ခံမှုတည်ဆောက်ထားရာတွင် မည်သည့် အရာများသည် အရေးပါသည်ကို ဤလေ့လာဆန်းစစ်ချက်မှ အသေးစိတ်ဖော်ထုတ်ထားသည်။ ဤအခန်း၏ ကျန်သည့်အပိုင်းများတွင် အိမ်ထောင်စုနှင့် ရပ်ရွာကြံ့ကြံ့ခံနိုင်မှုနှစ်ခုတို့ကို အသေးစိတ် ထပ်မံလေ့လာထားသည်။ ထိုသို့လေ့လာရာတွင် မည်သည့် အကြောင်းချင်းရာများသည် အိမ်ထောင်စုများနှင့် ရပ်ရွာများကို ပိုမိုမြန်ဆန်စွာ ထူထောင်လာစေသည်ကို ဦးစွာစစ်ဆေးထားပြီး ထို့နောက်မှ ၎င်းတို့မှ အနာဂတ်ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို မည်သို့မည်ပုံလျှော့ချနိုင်မည်ကို ထပ်မံလေ့လာထားသည်။

SIM အိမ်ထောင်စုများနှင့် ကျေးရွာများ၏ ထိခိုက်လွယ်မှုသည် အစိုးရဝန်ဆောင်မှုများနှင့် သက်ဆိုင်မှုနည်းပါးပြီး ၎င်းတို့ကျေးရွာ ဝိသေသလက္ခဏာကြောင့်သာ ထိခိုက်လွယ်နေကြခြင်းဖြစ်သည်ကို သုတေသနအသင်းမှ ဖော်ထုတ်ခဲ့သည်။ ကြံ့ကြံ့ခံနိုင်စွမ်းကို တိုးမြင့်လာစေရန် ကြိုးပမ်းမှုသည် လူမှုရေး၊ ပညာရေး နောက်ခံအားဖြင့် အားနည်းနေသောအုပ်စုများကို ရပ်ရွာတစ်ခုလုံး (သို့) ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လူမှုကာကွယ်မှုအစီအမံများ တတ်နိုင်သမျှ ထောက်ပံ့ပေးရန် အဓိကထားသင့်သည်။

## အိမ်ထောင်စု ကြံ့ကြံ့ခံနိုင်မှု

ဇယား ၃၅ သည် နာဂစ်အပြီး ပထမ ၁-၂ နှစ်အတွင်းနှင့် ၉ နှစ်အတွင်း (လူမှုရေးချိတ်ဆက်မှုများအပါအဝင်)ရှိ အရေးကြီးသည် (နံပါတ် ၁)အဖြစ် အမှတ်ပေးထားသောအချက်များ (အထက်ရှိ

**ဇယား ၃၄** - သက်ရောက်မှုအနည်းအများအလိုက် ကျေးရွာများ၏ ကြံ့ကြံ့ခံနိုင်မှု၊ ၂၀၁၇ ခုနှစ်

| မုန်တိုင်းဒဏ် သက်ရောက်ခံရမှု | ကြံ့ကြံ့ခံနိုင်သော | တစ်စိတ်တစ်ပိုင်း ကြံ့ကြံ့ခံနိုင်သော | ကြံ့ကြံ့ခံနိုင်မှု မရှိ | စုစုပေါင်း |
|---|---|---|---|---|
| သက်ရောက်မှုပြင်း | ၀ | ၅ | ၇ | ၁၂ |
| အလယ်အလတ် သက်ရောက် | ၄ | ၅ | ၉ | ၁၈ |
| သက်ရောက်မှုနည်း | ၂ | ၁ | ၇ | ၁၀ |
| စုစုပေါင်း | ၆ | ၁၁ | ၂၃ | ၄၀ |

ဇယား ၃၂ ) အရ SIM ကျေးရွာ ၄၀ တွင်ရှိသော အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်နိုင်မှု စွမ်းရည်ကို ပြသထားသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အိမ်ထောင်စုများ၏ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းနှင့် ချေးငွေ (ဈေးကြီးသည်ဖြစ်စေ)မှ ပြန်လည်ထူထောင်မှုသည် မုန်တိုင်းဒဏ် သက်ရောက်မှုကို ထည့်စဉ်းစားသည်ဖြစ်စေ၊ ထည့်မစဉ်းစားသည် ဖြစ်စေ သိသာထင်ရှားသည်ကို တွေ့ရသည်။ တစ်ဆက်တည်းမှာပင် ဘေးအန္တရာယ်တစ်ခုအပြီး စွန့်ဦးတီထွင်လုပ်ကိုင်နိုင်မှု အခက်အခဲများနှင့် မိသားစုစီးပွားရေးကို ပြန်လည်တည်ဆောက်ရေးတွင် မိသားစုဝင်လုပ်သားများ လုံလုံလောက်လောက် မရှိခြင်းတို့သည် အဓိကအခက်အခဲများ ဖြစ်သည်။ ၎င်းအပြင် မိသားစုများ၏ ပြန်လည်ထူထောင်နိုင်မှုစွမ်းရည်ကို အဟန့်အတားဖြစ်စေသော အကြောင်းအရာအချို့လည်း ရှိနေသေးသည်။

**ဇယား ၃၅** - အိမ်ထောင်စုများ၏ ပြန်လည်ထူထောင်နိုင်မှုစွမ်းရည်

| အိမ်ထောင်စုအချက်အလက်များ | နာဂစ်အပြီး ၁-၂ | နာဂစ်အပြီး ၉ နှစ် |
|---|---|---|
| အသက်မွေးမှုပိုင်ဆိုင်ပစ္စည်းများ | ၁-၂-၃ | ၂ |
| ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ | ၂ | ၁ |
| ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်မှု | ၁ | ၁ |
| လွှဲပြောင်းငွေ | ၂ | ၁ |
| ချေးငွေ | ၁ | ၁ |
| စွန့်ဦးတည်ထွင်နိုင်မှု | ၃ | ၂ |
| အိမ်ထောင်စုအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှု | ၂ | ၁ |
| အလုပ်လုပ်သော မိသားစုဝင်ဦးရေ | ၃ | ၁ |
| ကျန်းမာရေးကောင်းခြင်း | ၂ | ၁ |
| လူမှုရေးချိတ်ဆက်မှုများ | ၂ | ၂ |

မှတ်ချက် - ကုဒ်များမှာ "၁" ပြန်လည်ထူထောင်နိုင်စွမ်း လုံလောက်၊ "၂" ပြန်လည်ထူထောင်ရန် စွမ်းရည်တစ်ချို့တစ်ဝက်ရှိ၊ "၃" ပြန်လည်ထူထောင်ရန် စွမ်းရည်နည်းနည်းသာရှိ။

၁/နာဂစ်အပြီး ၁-၂ နှစ်အတွင်း သက်ရောက်မှု (အနည်းငယ်၊ အလယ်အလတ်၊ အမြင့်ဆုံး) ကွာခြားချက်ကို ဖော်ပြသည်။

သက်ရောက်မှုအဆင့် ကွာခြားရသည့် အဓိကအကြောင်းအရင်းမှာ အိမ်ထောင်စုများ၏ လက်ရှိအသက်မွေးမှုပစ္စည်းများအပေါ် မည်မျှအထိ မှီခိုလုပ်ကိုင်နိုင်သည်ဟူသော အနေအထားအပေါ်တွင် တည်မှီနေသည်။ အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများတွင် အိမ်ထောင်စုများမှာ အသက်မွေးမှုပစ္စည်းများကို ပြန်လည်ထူထောင်မှုအတွက် အသုံးပြုနိုင်သောကြောင့် စွမ်းရည်ပိုမြင့်ကြသည်။ နာဂစ်ဒဏ်ပြင်းထန်စွာခံရသော ကျေးရွာများမှာ ၎င်းတို့အသက်မွေးမှုပစ္စည်းများကို မုန်တိုင်းမှဖျက်ဆီးလိုက်ခြင်းကြောင့် ပြန်လည်ထူ

ထောင်ရေးအတွက် အားမထားနိုင်တော့ချေ။ ၎င်းအပြင် SIM 3 တွင်ရှိသော အထောက်အပံ့နှင့်ပတ်သက်သည့် ဒေတာ[၂၇]များကို ပြန်ကြည့်သည့်အခါ ထောက်ပံ့ခဲ့သော အထောက်အပံ့များသည် အိမ်ထောင်စုများ ပြန်လည်ထူထောင်ရာတွင် အထောက်အကူဖြစ်သည့် အထောက်အပံ့များ ဖြစ်ပုံမရခဲ့ပါ။

၂၀၁၇ ခုနှစ်တွင် အိမ်ထောင်စုများမှ (အထူးသဖြင့် ရန်ကုန်သို့) ရွှေ့ပြောင်းအလုပ်လုပ်ခြင်း၊ ငွေလွှဲပို့ခြင်း၊ တတ်နိုင်သော ချေးငွေများကို လက်လှမ်းမီခြင်းတို့ကို အကြောင်းချင်းရာများအဖြစ် တွေ့ရသည်။ ၎င်းအပြင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများသည် အိမ်ထောင်စုဝင်များ၏ ကျန်းမာရေးကောင်းမွန်မှု၊ အလုပ်လုပ်နိုင်သော အိမ်ထောင်စုဝင်များပြားစွာရှိမှုနှင့် အိမ်ထောင်စုအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှုစွမ်းရည် မြင့်မားမှုများနည်းတူ ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်ကို တောင့်တင်းခိုင်မာအောင် ပြုလုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် အိမ်ထောင်စုများသည် စွန့်ဦးတီထွင်လုပ်ကိုင်နိုင်စွမ်း မရှိကြသေးဘဲ အသက်မွေးမှုပစ္စည်းများကို လက်လှမ်းမီမှုလည်း နည်းပါးနေသေးသည်။ ထို့ကြောင့် ၎င်းတို့၏ ပြန်လည်ထူထောင်နိုင်မှု စွမ်းရည်သည်လည်း ကျဆင်းလျက်ရှိသည်။ ထို့အပြင် အနာဂတ်အထောက်အပံ့များ ဝင်ရောက်မှုတွင် အဓိကကျသော လူမှုရေးအချိတ်အဆက်များအားဖြင့်လည်း အားနည်းနေသေးသည်။

## ရပ်ရွာပြန်လည်ထူထောင်မှု

နာဂစ်ဖြစ်ပြီး ပထမ ၂ နှစ်အတွင်းနှင့် သက်ရောက်မှုပမာဏအရ ဇယား ၃၃ တွင်ဖော်ထုတ်ထားသော အရေးကြီးသည့် အကြောင်းအချက်များအတွင်း ရပ်ရွာပြန်လည်ထူထောင်နိုင်မှုစွမ်းရည်အရ ကွဲပြားခြားနားမှုများရှိသည်။ ဇယား ၃၆ တွင် ဖော်ပြထားမှုအရ ကျေးရွာများသည် အကြောင်းချင်းရာများ အားလုံးအားဖြင့် ပြန်လည်ထူထောင်နိုင်စွမ်းရှိပြီး ချေးငွေကို အရေးအကြီးဆုံး အချင်းအရာအဖြစ် ဖော်ပြထားသည်။ (အတိုးနှုန်းမြင့်သည်ဖြစ်စေ) ချေးငွေအလုံအလောက်ရရှိခြင်းသည် ပြန်လည်ထူထောင်နိုင်စွမ်းကို သက်ရောက်လျက်ရှိသည်။

နာဂစ်အပြီး ၉ နှစ်အကြာ ရပ်ရွာများတွင် အသက်မွေးမှုအခွင့်အလမ်းများ များပြားလာပြီး ခေါင်းဆောင်မှု ပိုမိုကောင်းမွန်လာကြသည်။ (တတ်နိုင်သော) ချေးငွေများကို ရရှိနိုင်မှုသည် အရေးကြီးသည့် အရင်းအမြစ်တစ်ခု ဖြစ်နေသေးသည်။ တစ်ဆက်တည်းမှာပင် ကျေးရွာစီမံကိန်းများမြောက်မြားစွာ ရှိနေခဲ့သော်လည်း အခြေခံအဆောက်အအုံလိုအပ်ချက်မှာ ရှိနေဆဲဖြစ်သည်။ ထို့အပြင် ရပ်ရွာများမှာ လူမှုရေးကြံ့ကြံ့ခံမှုလျော့ပါးလာကြသည်။ ၎င်းမှာ ကျေးရွာအခြေခံအဆောက်အအုံများကို အတူပေါင်းစည်းလုပ်ဆောင်နိုင်မှုနှင့် ရွှေ့ပြောင်းလုပ်ကိုင်မှုကြောင့် အဖွဲ့သားအရေအတွက် လျော့နည်းသွားခြင်းတို့ကြောင့် ဖြစ်သည်။ SIM တွင် အထောက်အပံ့များနှင့် ပတ်သက်၍ ဖော်ပြထားစဉ်တွင် စီးပွားရေးအခွင့်အလမ်းများ များပြားလာမှုနှင့် အခြေခံအဆောက်အအုံများ ကောင်းမွန်မှုတို့အပေါ် အလေးပေးလေ့လာမှုကြောင့် ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော ခေါင်းဆောင်မှု၊ လူမှုချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ အရေးပါမှုကို သတိမမူမိဘဲ ဖြစ်သွားပုံရသည်။ ရေရှည်အကျိုးစီးပွားကို ရည်ရွယ်သော ဖွံ့ဖြိုးရေးထောက်ပံ့မှုများ၏ အရေးပါမှုသည် လူမှုဆက်ဆံမှုများ တောင့်တင်းခိုင်မာလာမှုအပေါ်တွင် အတိုင်းအတာတစ်ခုအထိ သက်ရောက်လျက်ရှိသည်ကို ဇယား ၃၆ တွင် တွေ့မြင်နိုင်သည်။

**ဇယား ၃၆** - အကြောင်းအရင်းအလိုက် ရပ်ရွာအဆင့် ပြန်လည်ထူထောင်နိုင်မှုစွမ်းရည်

| ရပ်ရွာအချက်အလက်များ | နာဂစ်အပြီး ၁-၂ နှစ် | နာဂစ်အပြီး ၉ နှစ် |
|---|---|---|
| စီးပွားရေးလုပ်ဆောင်ချက်များ များလာခြင်း | ၂ | ၁ |
| ချေးငွေ | ၁ | ၁ |
| ခေါင်းဆောင်မှု | ၂ | ၁ |
| အဖွဲ့ခေါင်းဆောင်မှု | ၂ | ၃ |
| လူမှုရေးအချိတ်အဆက် | ၂ | ၂ |
| ပူးတွဲလုပ်ဆောင်သော အခြေခံအဆောက်အအုံ ဆောင်ရွက်ချက်များ | ၂ | ၃ |
| အခြေခံအဆောက်အအုံများ ကောင်းမွန်မှု | ၂ | ၂ |

မှတ်ချက်- ကုဒ်များမှာ "၁" ပြန်လည်ထူထောင်နိုင်စွမ်း လုံလောက်၊ "၂" ပြန်လည်ထူထောင်ရန် စွမ်းရည်တစ်ချို့တစ်ဝက်ရှိ၊ "၃" ပြန်လည်ထူထောင်ရန် စွမ်းရည်နည်းနည်းသာရှိ။

## ကြိုတင်ပြင်ဆင်မှု

SIM အိမ်ထောင်စုများ (သို့) ရပ်ရွာများသည် ဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုအတွက် မည်မျှအတိုင်းအတာထိ ဆောင်ရွက်ထားကြသည်ကို စုံစမ်းမေးမြန်းခဲ့သည်။ ထိုကဲ့သို့ ဘေးအန္တရာယ်လျှော့ချမှုများတွင် ဆောင်ရွက်နိုင်မှုစွမ်းရည်သည် ပြုမူမှုပုံစံနှစ်မျိုးအပေါ်တွင် မူတည်နေသည်။ ပထမတစ်ခုမှာ ဖြစ်လာနိုင်ခြေရှိသော ဘေးအန္တရာယ်များ၏ သက်ရောက်မှုကိုလျှော့ချရန် အိမ်ထောင်စုများနှင့် ရပ်ရွာများမှ ဖြစ်နိုင်ခြေရှိသော နည်းလမ်းများဖြင့် ကြိုးစားခြင်းဖြစ်သည်။ ဒုတိယတစ်ခုမှာ စီမံကိန်းများ၊ ကြိုတင်ပြင်ဆင်မှုများမှ တစ်ဆင့် လျှော့ချရန်ကြိုးပမ်းခြင်းဖြစ်သည်။ ၎င်းအပြင် ကြံ့ကြံ့ခံမှု

[၂၇] Tripartite Core Group. 2010. Post-Nargis Social Impacts Monitoring, April 2010; page 6, Figure 1.

ဆိုသည်မှာ တခြားသော လူမှုစီးပွားဆုံးဖြတ်ချက်ချမှတ်မှုများမှ ပေါ်ထွက်လာသော အကျိုးဆက်တစ်ခုဖြစ်သည်။

ဤဆန်းစစ်မှုတွင် တဖြေးဖြေးဘေးသက်ရောက်မှုနှင့် လျင်မြန်စွာ ဘေးသက်ရောက်မှုနှစ်ခုတို့ကို ကွဲကွဲပြားပြား သိစေချင်သည်။ လွန်ခဲ့သော ၉ နှစ်တာကာလများအတွင်း SIM သည် နာဂစ်ကဲ့သို့သော ရုတ်တရက် လျင်မြန်စွာသက်ရောက်သည့် ဘေးအန္တရာယ်တစ်ခုမှ ပြန်လည်ထူထောင်နိုင်မှုကို လေ့လာထားခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ကျေးရွာများမှာ အလျင်အမြန်သက်ရောက်သည့် ဘေးတစ်ခုခံရရန် အန္တရာယ်ရှိနေချိန်တွင် ရာသီဥတုပြောင်းလဲခြင်းကဲ့သို့သော တဖြေးဖြေးသက်ရောက်သည့် ဘေးတစ်ခု၏ ဒဏ်ကိုလည်း ခံစားနေရသည် (အကွက် ၁ တွင်ကြည့်ပါ)။ ဤအစီရင်ခံစာ၏ အစောပိုင်းအခန်းများတွင် ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို မြစ်ဝကျွန်းပေါ်ဒေသမှ ပြည်သူများခံစားနေရသည်ကို ဖော်ပြခဲ့သည်။ ဤအခန်းတွင် ကျေးရွာများ၏ အနာဂတ်မသေချာ မရေရာမှုများအရ ထိခိုက်လွယ်နေမှုများကို လျှော့ချရန် မည်သို့လုပ်ဆောင်ကြသည်ကို ဖော်ပြထားသည်။

***ဘေးတစ်ခုထိခိုက်နိုင်ခြေကို လျှော့ချခြင်း***

ဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုကို လျှော့ပါးသက်သာစေသည့်နည်းမှာ ထိုဘေး၏ သက်ရောက်မည့်ပုံကို လျှော့ချခြင်းနှင့် သူ၏ ရေရှည်သက်ရောက်မှုများကို လျှော့ချခြင်းပင် ဖြစ်သည်။ ဥပမာ- မြို့တွင် အိမ်အသစ်နောက်တစ်လုံး ဆောက်ခြင်း (သို့) ဝယ်ခြင်းတို့ကို ပြုလုပ်ရန်တတ်နိုင်သည့် မြစ်ဝကျွန်းပေါ်မှ အိမ်ထောင်စုအနည်းငယ်သည် အလျင်အမြန် သက်ရောက်လာမည့် ဘေးတစ်ခုမှ ကြံ့ကြံ့ခံနိုင်ကြသည်။ အကြောင်းမှာ ၎င်းတို့သည် မုန်တိုင်းဖြစ်လာပါက ခိုစရာမရှိသည့် ဒုက္ခကိုကြုံတွေ့ရန်မလိုခြင်းကြောင့် မုန်တိုင်းကြောင့် အသက်ဆုံးရှုံးရမည့် ဘေးကိုလည်းလျှော့ချပြီးသား ဖြစ်သွားသည်။

တစ်ခြားကဏ္ဍများတွင်လည်း အလားတူ ဥပမာများရှိကြသည်။ ကျေးရွာများအတွင်း အလုပ်အကိုင်အသစ်များမှ ဝင်ငွေရရှိမှု အခွင့်အလမ်းများ များပြားလာမှုသည် ကျေးရွာများ၏ အသက်မွေးဝမ်းကျောင်းအပေါ် ရုတ်တရက်နှင့် တဖြေးဖြေးသက်ရောက်သော ဘေး

**အကွက် ၁** - ရာသီဥတုပြောင်းလဲခြင်း - လေ့လာရရှိခဲ့သော သက်ရောက်မှုများ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင်ရှိသော ရာသီဥတုပြောင်းလဲမှုကို ထိခိုက်အလွယ်ဆုံးသောနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ ကမ်းရိုးတန်းဒေသသည် ကီလိုမီတာပေါင်း ၆,၀၀၀ ကျော် ရှည်လျားပြီး လူဦးရေအများစုသည် ရာသီဥတုဒဏ် သက်ရောက်ခံရနိုင်ခြေရှိသည့် နေရာဒေသများတွင် နေထိုင်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် ပင်လယ်၊ မုန်တိုင်းများနှင့် နီးစပ်မှု၊ မြေနိမ့်တွင်ရှိမှု၊ ဒေသရှိလူများသည် စိုက်ပျိုးရေးအပေါ် မှီခိုနေရမှုနှင့် အခြေခံအဆောက်အအုံ နည်းပါးမှုတို့ကြောင့် ထိခိုက်အလွယ်ဆုံးသော ဒေသတစ်ခုဖြစ်လျက်ရှိသည်။ နာဂစ်အပြီးတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ရေကြီးခြင်း၊ မကြာခဏမိုးခေါင်ခြင်း၊ ပိုးမွှားဝင်ရောက်ခြင်းနှင့် အမျိုးမျိုးသောရာသီဥတုနှင့် ဆက်စပ်ဘေးများကို ရင်ဆိုင်နေကြရသည်။

SIM သုတေသနသည် မြစ်ဝကျွန်းပေါ်ဒေသ၏ ရာသီဥတုပြောင်းလဲမှုကို အသေးစိတ်စစ်တမ်းပြုလုပ်ခြင်း မဟုတ်သော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသော ပြောင်းလဲမှုများကို ရှာဖွေတွေ့ရှိခဲ့သည်။ ရွာသူရွာသားများသည် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်ပြီး သေသေချာချာ နားလည်မှုမရှိသေးသော်လည်း တစ်နှစ်ထက်တစ်နှစ် ရာသီဥတုပြောင်းလဲလာပုံကို ပိုမိုသတိထားမိလာကြပြီး ထိုပြောင်းလဲမှုများသည် အသက်မွေးဝမ်းကျောင်းအပေါ်တွင် ထိခိုက်နစ်နာမှုများ ဖြစ်စေသည်ကို သိရှိကြသည်။

လယ်သမားများအတွက် မိုးရာသီ မိုးရွာသွန်းမှုပုံစံ၊ ရွာသွန်းမှုအနည်းအများနှင့် ကြာချိန် တို့သည် အသက်မွေးမှုရလဒ်များအတွက် အရေးအကြီးဆုံးသော ညွှန်ကိန်းများဖြစ်ကြသည်။ SIM ကျေးရွာများတွင် လတ်တလောနှစ်ကာလများအတွင်း မိုးရာသီ မိုးရွာသွန်းမှုသည် အချိန်မမှန်တော့ဘဲ ခန့်မှန်းရခက်လာခြင်း၊ ကာလအားဖြင့် တိုလာခြင်းနှင့် မုန်တိုင်းများပြင်းထန်လာခြင်းတို့ရှိသည်ဟု လယ်သမားများမှ အစီရင်ခံခဲ့ကြသည်။ လယ်မြေများတွင် ရေလွှမ်းခြင်းနှင့် မိုးခေါင်ခြင်းတို့သည် တစ်နှစ်လျှင် အနည်းဆုံး တစ်လခန့်အမြဲဖြစ်သည်ဟု ဆိုကြသည်။ အဆိုပါပြောင်းလဲမှုများသည် လယ်သမားများ၏ ရိတ်သိမ်းမှုအပေါ် ဆိုးကျိုးများ သက်ရောက်လျက်ရှိပြီး တချို့လယ်သမားများသည် ၎င်းတို့မြေများကိုမစိုက်ဘဲ ပလပ်ထားခြင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးခြင်းနှင့် အခြားသော ဝင်ငွေရရာ အလုပ်များကို ရှာလုပ်ခြင်းတို့ကို ပြုလုပ်လာကြသည်။

ရေလုပ်သားများအတွက် ညွှန်ကိန်းများမှာ ကွဲပြားသော်လည်း ရလဒ်မှာ အတူတူပင်ဖြစ်သည်။ ရာသီဥတုခန့်မှန်းမရခြင်းသည် လတ်တလောနှစ်ကာလများအတွင်း ပိုမိုသိသာလာခဲ့သည်။ ငါးသားလောက်ရာသီနှင့်အတူ ရောက်လာတတ်သည့် တောင်လေနေရာတွင် ယခုအခါ မြောက်လေများက အစားထိုးသွားပြီး သေးငယ်သော ငါးအရွယ်အစားများကိုသာ ဖမ်းမိတော့သည်။ ပြင်းထန်ပြီး မြင့်မားသော ဒီရေများ ဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာကြပြီး ကမ်းရိုးတန်းဒေသများနှင့် မြစ်ဝကျွန်းပေါ်မြစ်များတစ်လျှောက်ရှိ ငါးဖမ်းရွာများတွင် ပုံမှန်ရေလွှမ်းခြင်းကို ဖြစ်ပေါ်စေသည်။ ထိုသို့ရေလွှမ်းမှုသည် နာဂစ်မတိုင်မီအချိန်က တစ်နှစ်တစ်ခါ (သို့) တစ်ခါတရံသာ ဖြစ်ပေါ်လေ့ရှိခဲ့သည်။

အန္တရာယ်သက်ရောက်မှုမှ လျှော့ချပေးသည်။ ရွှေ့ပြောင်းနေထိုင်မှုသည် အသက်မွေးဝမ်းကျောင်းအရ ထိခိုက်လွယ်မှုဘေးကို လျှော့ချပေးသည့် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး ၎င်းသည် အလုပ်လုပ်နိုင်သည့် လူတစ်ဦး၏ဝင်ငွေကို အတက်အကျ အပြောင်းအလဲဖြစ်စေသည်။ အိမ်ထောင်စုတစ်စု (သို့) ရပ်ရွာများ၏ ဘယ်နေရာတွင် ဘေးဒဏ်သက်ရောက်နိုင်သည်ကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ထိုအရာကို လျှော့ပါးအောင်ပြုလုပ်ခြင်းတို့သည် ဘေးသက်ရောက်မှုကို လျှော့ချမှုတွက် ဦးစွာပြုလုပ်သင့်သော အရာများဖြစ်သည်။

ထိခိုက်နိုင်ခြေ လျှော့ချခြင်းကို ရပ်ရွာအဆင့်မှာလည်း ပြုလုပ်နိုင်သည်။ ပြိုကျလာနိုင်သည့် သစ်ပင်များကို ဖယ်ရှားခြင်း၊ လမ်းများကို ရေစီးနှင့်ပါမသွားအောင် ပိုကောင်းအောင်ပြုလုပ်ခြင်း (သို့) ခိုလှုံစရာနေရာများ (သို့) လေကာများ ဆောက်လုပ်ခြင်း စသည်တို့အားဖြင့် သဘာဝဘေးကြောင့် ကျေးရွာတွင် ထိခိုက်နိုင်ခြေရှိသည့် အရာများကို လျှော့ချနိုင်သည်။

***ဘေးသက်ရောက်မှုမှ ကာကွယ်ခြင်း***

သို့ရာတွင် အိမ်ထောင်စုများကို ထောင့်စုံမှ ကာကွယ်၍တော့ မရနိုင်ပါ။ လယ်ကွင်းများကို ရွှေ့သွား၍မရသကဲ့သို့ လယ်သမားများမှာလည်း အများအားဖြင့် ရွှေ့ပြောင်းသွား၍ မရနိုင်ပါ။ ငွေသား၊ ရွှေ ရိတ်သိမ်းထားသောစပါးနှင့် လှောင်ထားသော အစားအစာများကဲ့သို့သော ပိုင်ဆိုင်ပစ္စည်းများမှာ ၎င်းတို့ထားရှိသော နေရာအရ ထိခိုက်နိုင်ခြေရှိပြီး အိမ်ထောင်စုအများအပြားတွင် ၎င်းတို့ကို နေရာရွှေ့ပြောင်းရန် အခက်အခဲရှိသည် (သို့) ဘေးသက်ရောက်ခံရမှုမှ မဖယ်ရှားနိုင်ပေ။

ဘေးသက်ရောက်နိုင်ခြေမှ မရှောင်လွှဲနိုင်တော့ခြင်းကြောင့် ရွာသူရွာသားများသည် ဘေးအန္တရာယ်မှ ကာကွယ်ရန်သာ ဆောင်ရွက်ကြရတော့သည်။ ရုပ်ဝတ္ထုပိုင်ဆိုင်ပစ္စည်းများအတွက် ရုပ်ဝတ္ထုဆိုင်ရာ တားဆီးပိတ်ပင်မှုများ ပြုလုပ်ခြင်းကို ဆိုလိုသည်။ ဥပမာ - တမံ (သို့) ရေလွှဲပေါက်တစ်ခု ဆောက်လုပ်ခြင်းသည် အိမ်များနှင့်စပါးခင်းများအတွက် တမြေ့မြေ့သက်ရောက်သော ဘေးအတွက်မှအပ အကာအကွယ်ဖြစ်စေသည်။ အစားအသောက်၊ ရေနှင့် အရေးကြီးသည့် အရာများကို မုန်တိုင်းအပြီးတွင် စားသုံးရန်အတွက် မြှုပ်နှံခြင်းသည် အများဆုံးတွေ့မြင်ရသော အလျင်အမြန်ထိခိုက်သော ဘေးတစ်ခုမှ ကာကွယ်ခြင်း နည်းလမ်းတစ်ရပ်ဖြစ်သည်။

## အစီအစဉ်ချထားခြင်းနှင့် ပြင်ဆင်ခြင်း

ဘေးအန္တရာယ်ကို ဘယ်လိုလျှော့ချမည် (သို့) ဘယ်လိုကာကွယ်မည်ကို ဖော်ထုတ်ခြင်းသည် ဘေးတစ်ခု၏သက်ရောက်မှုကို လျှော့ချသည့် ပထမဆုံးခြေလှမ်းဖြစ်သည်။ ထို့နောက်တွင်မှ အိမ်ထောင်စုများနှင့် မိသားစုများအတွက် ရေရှည်စီမံကိန်းဆွဲခြင်းနှင့် အလျင်အမြန်သက်ရောက်တတ်သည့် ဘေးအန္တရာယ်တစ်ခု သက်ရောက်တော့မည့်ဆဲဆဲ အခြေအနေတွင်ဖြစ်ပါက အရေးပေါ်ပြင်ဆင်မှုများကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။

အစီအစဉ်ချထားခြင်းနှင့် ပြင်ဆင်ခြင်းကို အိမ်ထောင်စုနှင့် ကျေးရွာအဆင့်အကြား ခွဲခြားပြီး လေ့လာဆန်းစစ်ထားသည်။ တချို့ထပ်နေသော နေရာများရှိသော်လည်း အိမ်ထောင်စုများသည် တစ်ကိုယ်ရည်လူမှုစီးပွားကို ပိုအာရုံစိုက်သော ပေါင်းစည်းခိုင်မာသည့် အစုတစ်စုအဖြစ် ဆောင်ရွက်ပြီး ကျေးရွာတစ်ရွာသည် အခြေခံအဆောက်အအုံနှင့် လူမှုချည်နှောင်မှုများအပေါ်တွင် ပိုအာရုံစိုက်သည်။

***အိမ်ထောင်စုအဆင့်***

အိမ်ထောင်စုများ၏ တချို့ဘေးအန္တရာယ်လျှော့ချသည့် လုပ်ငန်းစဉ်များမှာ အသက်မွေးအုပ်စုအလိုက် ကွဲပြားပြီး တချို့မှာ ချမ်းသာကြွယ်ဝမှုအလိုက် ကွဲပြားသည်။ တချို့မှာ ကျေးရွာများအတွင်း တညီတညွတ်တည်း ဖြစ်ပေါ်တည်ရှိနေသည်။ လုပ်ဆောင်ချက်တော်တော်များများသည် ရွာသူရွာသားများ၏ ပြောင်းလဲမှုကို ဖြစ်ထွန်းစေသည့် ကိုယ်စွမ်းကိုယ်စနှင့် ၎င်းတို့၏ အသက်မွေးမှုများအပေါ် သက်ရောက်စေသည့် ဘေးအန္တရာယ်ကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ခြင်းများအပေါ် ရွာသားများ၏ အလိုအလျောက် ချင့်ချိန်မှုပုံစံတစ်ရပ်အဖြစ် ထင်ဟပ်ပြသနေသည်။

တမြေ့မြေ့သက်ရောက်လျက်ရှိသော ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး ဥပမာအားဖြင့် လယ်သမားများသည် တမံများနှင့် ရေလွှဲပေါက်များကို ပိုကောင်းအောင်လုပ်ခြင်း (သို့) အသစ်တည်ဆောက်ခြင်းတို့အတွက် စည်းရုံးအလုပ်လုပ်ကြသည်။ လယ်ကွင်းများကို တာပေါင်မြင့်မြင့် ကာထားခြင်းသည် ရေလွှမ်းခြင်းကို နည်းနိုင်သမျှနည်းအောင် လျှော့ချပေးနိုင်သည်။ လယ်သမားများသည် ရိတ်သိမ်းချိန်တွင် လိုတာထက်ပို၍ မကြန့်ကြာစေရန်အတွက် ရိတ်သိမ်းစက်များကို သုံးစွဲလာကြသည်။ ထိုသို့ပြုလုပ်နိုင်သည့် လယ်သမားများမှာ ၎င်းတို့စပါးများကို ရေလွှမ်းခြင်း ဘေးအန္တရာယ်မှကင်းဝေးသော မြို့တွင် သိုလှောင်ထားနိုင်ကြသည်။ ယခုအခါ လယ်သမားများသည် စိုက်ပျိုးချိန်တွင် အစေ့များကို ပိုပျိုးထားကြသည်။ သို့မှသာ ပြန်စိုက်ရသည့်ဒုက္ခမှ ကင်းဝေးမည်ဖြစ်သည်။ သို့သော် ပိုးမွှားအန္တရာယ်ကျရောက်ခြင်း (သို့) နောက်ထပ် နာဂစ်ကဲ့သို့ မုန်တိုင်းကျရောက်ခြင်းတို့မှ ကာကွယ်နိုင်သည့် လုပ်ငန်းစဉ်များကို အနည်းငယ်သာ တွေ့ရှိရသည်။

တစ်ဆက်တည်းမှာပင် ရေလုပ်သားများသည် ရေအရည်အသွေး (သို့) ရေထုညစ်ညမ်းခြင်း ကဲ့သို့သော တမြေ့မြေ့သက်ရောက်နေသည့်ဘေးများကို ထိထိရောက်ရောက်ပြုလုပ်နိုင်ခြင်း မရှိသေးပေ။ ရေလုပ်သားများသည် အလျင်အမြန်သက်ရောက်သော ဘေး

အန္တရာယ်များမှ ကာကွယ်ရန်နည်းလမ်းများကိုသာ ပြုလုပ်နိုင်သေးသည်။ လှေများထုတ်ရမည့်အချိန်တွင် ပိုမိုသတိထားလာခြင်း၊ မိုးလေဝသနှင့်မုန်တိုင်းခန့်မှန်းချက်များကို ပိုမိုသတိရှိလာခြင်း၊ ၎င်းတို့၏ ရေလုပ်ငန်းသုံးကိရိယာများ ဖျက်ဆီးခံရခြင်းမှ ကာကွယ်ခြင်းနှင့် ၎င်းတို့၏ ငါးဖမ်းပိုက်များကို မြစ်ကြမ်းပြင်တွင် ဝါးချောင်းဖြင့် မြဲမြဲအောင် တုပ်နှောင်ထားခြင်းစသည်တို့ကို ပြုလုပ်ကြသည်ဟု SIM တွင် မေးမြန်းခဲ့သည့် ရေလုပ်သားများမှ ဆိုကြသည်။ တချို့ကိစ္စရပ်များတွင် ရေလုပ်သားများသည် မုန်တိုင်းကြီးပါက ၎င်းတို့လှေများကို ဝမ်းဗိုက်ဖောက်ပြီး တမင်နစ်မြုပ်ခြင်းများ ပြုလုပ်ပြီး မုန်တိုင်းပြီးသွားမှ လှေကိုပြန်ဖော်ကြသည်။ မုန်တိုင်းရာသီတွင် ရေလုပ်သားများသည် ဒီရေအတက်အကျကို အထူးသတိထားပြီး ကမ်းဝေးငါးဖမ်းခြင်းကို တတ်နိုင်သမျှ မလုပ်ဘဲနေကြသည်။

အသက်မွေးမှုနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များအပြင် အိမ်ထောင်စုများသည် ဆိုးရွားသည့် မုန်တိုင်းဒဏ်မှ သက်ရောက်ခံရမှုနည်းနိုင်သမျှနည်းစေရန် ရွှေ့စုခြင်း(သို့) လေကာရန်အတွက် သစ်ပင်များပြန်စိုက်ခြင်းစသည့် ရေရှည်အတွက်ရည်ရွယ်သည့် လုပ်ငန်းစဉ်များကို ပြုလုပ်လာကြသည်။ အိမ်ထောင်စုများသည် မုန်တိုင်းနှင့်ဘေးလွတ်ရာသို့ ပြေးနိုင်ရန်အတွက် ကား၊ မော်တော်ဆိုင်ကယ် (သို့) စက်လှေစသည် ဝယ်ရန်အတွက် သေချာချင့်ချိန်စဉ်းစားကြပြီး တချို့တတ်နိုင်သောသူများမှာ အနီးဆုံးမြို့တွင် အိမ်၊ ခြံ၊ မြေများ ဝယ်ထားကြသည်။

တချို့ကျေးရွာများတွင် နာဂစ်နှင့် အခြားနာဂစ်နောက်ပိုင်း မုန်တိုင်းများမှ ရရှိသော အတွေ့အကြုံများအပေါ် မူတည်စဉ်းစားပြီး အိမ်များကို ဆောက်လုပ်ကြသည်။ ရေလွှမ်းသည့်ဒဏ်များစွာခံရသော ရပ်ရွာများတွင် အိမ်ထောင်စုများသည် အိမ်များကို ယခင်ထက်ပိုမြင့်အောင် ဆောက်လုပ်ကြပြီး ၎င်းတို့အိမ်များ၏ ခြေတံများကို မြေကြီးကနေ မီတာများစွာခွာပြီး ဆောက်လုပ်ထားကြသည်။ လေဒဏ်ခံရပြီး ကုန်းမြင့်များပေါ်တွင်ရှိသော ရေကြောင်းများမှ ဝေးရာနေရာတွင် တည်ရှိသည့် တခြားရပ်ရွာများတွင် အုတ်ဖိနပ်ခိုင်ခိုင်ကို မြေကြီးတွင်ကပ်ချထားသော အိမ်များကို တည်ဆောက်ကြသည်။ နမူနာကျေးရွာများတွင် ရွာသူရွာသားများသည် ၎င်းတို့နေအိမ်အမိုးများကို ပိုမိုတောင့်တင်းအောင် ပြုလုပ်ခြင်းနှင့် ၎င်းတို့ကို ပေါင်ဖြင့် ပိုခိုင်အောင် ပြုလုပ်ခြင်းတို့ကို ပြုလုပ်ကြသည်။

အကယ်၍ ဘေးတစ်ခု သက်ရောက်လုဆဲဆဲ အခြေအနေတွင်ရှိပါက အိမ်ထောင်စုများသည် ကြိုတင်ပြင်ဆင်မှု အစီအမံများကို ပြုလုပ်ကြသည်။ အလယ်အလတ်နှင့် ပြင်းထန်စွာသက်ရောက်ခံရသော ကျေးရွာများတွင် အစားအသောက်နှင့် ရေ (အထူးသဖြင့် အဖိုးတန်ပစ္စည်းများနှင့် စာရွက်စာတမ်းများ)ကို ပလတ်စတစ်အိမ်များဖြင့် ရေလုံအောင် ထုပ်ပိုးခြင်းနှင့်မြှုပ်နှံခြင်းတို့ကို ပြုလုပ်ကြသည်။ အိမ်အသစ်နှင့် ပိုမြင့်သောအိမ်များကို ဆောက်လုပ်ထားကြသော တချို့ကျေးရွာများသည် ရေလွှမ်းမိုးသည့်ဒဏ်ခံနိုင်ကြပြီး စပါးနှင့် တခြားအရေးကြီးသောပစ္စည်းများကို ရေမရောက်ရှိနိုင်သည့် အိမ်ထပ်ခိုးနေရာများတွင် ထည့်ထားကြသည်။ အထူးသဖြင့် ထိခိုက်လွယ်သော ကျေးရွာများတွင် အိမ်ထောင်စုများသည် မြို့တွင်ရှိသော အမျိုးများနေအိမ်တွင် မုန်တိုင်းပြီးတဲ့အထိ သွားနေကြသည်။

### *ကျေးရွာအဆင့်*

ကျေးရွာအဆင့်တွင်လည်း ဘေးအန္တရာယ်လျှော့ချခြင်းနှင့် ကြိုတင်ကာကွယ်မှု လုပ်ငန်းစဉ်များကို ပြုလုပ်ဆောင်ရွက်ကြသည်။ သစ်ပင်များရှိသော်လည်း လေဒဏ်မခံနိုင်ကြခြင်းကြောင့် (အထူးသဖြင့် အလတ်အလတ်နှင့် ပြင်းထန်စွာ ထိခိုက်ခံရသော) ကျေးရွာအများစုနှင့် ကျေးရွာခေါင်းဆောင်များမှာ ဘေးအန္တရာယ်အသစ်တစ်ခု ထိခိုက်မှုကို လျှော့ချခြင်းနှင့် ၎င်းအတွက် ကြိုတင်အစီအစဉ်ဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။

SIM ကျေးရွာများတွင် တွေ့ရသော အထင်ရှားဆုံး ဘေးအန္တရာယ်လျှော့ချသည့် လုပ်ငန်းစဉ်မှာ နာဂစ်အပြီး သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း/သို့ တချို့သစ်ပင်အုပ်စုများကို ဖယ်ရှားခြင်းဖြစ်သည်။ လတ်တလောနှစ် ကာလများအတွင်းတွင် ကျေးရွာတစ်ဝက်ကျော်သည် မုန်တိုင်းအတွင်း သစ်ပင်များမှ ဖျက်ဆီးမှုကိုလျှော့ချရန် လိုအပ်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။ ကျေးရွာ၏ အိုးအိမ်များကို ဖျက်ဆီးနိုင်သည့် ပြင်းထန်သည့် လေဒဏ်ကို ပိတ်ဆို့ရန်အတွက် ကျေးရွာများသည် သစ်ပင်များကို ပိုစိုက်လာကြသည်ဟု ကျေးရွာ ၁၄ ရွာမှ အစီရင်ခံခဲ့သည်။ သစ်ပင်ကြီးများသာ မုန်တိုင်းနှင့်ပါမသွားနိုင်သည်ကို ရွာသားများမှ ပြောကြားကြသည်။ ကျေးရွာ ၄ ရွာမှာ ရွာထဲတွင်ရှိသော သစ်ပင်များကို ခုတ်ပစ်ကြသည်။ အကြောင်းမှာ ယခင်မုန်တိုင်းများတုန်းက ထိုသစ်ပင်များသည် အိမ်များကို ပျက်စီးစေခဲ့သောကြောင့် ဖြစ်သည်။

အိမ်ဆောက်လုပ်သည့်ပုံစံများ ပြောင်းလဲလာခြင်းသည် ရပ်ရွာအနေဖြင့် ယခင်မုန်တိုင်းများဆီမှ အတွေ့အကြုံယူပြီး ၎င်းတို့လုပ်နိုင်သည်များကို တတ်နိုင်သမျှ ပြုလုပ်ကြခြင်းကို ထင်ဟပ်ပြသနေသည်။ သို့ရာတွင် ထိုအစီအမံများကို ကျေးရွာများအတွင်းတွင် ပြုလုပ်ခဲ့ကြသည်။ လေကာပင်များပြန်စိုက်ခြင်း (သို့) လေကာပင်များသည် ရေလွှမ်းသည့်ဒဏ်နှင့် မုန်တိုင်းဒဏ်မှ ကာကွယ်ရန် အသုံးဝင်သည်ဟု ရှုမြင်ခြင်းကို မည်သည့်ရပ်ရွာမှာမှ မတွေ့ခဲ့ရပေ။ SIM ကျေးရွာအနည်းစုတွင် NGO အဖွဲ့များသည် လုပ်အားအတွက် ငွေသားပေးသည့်အစီအစဉ်မှတဆင့် လေကာပင်များ ပြန်လည်စိုက်ပျိုးခြင်း (သို့) ပျိုးဥယျာဉ် တည်ထောင်ပေးခြင်း အစီအစဉ်တို့ကို အထူးပြုလုပ်ဆောင်ခဲ့သော်လည်း ရပ်ရွာများသည် ထိုအရာများကို လိုက်လုပ်ရန် စိတ်ဝင်စားမှုမရှိကြသည်ကို တွေ့ရသည်။

ကျေးရွာအများစုတွင် မုန်တိုင်းအတွက် ခိုလှုံရာအဆောက်အအုံများ

သီးသီးသန့်သန့် မရှိသော်လည်း ဘေးတစ်ခုခုမှ ခိုစရာနေရာများ အများအပြား ရှိလာကြခြင်းသည် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာမှုကို ထင်ဟပ်လျက်ရှိသည်။ နာဂစ်အပြီး ၉ နှစ် အကြာ SIM ကျေးရွာများအတွင်းတွင် မုန်တိုင်းဒဏ်မှခိုလှုံရန် ရည်ရွယ်ဆောက်လုပ်ထားသော အဆောက်အအုံရှိသည့်ကျေးရွာ အနည်းငယ်သာရှိသည်။ ကျေးရွာများသည် ၎င်းတို့ကိုယ်ထူကိုယ် ထဆောင်ရွက်မှုတွင် တခြားသောလိုအပ်ချက်များစွာနှင့် စရိတ်စက မြင့်မားမှုများကြောင့် ထိုအဆောက်အအုံများကို ဦးစားပေးအဖြစ် အထူးဖော်ပြခြင်းနည်းသည်။ သို့ရာတွင် ရွာများမှာ ဆိုးရွားသော မုန်တိုင်းဒဏ် သက်ရောက်လာပါက စုရုံးခိုလှုံနိုင်သည့် နေရာများ ထားရှိကြသည်။ အများဆုံးမြင်ရသော ခိုနိုင်သည့်နေရာများမှာ ဘုန်းကြီးကျောင်းများဖြစ်ပြီး ရပ်ရွာစင်တာများနှင့် ကျောင်းများကို လည်း ထိုရည်ရွယ်ချက်ဖြင့် အသုံးပြုသည်။ ထိုအဆောက်အအုံများ ကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ကျေးရွာမှ စဉ်ဆက် မပြတ် ပေါင်းစည်းလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အတွက် လိုအပ်လာ ပါက ဘေးကင်းစွာဖြင့် ခိုလှုံနိုင်စေရန်အတွက်ဖြစ်သည်။ SIM ကျေး ရွာများအတွင်းရှိ ထိခိုက်အလွယ်ဆုံးသော ကျေးရွာများမှ မြို့သို့ ထွက်ပြေးတိမ်းရှောင်မည့် အစီအစဉ်များကို ပေါင်းစည်းရေးဆွဲထား ကြသည်။ ရွာသားများသည် ပြင်းထန်သော မုန်တိုင်းဒဏ်ကို ခံနိုင် သည့် ဆိပ်ကမ်းများကိုလည်း ပူးပေါင်းတည်ဆောက်ထားကြသည်။

ရပ်ရွာများသည် သတိရှိမှုကို လာမည့်မုန်တိုင်းများ (သို့) တခြားသော ဘေးများအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ဖြစ်နိုင်ခြေရှိသော ဘေးများအတွက် အစီအစဉ်ရေးဆွဲခြင်းတို့အကြား အဓိကကျသည့် ချိတ်ဆက်မှုတစ်ရပ်အဖြစ် ထားရှိကြသည်။ ယခုအခါတွင် ရေဒီယို များ၊ ဂြိုဟ်ထုတယ်လီဖေးရှင်းများမှ မိုးလေဝသခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိလျက်ရှိသည်။ ရေလုပ်သားများအတွက်မူ ထိုကြေငြာချက်များသည် ၎င်းတို့အသက်မွေးမှုလုပ်ဆောင်ချက်များ ကို အဆုံးအဖြတ်ပေးနေပြီး မုန်တိုင်းလာနိုင်သည်ဆိုပါက ၎င်းတို့ လှေများကို ငါးဖမ်းထွက်ရန် လုံးဝမထုတ်တော့ပေ။

၂၀၁၇ ခုနှစ်တွင် မိုဘိုင်းဖုန်းများနှင့် အင်တာနက်များကို နေရာအနှံ့ တွေ့ရှိ လာရခြင်းကြောင့် သတင်းအချက်အလက်များသည် လူမှုမီဒီ ယာမှတစ်ဆင့် လျင်မြန်စွာပျံ့နှံ့ရောက်ရှိလာကြသည်။ ၎င်းသည် ကျေးရွာများ၏ ကြိုတင်ပြင်ဆင်နိုင်မှုအတွက် အရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်သည်။ တစ်နိုင်ငံလုံးသိကြသည့် မိုးလေဝသ ပညာရှင် ဦးထွန်းလွင်၏ Facebook ကို မြန်မာတစ်နိုင်ငံလုံးနီးပါးမှ Follow ထားကြသည်။ ၎င်း၏နာမည်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုခဲ့သူများမှ ကြိမ်ဖန်များစွာ ပြောခဲ့ကြ သည်။

> *"မိုးလေဝသအခြေအနေသိချင်ရင် ဦးထွန်းလွင်ရဲ့ Facebook ကို ကြည့်တယ်လေ။"*
> – ဘေးအန္တရာယ်လျှော့ချရေးကော်မတီအဖွဲ့ဝင်

> *"ဦးထွန်းလွင် Facebook ကို Add ထားတယ်လေ။ ပြီးတော့ အမြဲ follow ထားတယ်။"*
> – ရေလုပ်သား

## ကျေးရွာခေါင်းဆောင်မှု

ကျေးရွာခေါင်းဆောင်များသည် အစီအစဉ်ရေးဆွဲခြင်းနှင့် ကြိုတင် ပြင်ဆင်ခြင်း ဆောင်ရွက်မှုတို့တွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြ သည်။ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးတွင် တက်ကြွသည့်ခေါင်း ဆောင်များပါဝင်သော ကျေးရွာများတွင် ထိုခေါင်းဆောင်သည် သက်ကြီးရွယ်အို၊ ကလေးငယ်များနှင့် မသန်စွမ်းသူများ အပါအဝင် ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သောလူများကို စာရင်းပြုစုထား သည်။ အဆိုပါ ခေါင်းဆောင်တချို့သည် ကျေးရွာဗဟိုအဆောက် အအုံ (ဘုန်းကြီးကျောင်း)တွင် ထားရှိရမည့် စားနပ်ရိက္ခာပမာဏကို အဆုံးအဖြတ်ပေးပြီး ရွာအတွင်း ချမ်းသာသည့်သူများကို ပိုမိုထည့် ဝင်စေခြင်းနှင့် မုန်တိုင်းကာလအတွင်း မြို့တွင် သွားရောက်ခိုလှုံရန် လိုအပ်သူများအတွက် ကြိုတင်အစီအစဉ်များ ဆွဲထားပေးသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အုပ်စုအတွင်း ရေကြီးခြင်း (သို့) ဘေးကျရောက်ခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးသို့ သတင်းပို့ရပြီး မိုးလေဝသသတင်းအပါအဝင် သတင်းအချက်အလက်များကို မြို့နယ်နှင့် ကျေးရွာများအကြား အသံချဲ့စက်ကို အသုံးပြုပြီး သတင်း ပေးပို့ရသည်။

ဘေးအန္တရာယ်လျှော့ချရေး(DRR) အတွက် NGOs များမှ တွန်းအား ပေးပြုလုပ်သော ကျေးရွာစုပေါင်းလုပ်ဆောင်ချက်များမှာ လွန်ခဲ့ သော ၄ နှစ်တာကာလအတွင်း တန့်သွားခဲ့ပြီး ယခုဆိုလျှင်(DRR) ကော်မတီများမှာ ကျေးရွာအများစုတွင် မရှိ (သို့) လှုပ်ရှားတက်ကြွမှု ရပ်ဆိုင်းသွားခဲ့ပြီဖြစ်သည်။ (DRR) ကော်မတီများကို ယခုအခါတွင် ကျေးရွာ ၄ ရွာတွင်သာ တွေ့ရပြီး (DRR) ကော်မတီများမှာ ပျောက် ကွယ်သွားပြီဟု ရွာအများအပြားမှ ပြောကြားခဲ့သည်။ SIM 2 ပြုလုပ်စဉ်တွင် (DRR) ကော်မတီ ၁၇ ခုရှိသည်ကို တွေ့ရှိခဲ့သည်။ (SIM 1 တွင် DRR) ကော်မတီတစ်ခုမှမရှိပါ။ သို့သော် နာဂစ်အလွန် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အရေးပေါ် ကော်မတီ ၂၇ ခုကို ဖွဲ့စည်းထားသည်။) ထိုကော်မတီများမှ ဆောင် ရွက်ချက်များ ရပ်စဲသွားခြင်းမှာ နာဂစ်ဖြစ်ပြီးသည်မှာ ၉ နှစ်ကြာပြီ ဖြစ်သော်လည်း မုန်တိုင်းကြီးကြီးမားမားများ ဝင်ရောက်ခဲ့ခြင်းမရှိ

သောကြောင့် ၎င်းတို့ကိုလိုအပ်မှုနည်းသွားပြီဟု ယူဆကြသောကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းမှာလည်း အရေးပါသည့် နေရာတွင်ပါရှိသည်။ (DRR) ကော်မတီများကို လူငယ်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ထိုလူငယ်များသည် ယခုအခါတွင် ရွှေ့ပြောင်း အလုပ်လုပ်ရန် ကျေးရွာမှ ထွက်ခွာသွားပြီဖြစ်သည်။

> *"နာဂစ်ပြီးနောက်ပိုင်း ဘေးကြီးကြီးမားမားမပေါ်ဘူးလေ။ ဒါကြောင့် DRR ကော်မတီလည်း ပျောက်သွားတော့တာ။"*
>
> – *DRR* ကော်မတီဝင်

ကျန်ရှိနေသေးသော DRR ကော်မတီဝင်များမှာ ဘေးတစ်ခုကျ ရောက်လာပါက မည်သို့လှုပ်ရှားဆောင်ရွက်ရမည်ဟူသည့် သရုပ်ပြသမှုကို ခြောက်လတစ်ကြိမ် ပြုလုပ်ပေးခြင်း၊ မုန်တိုင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရွာသို့ဖြန့်ဝေပေးခြင်း၊ အိမ်ထောင်စုများ (အထူးသဖြင့် ထိခိုက်လွယ်အိမ်ထောင်စုများ)မှ မုန်တိုင်းလာပါက ဘာကိုသိုလှောင်ထားရမည်၊ ဘယ်ကိုသွားရမည် စသည်တို့ကို သိရှိစေခြင်းစသည်တို့ကို ပြုလုပ်ပေးလျက်ရှိသည်။ ထို့အပြင် ၎င်းတို့သည် ကျေးရွာမီးသတ်၊ လူငယ်၊ ကြက်ခြေနီ (ရှိပါက) တို့အကြား မိမိထမ်းဆောင်ရမည့် တာဝန်အသီးသီးကို သိရှိစေရန် အတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ DRR ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှုရှိသေးသည့် ရွာတစ်ရွာတွင် မုန်တိုင်းပြင်းထန်မှုအလိုက် အလံများ သတ်မှတ်ထားရှိသော စနစ်တစ်ခုရှိပြီး ထိုအလံကို တင်ပြီးသတိပေးခြင်းအားဖြင့် ကျေးရွာအနေဖြင့် မုန်တိုင်း၏သက်ရောက်မှု အနည်းအများကို သိရှိနိုင်သည်။

## အကျိုးဆက်တစ်ခုအဖြစ် ပေါ်ထွက်လာသော ကြံ့ကြံ့ခံနိုင်မှု

ဘေးအန္တရာယ်လျှော့ချရန် (သို့) ကာကွယ်မှုကို တိုးမြှင့်ရန်အတွက် ကျေးရွာသားများနှင့် ရပ်ရွာတို့လုပ်ဆောင်သော လုပ်ဆောင်ချက် အားလုံးမှာ ကြံ့ကြံ့ခံနိုင်ပါစေဟူသော ရည်ရွယ်ချက်တစ်မျိုးတည်းဖြင့် တိတိပပ လုပ်ဆောင်ခဲ့ခြင်းမရှိပါ။ ထိုလုပ်ဆောင်ချက် များကို တခြားသော ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်ခဲ့သော်လည်း ဘေးအန္တရာယ် ခံနိုင်စွမ်းသည် တခြားသော အကျိုးဆက်တစ်ခုအနေဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုလုပ်ဆောင်မှုများသည် တစ်ခုမဟုတ်တစ်ခု အတွက် သီးသန့်ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ခြင်းမျိုးမဟုတ်ပါ။

တချို့ လုပ်ဆောင်ချက်များသည် ကြံ့ကြံ့ခံနိုင်စွမ်းကို ဦးတည်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်(အိမ်များကို မြှင့်ပြီးဆောက်လုပ်ခြင်း)။ တချို့ လုပ်ဆောင်ချက်များမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုသာ ဦးတည်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည် (လုပ်ငန်းအသစ်လုပ်ရန် မော်တော် ဆိုင်ကယ်ဝယ်ခြင်း၊ သို့သော်လည်း လိုအပ်ပါက အရေးပေါ် ထွက်ပြေးသည့်အခါတွင် ထိုဆိုင်ကယ်ကို အသုံးပြုနိုင်သည်)။ တချို့ကို အကြောင်းအရာတစ်ခုထက်ပိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့သည် (လယ်အတွက် ရေနုတ်မြောင်းများ ပြုပြင်ခြင်း)။

ရန်ကုန်သို့ပြောင်းရွှေ့အလုပ်လုပ်ခြင်းနှင့် ရွှေ့ပြောင်းလုပ်သားများမှ မြေနှင့်အိမ်များ ဝယ်ယူခြင်းသည် အိမ်ထောင်စုများ၏ လူမှုစီးပွား ဆုံးဖြတ်ချက်ချမှတ်မှုများအတွင် အရေးအကြီးဆုံးသော သာဓကများဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော အိမ်ထောင်စုများ၏ ဘေးအန္တရာယ်သက်ရောက်မှုဒဏ် လျှော့ချနိုင်စွမ်းအပေါ်တွင် များစွာကောင်းကျိုးသက်ရောက်လျက်ရှိသည်။ မြို့တွင်အိမ်ဝယ်ခြင်းမှာလည်း အလားတူသက်ရောက်မှုရှိသည်။ ဥပမာ - လယ်သမားတစ်ယောက်သည် သူ့ကလေးများ ကျောင်းထားရာတွင် နေစရာနေရာရစေရန် အိမ်တစ်လုံးဝယ်ထားခဲ့သည်။ ရွာတွင် ရေကြီးသောအခါ ထိုအိမ်တွင် တစ်မိသားစုလုံး သွားရောက်နေထိုင်နိုင်ခဲ့သည်။

အဆိုပါအကြီးစား ရင်းနှီးမြှုပ်နှံမှုများအပြင် အိမ်ထောင်စု၏ တခြားသော ဆုံးဖြတ်ချက်ချမှတ်မှုများ (သို့) စီးပွားရေးလုပ်ဆောင်ချက်များမှတစ်ဆင့် ကြံ့ကြံ့ခံနိုင်မှုအတွက် အကျိုးဖြစ်စေခဲ့သော သာဓကများစွာ ရှိသေးသည်။ သုတေသနမှရရှိသော သာဓကများတွင် မော်တော်ဆိုင်ကယ်အငှားယဉ်ကို ဘေးလွတ်ရာသို့ပြေးစဉ် အသုံးပြုနိုင်ခြင်း၊ သစ်သားဈေးကြီးမြင့်လာမှုကြောင့် အိမ်ကို ကွန်ကရစ်ဖြင့် ဆောက်လုပ်လာကြခြင်းသည် အိမ်ကို ပိုမိုတောင့် တင်းလာစေခြင်း၊ ဖျော်ဖြေရေးအတွက် ဝယ်ယူသော ဂြိုဟ်တုစလောင်းများမှ မိုးလေဝသခန့်မှန်းချက်များနှင့် သတင်းအချက်အလက်များကို ရယူနိုင်ခြင်းတို့ ပါဝင်သည်။

ထိုကဲ့သို့ ထွက်ရှိလာသော ကြံ့ကြံ့ခံနိုင်မှုအတွက် အကျိုးဖြစ်ထွန်းမှုများကို ရပ်ရွာအဆင့်တွင်လည်း တွေ့နိုင်သည်။ ဥပမာ - လမ်းများနှင့် တံတားများကောင်းမွန်လာခြင်းသည် မြို့သို့ ဆိုင်ကယ် (သို့) ကားဖြင့် အဆက်အသွယ်ရစေပြီး မုန်တိုင်းတိုက်ခတ်လာပါက အလျင်အမြန် ထွက်ပြေးတိမ်းရှောင်နိုင်သည်။

# အခန်း ၈

# အနာဂတ်ထောက်ပံ့မှုများနှင့် ဆက်နွယ်နေသည့်အရာများ

## အနာဂတ်ဘေးအန္တရာယ်အလွန် ထောက်ပံ့မှုများ

နာဂစ်ပြီးပြီးချင်းတွင် အထောက်အပံ့[၂၈] ပေးဝေမှုသည် အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့ပြီး ပြန်လည်တည်ဆောက်စေခဲ့သည်။ ပထမဦးစွာ သက်ရောက်ခံရသည့် ရပ်ရွာများကို အရေးပေါ်လိုအပ်နေသော အစားအစာ၊ ရေနှင့် အမိုးအကာများ ထောက်ပံ့ပေးသည်။ ၎င်းနောက် အိမ်များ၊ ရပ်ရွာများနှင့် အသက်မွေးမှုများကို ပြန်လည်တည်ဆောက်စေသည်။ အစောဆုံးထောက်ပံ့သူများမှာ ဒေသတွင်းမှ လူများဖြစ်ခဲ့ပြီး တုံ့ပြန်မှုများ တဖြည်းဖြည်း ကြီးထွားလာသည် နှင့် အမျှ အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် အထောက်အပံ့ပေးဝေရေး အဖွဲ့အစည်းများမှ ကျယ်ပြန့်စွာ ကူညီခဲ့ကြသည်။

နာဂစ်နောက်ပိုင်း ကိုးနှစ်တာကာလများအတွင်း SIM ကျေးရွာများ ကြုံတွေ့ရသော အတွေ့အကြုံများသည် ဘေးအန္တရာယ်အလွန် အထောက်အပံ့များ၏အားသာချက်နှင့်ထိုသို့ထောက်ပံ့ကူညီရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို သရုပ်ဖော်ပြသလျက်ရှိသည်။ သုတေသန ငါးကြိမ်ပြုလုပ်ခဲ့ပြီးနောက် အောက်ပါအချက်တို့မှာ ထင်ထင်ရှားရှား ပေါ်ထွက်လာကြသည်။

> ထောက်ပံ့ကူညီမှုသည် နိုင်ငံရေးနှင့်ဆက်စပ်မှုမဲ့သော ကိစ္စရပ် တစ်ရပ်မဟုတ်ဘဲ ဒေသ၏လူမှုဆက်ဆံရေးများအပေါ်တွင် ရေရှည် သက်ရောက်မှုများ ရှိနေသည်။

အထောက်အပံ့များနှင့်ပတ်သက်ပြီး SIM ကျေးရွာများတွေ့ကြုံခဲ့သည်များမှာ အကောင်းများဖြစ်ခြင်းကြောင့် မည်သူကမျှ ဝေခြမ်းရေးကို အဆိုးဖြင့်ရှုမြင်ခြင်းမရှိပါ။ သို့သော် အထောက်အပံ့ဆိုသည်မှာ ဘယ်အုပ်စုက ဘယ်ဟာကိုရရှိသည်အပေါ်တွင် အမြဲပြေလည်နေသော အရာမဟုတ်ပါ။ ထိခိုက်ခံရသော အုပ်စုများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော သင့်လျော်သော အထောက်အပံ့ချိန်ရွယ်သတ်မှတ်မှုနှင့် ထောက်ပံ့မှုပုံစံများပြုလုပ်ရန် အရေးကြီးကြောင်းကို SIM 4 တွင် ဖော်ပြထားသည်။ လေးနှစ်ကြာပြီးသောအခါ အဆိုပါ သင်ခန်းစာကိုသာ ရရှိပြီး ပြင်ပထောက်ပံ့မှုများသည် ရေရှည်အားဖြင့် လူမှုရေးအပေါ်တွင် ကောင်းကျိုးကိုသော်လည်းကောင်း၊ ဆိုးကျိုးကိုသော်လည်းကောင်း သက်ရောက်စေနိုင်သည်။

ဤအစီရင်ခံစာတစ်ခုလုံးတွင် ကျေးရွာလူမှုရေးကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကျယ်ပြန့်လာသည်ကို တွေ့မြင်နိုင်သည်။ ထိုပြောင်းလဲမှုကို နောက်ကွယ်မှ တွန်းပို့နေသောအရာများသည် အမျိုးမျိုးကွဲပြားလျက်ရှိပြီး အချင်းချင်းတုံ့ပြန်ဖြစ်ပေါ်မှုမှာလည်း ရှုပ်ထွေးလျက်ရှိသည်။ သို့သော် သုတေသနသမားများ ဖန်တလဲလဲကြားခဲ့ရသော အဆိုများအရ ကျေးရွာအဆင့် ထောက်ပံ့ရေးအစီအစဉ်များတွင် အထူးသဖြင့် ဆုံးဖြတ်ချက်ချမှတ်ရေးအပိုင်းတွင် အမျိုးသမီးများကို ပါဝင်စေခြင်းကြောင့်ဖြစ်သည်။ ကော်မတီကြီးများတွင် အမျိုးသမီးများကို အကန့်အသတ်ဖြင့် ပါဝင်စေခြင်းဖြစ်ဖြစ်၊ အမျိုးသမီးသီးသန့်ကော်မတီဖြစ်ဖြစ် (သို့) တခြားပုံစံဖွဲ့စည်းထားသော ကော်မတီဖြစ်ဖြစ် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် ပါဝင်စေခြင်းသည် ၎င်းတို့ကို ကိုယ်စွမ်းကိုယ်စဖြင့် ရှေ့ဆက်နိုင်ရန် ယုံကြည်ချက်နှင့် နည်းစနစ်ပေးခြင်းဖြစ်သည်။ ၎င်း

---

[၂၈] SIM ၏ ရည်ရွယ်ချက်များအရ "အထောက်အပံ့" ဆိုသသည်မှာ ကဏ္ဍအသီးသီးရှိ ငွေသားနှင့်ပစ္စည်းထောက်ပံ့မှု အထောက်အပံ့အမျိုးအစားအားလုံးကိုဆိုလိုသည်။ အစိုးရ၊ ပြည်တွင်းနှင့် ပြည်ပ NGO များ၊ ကုလသမဂ္ဂ၊ ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့သူများနှင့် ဘာသာရေးအဖွဲ့များစသည့် ကျေးရွာပြင်ပမှ အထောက်အပံ့ပေးသူအမျိုးမျိုးကို "အထောက်အပံ့ပေးသူများ" အဖြစ် ရည်ညွှန်းပြီး ရွာသားများမှာတော့ အထောက်အပံ့ရရှိရာ နေရာအမျိုးမျိုးကို ခွဲခြားလိုခြင်းမရှိပါ။

အပြင် ထိုသို့ပါဝင်စေခြင်းသည် အမျိုးသမီးခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးတွင် အမျိုးသမီးများကို ပြောရေးဆိုခွင့်ပေးခြင်းတို့ကို အမျိုးသားများအား သိရှိသဘောပေါက်စေရန် လူမှုရေးအရ ပညာပေးခြင်းဖြစ်သည်။ ထိုပြောင်းလဲမှုသည် မြန်မာ့ကျေးလက်ဘဝများတွင် ယခင် က ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်သည်။

သို့ရာတွင် လူမှုရေးအရေ ဆိုးကျိုးသက်ရောက်မှုများလည်း ရှိနေသည်။ ဝေခြမ်းရေးသည် ဘာသာရေးအုပ်စုများအတွင်း စိတ်ဝမ်းကွဲမှုများကို ဖြစ်ပေါ်စေပြီး ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ၊ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဟူ၍ ယနေ့တိုင် နှစ်ပိုင်းကွဲစေသည်။ အထောက်အပံ့များကြောင့် အခြားအုပ်စုများအတွင်း ယုံကြည်မှုများကို လျော့ကချစေပြီး ထိုအယုံအကြည်ကင်းမဲ့မှုကို မြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးနှင့် လူမျိုးရေးအစွန်းရောက်မှုများက ပိုမိုဆိုးရွားစေခဲ့သည်။ ထိုကဲ့သို့ ဒေသတွင်း အင်အားစုများကို ထည့်သွင်းစဉ်းစားရန်လိုခြင်းမှာ အနာဂတ်ထောက်ပံ့ရေး ကြိုးပမ်းမှုများအတွက် ပဓာနကျသောအရာဖြစ်သည်။

## အထောက်အပံ့များ၏ ရေရှည်တွင်တည်ရှိမည့် လမ်းကြောင်းနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုတွင် ရှိသော ၎င်းတို့၏အခန်းကဏ္ဍကို လက်တွေ့ကျနမှု ရှိအောင် ထည့်သွင်းစဉ်းစားသင့်သည်။

ဘေးအန္တရာယ်တစ်ခုအတွက် မည်သည့်အထောက်ပေးဝေရေး ဆောင်ရွက်ချက်မဆိုတွင် အရေးပေါ် အသက်ကယ်ဆယ်ရေး အထောက်အပံ့များသည် ပဓာနကျသောအရာဖြစ်သည်။ တစ်ဆက်တည်းမှာပင် ထိုအဆင့်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အားလုံးပါဝင်စေမှုတို့သည် အထောက်အပံ့ပေးဝေရေးတွင် အဓိကကျသော လက္ခဏာရပ်များ ဖြစ်ကြသည်။ ထို့နောက် ထိုသို့လက်တွေ့ကျနစွာစဉ်းစားပြီးနောက် အထောက်အပံ့ပေးသည့်သူများသည် သက်ရောက်ခံမိသားစုများ၏ အသက်မွေးမှုများ ပြန်လည်တည်ဆောက်ရေးအတွက် ရေရှည်နည်းဗျူဟာများကိုရေးဆွဲပြီး အသက်မွေးမှုလုံးဝပြောင်းလဲသွားသောသူများအတွက် စီးပွားရေးအခွင့်အလမ်းအသစ်များကို ရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ နည်းဗျူဟာတစ်ခုမရှိပါက ထောက်ပံ့ရေးသည် သူ၏သဘောသဘာဝအရ ကမောက်ကမဖြစ်ခြင်း (သို့) တလွဲအသုံးချခြင်းတို့ကို ဖြစ်ထွန်းစေနိုင်သည်။

သုတေနသနများတလျှောက်တွင် မြစ်ဝကျွန်းပေါ်ဒေသတွင်ရှိသော အဓိကအသက်မွေး အုပ်စုများဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် လယ်ယာလုပ်သားတို့၏ အသက်မွေးဝမ်းကျောင်းများမှာ တက်ကျပြောင်းလဲလျက်ရှိသည်။ လုပ်ဖက်ကိရိယာအသစ်များသည် ငါးဖမ်းလှေများကို ဝေးဝေးငါးဖမ်းနိုင်အောင် အထောက်အကူဖြစ်စေပြီး အရည်အသွေးကောင်းမွန်သော မျိုးစေ့များနှင့် ဈေးကွက်ချိတ်ဆက်မှုကောင်းလာခြင်းတို့သည် လယ်သမား၏ တစ်ဧကအမြတ်အစွန်းကို တိုးမြင့်လာစေသည်။ သို့သော် ထိုအသက်မွေးမှုများသည် ရာသီဥတုပြောင်းလဲမှုနှင့် အလုပ်သမားပြတ်လပ်မှုများ၏ အန္တရာယ်ကို ရင်ဆိုင်နေကြရပြီး ၎င်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိလူများ၏ ဝင်ငွေနှင့် အလုပ်အကိုင်များအတွက် ထောက်တိုင်သဖွယ်ဖြစ်သော ၎င်းတို့၏ အခန်းကဏ္ဍကို လျော့ပါးစေသည်။ အစိတ်စိတ်အမွှာမွှာဖြစ်နေသော လူမှုစီးပွားအခြေအနေကို ပြန်လည်တည်ဆောက်ရန် ဘေးအန္တရာယ်အလွန်ထောက်ပံ့မှုသည် ထိုအသက်မွေးမှုများ၏ လမ်းကြောင်းကို လစ်လျူရှု၍မရဘဲ မြန်မာ့နိုင်ငံကျေးလက်ဒေသရှိ စပါးထုတ်လုပ်မှုစီးပွားရေးအတွင်း၌ ပြောင်းလဲမှုများကို ကြိုတင်မျှော်မှန်းပြီး အခြေအနေအချိန်အခါအလိုက် ပြောင်းလဲလုပ်ဆောင်ရမည်ဖြစ်သည်။

## ဘေးအန္တရာယ်များသည် ရပ်ရွာများ၏ လူမှုရေး ထုံးနှောင်မှုများကို ပြောင်းလဲစေပြီး ကျေးရွာဘဝ များကို ယခင်အစီအစဉ်ကျနသည့်အရာများအား ရေရှည်နည်းဖြင့် တစ်မျိုးပြောင်းလဲသွားစေသည်။

အထောက်အပံ့တစ်ခုသည် ၎င်းနေရာတွင် မရှိတော့သည့် လူ့အဖွဲ့အစည်းတစ်ခုကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခြင်းထက် ဆိုခဲ့သော ကျယ်ပြန့်သည့် ပြောင်းလဲမှုအမျိုးမျိုးနှင့် လုံးထွေးသတ်ပုတ်ရမည်ဖြစ်သည်။ လူမှုရေးစည်းနှောင်မှုကို ပျက်စီးသွားစေသည့် အထင်ရှားဆုံးအရာမှာ မြစ်ဝကျွန်းပေါ်ဒေသအပြင်သို့ ရွှေ့ပြောင်းအလုပ်လုပ်ကြခြင်းဖြစ်ကာ ရွာတွင် လူငယ်အနည်းစုသာကျန်ရစ်ခဲ့ပြီး ၎င်းတို့၏မိသားစုစီးပွားရေးတွင် ဝင်ရောက်လုပ်ကိုင်မှုနှင့် ရပ်ရေးရွာရေးတွင် ပါဝင်မှုတို့မှာ နည်းသွားခဲ့သည်။

ထိုအခြေအနေသည် မြစ်ဝကျွန်းပေါ်တွင်သာ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ လျင်မြန်စွာမြို့ပြအသွင်ကူးပြောင်းနေသည့် ကမ္ဘာကြီးတွင် နေရာအနှံ့ မြင်တွေ့နေရသည်။ SIM ရပ်ရွာများတွင် ရွှေ့ပြောင်းအလုပ်လုပ်ခြင်း၏ စိန်ခေါ်မှုများကို ကြုံတွေ့နေရဆဲဖြစ်ပြီး ကျေးရွာအများအပြားသည် နာဂစ်တိုက်ခတ်ခဲ့သောအချိန်တွင် သက်ကြီးရွယ်အိုမျိုးဆက်တစ်ဆက်ကို ဆုံးရှုံးခဲ့ရသည်။ ရွှေ့ပြောင်းအလုပ်လုပ်မှုမှာ ဆက်လက်ဖြစ်ပေါ်နေပြီး ကျေးရွာလူဦးရေမှာ လျော့နည်းလာသောကြောင့် အထောက်အပံ့ပေးသူများသည် ကျေးရွာများ တဖြည်းဖြည်းပျောက်ဆုံးလာမှုကို ကြုံလာရသည်။ ထိုအရေးကိစ္စသည်လည်း အထူးအလေးပေး ဂရုပြုသင့်သည့်ကိစ္စဖြစ်သည်။

## မြစ်ဝကျွန်းပေါ်ဒေသသို့ အနာဂတ်ဖွံ့ဖြိုးရေး အထောက်အပံ့များအတွက်

ဧရာဝတီမြစ်ဝကျွန်းပေါ်သည် နာဂစ်၏ ပြင်းထန်သောသက်ရောက်မှုများမှ နည်းအမျိုးမျိုးဖြင့် ပြန်လည်ထောင်မတ်လာလျက်ရှိသည်။ အိမ်များနှင့် ကျေးရွာအခြေခံအဆောက်အအုံ အများအပြားကို ပြန်ဆောက်ခြင်း (သို့) ပိုကောင်းအောင်ဆောင်ရွက်ခြင်း၊ လယ်မြေများကို နှစ်စဉ်ပြန်စိုက်ခြင်း (တစ်ခါတရံ နှစ်ခါပြန်စိုက်ခြင်း)နှင့် လမ်းသစ်များမှ ကူးလူးသွားလာခြင်းကို တိုးမြင့်စေခြင်းစသည်တို့ ဖြစ်ပေါ်လျက်ရှိသည်။ သို့သော် ဒေသသည် နာဂစ်နှင့် မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော နိုင်ငံရေးနှင့်စီးပွားရေး အသွင်ကူးပြောင်းမှုများကြောင့် ယခင်အခြေအနေကို ပြန်မရနိုင်လောက်အောင် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးမှာ လုပ်သားအင်အားကိုသာ အားထားရသော စိုက်ပျိုးရေးနှင့် မွေးမြူရေးစနစ်များမှ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကျေးရွာလူဦးရေမှာနည်းပါးလာပြီး ကျေးရွာဝေလေ့များကို ထိန်းသိမ်းမည့် လူငယ်အရေအတွက်နည်းပါးသော နေရာများတွင် ကျေးရွာ၏လူမှုအဆောက် အအုံသည် အသစ်ဖြစ်တည်လာသောအရာများနှင့်အညီ လက်တွေ့ကျနစွာ လိုက်လျောညီထွေ ဖြစ်လျက်ရှိသည်။

ဖွံ့ဖြိုးရေးလုပ်ဆောင်သူများမှ ရေရှည်တည်တံ့သော လုပ်ငန်းအစီအစဉ်များကို ရှာဖွေဖော်ထုတ်နေစဉ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၏ လက်ရှိဖြစ်ပေါ်နေမှုများသည် အသိအမြင်ရစေပြီး နိုင်ငံအစိုးရ၊ အလှူရှင်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အေဂျင်စီများကို သင်ခန်းစာများပေးလျက်ရှိသည်။

### ရာသီဥတုပြောင်းလဲခြင်းကို လိုက်လျောညီထွေဖြစ်စေမှုနှင့် သက်ရောက်မှု နည်းနိုင်သမျှနည်းအောင် လျှော့ချမှု

အထက်တွင်ဆွေးနွေးခဲ့သကဲ့သို့ ရာသီဥတုပြောင်းလဲမှုသည် အသက်မွေးမှုများနှင့် လူမှုပြောင်းလဲမှုများကို သက်ရောက်နေသည့် အပြင်းထန်ဆုံးအားတစ်ခုအဖြစ် ဧရာဝတီမြစ်ကျွန်းပေါ်ဒေသတွင် အလုပ်လုပ်နေသောသူများအားလုံး သိရှိထားရမည်ဖြစ်သည်။ ခန့်မှန်းမရသော ရာသီဥတုအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းမပြုသည့် အစီအစဉ်များ၊ မိုးကာလခန့်မှန်းမရခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်မှုများလာခြင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်မားလာခြင်းတို့သည် ၎င်းတို့အလုပ်လုပ်ပေးနေသော ရပ်ရွာများအတွက် ကောင်းကျိုးနှင့် ရေရှည်တည်တံ့မှုများကို ပေးစွမ်းရာတွင် အခက်အခဲဖြစ်စေသည်။ လတ်တလောကာလများအတွင်း အထူးသဖြင့် ဘေးအန္တရာယ်ပြင်ဆင်ဆောင်ရွက်ရေး၊ တမံဖို့ခြင်းနှင့် ကျေးရွာကိုယ်ထူကိုယ်ထ ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ၏ကဏ္ဍကဲ့သို့သော ဆောင်ရွက်ချက်များမှ SIM ကျေးရွာများရရှိခဲ့သည့် အတွေ့အကြုံသင်ခန်းစာများ များစွာရှိသည်။

#### *ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု*

နာဂစ်ပြီးပြီးချင်းနှစ်များတွင် ဘေးအန္တရာယ်ပြင်ဆင်ဆောင်ရွက်ရေးသည် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင်သာမက SIM ကျေးရွာများနှင့် ရပ်ရွာများအတွင်းပါ တွေ့ရသော အရေးကြီးသည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်ခဲ့သည်။ နာဂစ်အပြီး ၁၀ နှစ်တာကာလတွင် နာဂစ်၏မှတ်ဉာဏ်များသည်လည်း တဖြည်းဖြည်း မှိန်ဖျော့လာခဲ့သည်။ လွန်ခဲ့သော ၇ နှစ်အတွင်း ပုံမှန်ရေလွှမ်းခြင်းနှင့် မုန်တိုင်းငယ်များမှအပ ပြင်းပြင်းထန်ထန်ဘေးများ မရှိခဲ့ခြင်းကြောင့် ဘေးအန္တရာယ်ပြင်ဆင်ဆောင်ရွက်မှုအတွက် အချိန်နှင့်ငွေကို အရေးတကြီးအသုံးပြုခြင်းသည် နာဂစ်ဒဏ်အဆိုးဆုံးထိခိုက်ခံရသော ကျေးရွာများတွင်မှအပ မတွေ့ရတော့ပေ။ အလှူရှင်များ မရှိချိန်မှစ၍ ကော်မတီများ၏ ဆောင်ရွက်ချက်များမှာလည်း ပျောက်ကွယ်သွားခဲ့သည်။ ရပ်ရွာအများစုသည် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) တစ်ခုထက် ဘာသာရေးအဆောက်အအုံများ (သို့) စပါးသိုလှောင်ရန် အစီအမံများတွင်သာ ရင်းနှီးမြှုပ်နှံကြသည်။ အနာဂတ်ဘေးအန္တရာယ်အတွက် ပြင်ဆင်ဆောင်ရွက်ခြင်းသည် အကျိုးဖြစ်မှုနည်းသည်ကို တွေ့မြင်ရပြီး မိုးခေါင်ခြင်းကြောင့်ကျရောက်လာသည့် ပိုးမွှားများဒဏ်ကို တွန်းလှန်ရန် ရုန်းကန်နေရသည့် လယ်သမားများအတွက် မုန်တိုင်းမှရှင်သန်နိုင်အောင်၊ ဒဏ်ခံနိုင်အောင် ဆောင်ရွက်သည့် DRR အစီအစဉ်များမှာ အရေးကြီးမှုမရှိတော့ပေ။ သို့သော် SIM များအတွင်း အိမ်ထောင်စုများရရှိခဲ့သော အတွေ့ကြုံများသည် ကြိုတင်ပြင်ဆင်သူ၊ စပါး၊ ရေ၊ ဆီနှင့် စာရွက်စာတမ်းများကို သိမ်းထားရန်သိရှိသူ၊ ထိခိုက်လွယ်ရွာများမှ မည်သို့လွတ်အောင်ပြေးရမည်ကိုသိရှိသူနှင့် ရေဒီယိုမှ မုန်တိုင်းသတိပေးချက်ကို နားထောင်နိုင်သည်ကို သိရှိသူများသည် မသိရှိသူများထက် ပိုပြီးသာလွန်ကြသည်ကို ပြသနေသည်။ မြစ်ဝကျွန်းပေါ်ရပ်ရွာများတွင် အနာဂတ်ဘေးတစ်ခုခုအတွက် ပြင်ဆင်နိုင်သမျှ ပြင်ဆင်နိုင်စေရန် အစိုးရနှင့် အလှူရှင်များမှ အထူးပြုဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ၎င်းတို့သည် နာဂစ်အပြီး ထူထောင်ခဲ့သော DRR အစီအမံများတွင် ဆက်လက်ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

#### *တမံဖို့ခြင်း*

လာမည့်နှစ်များတွင် မြစ်ဝကျွန်းပေါ်ဒေသတွင် မည်သည့်အချိန်ရေကြီးမလဲဆိုသည်နှင့် ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၏ အစီအစဉ်ရေးဆွဲမှုများသည် အဆိုပါ မရေရာသည့်အနာဂတ်ကို ထည့်သွင်း စဉ်းစားရန်လိုသည်။ ကျေးရွာတစ်ရွာ၏ စိုက်ပျိုးရေးရလဒ်များတွက် အရေးအကြီးဆုံး ညွှန်ကိန်းများမှတစ်ခုသည် စပါးခင်းများကို ရေလွှမ်းခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်းမှ အကာအကွယ်ပေးသည့် တမံများတည်ရှိမှု ဖြစ်သည်။

ခိုင်ခန့်စွာတည်ဆောက်ထားသော တမံများသည် အချိန်နှင့် ငွေအင်အား များစွာကုန်ကျခြင်းကြောင့် ကျေးရွာအဖွဲ့များမှ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်နိုင်စွမ်းမရှိပါ။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း တမံတည်ဆောက်ရန် လိုအပ်ခြင်းသည် ယခုတွေ့ရှိရသည့် တွေ့ရှိချက်အသစ်တစ်ခု မဟုတ်ပေ။ တချို့သောတမံများကို လွန်ခဲ့သော ၁၀ နှစ်ကျော်က အစိုးရနှင့်ကမ္ဘာ့ဘဏ်အကူအညီများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသတလွှား တမံတည်ဆောက်ခြင်း အစီအစဉ်များကို ထောက်ပံ့ပေးခြင်းသည် စိုက်ပျိုးရေးမှ အမြတ်အစွန်းရရှိမှုကစပြီး မြေယာမဲ့များ အလုပ်အကိုင်အသစ်များရရှိစေမှုနှင့် DRR ဆောင်ရွက်ချက်များအထိ အမျိုးမျိုးအသုံးဝင်မည်ဖြစ်သည်။

### *ရပ်ရွာအခြေပြုဖွံ့ဖြိုးရေး/မြစိမ်းရောင်အမျိုးအစားဆောင်ရွက်ချက်များ*

တမံတည်ဆောက်ခြင်းကဲ့သို့သော ကြီးမားသည့်အခက်အခဲများအပြင် မြစ်ဝကျွန်းပေါ်ရပ်ရွာများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များမှာ ဒေသလိုအပ်ချက်များဖြစ်ကြပြီး ရပ်ရွာများသည်သာ ထိုလိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်သည့် အစီအစဉ်များကို အကောင်းဆုံးဖော်ထုတ်ပြီး ဒီဇိုင်းဆွဲနိုင်မည်ဖြစ်သည်။ လတ်တလော နှစ်ကာလများအတွင်းတွင် အစိုးရ၏မြစိမ်းရောင်စီမံကိန်း ချဲ့ထွင်လာမှု၊ LIFT နှင့် ကမ္ဘာ့ဘဏ်မှ ငွေကြေးထောက်ပံ့သော ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးစီမံကိန်းတို့သည် ချေးငွေရရှိမှုနှင့် အခြေခံအဆောက်အအုံအခက်အခဲများကို ဒေသနည်းဖြင့် ဖြေရှင်းနိုင်စေသည်။

မည်သည့်အစီအစဉ်ကမျှ ကုထုံးတစ်ခုမဟုတ်သေးဘဲ ဒေသတွင်းအခက်အခဲများကို ဖော်ထုတ်လိမ့်မှုရန် ရပ်ရွာအဆင့် ကြိုးပမ်းမှုများအတွက် ငွေကြေးထောက်ပံ့နိုင်မှု အတိုင်းအတာတစ်ခုမှာ ရှိနေသေးသည်။ ရပ်ရွာများမှ ထုတ်ဖော်ပြောကြားသော ကျေးရွာအခြေခံအဆောက်အအုံ၊ ချေးငွေလက်လှမ်းမီမှုနှင့် အသက်မွေးမှုအခွင့်အလမ်းများ များပြားလာမှုတို့နှင့် သက်ဆိုင်သည့် အခက်အခဲအများစုကို အဆိုပါစီမံကိန်းများမှ တစ်စိတ်တစ်ပိုင်းပြေလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြစ်ဝကျွန်းပေါ်ဒေသမှလူများ ဆက်လက်ခံစားနေရသောထိခိုက်လွယ်မှုများကိုလျှော့ချနိုင်လိမ့်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်များကို ဖန်တီးလိုက်နိုင်ခြင်းသည် ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲရေး (CBDRM) စံပြအင်္ဂါရပ်တစ်ခု ပြုလုပ်ရန်အတွက် အသုံးချနိုင်သည် (သို့) အသုံးချသင့်သည်။ ဘေး အန္တရာယ်၏သက်ရောက်မှုများသည်ရှုပ်ထွေးသောဖွံ့ဖြိုးရေးအရင်းအမြစ်များကို ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ချက်များတွင် လွှဲပြောင်းအသုံးပြုခြင်းအပါအဝင် နွမ်းပါးသောရပ်ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျားကုတ်ကျားခဲရယူထားသော အားလုံးပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ လျော့ပါးစေနိုင်သည်။ (CBDRM) ကို ဆောင်ရွက်ချက်များတွင် နည်းအမျိုးမျိုးဖြင့် ထည့်သွင်းနိုင်သည်။ ဥပမာ- လူမှုရေးအကြိုပြင်ဆင်မှုအဆင့်နှင့် စီမံကိန်းစက်ဝန်း၏ အဓိကအဆင့်များအတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် အသိဉာဏ်ပညာတည်ဆောက်ပေးခြင်းနှင့် ထောက်ပံ့ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးမှုစီမံကိန်းနှင့် မြို့နယ်စီမံကိန်းတို့အကြား ချိတ်ဆက်မှုများ အားကောင်းလာစေရန်အတွက် ပိုမိုကျယ်ပြန့်သော မူဝါဒဆွေးနွေးမှုတစ်ရပ်ကို ပြုလုပ်ခြင်း၊ ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲရေးတွင် NGO များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများအကြား ပူးပေါင်းအကောင်အထည်ဖော်မှုတစ်ရပ်ကို ဖန်တီးပေးခြင်း[၂၉]။

## အသက်မွေးမှုဖွံ့ဖြိုးတိုးတက်ခြင်း

### *လယ်သမားများအတွက် သင်တန်းများ*

စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးဝန်ဆောင်မှုများသည် စိုက်ပျိုးရေးအမြတ်အစွန်းရရှိမှုအတွက် အရေးကြီးသည့်အရာများဖြစ်သည်။ ပိုကောင်းသော စိုက်ပျိုးရေးသွင်းအားစုများကို လက်လှမ်းမီလာခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများအတွက် အရေးကြီးသော ခြေလှမ်းသစ်တစ်ခု ဖြစ်လာသော်လည်း ၎င်းတို့၏စိုက်ပျိုးနည်းစနစ်ကောင်းများ သိရှိမှုနည်းပါးမှုသည် အထွက်နှုန်းတိုးတက်မှုကို အကန့်အသတ် ဖြစ်စေသည်။

ယနေ့အချိန်အထိ တိုးချဲ့ပညာပေးဝန်ဆောင်မှု (အထူးသဖြင့် သင်တန်းများ) သည် SIM ကျေးရွာများအတွင်း နည်းပါးနေသေးပြီး NGO ထောက်ပံ့သူများ၏ အထူးနယ်ပယ်တစ်ရပ် ဖြစ်နေသေးသည်။ ဓာတ်မြေသြဇာအသစ်များ၊ မြေအရည်အသွေးစမ်းသပ်မှု၊ အခြားတိုးချဲ့ပညာပေးဝန်ဆောင်မှုများနှင့် သက်ဆိုင်သည့် အမှုအကျင့်ကောင်းများ၊ သတင်းအချက်အလက်များကို လယ်သမားများ ပိုမိုလက်လှမ်းမီလာကြသည်။ ထိုအရာသည် ရေရှည်စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် လယ်သမားများအတွက် အလုပ်သမားရှားပါးပြီး ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို ချွေတာသောနည်းဖြင့် အသုံးချလိုသည့် နေရာများတွင် ပိုမိုအသုံးဝင်သည်။ သင်တန်းများမရှိလျှင် ဓာတုဓာတ်မြေသြဇာများ အသုံးပြုခြင်းသည် စိုက်ပျိုးရေးရလဒ်များ၊ ဒေသပတ်ဝန်းကျင်နှင့် သီးနှံအရည်အသွေးတို့အပေါ် ဆိုးကျိုးများသက်ရောက်စေနိုင်သည်။

### *ရေလုပ်သားများအတွက် တရားမျှတမှု*

SIM ကျေးရွာများရှိ ရေလုပ်သားများသည် တရားမျှတမှုမရှိဟု ခံစားနေရသည်။ နာဂစ်အပြီး ပထမတစ်နှစ်တွင် ၎င်းတို့သည် လယ်သမားနှင့်ယှဉ်လျှင် အထောက်အပံ့ရရှိမှုနည်းပါးပြီး[၃၀] ရေလုပ်ငန်း

[၂၉] World Bank. 2018. Integrating Community-Based Disaster Risk Management into Myanmar's National Community-Driven Development Program: Guidance Note. Draft.

[၃၀] Tripartite Core Group. 2010. Op. cit.

လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် ပြိုင်ဆိုင်မှုမှာ လတ်တလောနှစ်ကာလများအတွင်း ပိုမိုခဲယဉ်းလာခဲ့သည်။ ကျေးရွာအဆင့် ရေလုပ်ငန်းလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများမှာ ရှုပ်ထွေးပြီး မြို့နယ်တစ်ခုနှင့်တစ်ခု၊ နှစ်တစ်နှစ်နှင့်တစ်နှစ်လည်း မတူညီပေ။ ရေလုပ်သားငယ်များသည် ရေလုပ်ငန်းကြီးများကြောင့် ငါးဖမ်းပိုက်များနှင့် ငါးဖမ်းနယ်မြေများ ဆုံးရှုံးခြင်းကဲ့သို့သော ဆိုးကျိုးများကို ခံစားနေကြရသည်။ ၎င်းအပြင် အဆိပ်ချခြင်း၊ မိုင်းခွဲခြင်းနှင့် လျှပ်စစ်ရှော့တိုက်ခြင်းအပါအဝင် တရားမဝင် (သို့သော် အများကျင့်သုံးနေသော) ငါးဖမ်းနည်းစနစ်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အပြင် တရားသောနည်းလမ်းဖြင့် ငါးဖမ်းအသက်မွေးနေသော ရေလုပ်သားများကိုပါ ထိခိုက်စေနိုင်သည်။ အစိုးရနှင့် အခြားဖွံ့ဖြိုးရေးဆောင်ရွက်သူများသည် ကျေးရွာအဆင့် ရေလုပ်ငန်းဆောင်ရွက်မှုများအတွက် ပိုမိုတရားမျှတသော အပိုင်းအဝန်းများ ဖန်တီးပေးရန် ပိုမိုအားစိုက်လုပ်ဆောင်သင့်သည်။

# အခန်း ၉

## စာပေများတွင်ပါရှိသော နာဂစ်အလွန် လူမှုအကျိုးသက်ရောက်မှုများ

ရပ်ရွာများ၏ သဘာဝဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်စွမ်းကို လေ့လာသည့် သုတေသနများ ကျယ်ပြန့်စွာ လုပ်ဆောင်နေကြသော်လည်း ဘေးအန္တရာယ်တစ်ခု၏ ရေရှည်လူမှုအကျိုး သက်ရောက်မှုများကို လေ့လာမှုပြုထားသည့် စာပေများမှာ နည်းပါးသေးသည်။[၃၁] ဥပမာ - ပီရူးတွင် ၁၉၇၀ Ancash မြေငလျင်အပြီး သီရိလင်္ကာတွင် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီအပြီး နယူးအော်လန်တွင် ၂၀၀၅ Katrina ဟာရီကိန်းအပြီး စသည်ဖြင့် အမျိုးမျိုးလေ့လာခဲ့ကြသည်။ လေ့လာမှုအများအပြားမှာ သက်ရောက်ခံရပ်ရွာများနှင့် အိမ်ထောက်စုများကို နှစ်ကာလတိုတစ်ခုအတွက်သာ လေ့လာမှုပြုခဲ့ခြင်းဖြစ်ပြီး နေရာတစ်ခုကို နှစ်ကာလရှည်ကြာ အစဉ်တစိုက်လေ့လာမှုပြုခဲ့ခြင်းမျိုး နည်းပါးသည်။ ထို့ကြောင့် နာဂစ်လွန် ၉ နှစ်တာကာလများအတွင်း သက်ရောက်ခံကျေးရွာများကို အစဉ်တစိုက်လေ့လာမှုပြုသော SIM သည် သုတေသနနယ်ပယ်အတွက် အရေးကြီးသော အထောက်အပံ့တစ်ခု ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ၏ ရေရှည်စီးပွားရေးနှင့် လူမှုရေး အကျိုးဆက်များနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများ ရှိကြသည်။ ထို့သို့ရှိသည်မှာလည်း မထူးဆန်းပါ။ အကြောင်းမှာ ဘေးတစ်ခုစီတိုင်းသည် မတူညီသော သက်ရောက်မှုများရှိပြီး တစ်ဦးတစ်ယောက်စီနှင့် ရပ်ရွာတစ်ခုစီကို ကွဲပြားစွာ သက်ရောက်လျက် ပြန်လည်ထူထောင်နိုင်မှုများမှာလည်း မတူညီပေ။ ထို့ကြောင့် SIM ၏ တွေ့ရှိချက်များသည် ယခင်သုတေသနစာပေများရှိ တွေ့ရှိချက်များကို ထင်ဟပ်လျက်ရှိပြီး တချို့မှာလည်း အသစ်တွေ့ရှိချက်များ ဖြစ်ကြသည်။ ဤအပိုင်းသည် စာပေများတွင်ပါရှိသော ဘေးအန္တရာယ်အလွန် သက်ရောက်မှုနှင့် ပြန်လည်ထူထောင်မှုရှုထောင့်အရ SIM ၏ အရေးအကြီးဆုံး ရှာဖွေတွေ့ရှိချက်များကို အနှစ်ချုပ်ထားခြင်း ဖြစ်သည်။

### စဉ်ဆက်မပြတ်ဖြစ်စဉ်တစ်ခုဖြစ်ပေါ်နေသော ပြန်လည်ထူထောင်မှု

ပြန်လည်ထူထောင်ရေးသည် စဉ်ဆက်မပြတ်ဖြစ်စဉ်တစ်ခုဖြစ်ပြီး အချိန်ကာလတစ်လျှောက် ရှည်ကြာစွာဖြစ်ပေါ်နေပြီး နောက်ဖြစ်ရပ်တစ်ခု မစတင်မီအထိ ရှည်ကြာသည်ဟု လေ့လာထားသော စာပေများမှ ဆိုကြသည်။ ပြန်လည်ထူထောင်ချိန် ကြာမြင့်လေလေ မူလဖြစ်ရပ် နှင့်/သို့ ဘေးအန္တရာယ်အသစ်နှင့် ဖွံ့ဖြိုးမှုများ၏ သွယ်ဝိုက်သက်ရောက်နေမှုသည် ပိုမိုပြင်းထန်လေလေဖြစ်သည်။ စာပေများတွင် တစ်ဦးတစ်ယောက်ချင်းစီ၏ ပြန်လည်ထူထောင်မှုနှင့် ရပ်ရွာများ၏ ပြန်လည်ထူထောင်မှုကို ခွဲခြားလေ့လာထားပြီး ဘေးအန္တရာယ်တစ်ခုသက်ရောက်မှု၏ ထိခိုက်လွယ်မှုသည် ရွေ့လျားပြောင်းလဲသည့် သဘောဆောင်ပြီး တုံ့ပြန်ချိတ်ဆက်နေသော ဘေးများနှင့် ဖိအားများမှ ၎င်းကို ပုံဖော်လျက်ရှိသည်။

ပြန်လည်ထူထောင်မှုဆိုသည်မှာ ကနဦးဘေးအန္တရာယ်တစ်ခု၏ နောက်ဆက်တွဲ ပြင်ပသက်ရောက်မှုမြောက်များစွာအား တုံ့ပြန်ပြီး အချိန်ကာလတစ်လျှောက် ပြောင်းလဲဖြစ်ပေါ်လာသော လှုပ်ရှားပြောင်းလဲနေသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်ကို SIM မှ သရုပ်ပြသလျက်ရှိသည်။ SIM သုတေသနအသစ် တစ်ခါပြုလုပ်တိုင်းတွင် ထိုအချိန်က ကြိုမမြင်နိုင်သေးသော ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲ

[၃၁] See, for instance, Martin-Breen, Patrick, and J. Marty Anderies. 2011. Resilience: A Literature Review. The Rockefeller Foundation; Burton, Cynthia. 2014. Social Risk in Post-Disaster Contexts: Guidance Note. The World Bank; Noy, Ilan, and William duPont IV. 2016. The Long-Term Consequences of Natural Disasters-A Summary of the Literature. SEF Working paper 02/2016. Victoria University of Wellington; and World Bank. 2018. Community Resilience and Social Impacts of Natural Disasters: An Annotated Select Bibliography.

မှုများအရ ဖြစ်ပေါ်တည်ရှိနေသည့် ပြောင်းလဲမှုလမ်းကြောင်း အသစ်တစ်ခုစီကို ဖော်ထုတ်ပေးခဲ့သည်။ ဥပမာ- နာဂစ် အပြီး ၂ နှစ်အကြာတွင် အလုပ်သမားများသည် အဆိုးရွားဆုံး အကျပ်အတည်းဖြင့် ရင်ဆိုင်ခဲ့ရသည်ကို တွေ့ရှိခဲ့သော်လည်း နောင် ၇ နှစ်အကြာတွင် ၎င်းတို့သည် ပြန်လည်ထူထောင်နိုင်မှု အမြင့်ဆုံး အသက်မွေးအုပ်စု တစ်စု ဖြစ်နေသည်ကို တွေ့ရှိခဲ့သည်။

အသေးစိတ်ခွဲခြမ်းပြသရန် ခဲယဉ်းသော်လည်း နာဂစ်၏ တိုက်ရိုက်သက်ရောက်မှုများကြောင့် ဖြစ်ပေါ်သည့် ကျေးရွာများတွင် အစီစဉ်တကျတည်ရှိခဲ့သောအရာများ ဆုံးရှုံးသွားခြင်းသည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးအပေါ်တွင် အရိပ်ကျလျက်ရှိသည်။ နာဂစ်သာမဖြစ်ခဲ့ပါက လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးများကို ပိုမိုရင်ဆိုင်ကျော်လွှားနိုင်လိမ့်မည် ဖြစ်သည်။ လူမှုစီးပွားဆောင်ရွက်ချက်များနှင့် လူမှုဆက်ဆံရေးတို့ကို စဉ်ဆက်မပြတ်လေ့လာခြင်းသည် နာဂစ်သက်ရောက်ခံရသော ကျေးရွာများ၏ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ပြန်လည်ထူထောင်ရေး (နှင့် ဖွံ့ဖြိုးရေး) ထောက်ပံ့ကူညီမှုများကို ဖော်ထုတ်ရာတွင် အဓိကကျသည်ကို SIM မှ သက်သေခံခဲ့သည်။ ၎င်းမှာ SIM သုတေသန၏ မူလအဆိုကြမ်းပင်ဖြစ်သည်။

## ဒေသတွင်းစီးပွားရေးတွင် ဆင်းရဲတွင်းနက်လာခြင်းနှင့် ဖွဲ့စည်းပုံပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်း

ဆင်းရဲသောပြည်သူများ၊ ရပ်ရွာများနှင့် နေရာဒေသများအတွင်း သဘာဝဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုကြောင့် ဝင်ငွေများ ပုံသေကျဆင်းသွားကြခြင်းနှင့် ပတ်သက်သည့် သာဓကများစွာကို စာပေများတွင် ဖော်ပြထားကြသည်။ လူဦးရေပြောင်းရွှေ့မှုများ၊ ဝင်ငွေ၊ ပိုင်ဆိုင်ပစ္စည်းဈေးနှုန်းများ ကျဆင်းခြင်းနှင့် စီးပွားရေးလုပ်ဆောင်ချက်ကဏ္ဍများအတွင်း ပုံသေပြောင်းလဲသွားမှုများသည် အဖြစ်အများဆုံးသော သရုပ်သကန်များ ဖြစ်ကြသည်။

ထိုတွေ့ရှိချက်များကို SIM မှ အဆင့်နှစ်ဆင့်တွင် ဖော်ထုတ်ထားသည်။ ပထမတစ်ခုမှာ ပြန်လည်ထူထောင်နိုင်ပါပြီဟု ယူဆသော ကျေးရွာများတွင်ပင်လျှင် နာဂစ်မတိုင်မီကတည်းက ဆင်းရဲခဲ့သော အိမ်ထောင်စုများမှာ ခိုကိုးရာမဲ့ဖြစ်သွားပြီဖြစ်သည်။ တခြားသူများမှာ မုန်တိုင်းကြောင့် ဆင်းရဲသွားကြခြင်းဖြစ်သည်။ နာဂစ်အလွန် ထောက်ပံ့မှုများအရ ၎င်းတွင် အထောက်အပံ့ချိန်ရွယ်သတ်မှတ်မှုကို အလေးထားသည်။ ၎င်းအပြင် နာဂစ်အလွန် ထောက်ပံ့မှုများတွင် အိမ်ထောင်စုများ၏ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်တည်ရှိနေမှုများကို အားလုံးပူးပေါင်းပါဝင်စေသောနည်းဖြင့် ခြေရာခံထားသော SIM ၏ အသုံးဝင်မှုကို ထပ်မံမီးမောင်းထိုးပြထားသည်။

ဒုတိယတစ်ခုမှာ နာဂစ်ပြီးကတည်းက အသက်မွေးအုပ်စုများအားလုံး အကြားစီးပွားရေးလုပ်ဆောင်ချက်များအားဖြင့်သော်လည်းကောင်း၊ ၎င်းတို့၏ လားရာလမ်းကြောင်းများအားဖြင့် သော်လည်းကောင်း စဉ်ဆက်မပြတ် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ လယ်သမားများမှာ ရေလုပ်သားများ ဖြစ်လာသည်၊ ရေလုပ်သားများမှာ ဘောက်လုပ်သားများဖြစ်လာသည်၊ ဘောက်လုပ်သားများမှာ လယ်သမားများ ဖြစ်လာသည်။ နာဂစ်သည် လူဦးရေအရွှေ့အပြောင်းအပေါ်တွင် သက်ရောက်မှုရှိခဲ့သည်။ ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် ပြန်လည်ထူထောင်ရေးကာလများအတွင်း အရေးပါသည့် ရင်ဆိုင်ကျော်လွှားခြင်း နည်းလမ်းတစ်ရပ်ဖြစ်ခဲ့သည်။ နာဂစ်အပြီး နှစ်အနည်းငယ်အကြာတွင် စတင်ခဲ့သော ရန်ကုန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုသည် ထိုရွှေ့ပြောင်းအလုပ်လုပ်မှုကို ပိုမိုတိုးမြင့်စေခဲ့သည်။

## လူမှုအရင်းအနှီး၏ အရေးပါမှု

စာပေများတွင် လူမှုအရင်းအနှီးကို ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော အရာအဖြစ် ဖော်ပြထားသည်။ တချို့နေရာများတွင် လူမှုအရင်းအနှီးကို ပြန်လည်ထူထောင်ရေး၏ အဓိကအင်ဂျင်ဟု ဆိုထားသည်။ လူမှုအရင်းအနှီး ပိုမိုခိုင်မာသော ရပ်ရွာများသည် အားနည်းသော ရပ်ရွာများထက်ပို၍ လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ကြသည်။ လူမှုပေါင်းစည်းညီညွတ်မှုသည် ဘေးတစ်ခု သက်ရောက်မှုအပြီးတွင် ရပ်ရွာအတွင်း အတူတကွရင်ဆိုင်လုပ်ဆောင်ကြခြင်းကြောင့် (အနည်းဆုံး ယာယီအားဖြင့်ဖြစ်စေ) တိုးမြင့်လာတတ်သည်။

ခိုင်မာသော လူမှုအရင်းအနှီးရှိသည့် ရပ်ရွာများကို ဖော်ညွှန်းနေသည့် အရာများမှာ (ရပ်ရွာသူရွာသားများ၊ အစိုးရအရာရှိများနှင့်) ယုံကြည်မှုအဆင့်မြင့်မားကြခြင်း၊ လူမှုရေးအခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အတူတကွ ပေါင်းစည်းလုပ်ဆောင်နိုင်သော စွမ်းရည်ရှိခြင်းတို့ဖြစ်သည်။ မိသားစု၊ မိတ်ဆွေများနှင့် ပိုမိုစည်းစည်းလုံးလုံးရှိသည့် အိမ်ထောင်စုများသည်လည်း အမိုးအကာ၊ သယ်ယူပို့ဆောင်ရေး (သို့) လုပ်ဖက်ကိရိယာထောက်ပံ့မှုများ ပိုမိုရရှိနိုင်ကြခြင်းကြောင့် မြန်ဆန်စွာ ပြန်လည်ထူထောင်နိုင်သည်။ ၎င်းအပြင် ဘေးအန္တရာယ်တစ်ခုနောက်ပိုင်း အထောက်အပံ့ပေးဝေရေး ဆောင်ရွက်ခြင်းများ၏ ပုံစံ/သို့ အကောင်အထည်ဖော်မှုအပေါ်မူတည်ပြီး လူမှုအရင်းအနှီးတစ်ခု၏ တောင့်တင်းမှု (သို့) အားနည်းမှုကို ဖြစ်ပေါ်စေနိုင်သည်ဟု စာပေများမှ ဖော်ပြထားသည်။

လူမှုအရင်းအနှီးသည်သာ "ပြန်လည်ထူထောင်မှု၏ အဓိကအင်ဂျင်" ဖြစ်သည်ဟူသော အတိုင်းအတာအထိ မဟုတ်သော်လည်း လေ့လာခဲ့သော ကျေးရွာများ၏ ပြန်လည်ထူထောင်မှုတွင် လူမှုအရင်းအနှီးမှာ အရေးကြီးကြောင်း SIM မှ သက်သေပြခဲ့သည်။ နာဂစ်အပြီး

ပထမနှစ်များအတွင်းတွင် ပူးပေါင်းဆောင်ရွက်ကြခြင်းသည် ကျေးရွာများ၏ လူမှုအရင်းအနှီးကို များစွာအထောက်အကူပြုခဲ့သည်။ SIM ပြုလုပ် နေစဉ်ကာလများတစ်လျှောက်တွင် ရပ်ရွာသူရွာသားများသည် ကျေးရွာအတွင်းတွင်လည်းကောင်း၊ ကျေးရွာတစ်ခုနှင့်တစ်ခု အကြားတွင်လည်းကောင်း စီးပွားရေးအရ အတူပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် အထောက်အပံ့ ဦးတည်ချိန်ရွယ်မှု ညံ့ဖျင်းသော (သို့) သီးခြားအုပ်စုတစ်စုကိုသာ ရည်ရွယ်ပြီး ထောက်ပံ့မှုပေးခဲ့သော ကျေးရွာများတွင် လူမှုအရင်းအနှီးမှာနည်းပါးပြီး ၎င်းသည် ပြန်လည်ထူထောင်မှုအပေါ် ဆိုးကျိုးသက်ရောက်စေသည်။

ကျေးရွာတွင်းနှင့် ကျေးရွာတစ်ခုနှင့်တစ်ခုအကြား လူမှုဆက်ဆံရေးများသည် နာဂစ်အပြီး ၁၀ နှစ်ကြာသည့်အတိုင်အောင် ကောင်းမွန်နေသေးသည်ဟု SIM ၏ ရေရှည်သက်ရောက်မှုရှုထောင့်မှ တွေ့ရှိခဲ့သည်။ သို့သော်လည်း ထိုကောင်းမွန်မှုသည် နာဂစ်မတိုင်မီက ကောင်းမွန်မှုမျိုးကိုမမီပါ။ တစ်ကိုယ်ကောင်းဆန်ဆန် လုပ်ရှားဆောင်ရွက်မှုများမှာ အထူးသဖြင့် နာဂစ်အပြီး ၅ နှစ်ကျော်ကာလများတွင် ပိုမိုသိသာထင်ရှားလာခဲ့ပြီး မိသားစုအများအပြားသည် ရပ်ရေးရွာရေးနှင့် လူမှုရေးအခမ်းအနားများကို တက်ရောက်နိုင်ခြင်းမရှိတော့ပါ။ ရွှေ့ပြောင်းနေထိုင်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးအသွင်ကူးပြောင်းချိန်တွင် ပိုမိုတိုးမြင့်လာခဲ့သည်။

## ကျေးရွာခေါင်းဆောင်မှု၏ အဓိကအခန်းကဏ္ဍ

ပြန်လည်ထူထောင်မှုတွင် ခေါင်းဆောင်မှု၏အခန်းကဏ္ဍမှာ အရေးကြီးကြောင်း စာပေအများအပြားမှ ထောက်ခံရေးသားထားသည်။ ကျေးရွာ၏ အရပ်သားနှင့်အုပ်ချုပ်ရေးခေါင်းဆောင်များသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် ရပ်ရွာတစ်ခု၏ လူမှုအရင်းအနှီးကို ကောင်းစွာထိန်းချုပ်ချယ်လှယ်ပြီး စုပေါင်းဆုံးဖြတ်ချက်ချမှတ်မှုများကို ပြုလုပ်နိုင်လျှင် ပိုမိုအကျိုးသက်ရောက်မှုရှိသည်။ လူမှုအရင်းအနှီးခိုင်မာပါက ခေါင်းဆောင်ရသည်မှာ ပိုမိုလွယ်ကူပြီး ခေါင်းဆောင်ကောင်းများသည် လူမှုအရင်းအနှီးကို တောင့်တင်းအောင် ပြုလုပ်ကြသည်။ ကျေးရွာခေါင်းဆောင်များ ရင်ဆိုင်နေရသည့် အခက်အခဲများကို နှစ်ပိုင်းခွဲနိုင်သည်။ ပထမတစ်ခုမှာ ရွာသားများ ပေါင်းစည်းလုပ်ဆောင်လာရန်အတွက် ခေါင်းဆောင်များမှာ တာဝန်ခံမှုရှိမှုနှင့် ရပ်ရွာထံမှ ယုံကြည်မှုကို ရယူနိုင်မှုတို့ ရှိရမည်ဖြစ်သည်။ ဒုတိယတစ်ခုမှာ ခေါင်းဆောင်များသည် ပြန်လည်ထူထောင်မှုအတွက် အရင်းအမြစ်များရယူနိုင်ရန် အစိုးရအာဏာရှိများနှင့် အထောက်အပံ့ပေးသူများကဲ့သို့သော ကျေးရွာပြင်ပရှိလူများနှင့် ခိုင်မာသောဆက်ဆံရေးတစ်ခု ရှိရမည်။

ပြန်လည်ထူထောင်မှုဖြစ်စဉ်တွင် ခေါင်းဆောင်မှု၏အရေးကြီးပုံကို SIM မှ သက်သေခံထားသည်။ အချိန်ကြာလာသည်နှင့်အမျှ ကောင်းမွန်သော ခေါင်းဆောင်မှုနှင့် တိုးမြင့်လာသော ရွှေ့ပြောင်းလုပ်ကိုင်မှုတို့သည် ရပ်ရွာတစ်ခုပြန်လည်ထူထောင်၊ မထူထောင်ကို အဆုံးအဖြတ်ပေးနေသော အဓိကအရာများ ဖြစ်လာကြသည်။ တစ်ဆက်တည်းမှာပင် SIM သည် ၂၀၁၁ တွင် စတင်ခဲ့သော နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်သည် ကျေးရွာအဆင့်တွင် မည်သို့သက်ရောက်မှုရှိသည်ကို ထုတ်ဖော်ခဲ့သည်။ နာဂစ်ပြီးပြီးချင်းတွင် အစိုးရခန့်ထားသော ခေါင်းဆောင်များနှင့် ရပ်ရွာခေါင်းဆောင်များ (အထူးသဖြင့် ဘာသာရေးခေါင်းဆောင်များနှင့် ကျေးရွာကလေးစားသည့်သူများ)၏ အတူပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်သည် အရေးပေါ်ကယ်ဆယ်ရေးနှင့် အစောပိုင်း ပြန်လည်ထူထောင်ရေးကာလများအတွင်း များစွာအထောက်အကူဖြစ်ခဲ့သည်။ ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့် ခေါင်းဆောင်အမျိုးအစားများ အချိန်နှင့်အမျှ ပြောင်းလဲသွားပုံကို SIM မှ ဖော်ထုတ်ပြသခဲ့သည်။

၂၀၁၃ ခုနှစ် ကျေးရွာခေါင်းဆောင်များ ရွေးကောက်မှုအရ ကျေးရွာအုပ်စုခေါင်းဆောင်များ ပေါ်ထွက်လာမှုသည်ရပ်ရွာခေါင်းဆောင်များ၏အာဏာကို လျော့ကျစေခဲ့သည်။ သို့ရာတွင် ရပ်ရွာနှင့် တင်မြှောက်ထားသော အုပ်စုခေါင်းဆောင်များအကြား ဆက်ဆံရေးကောင်းမွန်မှုသည် ပြန်လည်ထူထောင်မှုကို အထောက်အကူဖြစ်စေခဲ့သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ရွာသားများသည် ကျေးရွာခေါင်းဆောင်များအတွက် အင်္ဂလိပ်စကားပြောဆိုနိုင်မှုမှာ အရေးကြီးသည်ဟု ရှုမြင်ကြခြင်းဖြစ်သည်။ သို့မှသာ ပြင်ပရှိအထောက်အပံ့ပေးသူများနှင့် ကောင်းမွန်ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ယူဆခြင်းကြောင့်ဖြစ်သည်။ ကျေးရွာခေါင်းဆောင်များနှင့် မြို့နယ်ခေါင်းဆောင်များအကြား ဆက်ဆံရေးပြေလည်ခြင်းသည် ရပ်ရွာများအတွက် အရင်းအမြစ်များကို ပိုမိုယူဆောင်နိုင်သည်ကို SIM မှ သက်သေခံခဲ့သည်။

## ကျား/မရေးရာရှုထောင့်

ဘေးအန္တရာယ်အလွန် ထောက်ပံ့ကူညီရေးများသည် ကျား/မ အရေးကို လုံလုံလောက်လောက် ပြုလုပ်နိုင်ခြင်းမရှိသည်ကို စာပေများမှ ဆိုထားသည်။ လူမှုစီးပွားအခြေအနေများ၊ ယဉ်ကျေးမှုယုံကြည်မှုများနှင့် မိရိုးဖလာအလေ့အထများအရ ဘေးအန္တရာယ်၏သက်ရောက်မှုများမှာ လူတို့အကြား တစ်ညီတစ်မျှတည်း သက်ရောက်သွားခြင်းမရှိပါ။ ဘေးတစ်ခုဖြစ်ပြီးသည်ဆိုသည်နှင့် ကျား/မ ကွာခြားမှုများသည် ပြောစမှတ်ပြုရမည့်ကိစ္စဖြစ်ပြီး ဖြစ်ရပ်အများစုတွင် အမျိုးသမီးများသေဆုံးမှုနှုန်းသည် အမျိုးသားများသေဆုံးမှုနှုန်းထက် များပြားကြသည်။ ၎င်းအပြင် ဘေးအန္တရာယ်အလွန်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို အမျိုးသားများက စိုးမိုးထားဟန်ရှိပြီး ၎င်းသည် အမျိုးသားများဘက်သို့ ဘက်လိုက်မှုဖြစ်ပေါ်စေနိုင်ခြင်းကြောင့် အမျိုးသမီးများ၏ လိုအပ်ချက်နှင့်အသက်

မွေးမှုများကို ထိခိုက်နစ်နာစေသည်။ ထို့အပြင် အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်ရာတွင် အမြစ်တွယ်နေသော လူမှုရေးအတားအဆီးများက ကာဆီးထားသည်။ ၎င်းတို့သည် ဆုံးဖြတ်ချက်ချမှတ်မှုနှင့် စီမံကိန်းအစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့တွင် ကိုယ်စားပြုပြောဆိုခွင့်နည်းပါးကြသည်။ အကျိုးဆက်အားဖြင့် အမျိုးသမီးများ၏အသံများနှင့် အရေးကိစ္စများကို ကြားသိခွင့်နည်းပါးပြီး ၎င်းတို့၏ ကွဲပြားသောလိုအပ်ချက်များကို ထပ်ခါထပ်ခါ ချန်လှပ်ရာရောက်ခဲ့သည်။

ဘေးအန္တရာယ်အလွန် တုံ့ပြန်ဆောင်ရွက်မှုများတွင် အမျိုးသားများအပေါ် ဘက်လိုက်မှုများရှိနေသည်ကို SIM တွင်လည်း ငြင်းမရပေ။ အမျိုးသမီးများသည် အမျိုးသားများထက်ပိုကာ နာဂစ်၏ ထိခိုက်မှုဒဏ်ကို ပြင်းထန်စွာခံခဲ့ရပြီး ထိုညတွင် သေဆုံးခဲ့သူများ၏ ၆၁% ဖြစ်ခဲ့သည်။ တချို့နေရာများတွင် ထိုပမာဏထက်ပင် မြင့်မားသေးသည်။[၇၂]အသက်ရှင်ကျန်ရစ်သူများမှာလည်းမြန်မာ့ကျေးလက်ဒေသမိရိုးဖလာ မိသားစုတာဝန်ခွဲခြမ်းမှုအရ‌ေ သေဆုံးသွားသော အမျိုးသား မိသားစုဝင်များအတွက် ဝန်ပိုထမ်းရပြီး လွယ်ကူစွာ နောက်အိမ်ထောင်ထပ်ပြုနိုင်သည့် အသက်ရှင်ကျန်ရစ်သည့် မုဆိုးဖိုများနှင့် နှိုင်းစာလျှင် ပိုမိုရုန်းကန်ကြရသည်။ ဘေးအန္တရာယ်အလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အထောက်အပံ့များတွင် တချို့ဆောင်ရွက်ချက်များ (ဥပမာ - ရေနှင့် ရေဆိုးစနစ်) သည် အမျိုးသားများနည်းတူ (သို့) အမျိုးသားများထက်ပိုပြီး ၎င်းတို့ကို အကျိုးဖြစ်စေသော်လည်း အမျိုးသမီးများအတွက် သီးသန့်ရည်ရွယ်သော ထောက်ပံ့မှုများမှာ နည်းပါးသည်။ အမျိုးသမီးများအတွက် ရည်ရွယ်သော အထင်ရှားဆုံး လုပ်ဆောင်ချက်မှာ အမျိုးသမီးအဖွဲ့များကို ထောက်ပံ့သည့် အသေးစားငွေချေးအစီအစဉ်ဖြစ်သည်ဟု SIM မှ ဖော်ပြထားသည်။ ပြင်ပထောက်ပံ့သူများမှလည်း အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် ပါဝင်စေကြသည်။ ထိုနည်းလမ်းသည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုနေရာများတွင်ရှိသော အခန်းကဏ္ဍကို အသိအမှတ်ပြုလာစေသည်။

## အထောက်အပံ့များနှင့် ၎င်းတို့၏ အန္တရာယ်

အထောက်အပံ့များသည် ဘေးတစ်ခု၏သက်ရောက်မှုကို လျှော့ချနိုင်သည်ဟု စာပေများကဆိုသည်။ သို့သော် သက်ရောက်မှုများလေလေ အထောက်အပံ့များများပေးသင့်လေလေဟု မဖြစ်မနေယူဆရန်မလိုပါ။ ဥပမာ - သီရိလင်္ကာနိုင်ငံ၏ သာဓကေအရ အထောက်အပံ့အများဆုံး ရရှိသော ခရိုင်များမှာ ဆူနာမီဒဏ်ခံရသည့် ဒေသများဖြစ်သော်လည်း ပျက်စီးမှုအများဆုံးဒေသများ မဟုတ်ပါ။ ထို့အပြင် ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများသည် နိုင်ငံတော်အစီမံများရှိမနေချိန်တွင် အပြိုင်ထောက်ပံ့ဝေခြမ်းရေးစနစ်များကို ဖြစ်ပေါ်စေခြင်း (သို့) ဆုံးဖြတ်ချက်ချမှတ်မှုတွင် ရပ်ရွာများနှင့်ရပ်ရွာအုပ်စုများကို မပါဝင်စေခြင်းတို့ကြောင့် ရေရှည်လူမှုကြံ့ကြံ့ခံနိုင်မှုအတွက် လိုအပ်သော အခြေအနေများကို ပံ့ပိုးကူညီရာမရောက်ဘဲ တခြားဆိုးကျိုးများကို ဖြစ်ပေါ်စေတတ်သည်။

၎င်းအပြင် အထောက်အပံ့ "ဘယ်လောက်" ရသည်ထက် "ဘာ" အထောက်အပံ့များကို "ဘယ်လို"ရကြသည်ကို အရေးကြီးမှုအဖြစ် တူညီစွာရှုမြင်ကြသည်။ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်းနှင့် အတည်ပြုစစ်ဆေးခြင်းတို့တွင် ရပ်ရွာကိုပါဝင်စေခြင်းသည် လူမှုရေးတင်းမာမှုများကို လျော့ကျစေနိုင်သော အဓိကအရာများဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်းသည် သမာသမတ်ရှိရန်နှင့် မျှတရန် လိုအပ်သည်။ အထောက်အပံ့ရရှိမှုအပေါ်တွင် ရပ်ရွာအနေဖြင့် မိမိတို့ကိုယ်ပိုင်အရေးအဖြစ် ခံစားပြီး ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်ဆောင်ရွက်လာရမည် ဖြစ်သည်။ "ဘာ" ကိုဟုဆိုရာတွင် ဥပမာအနေဖြင့် ၂၀၀၄ ခုနှစ် ဆူနာမီအပြီးတွင် Aceh သို့ ငါးဖမ်းလှေများ ပိုလျှံစွာပေးခဲ့ခြင်းသည် ဆူနာမီမတိုင်ခင်ကတည်းက ကျဆင်းနေပြီးသားဖြစ်သော ငါးသယံဇာတများအပေါ် ဖိအားကိုဖြစ်ပေါ်စေပြီး ယခင်တည်ရှိနေခဲ့သော ထိခိုက်လွယ်မှုကို တိုးမြင့်စေခဲ့သည်။

နာဂစ်အလွန် တုံ့ပြန်ဆောင်ရွက်မှုများသည် ထိုတွေ့ရှိချက်များစွာကို ထင်ဟပ်ပြသနေသည်။ အထောက်အပံ့များသည် ပြန်လည်ထူထောင်ရေးဖြစ်စဉ်အတွက်အရေးပါပြီး အချုပ်အနေဖြင့် အထောက်အပံ့ပိုရရှိသော ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးမှာ ပိုမိုတောင့်တင်းခိုင်မာသည်ကို တွေ့ရသည်။ သို့ရာတွင် အထောက်အပံ့ရရှိမှုပမာဏသည် မုန်တိုင်းဒဏ်သက်ရောက်ခံရမှု အနည်းအများနှင့် ကောင်းစွာဆက်စပ်နေခြင်းမရှိဘဲ ပြင်းထန်စွာသက်ရောက်ခံရသော ကျေးရွာအများအပြားမှာ သက်ရောက်ခံရမှုနည်းသော ကျေးရွာများလောက် အထောက်အပံ့ရရှိမှု မများကြပေ။ ပြင်ပအထောက်အပံ့ပေးဝေသူများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဆက်နွယ်မှုရှိကြပြီး ကျေးရွာအုပ်ချုပ်ရေးခေါင်းဆောင်များကို ကျော်သွားတတ်ကြသည်ဟု SIM မှ ညွှန်ပြခဲ့သည်။ ထိုချဉ်းကပ်မှုသည် ကျေးရွာအများအပြားတွင် ရပ်ရွာလူမှုဆက်ဆံရေး အကွဲအပြဲများအား ကာလရှည်ကြာစွာ ဖြစ်ပေါ်တည်ရှိစေသည်။

နာဂစ်အပြီး အထောက်အပံ့များသည် ဦးစားပေးနှင့် အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ရာတွင် မကြာခဏ အထက်အောက်ပုံစံဖြင့် မထောက်ပံ့ခဲ့ပေ။ ၎င်းသည် ပြန်လည်ထူထောင်ရေးဖြစ်စဉ်တွင် မညီမျှမှုကို ဖြစ်ပေါ်စေသည်။ မုန်တိုင်းအပြီး ပထမနှစ်အတွင်း

[၇၂] Tripartite Core Group. 2008. Post-Nargis Joint Assessment, page 26.

ငါးဖမ်းကိရိယာများ ပျက်စီးသွားခြင်းကြောင့် ငါးဖမ်းလှေများကို အလေးထားကာပေးခဲ့ခြင်းသည် အချိန်နှင့်အမျှ ရေလုပ်ငန်းကဏ္ဍ သိသိသာသာ ကျဆင်းသွားခြင်းကို တိုက်ရိုက်သက်ရောက်လျက် ရှိသည်။ ထို့အပြင် ဆိုင်ကလုန်းအပြီး အထောက်အပံ့များကို အလျင်စလို ပေးရန် လိုအပ်ခဲ့ခြင်းကြောင့် ထောက်ပံ့သူများပေးသည့် အထောက်အပံ့ များမှာ မြစ်ဝကျွန်းပေါ်ရာသီဥတု၊ ဂေဟစနစ်နှင့် ကိုက်ညီမှုမရှိဘဲ ဖြစ်ခဲ့သည်။ ဥပမာ- အမိုးအကာနှင့် စိုက်ပျိုးရေးသွင်းအားစုများ။

တစ်ဖက်တွင်လည်း ရွာသားများ(သို့) ၎င်းတို့၏ ကျေးရွာခေါင်းဆောင်များမှာ အကျိုးခံစားခွင့်ရှိသူရွေးချယ်ခြင်းနှင့် ဝေခြမ်းရေးတို့တွင် မကြာခဏ ပါဝင်ခွင့်မရခဲ့ပေ။ တချို့ကောင်းမွန်သော သာဓကများတွင် ကျေးရွာသူရွာသားများသည် အထောက်အပံ့ပေးသူများ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အထောက်အပံ့များကို မိမိတို့လိုအပ်ချက်အလိုက် ၎င်းတို့ဘာသာ ပြန်လည်ဝေခြမ်းသည်များ ရှိခဲ့သည်။ အဆိုးဆုံး ဥပမာများတွင် အထောက်အပံ့ ဦးတည်သတ်မှတ်မှု ညံ့ဖျင်းခြင်းသည် အကျင့်ပျက်ခြစားခြင်းနှင့် ရပ်ရွာလူမှုအရင်းအနှီးကို အားနည်းစေနိုင်ခဲ့သည်။ ထိုတွေ့ရှိချက်များသည် ဘေးအန္တရာယ်လွန် ထောက်ပံ့ကူညီမှုအပိုင်းကို လေ့လာသင်ယူမှုသည် အရေးကြီးကြောင်း ပြသနေသည်။

၎င်းအပြင် အသက်မွေးမှုဖွံ့ဖြိုးတိုးတက်မှုအတွက် "စနစ်များ" (သို့) ကဏ္ဍအဆင့်ချဉ်းကပ်မှုများ မရှိခြင်းကို SIM မှထောက်ပြထားသည်။ ထို့အပြင် ထောက်ပံ့မှုများသည် ရေတိုလိုအပ်ချက်များကို ဖြည့်ဆည်းရာသာ ရောက်ခဲ့သည်။ ဥပမာ- ရေလုပ်ငန်းတွင် လှေများဆုံးရှုံးသွားခဲ့သော ရေလုပ်သားငယ်များကို ထောက်ပံ့မှုသည် ကျေးရွာရေလုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသည့် အလယ်လူများကို ထည့်မတွက်ရာ ရောက်သွားခဲ့သည်။ ပြန်လည်ထူထောင်ရေး အထောက်အပံ့များသည် ဖွဲ့စည်းတည်ဆောက်ပုံများဆိုင်ရာ အကန့်အသတ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စီမံအုပ်ချုပ်နေသောမူဝါဒများကို ပြုလုပ်နိုင်ခဲ့ခြင်းမရှိသည်ကို ဖော်ပြနေသည်။ တရားဝင်ချေးငွေရရှိရေးအတွက် မူဝါဒသည် အချိန်နှင့်အမျှ ပိုမိုလုပ်သာကိုင်သာ ရှိလာသည်ကို SIM 5 မှ ထောက်ခံပြသနေသည်။ သို့ရာတွင် ငါးဖမ်းလိုင်စင်များ၏ နာဂစ်အပြီး ၉ နှစ်အကြာ အခြေအနေမှာ ဆိုင်ကလုန်းမတိုင်မီကထက် ပိုဆိုးသွားခဲ့သည်။ ဘေးအန္တရာယ်ပြီးပြီးချင်းကာလ မူဝါဒအဆင့် စေ့စပ်ညှိနှိုင်းရေး ဆောင်ရွက်ချက်များသည်ပင်လျှင် အခြေအနေ သဘောသဘာဝကို နက်နက်ရှိုင်းရှိုင်း နားလည်ထားရန် လိုအပ်သည်။

## ဘေးအန္တရာယ်များ၊ ကြွေးမြီတင်ရှိမှုနှင့် မြေယာ

ဘေးအန္တရာယ်တစ်ခုပြီးပါက အိမ်ထောင်စုများ၏ ချေးငွေလိုအပ်ချက် မြင့်မားလာသည်ကို စာပေများတွင် လေ့လာဖော်ပြထားသည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ နေ့စဉ်ဝယ်ယူမှု၊ အိမ်ပြန်လည်တည်ဆောက်မှုနှင့် တခြားကုန်စည်များ ထုတ်လုပ်နိုင်ရန်အတွက် ငွေပိုချေးငှားရန် လိုကြသည်။ သဘာဝဘေးများသည် အိမ်ထောင်စုဝင်ငွေကို ထိခိုက်စေခြင်းကြောင့် အိမ်ထောင်စုများမှာ ငွေပြန်ဆပ်နိုင်စွမ်းမရှိဘဲ အကြွေးပိုမိုတင်ရှိလာကြသည်။ ထိုအချက်သည် ဆင်းရဲသောအိမ်ထောင်စုများကို တရားဝင်ချေးငွေများမှ အလှမ်းဝေးစေပြီး ၎င်းတို့သည် ပုဂ္ဂလိကငွေချေးသူများထံမှ အတိုးနှုန်းကြီးကြီးဖြင့် ငွေချေးကြတော့သည်။ တစ်ဆက်တည်းမှာပင် အပေါင်ပစ္စည်းဖြင့် ငွေချေးရသော အိမ်ထောင်စုများမှာလည်း အကျပ်အတည်းဆိုက်လျက်ရှိသည်။ ထိုအခါ ၎င်းတို့မြေများကို ရောင်းထုတ်ရတော့သည်။ သီးနှံပြန်ရရှိမှုသည် ဘေးတစ်ခုကြောင့် ထိခိုက်ရသည်ဆိုပါက လျှော့ဈေးဖြင့် ရောင်းရတော့သည်။ ၎င်းသည် မြေယာပိုင်ဆိုင်မှုမညီမျှမှုများကို ဖြစ်ပေါ်လာစေတော့သည်။

SIM ၏ တွေ့ရှိချက်များတွင် ထိုအချက်များအားလုံး ပါဝင်နေသည်။ အသက်မွေးအုပ်စုများအားလုံး၏ ကြွေးမြီတင်ရှိမှုပမာဏမှာ နာဂစ်နှင့် ထောက်ပံ့ကူညီရေး အကန့်အသတ်များကြောင့် သိသိသာသာ ကြီးမြင့်လာကြသည်။ နာဂစ်သည် သီးနှံပေါ်ပေးစနစ်ကို ဖျက်ဆီးလိုက်ပြီး အိမ်ထောင်စုအများအပြားမှာ နာဂစ်မတိုင်မီက တင်ရှိခဲ့သောအကြွေးများကို ပြန်မဆပ်နိုင်ကြတော့ဘဲ အများစုမှာ အကြွေးနွံတွင် မုန့်လုံးစက္ကူကပ် ဖြစ်နေကြတော့သည်။ နာဂစ်အပြီး နှစ်များစွာအကြာ မြစ်ဝကျွန်းပေါ်ဒေသတွင် ချေးငွေဈေးကွက် စတင်မဖွင့်လှစ်မီအချိန်အထိ အိမ်ထောင်စုများသည် တစ်လလျှင် ၅၀% အထိမြင့်မားသော မတရားသဖြင့် အတိုးနှုန်းများပေးပြီး ငွေချေးယူခဲ့ကြသည်။ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်လုပ်မှုသည် မြေယာမဲ့လုပ်သားများ၏ ဆင်းရဲတွင်းမှ လွတ်မြောက်ရာလမ်းကြောင်းတစ်ခုဖြစ်မလာသေးသည့် အချိန်ကာလမတိုင်မီအထိ ၎င်းတို့၏ ချေးငွေယူနိုင်စွမ်းမှာ ပြန်ဆပ်နိုင်ရန်မသေချာခဲ့ပေ။

ရေရှည်အားဖြင့် မြစ်ဝကျွန်းပေါ် စီးပွားရေးတွင် အရေးပါသည့် လယ်သမားငယ်များသည် နာဂစ်ဒဏ်ခံရပြီး ၎င်း၏အကျိုးဆက်မှာ (တရားဝင်နှင့် တရားမဝင်) မြေယာရောင်းဝယ်မှုများသည် ရွာများတွင် တိုးပွားလာကြသည်။ မြေယာဈေးနှုန်းမှာ မြေယာတည်ရှိရာနေရာအပေါ်တွင် မူတည်နေသည်။ တာတမံမရှိသော လယ်မြေများနှင့် ရေမကြာခဏလွှမ်းမိုးခံရသော မြေများမှာ မြို့များနှင့် ချိတ်ဆက်နိုင်သည့် နေရာများတွင်ရှိသော မြေများထက် ဈေးများစွာနည်းသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အတူ မြေယာလုပ်ပိုင်ခွင့် စနစ်ပြောင်းလဲသွားချိန်ကစပြီး မြေယာပိုင်ဆိုင်မှုသည် ကျေးရွာအများအပြားအတွင်း မညီမျှတော့ပေ (SIM 4)။ အိမ်ထောင်စု အနည်းငယ်သာ ကိုယ်ပိုင်လယ်ရှိကြတော့သည်။ သို့သော် လယ်မြေများစွာပိုင်သူများမှာလည်း လွန်ခဲ့သောဆယ်စုနှစ်အတွင်းတွင် လယ်မြေများဆုံးရှုံးခဲ့ခြင်းကြောင့် ကျေးရွာတစ်ခုအတွင်း လယ်ယာမြေပိုင်ဆိုင်မှု အရွယ်အစားမညီမျှမှုကို တဖန်ပြန်လျော့သွားစေသည်။

## ရွှေ့ပြောင်းနေထိုင်မှု

ဆင်းရဲသူများသည် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းဖြင့် ဝင်ငွေရရာလမ်းကြောင်းများကို ချဲ့ထွင်ကြခြင်းသည် ဘေးအန္တရာယ်အလွန်ကာလအတွင်း ဖြစ်တတ်သည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ ဘေးတစ်ခုအပြီး လွှဲပို့ငွေများသည် အိမ်ထောင်စု၏ ပြန်လည်ထူထောင်နိုင်စွမ်းအပေါ်တွင် များစွာသက်ရောက်နေသည်ဟု သုတေသနမှ ပြည့်စုံစွာဖော်ပြထားသည်။ အိမ်ထောင်စုများ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်းလား၊ အိမ်ထောင်စုဝင်တစ်ဦးနှစ်ဦးသာ ရွှေ့ပြောင်းခြင်းလားစသည်ဖြင့် အိမ်ထောင်စုမည်မျှအထိ ရွှေ့ပြောင်းလုပ်ကိုင်ကြသည်ဆိုသော ပုံစံတိတိပပကို လေ့လာသိရှိမှု မရှိခဲ့ပါ။ နာဂစ်အလွန်ရွှေ့ပြောင်းနေထိုင်မှုသည် သက်ရောက်ခံရပ်ရွာများအတွင်း ကျား/မ အခန်းကဏ္ဍများကို ပြောင်းလဲစေခဲ့သည်။ အမျိုးသမီးများသည် အိမ်နှင့်ရပ်ရွာ ပြင်ပရှိငွေရသောအလုပ်များတွင် ပိုမိုပါဝင်လာကြသည်ကို တွေ့ရသည်။

နာဂစ်နောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသရွှေ့ပြောင်းအလုပ်လုပ်မှု၏ အရေးကြီးမှုကိုအလေးမပေးဘဲနေ၍မရနိုင်ပါ။ စစ်အစိုးရလက်ထက်တွင် ရွှေ့ပြောင်းလုပ်ကိုင်မှုအပေါ် အတားအဆီးများရှိခဲ့သော်လည်း မုန်တိုင်းပြီးနောက်တွင် အိမ်ထောင်စုဝင်များမှာ အလုပ်ရှာရန်အတွက် ရန်ကုန်သို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ထိုရွှေ့ပြောင်းနေထိုင်မှုနှင့် လွှဲပို့ငွေများသည် ရွာတွင်ကျန်ရစ်ခဲ့သူများ၏ ပြန်လည်ထူထောင်မှုကို အထောက်အကူဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ရွှေ့ပြောင်းအလုပ်လုပ်မှု ချဲ့ထွင်လာခြင်းသည် ကြီးစွာသောအပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့သည်။ ထိုအပြောင်းအလဲသည် ရွှေ့ပြောင်းနေထိုင်သော အိမ်ထောင်စုများတွင် သုံးစွဲနိုင်သောဝင်ငွေမြင့်မားလာခြင်း၊ အခြားသော ဖြစ်ရပ်များကြောင့် ဝင်ငွေမတည်မငြိမ်ဖြစ်နိုင်သည့်ဘေးကို လျော့ပါးစေခြင်းတို့ဖြင့် ဒေသတွင်း စီးပွားရေးအပေါ် သက်ရောက်စေသည်။

## ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှု

ဆင်းရဲပြီး လူမှုရေးအရေ ထိခိုက်လွယ်ပြီးသားသူများ (သို့) ယခင်ဘေးတစ်ခုမှ နာလန်မထူနိုင်သေးသူများသည် ထိခိုက်နိုင်ခြေပိုမြင့်မားကြသည်။ အကြောင်းမှာ ၎င်းတို့တွင် ဘေးတစ်ခု၏သက်ရောက်မှုကို ဒဏ်ခံထားနိုင်သည့် အရင်းအမြစ်များ လုံလုံလောက်လောက်မရှိခြင်းကြောင့်ဖြစ်သည်။ ၎င်းအပြင် ဆင်းရဲသောသူများသည် မကြာခဏဖြစ်ပေါ်တတ်သော ရေလွှမ်းခြင်းကဲ့သို့သော ဖြစ်ဖန်များပြီး အားမပြင်းသည့်ဘေးများကို ထိခိုက်ခံရနိုင်ခြေများသည်။ ထို့ကြောင့် ဘေးအန္တရာယ်များသည် ဆင်းရဲသူများ၏ ရေတိုစီးပွားရေးနှင့် လူမှုထိခိုက်လွယ်မှုများကို တိုးမြင့်စေရုံသာမက အနာဂတ်ဘေးများကို ရင်ဆိုင်တွန်းလှန်နိုင်စွမ်းကိုပါ လျော့ပါးစေသည်။

ထိခိုက်လွယ်မှုကို ထိခိုက်နိုင်ခြေရှိသည့်လူများ၏ ဘေးတစ်ခုကိုခံနိုင်စွမ်းနှင့် ၎င်းဘေး၏ လူမှုရေး၊ စီးပွားရေးနှင့် တစ်ကိုယ်ရည်အပေါ်သို့ သက်ရောက်နေမှုများကို လျှော့ချနိုင်စွမ်းအဖြစ် ရှုမြင်သည်။ ထိခိုက်လွယ်မှုတွင် တည်နေရာသည် အဓိကအချက်တစ်ခုဖြစ်ပြီး ၎င်းတွင် အခြေခံအဆောက်အအုံများနှင့် အိုးအိမ်များအပါအဝင် တည်ဆောက်ထားသော ပတ်ဝန်းကျင်၏ အရည်အသွေးလည်း ပါဝင်သည်။ အသက်မွေးမှုကဏ္ဍတစ်ရပ်တည်းကိုသာ မှီခိုနေကြရသော ရပ်ရွာများသည် စီးပွားရေးကဏ္ဍများစွာရှိသောသူများထက် ပိုပြီးထိခိုက်လွယ်ကြသည်။ ၎င်းအပြင် မညီမျှမှုနှင့် လူမှုရေးခွဲခြားဆက်ဆံမှုများသည် သတင်းအချက်အလက်များ မရရှိမှုမှတဆင့် အိမ်ထောင်စုများနှင့် ရပ်ရွာများ၏ထိခိုက်လွယ်မှုကို တိုးမြင့်စေသည်။

မြစ်ဝကျွန်းပေါ်ကျေးရွာများမှာ အနာဂတ်ဘေးအန္တရာယ်များကို နာဂစ်မတိုင်မီတုန်းကထက်ပိုပြီး ထိခိုက်လွယ်နေသည်ဟု SIM မှ ဆိုခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် မုန်တိုင်းအန္တရာယ်များကို ထိခိုက်လွယ်မှုမြင့်မားသော ဒေသတစ်ခုဖြစ်သည်။ တစ်ဆက်တည်းမှာပင် အခြေခံအဆောက်အအုံများသည် တစ်နှစ်ထက်တစ်နှစ်ပိုပြီး တိုးတက်လာခဲ့ပြီး အထူးသဖြင့် အိမ်ရာများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့တွင် တိုးတက်လာခဲ့သည်။ မြစ်ဝကျွန်းပေါ် စီးပွားရေးသည် ရေလုပ်ငန်းကဏ္ဍ ကာလကြာမြင့်စွာ ကျဆင်းလာခဲ့ခြင်းကြောင့် စိုက်ပျိုးရေးအပေါ်တွင် ပိုမိုမှီခိုလာကြသည်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် အလုပ်အကိုင် အခွင့်အလမ်းများကို ပေးစွမ်းပြီး ဝင်ငွေထိခိုက်နိုင်ခြေကို လျှော့ချပေးသည်။ ထိခိုက်လွယ်မှုကို လျှော့ချပေးသည့် နောက်ထပ်အချက်တစ်ချက်မှာ သတင်းအချက်အလက်များကို လွယ်ကူစွာလက်လှမ်းမီလာခြင်း ဖြစ်သည်။ အထူးသဖြင့် ပိုမိုစိတ်ချယုံကြည်ရသော မိုးလေဝသသတင်းများကို ရရှိလာကြခြင်း ဖြစ်သည်။

## ကြံ့ကြံ့ခံနိုင်မှု

ဘေးအန္တရာယ်များကို လေ့လာထားသော သုတေသနများတွင် ကြံ့ကြံ့ခံနိုင်မှုကို ဘေးသက်ရောက်မှုမှ လျှော့ချနိုင်စွမ်း (သို့) မဆုံးရှုံးအောင် ပြုလုပ်နိုင်စွမ်းနှင့် ပျက်ဆီးမှုအနည်းဆုံးဖြင့် ပြန်လည်ထူထောင်နိုင်စွမ်းအဖြစ် ဖွင့်ဆိုထားသည်။ ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းသောလူများနှင့် ရပ်ရွာများသည် ဘေးအန္တရာယ်တစ်ခု၏ ရှောင်လွှဲမရနိုင်သော အကျိုးဆက်များကို ကောင်းမွန်စွာ ကျော်လွှားပြီး ပြန်လည်ထူထောင်နိုင်ကြသည်။ ကြံ့ကြံ့ခံနိုင်မှုတွင် ပါဝင်နေသောအချက်များမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အခြေခံအဆောက်အအုံများ၏ အရည်အသွေးကောင်းမွန်မှု၊ ရပ်ရွာထွက်ပြေးလွတ်မြောက်ရေး အစီအမံများ၊ ကျေးရွာများ၏ ဗဟုသုတရှိမှု၊ ဆက်သွယ်ရေးကောင်းမွန်လာမှု၊ လူမှုပေါင်းစည်းညီညွတ်မှု၊ ရပ်ရွာခေါင်းဆောင်မှုနှင့် ရပ်ရွာပြင်ပနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုတို့ ပါဝင်ကြသည်။

ရပ်ရွာများ၏ လူမှုတည်ဆောက်ပုံများမှာလည်း ရှုပ်ထွေးပြီး ပြောင်းလဲနေခြင်းကြောင့် ရပ်ရွာတစ်ခု၏ ကြံ့ကြံ့ခံနိုင်မှုသည် တည်ငြိမ်သောသဘောမရှိဟု စာပေများမှဖော်ထုတ်ထားသည်။ ရပ်ရွာတစ်ခု၏သမိုင်းကို လေ့လာသိရှိပြီး အတိတ်ကာလမှ အကောင်းနှင့်အဆိုးများအပေါ် သင်ခန်းစာယူနိုင်စွမ်းသည် ကြံ့ကြံ့ခံနိုင်မှု၏ တခြားအရေးကြီးသည့် အချက်များဖြစ်သည်။ ရပ်ရွာအတွင်း ကြံ့ကြံ့ခံ နိုင်သော အိမ်ထောင်စုအရေအတွက် များပြားလာလေလေ ထိုရပ်ရွာမှာ ပိုမိုကြံ့ကြံ့ခံနိုင်လာလေလေ ဖြစ်သည်။

SIM 5 သည် မြစ်ဝကျွန်းပေါ်ဒေသ၏ ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုကို ရပ်လုံးဖော် ရေးဆွဲပြခဲ့သည်။ ကျေးရွာအနည်းစုသာ နောက်ထပ်ဘေးအန္တရာယ်ကြီးကြီးမားမား၏ဒဏ်ကို ခံနိုင်စွမ်းသည်။ အနည်းငယ်သာထိခိုက်ခံရသော ကျေးရွာများတွင်မှာတောင်မှ ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားခြင်းမရှိပေ။ နေရာဒေသသည် အဓိကအချက်တစ်ခုဖြစ်သည်။ သို့သော် ပေါင်းစည်းလုပ်ဆောင်နိုင်မှုသည်လည်း အရေးကြီးသည့်အချက်တစ်ခုဖြစ်သည်။ နာဂစ်မှရရှိသည့် လူမှုသင်ယူမှုသည် လိုအပ်သောအတိုင်းအတာတစ်ခုအထိ မဖြစ်ပေါ်ခဲ့ပေ။ ဘေးအန္တရာယ်ကော်မတီများနှင့် ထွက်ပြေးလွတ်မြောက်ရေးအစီအစဉ်များသည် ကျေးရွာအနည်းငယ်တွင်သာ ကျန်ရှိတော့ပြီး အနည်းငယ်သာ ထိခိုက်ခံရသောကျေးရွာများတွင် ရွာသူရွာသားများသည် ကြံ့ကြံ့ခံနိုင်မှုအတွက် ရင်းနှီးမြှုပ်နှံရန်လိုသည်ဟုပင် မယူဆတော့ပေ။ အိမ်ထောင်စုများနှင့် ရပ်ရွာများသည် အိမ်အရည်အသွေးကို မြှင့်တင်ခြင်း၊ စာရွက်စာတမ်းများကို လုံခြုံသောနေရာများတွင် သိမ်းထားခြင်း(သို့) သစ်ပင်များ ပြန်စိုက်ခြင်းကဲ့သို့သော ကြိုတင်ပြင်ဆင်သည့် ဆောင်ရွက်ချက်တချို့ကို လုပ်ဆောင်ကြသည်။ မြို့များနှင့် ရန်ကုန်သို့ လူမှုချိတ်ဆက်မှုများသည်လည်း လူမှုကာကွယ်မှုတစ်ရပ်ကို ရရှိ စေသည်။ သို့သော်လည်း ဤအရာများသည် ကြံ့ကြံ့ခံနိုင်မှုတစ်ရပ်လုံးအတွက် လုံလောက်မှု မရှိသေးပါ။ ပတ်ဝန်းကျင်ပြောင်းလဲမှု၏ အမှန်တကယ်နှင့် အလားအလာရှိသော သက်ရောက်မှုများကို သိရှိမှုနည်းနေကြသေးပြီး ၎င်းအပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ရှားဆောင်ရွက်ခြင်း မရှိသေးပေ။

## ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှု

သဘာဝဘေးများအတွက် ပြင်ဆင်ဆောင်ရွက်သည့် လူများနှင့်အဖွဲ့အစည်းများ နည်းလေလေ ဘေးသက်ရောက်မှုမှ ဖျက်ဆီးနိုင်မှုများလေလေဖြစ်သည်ဟု စာပေများမှညွှန်ပြထားသည်။ ဘေးအန္တရာယ်လွန်အခြေအနေများတွင် အထောက်အပံ့ပေးသူများသည် ရပ်ရွာများကို အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် ဘေးများအတွက် ပြင်ဆင်ဆောင်ရွက်နိုင်စေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးကြသည်။ ၎င်းကို ဘေးအန္တရယ်လျှော့ချရေး ကော်မတီများ ထူထောင်ပေးခြင်းဖြင့် ရရှိအောင်မြင်စေကြသည်။ သို့ရာတွင် နိုင်ငံတကာအတွေ့အကြုံများအရ ရပ်ရွာများ၏ ဘေးဒုက္ခသက်ရောက်ခံခဲ့ရမှုနှင့် ပတ်သက်သည့် မှတ်ဉာဏ်များမှာ အချိန်ကြာလာသည်နှင့်အမျှ မေ့မှိန်သွားကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ဒေသတွင်းအုပ်ချုပ်ရေးနှင့် ချိတ်ဆက်ပြီး အရင်းအမြစ်များ ပံ့ပိုးပေးသွင်းခြင်းနှင့် သင့်တော်သော တာဝန်ရှိသည့်အေဂျင်စီများမှ ခေါင်းဆောင်၍သော်လည်းကောင်း၊ ညှိနှိုင်း၍သော်လည်းကောင်း ပံ့ပိုးသရုပ်ပြ လေ့ကျင့်ခြင်းများ မပြုလုပ်သရွေ့ ကြိုတင်ပြင်ဆင်မှုစနစ်များသည် အလွယ်တကူ ပျောက်ကွယ်သွားကြမည်ဖြစ်သည်။

နာဂစ်ပြီးနောက် NGO များသည် ရပ်ရွာအခြေပြုဘေးအန္တရာယ် စီမံခန့်ခွဲရေးဆောင်ရွက်ချက်များကို DRR ကော်မတီများတည်ထောင်ခြင်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ကော်မတီဝင်များကို သင်တန်းများပေးခြင်းနှင့် ဖြစ်နိုင်သောနေရာများတွင် မုန်တိုင်းမှ ရှောင်တိမ်းနိုင်သော ခိုလှုံရာအဆောက်အအုံများ ဆောက်လုပ်ခြင်းမျိုးကို ပြုလုပ်ခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ SIM ၏အတွေ့အကြုံများသည် တခြားနိုင်ငံများတွင်ရှိသော အလားတူအတွေ့အကြုံများကို ထင်ဟပ်ပြသနေသည်။ နာဂစ်ပြီးကတည်းက ဒေသသို့ သက်ရောက်ခဲ့သည့် မုန်တိုင်းကြီး-ကြီးမားမားမရှိခဲ့သည့်အတွက် ခံစားခဲ့ရသည်များမှာ မေ့မှိန်နေပြီဖြစ်သည်။ ပြင်းထန်စွာနှင့် အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာများတွင် လူမှုသင်ယူမှုမှာ ပိုမိုတည်ရှိခဲ့သည်။ သို့သော်လည်း ထိုကျေးရွာများတွင်ရှိသော ၁၀% သော DRR ကော်မတီများသာ ဆယ်စုနှစ်တစ်ခုကြာအောင် တည်တံ့ခဲ့ပြီး ပြင်ပငွေကြေးထောက်ပံ့မှုမရှိဘဲ နှစ်အတော်ကြာအောင် ရပ်တည်ခဲ့သည်။ တစ်ဆက်တည်းမှာပင် အထောက်အပံ့ပေးသူများသည် ၎င်းတို့၏ နာဂစ်အလွန် DRR ကြိုးပမ်းမှုများကို ပြုလုပ်ခဲ့ရာတွင် ဒေသနှင့်နိုင်ငံတော်အစိုးရ၏ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် ချိတ်ဆက်ထားခြင်း မရှိခဲ့ပါ။ အကျိုးဆက်အားဖြင့် ရင်းနှီးမြှုပ်နှံထားမှုများမှာ ပျောက်ပျက်သွားတော့သည်။



# အခန်း ၁၀

# နောက်ဆုံးနှိုင်းဆဆင်ခြင်မှု

နာဂစ်သာမဖြစ်ခဲ့ပါက မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာဘဝများမှာ မည်သို့ဖြစ်နေမည်နည်း။ ထိုမေးခွန်းအတွက် တိကျသောအဖြေများကို မပေးနိုင်သည့် အကြောင်းပြချက်များစွာ ရှိပါသည်။

- ပထမတစ်ခုမှာ ယခုလတ်တလောအချိန်အထိ မြန်မာနိုင်ငံတွင်ရှိသော quantitative သို့မဟုတ် qualitative ဒေတာ (ဒေတာအရည်အသွေး)များမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။ အထူးသဖြင့် မြို့နယ်အဆင့်အောက်တွင် ပိုဆိုးသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ နာဂစ်ဒဏ်အပြင်းထန်ဆုံး သက်ရောက်ခံရသော မြို့နယ် ၈ မြို့နယ်သည်လည်း ခြွင်းချက်အဖြစ် ရှိမနေပါ။ အကျိုးဆက်မှာ နာဂစ်မတိုင်မီနှင့် နာဂစ်ပြီးနောက် အခြေအနေများကို နှိုင်းယှဉ်စရာ ယုံကြည်စိတ်ချရသည့်အချက်အလက်များ ရှိမနေခြင်းဖြစ်သည်။

- ဒုတိယတစ်ခုမှာ ကနဦးတွင် နမူနာကျေးရွာများထဲတွင် နာဂစ်ဒဏ်သက်ရောက်မခံရသော ကျေးရွာ ၄ ရွာကို control အဖြစ် ထည့်ခဲ့သော်လည်း ထိုကျေးရွာများမှာလည်း နာဂစ်ဒဏ်သက်ရောက်ခံထားရသည်ကို SIM 1 ပြုလုပ်စဉ်က တွေ့ရှိခဲ့သည်။[၃၃] ထို့ကြောင့် SIM သည် နာဂစ်ဒဏ်သက်ရောက်ခံရသော ကျေးရွာများနှင့် နာဂစ်ဒဏ် သက်ရောက်မခံရသော ကျေးရွာများအကြား နှိုင်းယှဉ်စရာမရှိဘဲ ဖြစ်သွားခဲ့သည်။

- တတိယတစ်ခုမှာ ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သော နိုင်ငံရေး နှင့် စီးပွားရေး အသွင်ကူးပြောင်းမှုများသည် တစ်နိုင်ငံလုံးအပေါ် သက်ရောက်မှုရှိခဲ့သည်။ ထိုအသွင်ကူးပြောင်းမှုများသည် မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများနှင့် တစ်တိုင်းပြည်လုံးသို့ ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်ခဲ့သည်ကို SIM 5မှ ပြသခဲ့သည်။

- စတုတ္ထတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုသည် ပိုမိုဖြစ်ပွားလာခဲ့ပြီး အချိန်နှင့်အမျှ မြင်သာထင်သာ ရှိလာခဲ့သည်။ တစ်ဖက်တွင်လည်း ထိုသက်ရောက်မှုများသည် နာဂစ်၏တိုက်ရိုက်သက်ရောက်မှုများထက် သာလွန်ဖြစ်ပေါ်လာကြသည်။ နာဂစ်ဒဏ် သက်ရောက်ခံရသော ကျေးရွာများသည်လည်း ထိုသက်ရောက်မှုများကို ခံနေရသည့်အထဲ ပါဝင်နေခဲ့သည်။


## တည်ဆောက်ပုံအရဖြစ်တည်နေသော ဆင်းရဲနွမ်းပါးမှု (Structural poverty)

မြန်မာနိုင်ငံ၏စပါးကျီတစ်ခုဖြစ်သော်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံအတွင်း အဆင်းရဲဆုံးဒေသများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးသည် လူဦးရေအထူထပ်ဆုံးသော တိုင်း/ပြည်နယ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး လူဦးရေပေါင်း ၆.၂ သန်း နေထိုင်ကြသည်[၃၄]။ ၎င်းသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု တတိယအမြင့် ဆုံးသော ဒေသတစ်ခု ဖြစ်ပြီး ရှမ်းပြည်နယ်နှင့် ရမှတ်တူညီသည်။ နောက်ဆုံး ၂၀၀၉/၂၀၁၀ ပြည်နယ်/တိုင်းအဆင့် ဆင်းရဲနွမ်းပါးမှု ခန့်မှန်းတွက်ချက်မှုအရ ဧရာဝတီတိုင်းတွင်ရှိသော ဆင်းရဲနွမ်းပါးမှုသည် ၄၅% ဖြစ်ပြီး ဒေသတွင်ရှိသော လူနှစ်ယောက်တိုင်းတွင် တစ်ယောက်စီနီးပါးသည်

[၃၃] SIM 1 ပြင်ဆင်ဆောင်ရွက်နေစဉ်တွင် လမ်းခရီး ကန့်သတ်တားမြစ်ချက်များကြောင့် နမူနာကျေးရွာများ မရွေးချယ်မီတွင် ကနဦးကွင်းဆင်းကြည့်ရှုခွင့်ကို မရရှိခဲ့ပေ။

[၃၄] Ministry of Immigration and Population. 2015. 2014 Myanmar Housing and Population Census: The Union Report. Census Report Volume 2. Department of Population, The Republic of the Union of Myanmar: Nay Pyi Taw.

ပုံ ၆ - မြန်မာနိုင်ငံ ပြည်နယ်/တိုင်း ဒေသအသီးသီးတွင်ရှိသော ဆင်းရဲနွမ်းပါးမှုနှုန်းများ




အရင်းအမြစ် - 2014. Myanmar: Ending Poverty and Boosting Shared Prosperity in a Time of Transition: Systematic Country Diagnostic.
မှတ်ချက် - ဤပုံတွင် ပြထားသောဒေတာများသည် ၂၀၀၉/၂၀၁၀ မှ လူဦးရေ Weight များအပေါ် အခြေတည်ထားသည်။ ၂၀၁၄ သန်းခေါင်စာရင်းဒေတာတွင် ရန်ကုန်ပြီးလျှင် ဧရာဝတီတိုင်းဒေသကြီးဖြစ်သည်ကို ပြသထားသည်။

ဆင်းရဲသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည် (ပုံ ၆)[၃၅]။ ဒေသအတွင်း လူဦးရေသိပ်သည်းမှုနှုန်း မြင့်မားလာခြင်းကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်သည် မြန်မာနိုင်ငံတွင်ရှိသော ဆင်းရဲသား ၅ ယောက်တိုင်းတွင် တစ်ယောက်စီ၏ ခိုလှုံရာနေရာ ဖြစ်လာတော့သည်။ အကြောင်းမှာ ၂၀၀၉/၂၀၁၀ ခုနှစ်တွင် ဆင်းရဲသားများ၏ ၁၈% မှာ ထိုဒေသတွင် နေထိုင်လျက်ရှိခြင်းကြောင့်ဖြစ်သည်။ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းသည် နာဂစ်ကြောင့်မဟုတ်ပေ။ အကြောင်းမှာ ၂၀၀၄/၂၀၀၅ ခုနှစ် ဧရာဝတီတိုင်းဒေတာအရ (တခြားပြည်နယ်နှင့် တိုင်းများနှင့် နှိုင်းယှဉ်လျှင်) ဆင်းရဲမှုမြင့်မားခြင်းသည် နာဂစ်မတိုင်မီကတည်းက ထိုဒေသတွင် ရှိနေပြီးဖြစ်ကြောင်း ညွှန်ပြနေသည်။

လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်ကိန်းအများအပြားနှင့် အထူးသဖြင့် ကျန်းမာရေးနှင့် ဆက်စပ်နေသော ညွှန်ကိန်းများတွင် ဧရာဝတီတိုင်းဒေသကြီး၏စွမ်းဆောင်မှုသည် အောက်ခြေအဆင့်တွင်သာ ရှိနေသည်။ ဒေသသည် အသက် ၅ နှစ်အောက် အာဟာရကြုံလှီသော ကလေးများ (Stunning Rate) ဒုတိယအများဆုံး တည်ရှိရာနေရာလည်း ဖြစ်သည်။ တိုင်းပြည်အတွင်း လူမမယ်အရွယ် ကလေးသေဆုံးမှုနှုန်း ဒုတိယအမြင့်မားဆုံးဒေသဖြစ်ပြီး ကလေး ၁,၀၀၀ မွေးဖွားတိုင်းတွင် ၈၇ ယောက်မှာ သေဆုံးနေကြသည်။ နိမ့်ပါးသော လူမှုစီးပွားရလဒ်များသည် စီးပွားရေးအခြေခံအဆောက်အအုံများနှင့် ဒေသ၏ ပထဝီဝင်အနေအထားကို ထင်ဟပ်ပြသနေသည်။ ၁၂% သော အိမ်ထောင်စုများသာ လျှပ်စစ်မီးရရှိသည်ဟု အစီရင်ခံခဲ့ကြပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်မီးရရှိမှု ဒုတိယအနိမ့်ဆုံးဖြစ်သည်။[၃၆] ၎င်းအပြင် (ဒေတာအကန့်အသတ်ရှိသော်ငြားလည်း) ဒေသသည် စိုက်ပျိုးရေးကို အဓိကအားထားသည့်နေရာ ဖြစ်သော်လည်း စိုက်ပျိုးရေးတွင်လုပ်ကိုင်နေသူ လေးယောက်တွင် တစ်ယောက်စီတိုင်းသည် မြေယာမဲ့များ ဖြစ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင်းရှိ မုန်တိုင်းဒဏ်သက်ရောက်ခံရသော မြို့နယ် ၇ ခု [၃၇] သည် ဒေသ၏ ပျမ်းမျှထက်ပင် အနည်းငယ်ပိုဆိုးသည် (ပုံ ၇) [၃၈]။ ၎င်းတို့အားလုံးသည် ဓနဥစ္စာပိုင်ဆိုင်မှုတွင် အနိမ့်ဆုံးသော


[၃၅] World Bank. 2014. Myanmar: Ending Poverty and Boosting Shared Prosperity in a Time of Transition: Systematic Country Diagnostic.

[၃၆] Ministry of Immigration and Population. 2015. Op. cit.

[၃၇] နာဂစ်ဒဏ်အပြင်းထန်ဆုံး သက်ရောက်ခံရသော မြို့နယ် ၈ ခုတွင် ၇ ခုမှာ ဧရာဝတီတိုင်းဒေသကြီးမှ ဖြစ်သည်။ ၈ ခု မြောက်မှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်သည်။

[၃၈] ဓနဥစ္စာကိန်း index of wealth ကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် နေအိမ်အခြေအနေ စစ်တမ်းမှ ပိုင်ဆိုင်ပစ္စည်းနှင့် demographic ညွှန်ကိန်းများကို အသုံးပြုပြီး တည်ဆောက်ထားသည်။ ထိုကိန်းတွင် ညွှန်ကိန်းများ၏ relative weights ကို ပိုင်းဖြတ်ရာတွင် principle component analysis ကို အသုံးပြုပြီး မြို့နယ်အဆင့်အတွက် တွက်ထုတ်ထားသည်။ ညွှန်ကိန်းများရွေးချယ်မှုကို မြန်မာနိုင်ငံရှိ လူမှုဘဝသာယာဝပြောမှုနှင့် ဆက်စပ်နေသည့်စာပေများတွင် လေ့လာပြီး secondary analysis မှ ညွှန်ပြမှုဖြင့် ရွေးချယ်ခဲ့သည်။

ပုံ ၇ - ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တိုင်းဒေသများတွင် ရှိသော လူမှုဘဝသာယာဝပြောရေးကိန်း (Welfare index in Ayeyarwady and Yangon regions)




အရင်းအမြစ် - 2014. Myanmar: Ending Poverty and Boosting Shared Prosperity in a Time of Transition: Systematic Country Diagnostic.

မှတ်ချက် - နာဂစ်ဒဏ်အပြင်းထန်ဆုံးသက်ရောက်ခံရသော မြို့နယ်များကို အနီရောင်ဖြင့် ပြထားသည်။ Welfare index မြင့်သော (အရောင်ရင့်) မြို့နယ်များသည် စနဉ်စွာပိုင်ဆိုင်မှုအနေအထား မြင့်မားသည်ကို ပြသသည်။

အုပ်စုထဲတွင်ရှိသည်။ တစ်နည်းဆိုရသော် ထိုမြို့နယ်များအားလုံးသည် ဒေသအတွင်း စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးသော မြို့နယ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ဒေသသည်လည်း တစ်နိုင်ငံလုံးတွင် စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးသော ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် နာဂစ်ဒဏ်သက်ရောက်ခံရသော ကျေးရွာများမှာ နာဂစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် သမိုင်းကြောင်းအရလည်း တိုင်းပြည်၏ တခြားသောဒေသများနှင့် နှိုင်းယှဉ်လျှင် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားလျက်ရှိသည်။ ၎င်းသည် စိန်ခေါ်မှုတစ်ရပ်သဖွယ် ဖြစ်နေပါသည် [၃၉]။

## နမူနာများအတွင်း နှိုင်းယှဉ်မှု

"အကယ်၍ နာဂစ်မဖြစ်ခဲ့လျှင် မည်သို့ရှိမည်နည်း"ဟူသော ဆန်းစစ်သည့်နည်းကို အသုံးပြု၍ မရသည့်အခါတွင် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများနှင့် အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများအကြား နှိုင်းယှဉ်လေ့လာခြင်းသည် မှတ်သားဖွယ်ပုံစံတစ်ခုကို တွေ့ရှိရသည်။ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းများနှင့်ပတ်သက်ပြီး စီးပွားရေးအခြေအနေတွင် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများနှင့် အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများအကြား ကွာခြားမှုအနည်းငယ်သာရှိသည်ကို SIM 5 ဆန်းစစ်ချက်မှ ဖော်ပြထားသည်။ ကျေးရွာများအကြား အထင်ရှားဆုံးကွာခြားချက်မှာ ကြွေးမြီတင်ရှိမှုဖြစ်ပြီး အပြင်းထန်ဆုံး ထိခိုက်ခံရသည့် ကျေးရွာများ၏ ၈၀% မှာ ကြွေးများစွာတင်ရှိနေကြပြီး အနည်းငယ်သာထိခိုက်ခံရသည့် ကျေးရွာများ၏ ၂၀% သာ ကြွေးတင်ရှိမှု များနေကြသည်။ အလားတူ အပြင်းထန်ဆုံး ထိခိုက်ခံရသော ကျေးရွာများတွင် ကြွေးတင်ရှိမှုမှာ အသက်မွေးအုပ်စုအားလုံးတွင် များပြားပြီး မြေပေါင်ပြီး ငွေချေးကြခြင်းမှာ ပိုများလာခဲ့သည်။

လူမှုဆက်ဆံရေးနှင့် ပတ်သက်ပြီး ကွာခြားချက်ကြီးကြီးမားမား မရှိသော်လည်း ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများတွင် လွန်ခဲ့သော ရွေးကောက်ပွဲ ၂ ခုအတွင်း ခေါင်းဆောင်အပြောင်းအလဲ သိသိသာသာများပြားခဲ့သည်။ နေအိမ်အခြေအနေသည် အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများတွင် သိသိသာသာ ပိုကောင်းမွန်သည်ကိုတွေ့ရသည်။ တစ်ဆက်တည်းမှာပင် လူမှုအခြေခံအဆောက်အအုံများနှင့်ပတ်သက်ပြီး ကွာခြားချက် အနည်းငယ်သာရှိသည်။ အဓိကကွာခြားချက်မှာ အဆက်အသွယ်ဖြစ်ပြီး ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများသည် ဝေးခေါင်သောကြောင့် အနည်းငယ်သာထိခိုက်ခံရသောကျေးရွာများထက်အဆက်အသွယ်အားဖြင့် အလှမ်းဝေးကြသည်။

ကြွေးမြီတင်ရှိမှု၊ ခေါင်းဆောင်မှုနှင့် အဆက်အသွယ်တို့အကြား ကွာခြားချက်များသည် ပြန်လည်ထူထောင်နိုင်မှုအပေါ်တွင် ကွဲပြားစွာသက်ရောက်လျက်ရှိသည်။ အနည်းငယ်သာ ထိခိုက်ခံရသော ကျေးရွာများသည် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများထက် ပြန်လည်ထူထောင်မှု သာလွန်ကြသည်။ အဆက်အသွယ် (အထူးသဖြင့် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သော လမ်းပန်းဆက်သွယ်ရေး မရှိခြင်း)သည် ဒေသဖွံ့ဖြိုးမှုနှိမ့်ခြင်းအတွက် အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ၎င်းသည် အထောက်အပံ့ပေးရေး ကြိုးပမ်းမှုများကို ရှုပ်ထွေးစေပြီး ပြန်လည်ထူထောင်မှုကို နှေးကွေးစေသည်။

ဝေးခေါင်သောဒေသများအတွင်း ခေါင်းဆောင်မှု အပြောင်းအလဲသည် နာဂစ်နှင့် သက်ဆိုင်မှုမရှိပါ။ ၎င်းသည် ဒေသအတွင်း ရွေးကောက်ပွဲများကို ၂ ကြိမ်ပြုလုပ်စေသော နိုင်ငံရေးအသွင်ကူးပြောင်းမှု၏ရလဒ်တစ်ခုဖြစ်သည်။ တဖန် ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာများအတွင်း ခေါင်းဆောင်အပြောင်းအလဲများခြင်းသည် ကျေးရွာ၏ လူမှုရေးနှင့်စီးပွားရေးဘဝများအပေါ် ဘေးကြီးကြီးကျရောက်ခဲ့ချိန်နှင့် ဖွံ့ဖြိုးမှုကိုပြန်အမီလိုက်ရန် လိုအပ်နေချိန်များ

[၃၉] ထိုအခြေအနေကို ပြန်လည်ထူထောင်နေပြီဟု ယူဆသော ကျေးရွာ ၂၅ ရွာမှ ဖော်ပြနေသည်။ သို့သော် ၈ ရွာသာလျှင် စီးပွားရေးအရ အခြေအနေကောင်းပြီး ၎င်းမှာ နာဂစ်မတိုင်မီက အခြေအနေမကောင်းမှုကို ညွှန်ပြနေသည်။

တွင် ဦးဆောင်ရခဲ့ယဉ်းမှုကို ထင်ဟပ်ပြသနေခြင်းဖြစ်သည်။

ကြွေးမြီတင်ရှိမှုမှာလည်း နာဂစ်ကြောင့်ချည်းမဟုတ်ပေ။ ကြွေးမြီသည် ဒေသစီးပွားရေးတွင် ချောဆီအဖြစ် တည်ရှိနေသည်မှာ အစဉ်အဆက်ကြာပြီဖြစ်သည်။ သို့ရာတွင် နာဂစ်သည် မြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကအသက်မွေးမှုဖြစ်သည့် သီးနှံပေါ်ပြန်ပေးစနစ်ကို ဖျက်ဆီးပစ်လိုက်သည်။ ရွာသားများ၏ ကြွေးသံသရာမှ မလွတ်မြောက်နိုင် ဖြစ်သွားကြခြင်းမှာ နာဂစ်၏ တိုက်ရိုက်သက်ရောက်မှုဖြစ်ပြီး အိမ်ထောင်စုနှင့်ရပ်ရွာများ၏ ပြန်လည်ထူထောင်ရေးတွင် ရေရှည်အကျိုးဆက်များစွာကို ဖြစ်ပေါ်စေခဲ့သည်။

***နာဂစ်သာ မဖြစ်ခဲ့လျှင် ..........***

သုတေသန ၅ ကြိမ်နှင့် ၉ နှစ်တာကာလအများအတွင်းSIM ဒေတာများ၏ ကြွယ်ဝစွာရှိမှုကြောင့် နာဂစ်သာမရှိခဲ့ပါက မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများ၏ အခြေအနေမှာ မည်သို့ဖြစ်နိုင်သည်နှင့် ပတ်သက်ပြီး အချက်အလက်တချို့ကို လေ့လာနိုင်ခဲ့သည်။ ပထမတစ်ခုမှာ နာဂစ်မဖြစ်ခဲ့ပါက ထိုအချက်များ ဖြစ်ပေါ်တည်ရှိနေမည်ဖြစ်သော်လည်း ၎င်းတို့၏ သက်ရောက်မှုများမှာ နာဂစ်ကြောင့် ပိုမိုဆိုးရွားသွားခဲ့သည်။

- နာဂစ်ကြောင့် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပြီး လယ်သမားများမှာ စက်ပစ္စည်းနှင့် ဓာတ်မြေသြဇာများကို ပိုမိုသုံးစွဲလာကြသည်။ စီးပွားရေးအသွင်ကူးပြောင်းမှုနောက်တွင် ဖြစ်ပေါ်လာသော ရွှေ့ပြောင်းအလုပ်လုပ်ခြင်းသည် မည်သို့ပင်ဖြစ်စေ အလုပ်သမားရှားပါးမှုကို ဖြစ်ပေါ်စေမည်ဖြစ်သော်လည်း နာဂစ်ကြောင့် ထိုအခြေအနေသည် စောပြီးဖြစ်ပေါ်ခဲ့သည်။

- ငါးဥများပေါက်ဖွားရာနေရာများ ပျက်ဆီးမှုနှင့် အသက်မွေးမှုဖိအားများဖြစ်သည့် နာဂစ်အပြီး ပထမနှစ်အတွင်း ငါးဖမ်းကိရိယာ အမြောက်အမြားကို ထောက်ပံ့လိုက်ခြင်းတို့သည် မြစ်များနှင့် ချောင်းများတွင် အလွန်အကျွံငါးဖမ်းခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုမှလည်း အလားတူရလဒ်များကို ဖြစ်ပေါ်စေလောက်ပြီး နာဂစ်သည် ထိုရလဒ်များ၏ သက်ရောက်မှုကို ပိုမိုပြင်းထန်စေခဲ့သည်။

- မုန်တိုင်းသည် တာတမံများ၊ ဒီရေတောများနှင့် တခြားသဘာဝပေါက်ပင်များကို ဖျက်ဆီးခဲ့ပြီး ရေလွှမ်းမိုးမှုနှင့် ဆားငံရေဝင်ရောက်ခြင်းတို့ကို ပိုမိုဖြစ်ပေါ်လာစေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဥတုအခြေအနေ ခန့်မှန်းမရမှုတိုးမြင့်လာခြင်းကြောင့်လည်း အလားတူ ရေကြီးခြင်းမျိုးကို ဖြစ်ပေါ်စေနိုင်သော်လည်း သဘာဝပေါက်ပင်များနှင့် တမံများရှိသေးပါက ထိုသက်ရောက်မှုမှာ နည်းပါးမည်ဖြစ်သည်။

- လူမှုဆက်ဆံရေးနှင့်စပ်လျဉ်းပြီး နာဂစ်အလွန် ထောက်ပံ့ရေးကြိုးပမ်းမှုများသည် မုန်တိုင်း၏သွယ်ဝိုက်သော သက်ရောက်မှုအားဖြင့် ကျေးရွာအတွင်းနှင့် ကျေးရွာတစ်ခုနှင့်တစ်ခုအကြားဆက်ဆံရေးများကို ဆိုးရွားသွားစေခဲ့သည်။ ၎င်းအပြင် ၂၀၁၂ ခုနှစ်နောက်ပိုင်း နိုင်ငံ၏တခြားနေရာများတွင် ဖြစ်ပေါ်လျက်ရှိသော လူမျိုး/ဘာသာ အုပ်စုများအကြား ဆူပူမှုများ၏ သက်ရောက်မှုများကိုလည်း မြစ်ဝကျွန်းပေါ်ဒေသမှ ရှောင်လွှဲမရနိုင်ပါ။

- နာဂစ်၏ နောက်ထပ် သွယ်ဝိုက်သက်ရောက်မှုတစ်ခုမှာ ဘေးအလွန်ထောက်ပံ့ရေး ကြိုးပမ်းမှုများသည် ကျေးရွာအဆင့်ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ကျား/မ သာတူညီမျှမှုကို ဖြစ်ပေါ်စေခဲ့သည်။ နောက်ပိုင်းဖွံ့ဖြိုးရေးအထောက်အပံ့များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန် ကြိုးပမ်းခဲ့ကြရာတွင် အစောပိုင်း အထောက်အပံ့ပေးသူများ၏ အတွေ့အကြုံများမှာ များစွာအကူအညီရခဲ့သည်။

- ၎င်းအပြင် နာဂစ်အတွင်း အုပ်ချုပ်ရေးနှင့် ရပ်ရွာခေါင်းဆောင်အများအပြား ဆုံးပါးသွားခြင်းကြောင့် ကျေးရွာအများအပြားတွင် ခေါင်းဆောင်မှုအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ဒေသတွင်းရွေးကောက်ပွဲများနောက်တွင် ခေါင်းဆောင်အသစ်များမှာလည်း ဘယ်လိုဖြစ်ဖြစ် ပေါ်ထွက်ကောင်း ပေါ်ထွက်လာမည် ဖြစ်သည်။

***နာဂစ်မရှိခဲ့ပါက ......***

- အိမ်ထောင်စုများတွင် အလုပ်လုပ်နိုင်သောလူများ ပိုမိုကျန်ရှိမည်ဖြစ်ပြီး ၎င်းတို့သည် အိမ်ထောင်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အခွင့်အလမ်း ဖြစ်စေမည်ဖြစ်သည်။

- ဒီရေတောများနှင့် သဘာဝပေါက်ပင်များရှိခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကို ယခုထက်ပိုပြီး ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။

- ကြွေးမြီများကြောင့် မြေယာရောင်းထုတ်လိုက်ရမှု ယခုထက်နည်းပါးမည်ဖြစ်သည်။

- ရွာသားများသည် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်ရန်နှင့် ၎င်းတို့၏ အသက်မွေးမှုများကို ကာကွယ်ရန် ၎င်းတို့ ပိုင်ဆိုင်ပစ္စည်းများကို ယခုထက်ပိုပြီး ခန့်ခွဲစီမံနိုင်မည်ဖြစ်သည်။

- မည်သို့ပင်ဖြစ်စေ ရွှေ့ပြောင်းအလုပ်လုပ်မှု များပြားလာခြင်းကြောင့် လူမှုဆက်ဆံရေးများသည် ကိုယ်ကျိုးအတွက်သာ ပိုမိုဦးတည်လာမည်ဖြစ်သည်။

*တဆက်တည်းမှာပင် ......*

- ဘေးအလွန်ထောက်ပံ့မှုများသည် ပြန်လည်တည်ဆောက်နိုင်ရန်အတွက်သာမက ပိုမိုကောင်းမွန်စွ ပြန်လည်တည်ဆောက်နိုင်ရန် အထောက်အကူပြုပြီး ဒေသ၏ဖွံ့ဖြိုးမှုနိမ့်ကျမှုကိုပါ တစ်စိတ်တစ်ပိုင်း လျှော့ချပေးနိုင်သည်။

- နာဂစ်ဖြစ်စဉ်က မြန်မာနိုင်ငံသည် ပိတ်ဆို့အရေးယူခံထားရသည့် အခြေအနေတွင်သာရှိခဲ့ပြီး (Tripartite Core Group မှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ခဲ့သော) မုန်တိုင်းအလွန်အထောက်အပံ့များသည် နောင်တွင် နိုင်ငံတကာအဖွဲ့အစည်းနှင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုများကို လမ်းဖောက်ပေးခဲ့သည် [၄၀]။

- နာဂစ်သည် ဘေးသက်ရောက်နိုင်ခြေများသော ဒေသများတွင် ရှိသည့် ရွာသူရွာသားများကို သဘာဝဘေးအန္တရာယ်မှ ပြင်ဆင်ရမည်၊ ကာကွယ်ရမည်ဆိုသော အသိတရားများကို ပိုမိုတိုးပွားစေခဲ့သည်။

အချုပ်အားဖြင့် နာဂစ်မတိုက်ခဲ့လျှင်လည်း နမူနာလေ့လာခဲ့သော ကျေးရွာများမှာ ဆင်းရဲမြဲ ဆင်းရဲနေမည်ဖြစ်သည်။ သို့သော် နာဂစ်သာမရှိခဲ့ပါက ယခုလောက်အထိ အကြွေးတင်မည်မဟုတ်ဘဲ ၎င်းတို့ရှိသော ပစ္စည်းများကိုသုံးစွဲပြီး နိုင်ငံ၏စီးပွားရေးနှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှုများမှပေးလာသည့် အခွင့်အရေးများကို အပြည့်အဝ ရယူနိုင်မည် ဖြစ်သည်။ ကိန်းဂဏန်းဖြင့်ဖော်ပြ၍မရသည်မှာ နာဂစ်သည် ၎င်းဖျက်ဆီးခဲ့သော ကျေးရွာများ၏ စီးပွားရေးအပေါ်တွင် ရေရှည်သက်ရောက်မှုများ ထင်ထင်ရှားရှားပေးခဲ့သည်။ မည်သည့် ဘေးသက်ရောက်သက်ရောက် ထိုသို့ပင်ဖြစ်မည်ဖြစ်သည်။ SIM သုတေသနများသည် ပျက်စီးပြုန်းတီးနေသော အခြေအနေမှ ပြန်လည်ထူထောင်သည့် အခြေအနေအထိ ဖြစ်စဉ်တစ်လျှောက်ကို ထူးထူးကဲကဲ မီးမောင်းထိုးပြထားပြီး ထိုဖြစ်စဉ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်အတွင်း ဖြစ်ပေါ်တည်ရှိခဲ့သော အလှည့်အပြောင်းများစွာ ပါဝင်နေခဲ့သည်။

---

[၄၀] ဥပမာအားဖြင့် - ကမ္ဘာ့ဘဏ်သည် ၂၀၁၂ ခုနှစ်တွင် ၂၅ နှစ်အတွင်း ပထမဆုံးခွင့်ပြုခဲ့သော ရပ်ရွာအခြေပြုဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှတဆင့် ပြန်လည်စေ့စပ်ဆောင်ရွက်မှုကို စတင်ပြုလုပ်ခဲ့သည်။ ထိုစီမံကိန်းကို SIM ၏ ပထမဆုံးသုတေသန ၃ ကြိမ်မှ တွေ့ရှိချက်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်များအပေါ်တွင် အခြေတည်ပြီး တည်ဆောက်ခဲ့သည်။ SIM သည် မြန်မာနိုင်ငံတစ်လွှားတွင်ရှိသော ကျေးရွာများ၏ လူမှုရေးနှင့် စီးပွားရေးဘဝများကို နားလည်သိရှိမှုတိုးပွားစေခဲ့သည့် ၂၀၁၂ မှ ၂၀၁၇ ခုနှစ်များအတွင်း ၆ ကြိမ်ပြုလုပ်ခဲ့သောQualitative Social and Economic Monitoring သုတေသနအတွက်လည်း လမ်းခင်းပေးခဲ့သည် see World Bank, 2017, op. cit.)။

# နောက်ဆက်တွဲ ၁

# လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု သုတေသနနည်းလမ်း

SIM သုတေသနများသည် အချိန်ကာလတစ်လျှောက် ဖြစ်ပေါ်တည်ရှိနေသည်များကို လူမှုသုတေသနနည်းလမ်းတို့ အသုံးပြုကာ လေ့လာဆန်းစစ်ထားသည်။ အစောပိုင်း SIM အတွေ့အကြုံများအပေါ်မူတည်ပြီး ဧရိယာအသီးသီး (ကယ်ဆယ်ရေး၊ ကြံ့ကြံ့ခံမှု၊ လူမှုစီးပွားအကျိုးသက်ရောက်မှု၊ လူမှုဆက်ဆံရေးနှင့် ပေါင်းစည်းညီညွတ်မှု၊ ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းများ)အတွင်းရှိ လူမှုသက်ရောက်မှုများကို အမိအရပြသနိုင်ရန်အတွက် သုတေသနနည်းလမ်းများနှင့် သတင်းအချက်အလက်ရယူသည့် နည်းလမ်းများကို ဖြစ်ပေါ်နေသော သဘောသဘာဝနှင့်ကိုက်ညီအောင် ပြောင်းလဲအသုံးပြုခဲ့သည်။ ၎င်းအပြင် SIM သည် ပြန်လည်ထူထောင်မှုဖြစ်စဉ်နှင့် ထောက်ပံ့ရေးကြိုးပမ်းမှုများ၏ ထိရောက်မှုများကို ကာလရှည်ကြာ ဖော်ထုတ်စောင့်ကြည့်လေ့လာခဲ့သည်[၉၁]။ SIM 4 သည် ဆီလျော်သော ဘေးအလွန် လူမှုလေ့လာဆန်းစစ်မှုကို အခိုင်အမာပြသခဲ့ရုံသာမက ကောင်းမွန်သော လူမှုဆန်းစစ်မှုတစ်ရပ် ပြုလုပ်နိုင်ရန်အတွက် အခက်အခဲများကိုပါ ထောက်ပြခဲ့သည်။ အထူးသဖြင့် ထိုအခက်အခဲများမှာ ဘေးတစ်ခုပြီးပြီးချင်းတွင် ပြုလုပ်ရသောကြောင့် အချိန်အခက်အခဲနှင့် သုတေသနစွမ်းရည်နည်းပါးသေးသော တိုင်းပြည်များတွင် ပြည်တွင်းသုတေသန စွမ်းရည်အခက်အခဲတို့ဖြစ်ကြသည်။ SIM 5 သည် ဘေးအန္တရာယ်အလွန် အရည်အသွေးစံပြသုတေသနတစ်ရပ်အတွက် သုတေသန၏ ခိုင်မာမှု၊ ချဉ်းကပ်ပုံ၊ နည်းလမ်းနှင့် သတင်းအချက်အလက်ရယူသည့် နည်းလမ်းများကို အတည်ပြုပေးခဲ့သည်။

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းသည် SIM 5 အတွက် ကမ္ဘာ့ဘဏ်နှင့် Andaman Research & Advisory မှ နည်းပညာအကူအညီဖြင့် ကွင်းဆင်းဆောင်ရွက်မှုနှင့် လေ့လာဆန်းစစ်မှုကို ပြုလုပ်ခဲ့သည်။ ကွင်းဆင်းသုတေသနဆောင်ရွက်သူများမှာ ဝေးခေါင်သောကျေးရွာများနှင့် လူမှုလေ့လာဆန်းစစ်မှုများကို ပြုလုပ်ဖူးသော အတွေ့အကြုံများရှိသည့် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းမှလူများ ဖြစ်ကြသည်။ သုတေသနအဖွဲ့တွင် မြန်မာတိုင်းရင်းသားများနှင့် ဘာသာမတူသူများ ရောနှောပါဝင်ကြသည်။ သုတေသနအဖွဲ့၏ တစ်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အဖွဲ့ခေါင်းဆောင် ၄ ဦးတွင် ၃ ဦးမှာ အမျိုးသမီးများဖြစ်သည်။ သုတေသနကို မြန်မာဘာသာဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

SIM ၏ တွေ့ရှိချက်များသည် ကွင်းဆင်းသုတေသနပြုလုပ်ခဲ့သော ကျေးရွာများကိုသာ ကိုယ်စားပြုသော်လည်း တခြားနေရာများမှ ရရှိသော အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ပြီး ထိုတွေ့ရှိချက်များကို နာဂစ်သက်ရောက်ခံခဲ့ရသော အခြားဒေသများအတွက်ပါ ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။ အထူးသဖြင့် SIM သည် ၉ နှစ်တာကာလအတွင်း ရွာ ၄၀ ၏ အဖြစ်အပျက်များကို နှိုင်းယှဉ်လေ့လာနိုင်ခဲ့သောကြောင့် အကျိုးများစွာဖြစ်သည်။ အကြောင်းမှာ ဘေးတစ်ခု၏ဒဏ်ကို ပြင်းပြင်းထန်ထန် သက်ရောက်ခံခဲ့ရသော ကျေးရွာများ၏ နေ့စဉ်ဘဝများကို သာမန်ပြန်လည်ထူထောင်ရေး လေ့လာဆန်းစစ်မှုတစ်ခုမှယူသော အချိန်ထက်ပိုပြီး အချိန်ကြာမြင့်စွာ လေ့လာခွင့်ရခဲ့ခြင်းကြောင့်ဖြစ်သည်။ အချိန်ကာလတစ်လျှောက် နှိုင်းယှဉ်လေ့လာမှုများကို ပြုလုပ်နိုင်ရန်အတွက် SIM 5 သည် ယခင် SIM များ အသုံးပြုခဲ့သော သုတေသနနည်းလမ်းအတိုင်းသာ လိုက်နာပြုလုပ်ခဲ့သည်။

## ဦးတည်ဧရိယာ

SIM 1-4 သည် နာဂစ်ဒဏ်သက်ရောက်ခံခဲ့ရသည့် ကျေးရွာ ၄၀ မှာ နာဂစ်အပြီး ၆ လနှင့် ၁၊ ၃ နှင့် ၅ နှစ်တာ ကာလများအတွင်း မည်သို့ပြန်လည်ထူထောင်လာသည်နှင့် ကျေးရွာများ၏ လူမှုရေးနှင့် လူမှုစီးပွားပုံစံများတွင် မည်သို့ပြောင်းလဲလာသည်ကို လေ့လာခြင်းဖြစ်သည်။ SIM သည် ဘေးအန္တရာယ်အလွန် လိုအပ်ချက် ဆန်းစစ်

[၉၁] World Bank and Global Facility for Disaster Reduction and Recovery. 2015. Analyzing the Social Impacts of Disasters; Volume I: Methodology, Volume II: Tools

လေ့လာမှုနှင့် စောင့်ကြည့်လေ့လာမှုတစ်ရပ်၏ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် သဘာဝဘေးတစ်ခု၏ သက်ရောက်မှုများကို အချိန်ကာလတစ်လျှောက် လေ့လာမှုပြုခဲ့သော ပထမဆုံး လေ့လာဆန်းစစ်မှုတစ်ရပ် ဖြစ်သည်။ SIM 4 တွင် လူမှုစီးပွားသက်ရောက်မှုများနှင့် ထောက်ပံ့ရေးလုပ်ဆောင်ချက်များ၊ ကျေးရွာလူမှုဆက်ဆံရေးများနှင့် အဖွဲ့အစည်းများ၊ နာဂစ်အပြီး ပြန်လည်ပြင်ဆင်တည်ဆောက်ရန် လိုအပ်ခဲ့သော ကျေးရွာအခြေခံအဆောက်အအုံများ၏ အခြေအနေတို့ကိုပါ ထည့်သွင်းဆန်းစစ်ခဲ့သည်။

SIM 5 တွင် ယခင်သုတေသနများ၏ ဦးတည်ရေိယာများအပြင် နာဂစ်နှင့် နောက်ဆက်တွဲဖြစ်ရပ်များ၏ ရေရှည် (သို့) ထာဝရ သက်ရောက်သွားမည့် သက်ရောက်မှုများနှင့် ပြောင်းလဲလာသည့် အခြေအနေကို ကျေးရွာများမှ မည်သို့လိုက်လျောညီထွေ ပြုမူကြသည်ကိုပါ ထပ်မံထည့်သွင်းလေ့လာခဲ့သည်။ ထိုထပ်မံလေ့လာခဲ့သည့် ဧရိယာများမှာ ပြန်လည်ထူထောင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ ဖြစ်သည်။ ပြန်လည်ထူထောင်မှုတွင် ကျေးရွာများမှာ နာဂစ်၏ သက်ရောက်မှုမှ မည်မျှပြန်လည်နာလန်ထူလာသည်ကို ဖော်ထုတ်ထားသည်။ ၎င်းတွင် ပြန်လည်ထူထောင်မှုနှင့် ပတ်သက်သည့် ရေရှည်နှင့် ရေတိုအချက်အလက်များကို ထည့်သွင်းလေ့လာထားသည်။ နောက်ဆက်တွဲဘေးများကို ညွှန်းဆိုပြီး အိမ်ထောင်စုများနှင့် ရပ်ရွာများပြန်လည်ထူထောင်နိုင်စွမ်းတွင် ထိခိုက်လွယ်မှုမှာ မည်သို့ မည်ပုံ ကွာခြားနေသေးသည်ကို လေ့လာခဲ့သည်။

အိမ်ထောင်စုများနှင့် ရပ်ရွာများတွင် တစ်ပြိုင်နက်ဖြစ်ပေါ်နေသည့် နာဂစ်အလွန် လက်တွေ့အခြေအနေနှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကို မည်သို့မည်ပုံ လိုက်လျောညီထွေ ပြုမူပြောင်းလဲနေထိုင်ကြသည်ကို လေ့လာရာတွင် ကြံ့ကြံ့ခံနိုင်မှုအား အဓိက ဦးတည်ထားသည်။ ၎င်းတွင် ကြိုတင်ပြင်ဆင်မှု (၎င်းမှာ မြစ်ဝကျွန်းပေါ်ရပ်ရွာများ၏ နောက်ထပ်မုန်တိုင်း (သို့) မိုးခေါင်မှုတစ်ခု ဖြစ်ပေါ်လာပါက ကာကွယ်ရန် ကြိုးပမ်းအားထုတ်မှုများကို ဆိုလိုသည်)နှင့် နာဂစ် အလွန် အခြေအနေများကို လိုက်လျောညီထွေဖြစ်စေခြင်းဖြင့် ထို ရပ်ရွာများ၏ လူမှုစီးပွားအခြေအနေများ ပြောင်းလဲသွားပုံကို လေ့လာထားသည်။

ထိုလေ့လာဆန်းစစ်မှု ဧရိယာနှစ်ခုသည် ဘေးဆိုးတစ်ခုအပြီး နှစ်များအတွင်း တခြားသော ရာသီဥတုနှင့်သက်ဆိုင်သည့် ဘေးဒုက္ခများကို မကြာခဏ ရင်ဆိုင်နေရသည့်ကြားမှ ပင်ကိုအားဖြင့် ထိခိုက်လွယ်သော ရပ်ရွာများမှာ မည်သို့ပြုမူဆောင်ရွက်ကြသည်ကို ပုံဖော်ပြခဲ့သည်။ ၎င်းသည် ရပ်ရွာများမှာ ဘေးအန္တရာယ်များအတွက် ပြင်ဆင်ရာတွင်လည်းကောင်း၊ ပြန်လည်ထူထောင်ရာတွင် လည်းကောင်း၊ အနာဂတ်ဘေးများ၏ သက်ရောက်မှုဒဏ်ကို လျှော့ချနိုင်သည့် စွမ်းဆောင်ရည် တည်ဆောက်ရာတွင်လည်းကောင်း မည်သည့်အရာသည် အရေးအကြီးဆုံးဖြစ်သည်ကို နိုင်ငံတော်နှင့် နိုင်ငံတကာ မူဝါဒချမှတ်သူများနှင့် အထောက်အပံ့ ဆောင်ရွက်သူများမှ ဖော်ထုတ်နိုင်စေသည်။

## နမူနာကျေးရွာများ

SIM 5 တွင်ပါရှိသော ကျေးရွာ ၄၀ သည် SIM 1-4 အထိ လေ့လာခဲ့သော ကျေးရွာများနှင့် အတူတူပင်ဖြစ်သည်။ အကြောင်းမှာ အချိန်ကာလတစ်လျှောက် ပြောင်းလဲသွားသော အပြောင်းအလဲများကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက်ဖြစ်သည်။ နာဂစ်အပြီး လများတွင် နာဂစ်၏အပြင်းထန်ဆုံး သက်ရောက်ခံရသော မြို့နယ် ၈ မြို့နယ်တွင် ပါဝင်သော နမူနာကျေးရွာများကိုရွေးချယ်ရာတွင် အောက်ပါအချက်အလက်တို့ကို ထည့်သွင်းစဉ်းစားခဲ့သည်။ ၎င်းတို့မှာ (၁) ဝေးခေါင်မှုအဆင့်ကိုထည့်သွင်းစဉ်းစားလျက် နေရာဒေသကျယ်ပြန့်စွာလွှမ်းခြုံမှု၊ (၂) အဓိကအသက်မွေးမှုအမျိုးအစားများ၏ ကွဲပြားခြားနားမှု (မြစ်ဝကျွန်းပေါ် စီးပွားရေးတွင် အရေးပါသော အသက်မွေးအုပ်စုများ၏ အမျိုးအစား)၊ (၃) နာဂစ်၏ ကနဦးသက်ရောက်ခံရမှု အနည်းအများကွာဟချက်တို့ဖြစ်သည် [၆၂]။

ထိုစံသတ်မှတ်ချက်များသည် သုတေသန အဆိုမူကြမ်းအားဖြင့် ပြန်လည်ထူထောင်မှုကို သက်ရောက်စေသော အချက်များဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသော နမူနာ (Purposefully Selected sample) ကျေးရွာများမှ ၉ နှစ်တာကာလအတွင်းရှိ အရည်အသွေးစံပြုဒေတာများကို အသုံးပြုခြင်းသည် ကျေးရွာများ၏ ဘေးဆိုးတစ်ခုမှ ပြန်လည်ထူထောင်ခဲ့ပုံနှင့် နာဂစ်အလွန်အထောက်အပံ့များ ကွယ်ပျောက်သွားပြီးနောက်ပိုင်း ၎င်းတို့၏လားရာများကို ထိုးထွင်းသိမြင်စေသည်။

ကနဦးတွင် နာဂစ်၏သက်ရောက်ခံရမှု အနည်းအများကို မုန်တိုင်းအတွင်း သေဆုံးသူဦးရေနှင့် တိုင်းတာခဲ့သည် [၆၃]။ နာဂစ် အပြီး ၅ နှစ်အကြာ SIM 4 တွင် ကျေးရွာဘဝများကို လေ့လာဆန်းစစ်သောအခါ ပျက်စီးဆုံးရှုံးမှု အနည်းအများသည် လူသေဆုံးမှု အရေအတွက်ထက်ပိုပြီး ကျေးရွာ၏လူမှုစီးပွားအခြေအနေကို ပိုမိုဖွင့်ဆိုရှင်းလင်းနိုင်သည်ဟု သုတေသနအဖွဲ့မှဆိုသည်။ ဆိုလိုသည်မှာ ရှင်သန်ကျန်ရစ်သူများ၏ ဘေးတစ်ခုမှ ပြန်လည်ထူထောင်နိုင်စွမ်း

[၆၂] နမူနာရွေးချယ်ပုံအဆင့်ဆင့်ကို SIM 1 သုတေသနတွင် ဖော်ပြထားသည်။ Tripartite Core Group. 2009. Post-Nargis Social Impacts Monitoring, November 2008; page 43 ff. ထိခိုက်မှုနည်းပြီး controlကျေးရွာများအဖြစ် ယူဆသော ကျေးရွာ ၄ ရွာရှိပြီး နမူနာတွင် ပါဝင်သည်။ ထိုကျေးရွာများသည် နာဂစ်၏ သက်ရောက်မှုခံရသော်လည်း အနည်းငယ်သာဖြစ်သည်။ စိုက်ပျိုးရေးရွာများထဲမှ တစ်ရွာသည် (controlကျေးရွာမဟုတ်ပါ) နာဂစ်၏ တိုက်ရိုက်သက်ရောက်မှုမခံရသည်ကို တွေ့ခဲ့သည်။

[၆၃] See Tripartite Core Group. 2009. Op. cit., page 7, footnote 7.

သည် ဘေးအတွင်း ဆုံးရှုံးလိုက်ရသော လူအရေအတွက်ထက် ဥစ္စာပစ္စည်းဆုံးရှုံးမှု အနည်းအများအပေါ်တွင် မူတည်သည်။ SIM 4 တွင် ရွာသားများနှင့် သုတေသနသမားများအားဖြင့် ဆန်းစစ်ထားသော အောက်ပါအမိပ္ပာယ်ဖွင့်ဆိုချက်တို့ကို အသုံးပြုခဲ့သည်။

- အနည်းငယ်သာ ထိခိုက်ခံရသော/ လုံးဝထိခိုက်မခံရသော ကျေး ရွာ ၁၀ ရွာ - နေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုမှာ အလွန်နည်းပါး(သို့) လုံးဝမပျက်စီး။
- အလယ်အလတ်ထိခိုက်ခံရသော ကျေးရွာ ၁၈ ရွာ - အိမ်တိုင်းနီးပါးသည် အနည်းငယ်ထိခိုက်ပျက်ဆီးသည်။ သို့သော် အိမ်အချို့သာ ရေနှင့်ပါသွားသည်။ ကျောင်း၊ လမ်း၊ တံတားများမှာ ပျက်စီးသော်လည်း ဆိုးဆိုးရွားရွားမဟုတ်။
- ပြင်းထန်စွာထိခိုက်ခံရသော ကျေးရွာ ၁၂ ရွာ - အိမ်တိုင်းနီးပါးနှင့် ပိုင်ဆိုင်ပစ္စည်းများ အားလုံးနီးပါးသည် ရေနှင့်ပါသွားပြီး ရပ်ရွာအခြေခံအဆောက်အအုံများမှာ လုံးဝပျက်စီးသွားသည်။

SIM 4 သုတေသနမှ သက်ရောက်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း SIM 5 တွင် ဆက်လက်အသုံးပြုခဲ့သည်။

## သုတေသနခေါင်းစဉ်များနှင့် မေးခွန်းများအကျဉ်းချုပ်

SIM 5 သည် SIM 1-4 အတွင်းလေ့လာခဲ့သော လူမှုစီးပွားအခြေအနေ၊ လူမှုဆက်ဆံရေး၊ ခေါင်းဆောင်မှု၊ အခြေခံအဆောက်အအုံနှင့် နေအိမ် စသည့်ခေါင်းစဉ်များကိုသာ အဓိကထားလေ့လာထားသည်။ သို့ရာတွင် ကျေးရွာသူရွာသားများသည် ၉ နှစ်တာကာလအတွင်း ၎င်းတို့ မည်သို့ပြန်လည်ထူထောင်ခဲ့သည်နှင့် အနာဂတ်ဘေးများအတွက် (အိမ်ထောင်စုအဆင့်နှင့် ကျေးရွာအဆင့်တို့တွင်) မည်သို့ပြင်ဆင်ဆောင်ရွက်နေခဲ့သည်တို့ကို မေးမြန်းလေ့လာခဲ့သည်။ ထိုဗီဒီယာအသစ် (၎င်းကို ပြန်လည်ထူထောင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုအခန်းတွင် အနှစ်ချုပ်ဖော်ပြခဲ့ပြီးဖြစ်သည်) တစ်ခုကို လေ့လာခဲ့ခြင်းဖြင့် နာဂစ်၏ ရေရှည်အကျိုးသက်ရောက်မှုများ၊ ကြံ့ကြံ့ခံမှုကို မည်သည့်နေရာတွင် မည်သို့မည်ပုံ တိုးတက်အောင်ပြုလုပ်မည်နှင့် အနာဂတ်ဘေးများတွင် အသုံးချနိုင်မည့် အတွေ့အကြုံများကို ရရှိစေသည်။

SIM 5 အတွက် အဓိကသုတေသနမေးခွန်းများမှာ

***လူမှုစီးပွားအခြေအနေများ***

- လွန်ခဲ့သော ၄ နှစ်တာကာလအတွင်း ကျေးရွာ၏ အသက်မွေးမှုလုပ်ဆောင်ချက်များတွင် ပြောင်းလဲမှုများရှိပါသလား။
- ကျေးရွာသူရွာသားများ၏ လက်ရှိအသက်မွေးမှုအခြေအနေများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ သက်ရောက်နေသော အဓိကအချက်များမှာ အဘယ်နည်း။
- ကျေးရွာများတွင်ရှိသော ကြွေးတင်ရှိမှုအခြေအနေကို ပြောပြပါ။
- ယခုအချိန်တွင် အသက်မွေးမှုအခက်အခဲများကို မည်သို့ ရင်ဆိုင်ကျော်လွှားကြသနည်း။

***လူမှုဆက်ဆံရေးများ***

- ယခုအချိန်တွင်ရှိသော ကျေးရွာအတွင်း လူမှုဆက်ဆံရေးနှင့် လူမှုတုံ့ပြန်ဆောင်ရွက်ချက်များမှာ အဘယ်နည်း။ ၎င်းတို့သည် အချိန်နှင့်အမျှ မည်သို့ပြောင်းလဲသွားသနည်း။
- ကျေးရွာအတွင်းအဖွဲ့တို့အကြား တုံ့ပြန်ဆောင်ရွက်မှုများသည် လွန်ခဲ့သော ၄ နှစ်အတွင်းနှင့် နာဂစ်ပြီးနောက်ပိုင်းတွင် မည်သို့ပြောင်းလဲသွားသနည်း။ (၎င်းတွင် အမျိုးသား-အမျိုးသမီး၊ ဆင်းရဲ-ချမ်းသာ၊ လူမျိုး/ဘာသာနှင့် လူငယ်-လူကြီးတို့အကြား ဆက်ဆံရေးများအားလုံး ပါဝင်သည်။)
- ကျေးရွာအတွင် မည်သူတို့သည် ခွဲခြားဆက်ဆံအခံရဆုံးသောလူများ ဖြစ်သနည်း။ မည်သို့ရင်ဆိုင်ကျော်လွှားကြသနည်း။
- အိမ်နီးချင်းရွာများအကြား လူမှုဆက်ဆံရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများမှာ မည်သို့ရှိသနည်း။

***ခေါင်းဆောင်မှု***

- ကျေးရွာအတွင်း အုပ်ချုပ်ရေးနှင့် ရပ်ရွာခေါင်းဆောင်များမှာ မည်သူတို့ဖြစ်သနည်း။ ၎င်းတို့၏ အသက်၊ ပညာရေးနှင့် ဆင်းရဲချမ်းသာအခြေအနေမှာ အဘယ်နည်း။
- ခေါင်းဆောင်များသည် အချင်းချင်းလက်တွဲလုပ်ဆောင်ပါသလား (သို့) ပြိုင်ဆိုင်နေကြပါသလား။
- ခေါင်းဆောင်များမှာ ထက်မြက်ကြပါသလား။ ကျေးရွာအတွက် အထောက်အပံ့ဖြစ်ပါသလား။

- ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းတွင် ပြောင်းလဲမှုများ ရှိခဲ့ပါသလား။ ခေါင်းဆောင်အသစ်များမှာ အနည်းနှင့်အများ ထက်မြက်ကြပါသလား။ ဘာကြောင့် ထက်မြက်သလဲ။ ဘာကြောင့် မထက်မြက်ဘူးလဲ။

***ကျေးရွာအခြေခံအဆောက်အအုံနှင့် နေအိမ်***

- မည်သည့်အခြေခံအဆောက်အအုံများ ကျေးရွာအတွင်း တည်ရှိသနည်း။ ထိုအဆောက်အအုံများ၏ အခြေအနေမှာ အဘယ်နည်း။
- ၎င်းတို့သည် နာဂစ်တွင် ပျက်ဆီးခဲ့ပါသလား။ ပြန်ဆောက်ပြီးပြီလား။ ဘာတွေလိုနေသေးသလဲ။
- ကျေးရွာအတွင်း နေအိမ်များ၏ အရည်အသွေးအခြေအနေမှာ အဘယ်နည်း။

***ပြန်လည်တည်ဆောက်မှုနှင့် ကြံ့ကြံ့ခံနိုင်မှု***

- အိမ်ထောင်စုများနှင့် ကျေးရွာများ၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေများမှာ နာဂစ်မတိုင်မီအနေအထားကို ပြန်ရောက်ရှိသွားပြီလား။ နာဂစ်မတိုင်မီတုန်းကထက်ပိုပြီး ကောင်းမွန်လာပြီလား။
- ၂၀၀၈ နောက်ပိုင်း တခြားသောဘေးများနှင့် ပြင်ပသက်ရောက်မှုများသည် ကျေးရွာ၏ ပြန်လည်ထူထောင်မှုလမ်းကြောင်းကို မည်သို့ပုံဖော်နေသနည်း။
- အိမ်ထောင်စုများနှင့် ရပ်ရွာများသည် အနာဂတ်ဘေးများအတွက် မည်သို့ပြင်ဆင် ဆောင်ရွက်ကြသနည်း။ ၎င်းတို့သည် နာဂစ်နောက်ပိုင်းတွင် ပြောင်းလဲခဲ့ပါသလား။ ထိုပြောင်းလဲမှုသည် နာဂစ်၏တိုက်ရိုက်သက်ရောက်မှုကြောင့်လား။ လတ်တလော ကြုံတွေ့နေရသော တခြားသောသက်ရောက်မှုတွေကြောင့်လား။

## သုတေသနတွင် ဖြေဆိုသူများ

ကျေးရွာများအတွင်းတွင် နမူနာရွေးချယ်သည့်ပုံစံများမှာ SIM 1-4 လေ့လာစဉ်ကအတိုင်းပင်ဖြစ်သည်။ သုတေသနအသင်းမှ တွေ့ဆုံမေးမြန်းခဲ့သူများတွင် ရပ်ရွာခေါင်းဆောင်နှင့် အုပ်ချုပ်ရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များ၊ ကျေးရွာအတွင်း အထောက်အပံ့ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်သည့်လူများ၊ လယ်သမားများ၊ ရေလုပ်သားများ၊ ဘောက်လုပ်သားများနှင့် တခြားအလုပ်များတွင် လုပ်ကိုင်နေသူများ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ မသန်မစွမ်း (သို့) ထိခိုက်ဒဏ်ရာရသူများ၊ သက်ကြီး ရွယ်အိုများ၊ လူငယ်အမျိုးသားနှင့် အမျိုးသမီးများ အစရှိသူတို့ပါဝင်သည့် ထိခိုက်လွယ်အုပ်စုများတို့ ပါဝင်သည်။ သုတေသနပြု လုပ်သူများသည် ရရှိသောသတင်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးနိုင်စေရန် တူညီသောအကြောင်းအရာများကို အုပ်စုအမျိုးမျိုးအကြား မေးမြန်းခဲ့ခြင်း ဖြစ်သည်။

## ကွင်းဆင်းသုတေသန

၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်း သင်တန်း ၁ ပတ်ကြာ ပေးပြီးနောက် သုတေသနမေးခွန်းလွှာများကို နမူနာကျေးရွာ ၄ ရွာတွင် စမ်းသပ်အတည်ပြုမှု ပြုလုပ်ခဲ့သည်။ ၎င်းနောက် နမူနာကွင်းဆင်းခြင်းမှ ရရှိသည့်အချက်များကို ပြန်လှန်ဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ သုတေသနပြုလုပ်သူ ၁၆ ယောက်သည် သင်တန်း၊ ကွင်းဆင်းစမ်းသပ်မှုနှင့် ပြန်လှန်ဆွေးနွေးပြင်ဆင်မှု အားလုံးတို့တွင် ပါဝင်ခဲ့သည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဇူလိုင် မှ စက်တင်ဘာလအတွင်း ကွင်းဆင်းဆောင်ရွက်မှု ၂ ကြိမ်ပြုလုပ်ခဲ့သည်။ ကွင်းဆင်းသည့် ၂ ကြိမ်စလုံးတွင် သုတေသနပြုလုပ်သူ ၃ ဦးစီပါဝင်သော သုတေသနအသင်း ၄ သင်းနှင့် သုတေသနခေါင်းဆောင် ၁ ဦးစီသည် နမူနာကျေးရွာများအားလုံးကို လွှမ်းခြုံနိုင်ခဲ့သည်။ ကွင်းဆင်းသည့် တစ်ကြိမ်နှင့်တစ်ကြိမ်အကြားတွင် တစ်ပတ်အချိန်ခြားပြီး နောက်တစ်ကြိမ်ပြန်မထွက်မီ သုတေသနအသင်းမှာ ပြန်လည်စုစည်းပြီး လိုအပ်သောစာရွက်စာတမ်းများကို ဖြည့်ကြသည်။ သုတေသနအသင်းတစ်သင်းစီတိုင်းသည် ကျေးရွာတစ်ရွာစီတွင် ၃ ရက်ခန့်နေထိုင်ခဲ့ပြီး ကျန်သည့်အချိန်ကို ခရီးသွားရာတွင် အသုံးပြုသည်။

## သုတေသနတွင် အသုံးပြုသည့်နည်းလမ်းများ

သုတေသနနည်းလမ်း ၃ မျိုးကို အသုံးပြုသည်။

ပထမတစ်ခုမှာ အသေးစိတ်မေးမြန်းခြင်း (in-depth interview) ဖြစ်ပြီး ၎င်းကို ကျေးရွာများရှိ အထူးပုဂ္ဂိုလ်များနှင့် အထူးပုဂ္ဂိုလ်မဟုတ်သည့်သူများတွင် မေးမြန်းခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို semi-structured (သို့) unstructured ပုံစံဖြင့် ပြုလုပ်ခဲ့သည်။ ဆိုလိုသည်မှာ သုတေသနသမားများသည် ဖြေကြားသူမှ ပြောကြားသော သတင်းအချက်အလက်အပေါ်မူတည်ပြီး စိတ်ဝင်စားစရာကောင်းပြီး အရေးကြီးသည့် အကြောင်းအရာဖြစ်ပါက ထိုသတင်းနောက် လိုက်ပါမေးမြန်းနိုင်သည်။ သုတေသန ဦးတည်မေးခွန်းများသည် တွေ့ဆုံမေးမြန်းမှုများကို ဦးတည်မှုရှိအောင်သာ ပြုလုပ်ပေး

ခြင်း ဖြစ်သည်။ သုတေသနသမားများအနေဖြင့် ဒေသအခြေအနေနှင့်ကိုက်ညီအောင် လိုအပ်သော ပြင်ဆင်မေးမြန်းမှုများကို ပြုလုပ်နိုင်သည်။ စုစုပေါင်း key informant တွေ့ဆုံမေးမြန်းမှုပေါင်း ၄၆၇ ခုကို SIM 5 စီမံကိန်းအတွင်း ပြုလုပ်ခဲ့သည်။

ဒုတိယတစ်ခုမှာ ဦးတည်အုပ်စုကို မေးမြန်းခြင်း (focus group discussion) ဖြစ်သည်။ ၎င်းကို SIM ကျေးရွာများအတွင်း အသက်မွေးအုပ်စုအသီးသီးနှင့် တခြားအဖွဲ့အသီးသီးတွင် ပြုလုပ်ခဲ့သည်။ ကျေးရွာ၏ သဘောသဘာဝအပေါ်တွင် မူတည်ပြီး အောက်ပါအဖွဲ့များကို တွေ့ဆုံမေးမြန်းခဲ့သည်။ လယ်သမားများ၊ ရေလုပ်သားများ၊ ဘောက်လုပ်သားများ၊ အသေးစားလုပ်ငန်းပိုင်ရှင်များ၊ ဘာသာရေး (သို့) တိုင်းရင်းသား လူနည်းစုများ၊ အမျိုးသမီးများ (အထူးသဖြင့် အိမ်ထောင်ဦးစီးအမျိုးသမီးများ)၊ (အမျိုးသမီးငွေချေးအဖွဲ့ (သို့) DRR ကော်မတီများ) ကဲ့သို့သော ကျေးရွာအဖွဲ့များ၊ လူငယ်များနှင့် အခြားထိခိုက်လွယ်အုပ်စုများ။ အဖွဲ့လိုက်အင်တာဗျူးတစ်ခုတွင် ၄ ယောက် မှ ၈ ယောက်အထိပါဝင်သည်။ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ရန် အဖွဲ့တစ်ဖွဲ့အတွင်း စိတ်တူညီသူများကိုသာ ဖိတ်ခေါ်မေးမြန်းသည်။ စုစုပေါင်း focus group discussion ၁၃၂ ခုကို ပြုလုပ်ခဲ့သည်။

SIM သည် ကျေးရွာ ၄၀ တွင် လူပေါင်း ၁၂၄၃ ဦး (ကျား ၇၈၉ နှင့် မ ၄၅၄) ကို တွေ့ဆုံမေးမြန်းခဲ့သည်။

တတိယတစ်ခုမှာ သုတေသနပြုလုပ်သူများသည် အရပ်သဘောတွေ့ဆုံမေးမြန်းမှုများနှင့် စူးစမ်းလေ့လာမှုတို့ကိုလည်း ပြုလုပ်ခဲ့သည်။ သုတေသီများသည် ၎င်းတို့နေသည့်အိမ်တွင်ရှိသော အိမ်ရှင်များနှင့် ညဥ့်နက်သည်အထိ ဆွေးနွေးမှုများ၊ ထမင်းလက်ဆုံစားရင်း ဆွေးနွေးမှုများစသည်တို့ပါဝင်သည်။ စူးစမ်းလေ့လာမှုများမှလည်း ကျေးရွာများလည်ပတ်နေပုံ၊ နာဂစ်နှင့် တခြားသောဘေးများ၏ ရေရှည်သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နေပုံနှင့် မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်သော ပြောင်းလဲမှုများသည် ကျေးရွာအဆင့်တွင် မည်သို့သက်ရောက်နေပုံတို့ကို သိရှိနိုင်သည်။

## ကွင်းဆင်းဒေတာ

SIM 5 အစီရင်ခံစာတွင် ဒေတာအမျိုးအစား ၃ မျိုးကို အသုံးပြုခဲ့သည်။

ပထမတစ်ခုမှာ သုတေသနအသင်းသည် ကျေးရွာဘဝ၏ ရှုထောင့်အထွေထွေအပေါ်တွင် စံသတ်မှတ်ထားသော ဒေတာများကို ကောက်ယူခဲ့သည်။ ထိုဒေတာများသည် ကွဲပြားခြားနားရသည့် အကြောင်းအရင်းများ၏ ကျယ်ပြန့်သောပုံစံများကို ပုံဖော်နိုင်ရန် အတွက် ဇယားများရေးဆွဲရာတွင် အသုံးဝင်သည်။ ကောက်ယူခဲ့သော ညွှန်ကိန်းအများအပြားသည် ယခင် SIM များတွင် အသုံးပြုခဲ့သော ညွှန်ကိန်းများအပေါ်တွင် အခြေတည်ထားသည်။

ဒုတိယတစ်ခုမှာ qualitative ကျေးရွာအကြောင်း အနှစ်ချုပ်စာရွက်ကို ကျေးရွာတစ်ရွာစီအတွက် ရေးသားခြင်းဖြစ်သည်။ ထို့နောက် အရည်အသွေးစံပြုဒေတာများကို ထိုစာရွက်များအတွင်း ရေးဖြည့်ခြင်းအားဖြင့် ဖြစ်ပျက်နေသည့် လမ်းကြောင်းများကို လျင်မြန်စွာဆန်းစစ်မှုပြုလုပ်နိုင်သည်။


နောက်ဆုံးတစ်ခုမှာ နာဂစ်ဒဏ်ခံရသည့် ကျေးရွာများအတွင်းရှိ တချို့မိသားစုများနှင့် အုပ်စုများ၏ အတွေ့အကြုံသာဓကများကို ကောက်ယူခြင်းဖြစ်သည်။ ထိုသာဓကများသည် နာဂစ်နှင့် ဆက်စပ်ဘေးများ၏ လူများအပေါ် သက်ရောက်မှုများကို အသေးစိတ်သိရှိစေနိုင်သည်။ သာဓကများသည် လူအများစုခံစားနေရသည်များကို ကိုယ်စားပြုနိုင်သည့် လူများနှင့်မိသားစုများ၏ အတွေ့အကြုံဖြစ်ရပ်များကို အဓိကထားကောက်ယူခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက် (သို့) အိမ်ထောင်စုများ၏ အတွေ့အကြုံပေါ်မူတည်ပြီး တွက်ချက်ခန့်မှန်းမှုကို ပြုလုပ်နိုင်စေသည်။

သာဓကများသည် အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ တွေ့ကြုံခံစားနေရသောသူများ၏ "ခြွင်းချက်" အတွေ့အကြုံများကိုလည်း ဖော်ပြနိုင်သည်။ ထိုသို့သော သာဓကများမှတဆင့် ထိုလူ (သို့) အိမ်ထောင်စုသည် တခြားလူများထက် ဘာကြောင့် ပိုကောင်း (သို့) ပိုဆိုးသည်ကို ချင့်ချိန်နိုင်စေသည်။ တစ်ဖန် ၎င်းသည် ကျေးရွာများအတွင်းနှင့် ကျေးရွာတစ်ခုအတွင်း ရလဒ်အတွေ့အကြုံများသည် အဘယ်ကြောင့် ကွဲပြားရသည်ဆိုသည်ကို ပိုင်းဖြတ်ရာတွင် အထောက်အကူဖြစ်သည်။ ရွေးချယ်ကောက်ယူခဲ့သော သာဓကများကို ဤအစီရင်ခံစာတစ်လျှောက်တွင် ဖော်ပြထားသည် [၄၄]။

[၄၄] သာဓကများတွင် ဖော်ပြထားသော အမည်များမှာ အမည်မှန်များ မဟုတ်ပါ။

နောက်ဆက်တွဲ ၂

# နမူနာကျေးရွာများ၏ တည်နေရာများ





The Global Facility for Disaster Reduction and Recovery (GFDRR) သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို သဘာဝဘေးအန္တရာယ်များ၏ ထိခိုက်လွယ်မှုအား ပိုမိုသိရှိနားလည်ပြီး လျှော့ချနိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေပြောင်းလဲလက်ခံနိုင်ရန် အကူအညီပေးနေသော တစ်ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ GFDRR သည် ကျေးလက်၊ နိုင်ငံ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်ပေါင်း ၄၀၀ ကျော်ဖြင့် အတူလက်တွဲလျက်  ထောက်ပံ့ငွေ၊ နည်းပညာအကူအညီ၊ သင်တန်းနှင့် အသိပညာမျှဝေသည့် လုပ်ငန်းများကို ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုစီမံခန့်ခွဲမှု မူဝါဒနှင့် နည်းဗျူဟာများကို အဓိကထားပြီး ထောက်ပံ့ပေးလျက်ရှိသည်။ ကမ္ဘာ့ဘဏ်မှ စီမံခန့်ခွဲပြီး GFDRR မှထောက်ပံ့ပေးနေသော နိုင်ငံ ၃၃ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၁ ခု ရှိသည်။